www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# နတ်ယမင်းရုပ်တု၏လျှို့ဝှက်ချက်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၃၄၀၃၁၁

၂၀၀၁၁ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ဝန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

နတ်ယမင်းဒေဝီ ...။

ဂုဏ်ဒြပ်ကြီးမားသော မိန်းကလေးတစ်ဦး၏ အမည်ဖြစ်သော်လည်း မိန်းကလေးတစ်ယောက်၏အမည်တော့ မဟုတ်ပါချေ။

သို့သော် ...

မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဌာန်အား ကျောက်စိမ်းဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသော ရုပ်တုလေးတစ်ခု၏ အမည်ဖြစ်၏။

ထိုနတ်ယမင်းဒေဝီ ရုပ်တုလေးသည် သုံးလက်မခန့်ရှိသော ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အခေါင်းလေးထဲတွင် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိ၏။

သိုင်းလောကသားများတို့သည် နတ်ယမင်းဒေဝီ ရုပ်တုလေးအား လိုချင်တပ်မက်စွာဖြင့် ရယူရန် နည်းမျိုးစုံဖြင့် ကြိုးစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယူဆထားသည်မှာ ယင်းနတ်ယမင်းဒေဝီရုပ်သည် လျှို့ဝှက်သိုင်းကျမ်းတစ်ခုခုနှင့် ပတ်သက်နေလိမ့်မည်ဟု ယူဆသည်။

တစ်စုံတစ်ယောက်သည် ဤနတ်ယမင်းဒေဝီရုပ်တုအား ပိုင်ဆိုင်ခွင့်ရှိခဲ့ပါလျှင် ထိုတစ်စုံတစ်ယောက်သည် လူ့လောကမှ ကျော်ခိုင်းထွက်သွားကြရမည် ဖြစ်၏။

မည်သို့ဆိုစေ ...

သိုင်းလောကသားများတို့သည် နတ်ယမင်းဒေဝီအား ရယူပိုင်ဆိုင်နိုင်ရန် အစွမ်းကုန် ကြိုးစားကြပြန်လေသည်။

ဤသို့ဖြင့် နတ်ယမင်းဒေဝီရုပ်တုလေးသည် ပိုင်ရှင်အဆင့်ဆင့် ပြောင်းလဲသွားနိုင်သော်လည်း မပြောင်းလဲဘဲ ရှိနေသည်။

သို့ရာတွင် နတ်ယမင်းဒေဝီရုပ်တုလေးသည် လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်မှ စ၍ သိုင်းလောကမှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့လေသည်။

အချိန်များ ကြာလာသည်နှင့်အမျှ သိုင်းလောကသားတို့သည် ပျောက်ဆုံးသွားသော နတ်ယမင်းဒေဝီရုပ်တုလေးအား မေ့ပျောက်စပြုလာပြီ ဖြစ်၏။

သို့သော် ယခု နတ်ယမင်းရုပ်တုလေးသည် သိုင်းလောကတွင် ရုတ်တရက် ပြန်လည်ထွက်ပေါ်လာပြန်သည်။



ဤသို့ဆိုလျှင် ...

နတ်ယမင်းဒေဝီရုပ်တုသည် မည်သည့်နည်းဖြင့် ပြန်လည်ထွက်ပေါ်လာပါသနည်း။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

### မွေးစားမိခင်

အကာလ ညအချိန် ...။

လဝန်းသည် တိမ်တိုက်များကြားတွင် ပုန်းကွယ်နေလေသည်။

ကြယ်ကလေးများလည်း မရှိပါ။ အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးအား ဝါးမျိုလျက်ရှိသည်။

ညဉ့်နက်သန်းခေါင်ယံ အချိန်ဖြစ်သောကြောင့် ဝါးစိမ်းကျေးရွာရှိ အိမ်ကလေးများအားလုံးတို့သည် မီးများစိတ်၍ နှစ်ခြိုက်စွာ အိပ်မောကျနေကြသည်။

သို့သော် ဝါးစိမ်းကျေးရွာရှိ အိမ်ကလေးတစ်လုံးဆီမှ မီးရောင်များတမှု ပြတင်းပေါက်မှတစ်ဆင့် မီးရောင်တို့သည် ဖြာထွက်နေသည်။



ထိုမီးရောင်ဖြာထွက်နေသော အိမ်ကလေး၏ စက္ကူဖြူနှင့်ဖြူလုပ်ထားသော ပြတင်းပေါက်တွင် လူရိပ်တစ်ရိပ် ထင်ဟပ်နေသည်။

ထိုလူရိပ်သည် လက်နှစ်ဖက်ကို နောက်ပစ်လျက် အိမ်လေးအတွင်း လှည့်ပတ်လျှောက်လှမ်းနေ၏။

ဤကဲ့သို့ ညဉ့်နက်သန်းခေါင်အချိန်တွင် ထိုလူရိပ်သည် အဘယ်ကြောင့် အိပ်စက်ခြင်းမပြုဘဲ အိမ်ကလေးအတွင်း၌ လှည့်ပတ်လျှောက်နေပါသနည်း။

အခန်းသည် ကျယ်ဝန်းလှခြင်း မရှိပါ။ သို့သော် အခန်းထဲတွင် စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် ခုတင်တစ်လုံးတို့သည် နေရာတကျ သေသပ်စွာ ရှိနေသည်။

အမျိုးသမီးတစ်ယောက်သည် အခန်းတွင်း၌ လှည့်ပတ်လျှောက်လှမ်းနေ၏။

အသက်လေးဆယ်ကျော်ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့်သော အမျိုးသမီးတစ်ယောက် ဖြစ်ပါသည်။

သူမ၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားသော ဟန်မူရာများ ပေါ်လွင်နေသည်။

သူမသည် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



လှုတ်ရှိပြီး တစ်စုံတစ်ယောက်အား စောင့်မျှော်နေဟန် တူသည်။

ရုတ်တရက် သူမသည် ခြေလှမ်းကို တုံ့ခနဲရပ်တန့်၍ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... နှစ်ပေါင်းနှစ်ဆယ်တောင် ကြာခဲ့ပါပေါ့လား"

ဟု တီးတိုးရေရွတ်လိုက်သည်။ ယင်းအချိန် ရုတ်တရက် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

'ဒေါက် ဒေါက် ဒေါက်'

အမျိုးသမီး၏မျက်နှာတစ်ချက် ဝင်းလက်တောက်ပသွားသည်။

"ဝင်ခဲ့ပါ"

သူမ၏ စကားဆုံးသွားသည်နှင့် တံခါးရွက်သည် ဖြည်းညင်းစွာ ပွင့်သွားသည်။

တစ်ဆက်တည်းမှာပင် အခန်းထဲသို့ လူငယ်တစ်ယောက် လှမ်းဝင်လာလေတော့သည်။

ကျစ်လျစ်သန်မာသော ခန္ဓာကိုယ်အချိုးအစားရှိပြီး ရုပ်ရည်သန့်ပြန့်သည်။

ထိုလူငယ်သည် အခန်းထဲသို့ ရောက်ရှိလာသည်နှင့် ဦးညွှတ်ဂါရဝပြုလိုက်၏။



"မေမေ"

ရုတ်တရက် အမျိုးသမီးကြီးသည် ထိုလူငယ်၏ ရှေ့တွင် ဒူးထောက်ဂါရဝပြုလိုက်၏။

"သခင်လေး"

သူမ၏အသံသည် ညင်သာသည်။ ထို့အပြင် ပျော့ပျောင်း၍ ရိုသေလေးစားသောဟန်မူရာများ ပေါ်လွင်နေသည်။ သို့သော် ထိုလူငယ်၏ ခန္ဓာကိုယ်သည် ကျာပွတ်ဖြင့် ရိုက်နှက်လိုက်သည့်အလား တုန်ခါသွားသည်။

မိခင်က သားတစ်ယောက် ဤသို့ပြုမူဆက်ဆံသည်ဆိုလျှင် သားဖြစ်သူအဖို့ အဘယ်ကဲ့သို့ ရပ်တည်နိုင်ပါအံ့နည်း။

သူသည် အမျိုးသမီး၏ ဖခုံးအား ကမန်းကတန်း ဖေးမ ဆွဲထူလိုက်၏။ သူ အလွန်တုန်လှုပ်ချောက်ချားသွားသည်။

"မေ မေမေ ... ဒီလိုမလုပ်ပါနဲ့"

လူရွယ်က ကမန်းကတန်း ဟန့်တားလိုက်သည်။ အမျိုးသမီးကြီးက ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် ကုလားထိုင်အား ညွှန်ပြကာ ထပ်မံဦးညွှတ်လိုက်လေသည်။

"ကျေးဇူးပြုပြီး ထိုင်ပါ သခင်လေး"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်သည် အမျိုးသမီးအား ကြောင်အမ်းအမ်းဖြင့်ကြည့်နေ၏။

"မေမေ ကျွန်တော့်ကို ဒီလိုမလုပ်ပါနဲ့"

သူ၏ စကားမဆုံးခင် အမျိုးသမီးကြီးက ကြားဖြတ်ပြောသည်။

"ကျေးဇူးပြုပြီး ကုလားထိုင်ပေါ်မှာ ထိုင်ပါ၊ သခင်လေး စသိခဲ့တဲ့ အတိတ်က ပုံပြင်တစ်ခုကို ကျွန်မပြောပြပါမယ်"

သူ၏မျက်လုံးအစုံ၌ ထိတ်လန့်သော ဟန်မူရာများ ပေါ်လွင်လာသည်။

"အတိတ်က ပုံပြင်... ဟုတ်လား၊ ဘာတွေ ပြောနေတာလဲ၊ မေမေဟာ ကျွန်တော့်မေမေပဲ"

သူက အံ့သြစွာ ပြောသည်။ အမျိုးသမီးကြီးက ခေါင်းညိတ်ပြလိုက်သည်။

"နားထောင်ပါ သခင်လေးရယ်"

လူရွယ်က မျက်မှောင်ကုတ်လျက် ...

"ဘယ်သူ့ရဲ့ အတိတ်ကပုံပြင်လဲ မေမေ"

အမျိုးသမီးက သူ့အား ရိုသေလေးစားဟန်ဖြင့် ကြည့်လိုက်သည်။



"သခင်လေးရဲ့ အတိတ်ကပုံပြင်ပါ"

လူရွယ်၏ မျက်နှာပေါ်တွင် တွေဝေသော အမူအရာများ ပေါ်လွင်လာသည်။

"ကျွန်တော်ဟာ အဖေချူးထန်မင်း၊ မေမေ လှေဝါးတို့ရဲ့ သား ချူးဆင်းဟိုပါ၊ ကျွန်တော့်အဖေက ကျွန်တော်မွေးပြီးချိန်မှာ သေဆုံးသွားခဲ့တယ်၊ ဒါကြောင့် ကျွန်တော့်အမေလှေဝါးက ဒီအချိန်ထိ ရောက်အောင် ပြုစုစောင့်ရှောက်ခဲ့တယ်၊ သိုင်းပညာတွေလည်း သင်ပေးခဲ့တယ်၊ ဒါဟာ ကျွန်တော့်ရဲ့ အတိတ်ပုံပြင်ပဲ မဟုတ်လား မေမေ"

လှေဝါးဆိုသောအမျိုးသမီးကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံလာလေသည်။

"မဟုတ်ပါဘူး၊ ဒါဟာ ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုကြောင့် အတိတ်ရဲ့ဖြစ်ရပ်မှန်ကို ဖုံးကွယ်ထားခဲ့ရတဲ့ သခင်လေးရဲ့ဘဝပါ။ အမှန်တော့ ကျွန်မလှေဝါးဟာ သခင်လေးရဲ့ မိခင်ရင်းမဟုတ်ပါဘူး"

လူရွယ်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူက ခေါင်း တွင်တွင်ခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး၊ မေမေ ဘာဖြစ်လို့ ကျွန်တော့်ကို လိမ်ပြောချင်ရတာလဲ၊ ကျွန်တော် လူမှန်းသိစကတည်းက မေမေရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ ဂရုစိုက်မှုတွေဟာ ဒီဝါးစိမ်းကျေးရွာမှာရှိတဲ့ အခြားမိခင်တွေထက် အဆပေါင်းတစ်ရာမက သာလွန်တယ်ဆိုတာ ကျွန်တော်မှတ်မိနေတယ်၊ ဒါဟာ မွေးစားအမေတစ်ယောက်ရဲ့ မေတ္တာမျိုးမဖြစ်နိုင်ဘူး"

လွှေဝါး၏ မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာသည်။

"အမှန်ကိုပြောရရင် ကျွန်မဟာ သခင်လေးတို့ စီးမိသားစုရဲ့ အိမ်ဖော်တစ်ယောက်ပါ။ သခင်လေးကို မွေးဖွားချိန်ကစပြီး သခင်လေးရဲ့ နို့ထိန်းအမေတစ်ယောက် ဖြစ်ခဲ့ရတယ်၊ ဒီအကြောင်းတွေကို အခုလို သခင်လေး အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်မှ ဖွင့်ပြောရတယ်ဆိုတာ သခင်လေးရဲ့ဖခင် စီးသခင်ကြီးရဲ့ နှုတ်အမိန့်ကြောင့်ပါ"

လူရွှယ်သည် သူမအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"မေမေပြောတဲ့အတိုင်းဆိုရင် ကျွန်တော်ဟာ ချူးအမျိုးအနွယ် မဟုတ်ဘူးပေါ့"

လွှေဝါးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သခင်လေးက ချူးအမျိုးအနွယ် မဟုတ်ပါဘူး ... စီးအမျိုးအနွယ်ပါ။ သခင်လေးရဲ့နာမည်ကတော့ စီးဝေရှမ်းပါ၊ အမှန်တကယ်က စီးဝေရှမ်းပါ သခင်လေး"



လူရွှယ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူသည် လွှေဝါးကို သူ့မိခင်အရင်းဟုသာ မှတ်ယူနေ၏။ သူသည် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း မေးလိုက်၏။

"မေမေပြောတာ အမှန်ပဲလား"

လွှေဝါးက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"ကျေးဇူးပြုပြီး အခုချိန်ကစလို့ မေမေလို့ မခေါ်ပါနဲ့၊ ဒီစကားက ကျွန်မနဲ့ မတန်လို့ပါ"

စီးဝေရှမ်း၏မျက်နှာပေါ်ရှိ ကြွက်သားများ လှုပ်ရှားသွားသည်။

"ဒါဆိုရင် ကျွန်တော့်မိဘတွေ အခု ဘယ်မှာလဲ"

လွှေဝါး၏မျက်နှာပေါ်တွင် ဖော်မပြနိုင်သော ခံစားမှုများကို တွေ့မြင်လိုက်ရသည်။ သူမသည် အင်္ကျီအိတ်ထဲမှ ကတ္တီပါ သေတ္တာရှည်လေး တစ်လုံးအား ထုတ်ယူလိုက်သည်။

ထို့နောက် အခန်းမျက်နှာကြက် ထုပ်တန်းများပေါ်သို့ ခုန်တက်သွားကာ လက်ဖြင့် မျက်နှာကြက်အုတ်ကြွပ်ပြားကို တင်းချက်ပုတ်လိုက်သည်။

www.burmeseclassic.com



လက်ဖြင့် ပုတ်လိုက်သဖြင့် ကျိုးပဲ့သွားသော အပေါက်ထဲသို့ လက်တစ်ဖက်ဖြင့် နှိုက်ယူလိုက်သည်။

ထို့နောက် သူမ၏ခန္ဓာကိုယ်သည် စီးဝေရှမ်းရှေ့သို့ ပြန်လည်ရောက်ရှိလာသည်။

သူမ၏လက်ထဲတွင် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသည့် ဓားအိမ်နှင့်ဓား ပါရှိလာသည်။

"ဒီဓားနဲ့ ဒီကတ္တီပါဘူးထဲမှာရှိတဲ့ ခေါင်းတလားကလေးဟာ သခင်လေးရဲ့ကံကြမ္မာကို အကောင်းဆုံးဖြစ်အောင် ပြုပြင်ပေးပါလိမ့်မယ်"

သူမက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါလိုက်၏။

"ဒါပေမဲ့ ဒီပစ္စည်းတွေကြောင့် သခင်လေးဟာ အခုချိန်ကစပြီး အန္တရာယ်နဲ့လည်း ကြုံတွေ့ရပါတော့မယ်၊ သတိသာ ထားပါတော့"

စီးဝေရှမ်းက အလွန်အံ့ဩသွားသည်။ သူသည် စားပွဲပေါ်မှ ကတ္တီပါဘူးကလေးကို ဖွင့်ကြည့်လိုက်သည်။

ကျောက်စိမ်းရောင် ခေါင်းတလားလေးတစ်လုံးကို တွေ့လိုက်ရတော့သည်။

ခေါင်းတလားလေးသည် သုံးလက်မခန့်သာရှိသည်။



ခေါင်းတလားလေးထဲတွင် အလွန်လှပချော့မွေ့သော မိန်းကလေးတစ်ယောက် လဲလျောင်းနေသည်။

မိန်းကလေးအား ကြွေထည်ဖြင့် ပြုလုပ်ထားသည်။ အလွန်သက်ရာမြောက်လှသဖြင့် သက်ရှိထင်ရှားမိန်းကလေးတစ်ယောက် သေဆုံးနေသကဲ့သို့ ရှိလေ၏။

စီးဝေရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

"ဒီခေါင်းတလားထဲက မိန်းကလေးက ချောလိုက်တာ၊ သူက ဘယ်သူလဲ"

"နတ်ယမင်းဒေဝီ"

အသံသည် အေးစိမ့်၍ အနိမ့်အမြင့် မရှိပါ။ ယင်းအသံသည် လွှေဝါး၏ အသံမဟုတ်ပါ။ လူတစ်ယောက်၏အသံ ဖြစ်သည်။ အခြားလူတစ်ယောက်၏အသံသာ ဖြစ်ပါသည်။

လွှေဝါးမျက်နှာ ကွက်ခနဲပျက်သွားသည်။ သူမက စီးဝေရှမ်း၏ ခန္ဓာကိုယ်ပေါ်မှ သွေးကြောများကို လက်ညှိုးဖြင့် ပိတ်လိုက်သည်။

ထို့နောက် အိမ်အပြင်သို့ ခုန်ထွက်သွားလေသည်။ စီးဝေရှမ်းသည် သွေးကြောပိတ်ထားသဖြင့် မလှုပ်မယှက်ရပ်လျက် အပြင်မှ ထွက်ပေါ်လာမည့်အသံများအား နားစွင့်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လွှဲဝါးသည် အိမ်အပြင်ရောက်ရှိသွားလေပြီ။ သူမသည် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ကာ ခေါ်ထုတ်လိုက်၏။

"ဘယ်သူလဲ ထွက်ခဲ့ပါ"

သူမ၏အသံဆုံးသည်နှင့် ရယ်မောသံတစ်ခု ထွက်ပေါ်လာလေသည်။

"ဟား ဟား ဟား"

အသံသည် ကျယ်လောင်စူးရှပေသည်။ လွှဲဝါးသည် အသံလာရာသို့ ချာခနဲလှည့်လိုက်သည်။

ထိုအခါ ဝါးပင်များကြားမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

လွှဲဝါးသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် ထိတ်လန့်တုန်လှုပ်သွားသည်။

အိမ်ကလေးထဲမှ ဖြာထွက်လာသော အလင်းရောင်ကြောင့် ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသည် မဟုတ်ပါ လော။

ထိုလူ၏မျက်နှာပေါ်တွင် အလွန်ကြောက်စရာကောင်းသော ကြေးဝါရောင်မျက်နှာဖုံးကို တပ်ဆင်ထားသည်။

မျက်နှာဖုံးအောက်မှ မျက်ဝန်းအစုံသည် စူးရှတောက်ပလျှသည်။



ခန္ဓာကိုယ်ပေါ်တွင် ကျားသစ်ရေဖြင့် ချုပ်လုပ်ထားသော ဝတ်စုံကို ဝတ်ဆင်ထားသည်။ ခါးတွင် သားရေအိတ်တစ်လုံး ချိတ်ဆွဲထား၏။

သူ၏လက်ထဲတွင်မူ ခုနစ်ပေခန့်ရှည်သော ဓားတစ်လက် ကိုင်ဆောင်ထား၏။ ဓားသည် မီးရောင်အောက်တွင် အရောင်တသက်လက် တောက်ပနေ၏။

လွှဲဝါးသည် ထိုလူအား တွေ့မြင်လိုက်သောအခါ မျက်ခုံးအစုံသည် နဖူးပေါ်သို့မြင့်တက်သွားပြီး မချိပြုံးပြုံးလိုက်သည်။

"သြော် … ရှင်တောင် ရောက်လာမှကိုး"

ကြေးမျက်နှာဖုံးရှင်က လက်တစ်ဖက်မြှောက်ယမ်းလိုက်သည်။

"စကားမရှည်နဲ့ … တစ်ချိန်ကပေးထားတဲ့ ကတိအတိုင်းလုပ်ပါ"

လွှဲဝါးက မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချပါ … ဒါပေမဲ့ ကျွန်မမေးစရာလေးတွေ ရှိနေပါသေးသယ်"

ကြေးမျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

"မေး"

လွှဲဝါးက ထိုလူကို စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းနက်ဂိုဏ်းက ကိုယ်ရံတော်လေးယောက်ရဲ့ သိုင်းပညာဟာ တော်တော် ကြောက်မက်ဖွယ်ကောင်းတယ်လို့ ကြားဖူးတယ်၊ ဒါကြောင့်"

သူမ၏စကားမဆုံးမီ ကြေးဝါရောင်မျက်နှာဖုံးရှင်က ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဘာလဲ ... ပေးထားတဲ့ကတိကို ဖျက်ချင်ပြီလား"

လွှေဝါးက ခေါင်းခါလိုက်သည်။ ထို့နောက် အေးတိအေးစက်ဖြင့် ...

"မဟုတ်ဘူး ... ကျွန်မက ရှင်တို့ရဲ့သိုင်းပညာကို နည်းနည်းပါးပါး လေ့လာချင်တဲ့ သဘောပေါ့"

ကြေးဝါရောင် မျက်နှာဖုံးရှင်က သူမကို စိုက်ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်သည့် ဟန်မူများ ပေါ်လွင်လာသည်။

"ကျုပ် နားလည်တယ် ... ခင်ဗျားရဲ့ဆန္ဒအားလုံး ပြည့်ဝစေရမယ်"

ပြောပြီး ဓားကို ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။ ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတော့သည်



စီးဝေရှမ်းသည် မလှုပ်မယှက် ရပ်တန့်နေ၏။

သို့သော် သူ၏မျက်လုံးအစုံကမူ လှုပ်ရှားနေသည်။ ထိုမျက်လုံးအစုံကမူ အံ့သြခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းများ ပေါ်လွင်နေသည်။

သူ၏လက်ထဲတွင် ကိုင်ထားသော ကျောက်စိမ်း ခေါင်းတလားကလေးကို ငုံ့ကြည့်နေ၏။ လွှေဝါးပြောသကဲ့သို့ပင် အန္တရာယ်နှင့် စတင်ကြုံတွေ့နေရပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် ကောင်းမြတ်သောကံကြမ္မာကို ကြုံတွေ့ရဦးမည်လော။ မည်သို့သော ကောင်းမြတ်သည့်ကံကြမ္မာ ဖြစ်မည်နည်း။

မည်သို့ဆိုစေ သူ့မိခင်ဟု ယူဆထား၏။

လွှေဝါးအား သွားရောက်ကူညီလိုသော ဆန္ဒများ ဖြစ်ပေါ်နေသည်။

အိမ်အပြင်ဘက်မှ တိုက်ခိုက်သံများသည် ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဝုန်း'

ရုတ်တရက် ပြတင်းပေါက်တံခါး ကျိုးပွဲသွား၏။ တစ်ဆက်တည်းမှာပင် လူတစ်ယောက်၏ ခန္ဓာကိုယ်သည် ပြတင်းပေါက်မှ သစ်သားစများနှင့်အတူ အိမ်ထဲသို့ လွင့်စဉ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက လှမ်းကြည့်လိုက်သောအခါ မျက်လုံးများ ပြူးကျယ်သွားသည်။

"မေမေ"

သူက ထိတ်လန့်သွားသည်။ အိမ်ထဲသို့ လွင့်စဉ်လာသည်မှာ လွေဝါးဖြစ်၏။ သူမ၏ရင်ဝတွင် ဓားဒဏ်ရာတစ်ချက် ကန့်လန့်ဖြတ်ရှိနေပြီး ထိုဒဏ်ရာမှ နီရဲသောသွေးများ စီးဆင်းကျနေသည်။

ထိုအချိန် ကြေးဝါရောင်မျက်နှာဖုံး တပ်ဆင်ထားသော လူတစ်ယောက်သည် အိမ်ထဲသို့ လှမ်းဝင်လာသည်။ သူသည် ကြမ်းပြင်ပေါ် လဲကျနေသည့် လွေဝါးကို မကြည့်ပါ။

သူ၏ စူးရှသော မျက်ဝန်းအစုံသည် စီးဝေရှမ်း၏ မျက်နှာပေါ်သို့ ကျရောက်နေသည်။ စီးဝေရှမ်းသည် ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် သွေးကြောပိတ်ခံထားရ၍ မည်သို့မျှခုခံတိုက်ခိုက်မည် မဟုတ်ပါ။

"ငါ့သေရတော့မယ်"

သူ့မိခင် လွေဝါးပင် ယခုကဲ့သို့ အဖြစ်မျိုးကြုံရလျှင် သူ့အနေဖြင့်အဖြစ်ထက်ပင် ဆိုးပေလိမ့်မည်။ ထို့ကြောင့် သူသည် မျက်လုံးကို စုံမှိတ်ထားလိုက်လေတော့သည်။



သို့သော် အတန်ကြာသည်အထိ တစ်ဖက်လူ၏ တိုက်ခိုက်လာခြင်း မရှိသဖြင့် ဖြည်းညင်းစွာ မျက်လုံးဖွင့်ကြည့်လိုက်လေသည်။ ထိုအခါ ကြေးဝါရောင် မျက်နှာဖုံးရှင်သည် သူ၏ လက်တစ်ကမ်းအကွာတွင် မလှုပ်မယှက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏မျက်လုံးအစုံသည် စီးဝေရှမ်း၏မျက်နှာကို ကြည့်ပါ။ သို့သော် စီးဝေရှမ်း၏လက်ထဲမှ ကျောက်စိမ်းခေါင်းတလားလေးကို စိုက်ကြည့်နေသည်။

သူ၏မျက်လုံးအစုံတွင် အံ့သြခြင်း၊ မက်မောတွယ်တာခြင်းများ ပေါ်လွင်နေသည်။ သူသည် တုန်ယင်သော လက်ချောင်းလေးများဖြင့် ကျောက်စိမ်းခေါင်းတလားလေးကို လှမ်းယူရန် လက်ဆန့်လိုက်သည်။

ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ အလင်းရောင်တစ်ချက် ဝင်းလက်သွားသည်။ ယင်းအလင်းရောင် ဝင်းလက်သွားသည်နှင့် တစ်ပြိုင်နက် ကြေးဝါရောင်မျက်နှာဖုံးရှင်၏ ခန္ဓာကိုယ်သည် တစ်ချက် တုန်ခါသွား၏။

သူသည် ပြတင်းပေါက်ဘက်သို့ မျက်နှာမူ၍ ဒူးထောက်ကာ ဦးညွှတ်လိုက်သည်။

"သ … သခင်လေးကို ကြိုဆိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။ ရုတ်တရက် ပြတင်းပေါက်အပြင်ဘက်မှ အေးစက်သော အသံတစ်ခု ထွက်ပေါ် လာသည်။

"ကျူးထန် ... ဒီကျောက်စိမ်းခေါင်းတလားလေးကို လိုချင် နေသလား"

ထိုစကားကြောင့် ကျူးယန်ဆိုသော သူ၏ ခန္ဓာကိုယ်သည် ကျားဖွတ်ဖြင့် ရိုက်ခံရသည့်အလား တုန်ခါသွား၏။

"မ ... မဟုတ်ပါဘူး ခင်ဗျား"

"ဒါဖြင့် မင်း ဘာဖြစ်လို့ ယူဖို့ လက်လှမ်းရတာလဲ"

ကျူးယန်က ခေါင်းကို ငုံ၍ ငုံ့လိုက်သည်။

"ကျွန်တော်က စူးစမ်းချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာလို့ ကြည့်မိ တာပါ။ ခွင့်လွှတ်ပါ ခင်ဗျာ"

"ကောင်းပြီ ... ခွင့်လွှတ်စေချင်ရင် မင်းပါးကို ဘယ်ညာ သုံးချက်စီ ရိုက်လိုက်ပါ"

ကျူးယန်၏ ချက်လုံးအစုံသည် တစ်ချက်ဝင်းလက်သွား သည်။ သူသည် မျက်လုံးဖုံးကို ခွဲခွာကာ မိမိပါးကို ခြောက်ချက်တိတိ ရိုက်ချလိုက်သည်။

'ဖြန်း ဖြန်း ဖြန်း ဖြန်း ဖြန်း ဖြန်း'



ထို့နောက် လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် သခင်လေး"

ဟု ပြောပြီး အခန်းထဲမှ ပြေးထွက်သွားတော့သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## သေမင်းရက်ချိန်း

ကျူးယန်သည် အခန်းထဲမှ ထွက်ခွာသွားပြီဖြစ်သည်။

ယခု ...

အခန်းထဲတွင် စီးဝေရှမ်းနှင့် ပြင်းထန်စွာ ဒဏ်ရာရထားသော လွေ့ဝါးတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

ပြတင်းအပြင်ဘက်မှ သခင်လေးဆိုလူ၏အသံက ထွက်ပေါ်လာသည်။

"နားထောင်ပါ စီးဝေရှမ်း ... ငါဟာ ကတိပေးထားတဲ့အတိုင်း မင်းရဲ့အသက်ကို ဒီတစ်ကြိမ် ချမ်းသာပေးဦးမယ် ... ဒါပေမဲ့"

အေးစက်သောလေသံအား ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"မင်းရဲ့သေဖို့ရက်အတွင်း ကျုပ် ရက်ချိန်းပေးခဲ့မယ်"



စီးဝေရှမ်း ဒေါသထွက်လာသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ရဲ့ သေရမယ့်ရက်ချိန်းကို သတ်မှတ်ပေးနိုင်တာလဲ၊ ခင်ဗျားက မရဏမင်းမို့လို့လား"

ပြတင်းပေါက်အပြင်ဘက်မှနေ၍ အေးတိအေးစက် အသံရှင်က ...

"ဒါတွေ မင်းသိလို့အပိုပဲ၊ မင်းသိထားဖို့က နောင်နှစ် ဒီလ ဒီရက် ဒီလိုအချိန်မျိုးမှာ မင်းဟာ သေရမယ်၊ ငါ့ရဲ့အမိန့်ပဲ"

စီးဝေရှမ်းက မေးလိုက်သည်။

"ကျုပ်ကို ဘယ်သူသတ်မှာလဲ"

ပြတင်းပေါက်အပြင်ဘက်မှ အသံက ...

"ကျုပ်"

စီးဝေရှမ်းက အကြီးအကျယ် ဒေါသထွက်သွားသည်။

"ကျုပ်ရှေ့မှာ လူရိပ်တောင်မပြတဲ့ လူက ကျုပ်ကို သတ်မယ့်လူလား၊ သတ်ဝံ့ရဲ့လား ဒါဆိုရင်အနည်းဆုံး တစ်ခဏလောက် လာရစ်ပြပါ"

သူက ဒေါသကြီးစွာ အော်ဟစ်လိုက်သည်။ သို့သော် ပြတင်းပေါက်ဘက်မှ တုံ့ပြန်သံကို မကြားရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစိုးသွားသည်။

စီးဝေရှမ်းသည် ပြတင်းပေါက်အပြင်ဘက်မှလူ ထွက်ခွာသွားပြီကို သိလိုက်သည်။

သူသည် ထိုလူနောက်သို့ ပြေးလိုက်သွားလိုသော်လည်း သွေးကြောပိတ်ထားခြင်း ခံရသောကြောင့် မည်သို့မျှ မတတ်နိုင်တော့ပါ။

တကယ်ပြေးလိုက်လျှင်လည်း ပြေးလိုက်ခြင်းသာ အဖတ်တင်ပါမည်။

သူ ဘာမျှ လုပ်နိုင်လိမ့်မည် မဟုတ်ပါ။

☆

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်သည်။

စီးဝေရှမ်း၏ လက်ကလေးများသည် စတင် လှုပ်ရှားလာနိုင်ပြီဖြစ်သည်။



ထို့နောက် ခြေထောက်နှစ်ချောင်းကလည်း စတင် လှုပ်ရှားလာနိုင်ပြီဖြစ်သည်။

ယင်းသို့ လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် ...

ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသော လှေ့ဝါးထံသို့ ပြေးသွားသည်။

"မေမေ ဘာမှ မဖြစ်ရဘူး"

ပြောပြီး လှေ့ဝါးအား ပွေ့ချီလိုက်သည်။

သူမသည် ဒဏ်ရာပြင်းထန်စွာ ခံစားရသည့်ကြားမှ အားယူ၍ ပြုံးလိုက်သည်။

"သ သခင်လေး ... ဘာ ဘာမှမဖြစ်ဘူးနော်"

စီးဝေရှမ်းက ခေါင်းခါလိုက်သည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး မေမေရယ်"

လှေ့ဝါး၏မျက်နှာပေါ်တွင် ကျေနပ်သော အပြုံးတစ်ခု ထင်ယောင်လာသည်။

"ဝမ်းသာလိုက်တာ ... ကျွန်မ တစ်ခု အကူအညီတောင်းလို့ ရမလား"

စီးဝေရှမ်း၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဟာ မေမေရဲ့ ကျေးမွေးပြုစုမှုကြောင့် လူလား မြောက်ခဲ့ရတာပါ၊ အကူအညီတောင်းတယ်လို့ သဘောမထားပါနဲ့ ခိုင်းစရာရှိရင် ခိုင်းပါ"

လွှဝါးသည် သူ့အား ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည့်ကြားမှ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ကျေး ... ကျေးဇူးတင်ပါတယ် သခင်လေး၊ ကျွန် ... ကျွန်မရဲ့သား ချူးတုန်းက အတော်လေး ပျက်စီးနေပါတယ်၊ သခင်လေးက သူ့ကိုတွေ့ခဲ့ရင် ခွင့် ခွင့်လွှတ်ပါ"

စီးဝေရှမ်းက နားမလည်နိုင်အောင် ဖြစ်သွားရသည်။

သို့သော် သူသည် စဉ်းစားခြင်းပင်မပြုဘဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ မေမေ"

သူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့်—

"မေမေ စောစောကလူတွေက ဘယ်သူတွေလဲ၊ ကျွန်တော် သေရမယ့်ရက်ကို တိတိကျကျ ပြောနိုင်တာလဲ"

လွှဝါးသည် ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည့်ကြားမှ အားယူပြောလိုက်သည်။

တကယ်တော့ သူမ အားကုန်နေပေပြီ။



"တမလွန်ဘဝကျမှ သားကို စောင့်ရှောက်ပါ့မယ် သားရယ်"

"သူ ... သူတို့က ..."

သူမ၏ စကားသံသည် တိုး၍တိုး၍ သွားကာ နောက်ဆုံးတွင် အသံပျောက်သွားတော့သည်။ သူ၏မျက်လုံးအစုံသည် မျက်ရည်များ စီးကျလာသည်။

သူသည် မိခင်၏ သက်မဲ့ခန္ဓာကိုယ်အား ဖြည်းညင်းစွာ မြေခတင်ပေါ်သို့ ချလိုက်သည်။

ထို့နောက် ဒူးထောက်၍ ရှိခိုးလိုက်သည်။

အမေ အမေ ... အို အမေရယ်။

"မေမေ ... ကျွန်တော့်ဟာ လူမှန်းသိစကတည်းက ဒီနေ့အထိ အသက်ရှင်နေခဲ့တယ်၊ ဒါပေမဲ့ မေမေရဲ့ သေရေးရှင်ရေးအချိန်မှာ ကူညီနိုင်ခဲ့တာကို ခွင့်လွှတ်ပါ၊ ချူးဟုန်ကို မတွေ့တွေ့အောင် ရှာပါ့မယ်၊ မေမေ့ကို သတ်သွားတဲ့လူကို ကလဲ့စားချေမယ်လို့ ကျွန်တော် ကတိပေးပါတယ်"

ထို့နောက် သူသည် ဖြည်းညင်းစွာ ထလိုက်သည်။ ကျောက်စိမ်းဓားအိမ်နှင့်ဓားကို ခါးတွင် ချိတ်လိုက်သည်။

တစ်ဖန် ...

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ခေါင်းတလားလေးအား ယူ၍ကြည့်လိုက်သည်။

ကြည်လင်၍ တိုးလျှိုပေါက်မြင်ရသော ကျောက်စိမ်း ခေါင်းတလားလေးထဲတွင် လဲလျောင်းနေသော နတ်ယမင်းဒေဝီလေး၏ မျက်နှာပေါ်တွင် ပြုံးယောင်သမ်းလျက်ရှိသည်။

ထိုအပြုံးသည် ...

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်လှုပ်ရှားခြင်းများ ပေါ်လွင်နေသည်။

သူက အံ့ဩသွားသည်။

ဤလောကကြီးထဲတွင် ဤမျှ လက်ရာမြောက်သော ပန်းဆရာ၏လက်ရာ ရှိနေခြင်းမှာ မယုံကြည်နိုင်လောက်စရာ ဖြစ်ပေသည်။

၎င်းအပြင် နတ်ယမင်းရုပ်တု၏ ရုပ်သွင်သည် အလွန်အလွန် ချော့မောလှသည်။

ဤကမ္ဘာလောကကြီး၌ ဤမျှချောမောသော မိန်းကလေးက အမှန်တကယ် ရှိပါ၏လော။

ထို့အပြင် မိမိဘဝ မိမိကံကြမ္မာသည် ဤနတ်ယမင်းဒေဝီလေးနှင့် မည်သို့သက်ဆိုင်နေပါသနည်း။



ပြတင်းပေါက်အပြင်ဘက်သို့ ရောက်ရှိလာသော သခင်လေးဆိုသူသည် မိမိနှင့် မည်သည့်ရန်ငြိုးများ ရှိနေပါသနည်း။

မည်သူနည်း။

သူသည် တွေးရင်းတွေးရင်း ဦးခေါင်းများ ပူလောင်၍လာသည်။

ထို့ကြောင့် အတွေးများကို ရပ်တန့်ကာ စုံစမ်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

အိမ်ကလေးသည် မီးများစွဲလောင်နေ၏။ သူသည် မီးတောက်မီးလျှံများကြားမှ လွှဝါး၏အလောင်းကိုကြည့်ရင်း မျက်ရည်များ စီးကျလာသည်။

အိမ်ကလေးနှင့် လွှဝါး၏အလောင်း အားလုံး ပြာပုံဘဝသို့ ရောက်ရှိသွားသည်အထိ ကြည့်ကာ ဝမ်းနည်းကြေကွဲစွာ ကြည့်နေရင်း ထိုနေရာမှထွက်ခဲ့သည်။

သူ မည်သည့်နေရာသို့ သွားရမည်နည်း။ စဉ်းစား၍ မရပါချေ။

ရုတ်တရက် သူသည် ကျောက်စိမ်းခေါင်းတလားကို သတိရလိုက်၏။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်စိမ်းခေါင်းကလေးအား ထုလုပ်သော ပန်းပုဆရာကို ရှာဖွေမည်ဟု ဆုံးဖြတ်ကာ ထွက်ခွာခဲ့လေတော့သည်။

☆☆☆



အခန်း (၃)

စုံစမ်းခြင်း

ဝါးရင်းနယ် ...။

ဝါးရင်းနယ်သည် ကြီးကျယ်သော နယ်တစ်ခု မဟုတ်ပါ။ သို့သော် တစ်ပြည်လုံးရှိ ပန်းပုဆရာများသည် ဤနေရာကသာ အများဆုံး ထွက်ပေါ်ခဲ့သည်။

စီးဝေရှမ်းသည် မြို့ထဲတွင် သုံးရက်တိုင်အောင် နေထိုင်ခဲ့သည်။

ထိုသုံးရက်အတွင်း သူသည် လမ်းကြိုလမ်းကြားပါမကျန် ပန်းပုဆရာများကို လိုက်လံရှာဖွေခဲ့သည်။

သို့သော် ထိုကျောက်စိမ်းခေါင်းတလားး ထုလုပ်သည့် ပန်းပုဆရာရှင်ကို ရှာဖွေမတွေ့ရှိခဲ့ပါ။

စီးဝေရှမ်း စိတ်ပျက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝါးရင်းနယ်မှ ထွက်ခွာပြီး ချုန်အန်းနယ်သို့ သွားရန် ဆုံးဖြတ်လိုက်ရပြန်လေသည်။

သူ့ဘဝမှန်ကို မသိရမချင်း သူသည် ဤသို့ ခရီးထွက်နေရပေဦးမည်။

စီးဝေရှမ်းသည် ချုန်အန်းနယ်သို့ သွားရာလမ်းမကြီးအတိုင်း ဦးတည်လျှောက်လှမ်းနေ၏။

သူသည် အတန်ငယ် လျှောက်လာသောအခါ မြို့ပြင်သို့ ရောက်လာခဲ့သည်။

ထိုအခါ အလွန်ထူးခြားသည့် အကြောင်းအရာတစ်ခုကို တွေ့ခဲ့လေသည်။

ယင်း အကြောင်းအရာသည် သူ၏ဘဝတစ်ခုလုံးကို အကြီးအကျယ် ပြောင်းလဲစေခဲ့သည်။

မြို့ပြင်ရှိ တောင်ကုန်းလေးပေါ်၌ နတ်ကွန်းတစ်ခု ရှိလေသည်။

စီးဝေရှမ်းသည် ခရီးပန်းလာသဖြင့် နတ်ကွန်းထဲသို့ သွားရောက်ပြီး ခေတ္တနားခိုရန် ဆုံးဖြတ်လိုက်၏။

သို့ဖြင့် သူသည် နတ်ကွန်းထဲသို့ လှမ်းဝင်လိုက်၏။

ထိုသို့ လှမ်းဝင်လိုက်သောအခါ ယင်းနတ်ကွန်းတွင် အမျိုး



သမီး နတ်မိမယ်တစ်ပါး၏ ရုပ်တုကို ထုလုပ်ကိုးကွယ်ထားသည်ကို တွေ့ရသည်။

ယင်းနတ်မိမယ်ရုပ်တုသည် အသက်ရှိနေသည့်အလား အသက်ဝင်လှပေသည်။

သို့သော် သူသည် ထိုနတ်မိမယ်၏မျက်နှာကို သတိထားပြီး သေချာကြည့်လိုက်သောအခါတွင် သူ၏မျက်လုံးအစုံသည် လွန်စွာ အံ့ဩသွားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် ...

ထိုနတ်မိမယ်ရုပ်တု၏ ရုပ်သွင်နှင့် ပြုံးနေသည့် ပုံသဏ္ဌာန်တို့မှာ ကျောက်စိမ်းခေါင်းတလားလေးအတွင်းမှ နတ်ယမင်းဒေဝီ၏ ရုပ်သွင်နှင့် တစ်ထေရာတည်းဖြစ်နေသည်ကို တွေ့ရသောကြောင့် ပင်တည်း။

ယင်းသို့ တွေ့ရှိလိုက်ရသဖြင့် စီးဝေရှမ်းသည် အကြီးအကျယ် ဝမ်းသာသွားမိ၏။

အဘယ်ကြောင့်ဆိုသော် ယင်းနတ်မိမယ်ရုပ်တုကို ထုလုပ်သည့် ပန်းပုဆရာကို စုံစမ်းလိုက်လျှင် ကျောက်စိမ်းခေါင်းတလားလေး ထုလုပ်သည့် ပန်းပုဆရာကို တွေ့ရမည်မဟုတ်ပါလား။

သူသည် ယင်းသို့ တွေးမိပြီးနောက် ထိုအနီးတစ်ဝိုက်တွင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သော ရွာသူရွာသားများအား စုံစမ်းရန် စိတ်ကူးပေါ်လာတော့သည်။

ဤနတ်ကွန်းနှင့် အနီးဆုံးရှိသောရွာကို စုံစမ်းပါက အကြောင်းစုံသိနိုင်သည် မဟုတ်ပါလား။

သူသည် ရွာဆီသို့ လျှောက်လာရာ တဲတားကလေးတစ်ခုကို တွေ့ရှိလိုက်သည်။

စီးဝေရှမ်း လှမ်းကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး တဲတား၏လက်ရန်းတွင် မှီ၍ရပ်နေသည်ကို တွေ့ရသည်။

စီးဝေရှမ်းသည် မိန်းကလေးရှိရာသို့ လျှောက်သွားလိုက်သည်။

မိန်းကလေးက သူ့ကိုမမြင်ပေ။

သူက မိန်းကလေး၏ မလှမ်းမကမ်းတွင် ရပ်လိုက်၏။ ထိုစဉ် မိန်းကလေးထံမှ သက်ပြင်းချသံကြားလိုက်ရသည်။

"ညီမ"

သူ့ရဲ့အသံကြောင့် မိန်းကလေးသည် ဆတ်ခနဲလှည့်ကြည့်လာသည်။ ထို့နောက် သူမသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ...

"ရှင် ဘယ်သူလဲ"



စီးဝေရှမ်းက သူမကိုပြောပြလိုက်သည်။

"စီးဝေရှမ်းပါ ... ညီမကို အကူအညီတစ်ခု တောင်းချင်လို့ပါ"

မိန်းကလေးက စီးဝေရှမ်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ကျွန်မ ဘာအကူအညီပေးရမလဲ ... ပြောပါ၊ ကျွန်မ ကူညီနိုင်ရင်တော့ ကူညီပါမယ်၊ မကူညီနိုင်တဲ့ကိစ္စကိုတော့ ဘာမှ ပြောစရာ မလိုပါဘူး"

စီးဝေရှမ်းက တစ်ချက်ပြုံးလိုက်ပြီး ...

"ဟိုတောင်ကုန်းပေါ်က နတ်ကွန်းထဲမှာရှိတဲ့ နတ်မိမယ်ရုပ်တုကို ဘယ်သူက ထုလုပ်ထားလဲဆိုတာ သိချင်လို့ပါ"

မိန်းကလေး အံ့သြသွား၏။

"ဟင် ... ထူးဆန်းလှချည်လား၊ လွန်ခဲ့တဲ့ သုံးလလောက်တုန်းက လူတစ်ယောက်ကလည်း ရှင့်လိုပဲ လာစုံစမ်းသွားတယ်"

စီးဝေရှမ်းက သူမအား စိုက်ကြည့်လိုက်မိ၏။

"ဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ရှင် ဒီအကြောင်းကိုသိချင်ရင် တခြားနေရာ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး စုံစမ်းနေစရာမလိုတော့ဘူး"

သူက မျက်မှောင်ကြုတ်၍ ...

"ဘာဖြစ်လို့လဲ"

သူမက တစ်ချက်ပြုံးပြီး ...

"ဒီအကြောင်းတွေကို ကျွန်မအသိဆုံးမို့ပါ"

သူ၏မျက်လုံးများ ပြူးကျယ်သွား၏။ သူ၏ရင်ထဲ၌လည်း တဒိတ်ဒိတ် ခုန်လာမိသည်။

သိချင်စိတ်ပြင်းပြစွာဖြင့်လည်း အလောတကြီး မေးလိုက်မိသည်။

"ဒါဖြင့် ပြောစမ်းပါဦးမရယ် ... ဒီလူ ဘယ်မှာနေတာလဲ"

မိန်းကလေးက ပြုံးလိုက်သည်။

"နတ်ကွန်းထဲက ပန်းပုဆရာဟာ ကျွန်မရဲ့အဖေပဲရှင့်"

"ဟာ"

သူ ပါးစပ်အဟောင်းသားဖြစ်သွားပြီး အလွန်အံ့သြသွားသည်။

သူသည် သူမအနားသို့ တိုးကပ်သွားပြီး ...

"ခင်ဗျားအဖေက ပန်းပုဆရာ ... ဟုတ်လား"

"ဟုတ်တယ်လေ ... သူဟာ ပန်းပုဆရာ တစ်ယောက်ပေါ့၊



နောက်ပြီး ဒီနယ်တစ်ပိုက်မှာဆိုရင် သူဟာ နာမည်အကြီးဆုံးပဲ။ လက်ရာအမြောက်ဆုံးပဲ"

သူသည် ငေးငိုင်သွားလေ၏။

သူသည် သူမအားကြည့်ရင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားမိ၏။

☆

စိုးဝေရှမ်းသည် ထိုရွာလေးသို့ ဝင်၍ စုံစမ်းရတော့သည်။

သူ တံတားပေါ်၌ တွေ့ခဲ့သည့်မိန်းကလေးကို ပထမဆုံး စုံစမ်း၏။ ထိုအခါ မိန်းကလေး၏အမည်ကို သိလိုက်ရတော့၏။

ထိုမိန်းကလေး၏အမည်မှာ စုရဲရုံဖြစ်သည်။

သူမ၏ဖခင်မှာ သိုင်းသမားတစ်ယောက် ဖြစ်သည့်အပြင် ပန်းပုလုပ်ရာတွင်လည်း အလွန်ကျော်ကြားသော ပန်းပုပညာရှင်တစ်ယောက်ဖြစ်သည်။

ရှာမှရှားသော ပညာရှင်ဖြစ်လေသည်။ သူ၏အမည်မှာ ဦးချင်းရုံပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုရဲရှုံ၏မိခင်နှင့် ဖခင်ဖြစ်သူ ကျူးချင်းရှုံတို့သည် လွန်ခဲ့သော နှစ်လခန့်က မည်သည့်အကြောင်းကြောင့်မှန်း မသိဘဲ ကွဲသွားခဲ့ကြသည်။

ကျူးချင်းရှုံသည် မိန်းမအမည်ရှိသော ဂူကြီးတစ်ဂူထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

သူမသည် မိခင်နှင့်ဖခင် ကွဲကွာသွားသောအခါ အလွန်ဝမ်းနည်းမိလေသည်။

သူမသည် မိခင်နှင့်ဖခင်တို့ကို အကြိမ်ကြိမ် တောင်းပန်တိုးလျှိုးသေးသော်လည်း တစ်ဖက်နှင့်တစ်ဖက် အလွန် တင်းမာသောကြောင့် နောက်ဆုံး လက်လျှော့လိုက်ရသည်။

စီးဝေရှမ်းသည် စုရဲရှုံ၏ဖြစ်ရပ်ကို ကြားသိရသောအခါ စိတ်မကောင်းဖြစ်မိသည်။

"ခင်ဗျားမိဘတွေကွဲသွားတော့ ခင်ဗျား ဘယ်သူနဲ့နေခဲ့တာလဲ"

"အမေနဲ့ နေခဲ့ပါတယ်"

"ခင်ဗျားအဖေနဲ့ရော ထပ်မတွေ့တော့ဘူးလား"

စုရဲရှုံက ခေါင်းတစ်ချက်ညိတ်ပြီး ...

"တွေ့ပါတယ်၊ ဒါပေမဲ့ ဖေဖေက မျက်နှာကို အဝတ်နက်နဲ့



အုပ်ထားပြီး စကားလည်း သိပ်မပြောတော့ဘူး"

စုရဲရှုံသည် ပြောရင်း မျက်ရည်များကျလာသည်။ သူသည် သူသိချင်သော အကြောင်းအရာများကို ကြားဖြတ်၍ မေးလိုက်သည်။

"ခင်ဗျားအဖေက ဒီနတ်ကွန်းကို ဘာရည်ရွယ်ချက်နဲ့ ဆောက်ထားတာလဲ"

စုရဲရှုံက သူ့ကို အံ့သြစွာကြည့်ပြီး ...

"ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် သိချင်ရတာလဲ"

ဟု မကျေမနပ်နှင့် မေးလိုက်သည်။ သူက တစ်ချက်ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူးဗျာ ... ဒီနတ်ကွန်းထဲက နတ်မိမယ်ရုပ်တုလေးဟာ လက်ရာသိပ်မြောက်လွန်းလို့ပါ"

စုရဲရှုံက ...

"ဒီနတ်ကွန်း ဆောက်တာရယ်၊ ဒီနတ်မိမယ်ရုပ်တု ထားတာရယ် လူတစ်ယောက်အတွက် အမှတ်တရ ထုလုပ်ထားတာလို့ ဖေဖေပြောခဲ့ဖူးတယ်ရှင့်"

သူ စိတ်ဝင်စားလာမိသည်။

"ခင်ဗျားအဖေ ဒီနတ်ကွန်းကို ဆောက်ထားတာ ရည်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



ချုတ်တစ်ခုခုတော့ ရှိလိမ့်မယ်၊ အဲဒီရည်ရွယ်ချက်ကလေးများ မသိရဘူးလား”

သူမက ခေါင်းညိတ်ပြီး ...

“ဟုတ်ပါတယ် ... ယောကျ်ားတစ်ယောက်က မိန်းမတစ်ဦးအတွက်.ဒီနတ်ကွန်းကို ဆောက်တည်တာလို့ သိရတယ်”

သူက ပြုံးလိုက်ပြီး ...

“ထားပါတော့ဗျာ ... ဒါနဲ့ ခင်ဗျားရဲ့အဖေဟာ ဒီရုပ်တုအပြင် တခြား ဘာတွေကို ထုလုပ်သေးသလဲဆိုတာ ခင်ဗျားသိသလား”

သူမက မျက်မှောင်ကြုတ်ကာ ...

“ရှင့်ကို ကျွန်မက ခင်လို့ပြောပြတာ၊ ရှင် ဒါကို သဘောပေါက်ဖို့ ကောင်းပါတယ်”

သူက သူမအား စိုက်ကြည့်နေမိရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် သူမကိုမေးလိုက်သည်။

“ခုနက ခင်ဗျားပြောခဲ့တယ်နော် ... လွန်ခဲ့တဲ့သုံးလလောက်က ဒီအကြောင်းတွေကို လူတစ်ယောက်က မေးခဲ့ဖူးတယ်ဆိုတာ”

“ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ”

သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ဆက်မေးလိုက်လေသည်။



“သူ လာမေးတုန်းက ခင်ဗျားရဲ့အမေနဲ့အဖေ ကွဲသွားကြပြီလား”

“အဲဒီတုန်းက ဘာမှမဖြစ်ကြသေးဘူး၊ အဲဒီလူ လာပြီးတဲ့နောက် မကြာမီမှာပဲ သူတို့ ကွဲသွားကြတယ်”

သူက မျက်မှောင်ကြုတ်သွားသည်။

“ဒါဆိုရင် ခင်ဗျားရဲ့မိဘတွေ ကွာရှင်းသွားရတဲ့ကိစ္စမှာ ဒီလူ့ပယောဂများ ပါနေမလား၊ ဒါ စဉ်းစားစရာကောင်းတယ်”

သူမက အနည်းငယ်စဉ်းစားလိုက်ပြီး ...

“အင်း ... တိုက်တော့တိုက်ဆိုင်နေတာပဲ၊ ကျွန်မလည်း သေချာမသိပါဘူး၊ အဲသေအချာမသိတော့လည်း စွပ်စွဲရခက်တယ်”

“အဲဒီနောက်မှ သူ ဘယ်ကိုရောက်သွားလဲ”

“သူက ဖေဖေ့ဆီမှာ ပန်းပုပညာသင်မယ်လို့ ပြောတာပဲ”

စီးဝေရှမ်းက မျက်မှောင်ကြုတ်ပြီး ...

“ဟုတ်လား ... အဲဒီလူကို ခင်ဗျားအဖေက ပန်းပုပညာသင်ပေးလိုက်လား”

စုရဲရုံက ခေါင်းညိတ်ပြပြီး ...

“ဟုတ်ကဲ့ ...သင်ပေးလိုက်ပါတယ်၊ သူက တစ်နေ့လုံး အဖေ့ဆီမှာ ပန်းပုပညာသင်ပြီး ညဘက်ရောက်မှ သူ့ရဲ့ကျောင်းနောက်တောင်

www.burmeseclassic.com

www.burmeseclassic.com



မှာ မြှုပ်ထိပ်တယ်၊ လူကတော့ လျှို့ဝှက်တဲ့လူပဲ၊ လျှို့ဝှက်တဲ့လူ မဟုတ်ရင် ဒီမှာပဲ တည်းခိုနေထိုင်ပြီး ပန်းမှုပညာသင်မှာပေ့ါ"

သူက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"အဲဒီလူနာမည်က ဘယ်သူလဲ"

"ကျားနက်မင်းသားလေးတဲ့"

သူက ခေါင်းတစ်ချက်ညိတ်ပြီး ...

"အစ်ကို့ကို အကူအညီတစ်ခုပေးပါလို့ တောင်းပန်ချင်ပါတယ်"

သူမက မျက်မှောင်ကြုတ်၍ ...

"ဘယ်လို အကူအညီမျိုးလဲ"

"ခင်ဗျားအဖေနဲ့ ကျုပ်နဲ့ ဘွေ့ခွင့်ပေးပါလား"

သူမ အခက်ကြုံသွားသည်။

"ဟာ ... ဒီကိစ္စတော့ မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဖေဖေဟာ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘူး၊ အဲဒါအမှန်ပါ၊ ဖေဖေဟာ ဘာဖြစ်မှန်းလည်း မသိဘူး"

သူက လက်နှစ်ဖက်ဆုပ်၍ အရှိအသေပြုပြီး ...



"ဘာပဲဖြစ်ဖြစ် ဖြစ်တဲ့နည်းနဲ့ တွေ့ပေးပါကွယ်"

သူမသည် အတန်ကြာ စဉ်းစားနေသည်။

အတန်ကြာမှ ...

"တစ်ခုတော့ရှိတယ် ... ဒီကိစ္စကို ကျားမင်းနတ်သားလေး ဆီမှာ ကျွန်မက အကူအညီတစ်ခု တောင်းကြည့်မယ်၊ သူကတော့ တွေ့ခွင့်ရနေတယ်"

"ဘာပဲဖြစ်ဖြစ်လေ ကျုပ်က ခင်ဗျားအဖေနဲ့ တွေ့ခွင့်ရရင် ပြီးတာပါပဲ"

သူမ မျက်မှောင်ကြုတ်သွားသည်။

"ကောင်းပြီလေ ... သူက ရှင့်ကို ဘာကြောင့်တွေ့ချင်တာ သဲလို့ မေးရင်ရော"

သူက အနည်းငယ် စဉ်းစားသလို လုပ်ပြီးမှ ...

"သူ့ကိုပြောလိုက်ပေ့ါ၊ ကျုပ်က သူ့နာမည်ကို ကြားဖူးလို့ သူ့ကို ကြည်ညိုလေးစားလို့ လာတွေ့ခွင့်တောင်းတယ်လို့ ပြောပါ၊ ဒါမှမဟုတ်ရင် ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု သူနဲ့တိုင်ပင်ချင် တယ်လို့ ပြောလည်းရတာပဲ"

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီးနောက် ခေါင်းညိတ် သဘောတူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ သူတို့သည် နံနက်မိုးလင်းသောအခါကျမှ ဤတံတားပေါ်၌ ပြန်လည်တွေ့ဆုံရန် ချိန်းဆိုကာ လူချင်းခွဲလိုက်ကြလေသည်။

☆☆☆



အခန်း (၄)

ကျားနက်တောင်မှ မင်းသားလေး

နေရောင်ခြည်သည် သစ်ရွက်များကြားမှတစ်ဆင့် မြေပေါ်သို့ ကြိုကြားထိုးနေသည်။ ရွှေရောင်လင်းလက်သကဲ့သို့ ထင်မှတ်ရသည်။

ထိုအချိန်တွင် ...

စီးဝေရှမ်းသည် တံတားကလေးရှိရာသို့ လျှောက်သွားပြီး စုရဲရုံကို စောင့်နေလိုက်သည်။

ခဏအကြာတွင် စုရဲရုံ လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရလေသည်။

သူမသည် ပန်းနုရောင်အဝတ်အစားများကို ဝတ်ဆင်ထားပြီး သူမ၏ဆံပင်များကိုလည်း သေချာစွာ ထုံးနှောင်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ သူက သူမအား သေချာကြည့်လိုက်မိသည်။

ထိုသို့သေချာကြည့်လိုက်မိသောအခါတွင် သူမသည် အလွန်ချောမောနေသည်ကို တွေ့လိုက်ရသည်။

မနေ့ကတော့ ကိစ္စများ အရေးတကြီး ပြောနေရသဖြင့် သူမအလှကို သေချာစွာ တွေ့ခွင့်မရခဲ့ပါ။

"ညီမ ဟိုကိစ္စ အောင်မြင်တယ် မဟုတ်လား"

သူမက နှုတ်ခမ်းမဲ့လိုက်ပြီး ...

"ရှင့်ကိုကူညီချင်လို့ ကျွန်မ အခုလိုပြောလိုက်ရတာ၊ နို့မို့ဆိုရင် ရန်သူကို လုံးဝစကားပြောတာမဟုတ်ဘူး၊ ဟင်း ... မပြောချင်တဲ့ကိစ္စ ပြောရတာ သိပ်ဆိုးတာပဲ"

သူက ဝမ်းသာသွားသည်။

"သူက ဘာပြောလဲဟင်"

"သူက ကူညီပါ့မယ်လို့ ပြောတယ်၊ ဒါပေမဲ့ ရှင့်ကို အရင်ဆုံးတွေ့ချင်တယ်တဲ့၊ မိစ္ဆာဂူမှာ သူစောင့်နေမယ်လို့ ပြောတယ်"

သူက ခေါင်းတစ်ချက်ညိတ်ပြီး ...

"ကျုပ်တို့ အခုသွားရမှာလား"

သူမက တစ်ချက်ပြုံးလိုက်သည်။

"ဩော် ... စောင့်နေပါတယ်ဆိုမှ သွားရမှာပေါ့"



သူမသည် ပြောပြီး တစ်ဖက်သို့လှည့်ကာ လျှောက်သွားလေသည်။

သူက သူမ၏နောက်မှ လိုက်သွားလေတော့သည်။ မကြာမီ သူတို့သည် မိစ္ဆာဂူသို့ ရောက်ရှိသွားကြလေ၏။

☆

မိစ္ဆာဂူ ...။

မိစ္ဆာဂူရှေ့တွင် အလွန်ခန့်ညားသော လူတစ်ယောက် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိသည်။ သူ၏ မျက်နှာမှာ ခန့်ထည်ချောမောပြီး အစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။

"ညီမ အစ်ကို့ကို တွေ့ချင်တာ ဒီလူဟုတ်လား"

သူမက ခေါင်းညိတ်ပြပြီး ...

"ဟုတ်ပါတယ်ရှင်"

သူမသည် သူတို့နှစ်ယောက်အား တစ်ယောက်နှင့်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောတ် မိတ်ဆက်ပေးလိုက်လေသည်။

"သူကတော့ ကျားနက်တောင်က သခင်လေးပါ"

စီးဝေရှမ်းသည် လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

ထို့နောက် သူမက စီးဝေရှမ်းဘက်လှည့်ကာ ...

"သူက စီးဝေရှမ်းပါ၊ ဖေဖေနဲ့ သိပ်တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါ၊ ကျားနက်မင်းသားလေးက ကူညီမယ်လို့ ပြောထားတယ် မဟုတ်လား၊ ရှင့်ကို အားကိုးပါတယ်"

ကျားနက်မင်းသားလေးသည် စီးဝေရှမ်းဘက်သို့ လှည့်လိုက်ပြီး ...

"ဒါနဲ့ ခင်ဗျားက ဘာကိစ္စ ကျူးချင်းရုံကို တွေ့ချင်ရတာလဲ"

စီးဝေရှမ်းက ခေါင်းညိတ်ပြပြီး ...

"ကျုပ် သူ့ရဲ့ပန်းပုပညာကိုလည်း လေးစားတယ်၊ နောက်ပြီး ကျုပ်သိချင်နေတဲ့ အလွန်လျှို့ဝှက်တဲ့ကိစ္စတစ်ခုလည်း ဆွေးနွေးချင်လို့ပါ"

ကျားနက်မင်းသားလေးက စိတ်ပျက်စွာဖြင့် ...

"ခက်တာပဲဗျာ ... သူက တခြားလူတွေနဲ့ မတွေ့ချင်လို့ ဟောဒီ မိစ္ဆာဂူထဲမှာလာနေတာ၊ ခင်ဗျားမှာ သိပ်အရေးကြီးတဲ့ကိစ္စ



ရှိရင် ကျုပ်ကိုပြောပြလေ၊ ကျုပ်က တွေ့သင့်မတွေ့သင့်ကို စဉ်းစားပေးမယ်"

စီးဝေရှမ်းက ...

"ဒီလိုပါ ... ဒီကိစ္စက သူနဲ့မျက်နှာချင်းဆိုင်ပြောမှ ဖြစ်မှာမို့ပါ"

ကျားနက်မင်းသားလေးက မျက်မှောင်ကုတ်၍ ...

"သူက အတွေ့မခံရင်ရော"

"ဒီတော့လည်း ပါလာတဲ့ပစ္စည်းကို ပြန်ယူသွားရမှာပေါ့"

ကျားနက်မင်းသားလေး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

"ခင်ဗျားမှာ ပစ္စည်းပါလာတယ် ... ဟုတ်လား"

သူက ခေါင်းညိတ်ပြီး ...

"ဟုတ်ကဲ့ ... ကျုပ်ရဲ့မိတ်ဆွေက ဒီပစ္စည်းကို တခြားနေရာမှာ ထားခဲ့ပါတယ်၊ ကျူးချင်းရုံကိုတွေ့မှ သွားယူပေးပါလို့ မှာထားပါတယ်"

ကျားနက်မင်းသားလေးက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ဘာပစ္စည်းများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



“ပြောမပြနိုင်တာကို သည်းခံပါ ခင်ဗျာ”

ကျားနက်မင်းသားလေးက မျက်ခုံးပင့်၍ မေးခွန်းထုတ်လိုက်သည်။

“ခင်ဗျားမိတ်ဆွေက ဘယ်သူလဲ”

“ဒါလည်း လျှို့ဝှက်ထားပါရစေ”

ကျားနက်မင်းသားလေးက ရယ်မောလိုက်သည်။

“ကောင်းပါပြီဗျာ … ခင်ဗျား ဒီအထိ အပင်ပန်းခံပြီး လိုက်လာမှတော့ သူနဲ့တွေ့ပေးဖို့ ကျုပ် ကြိုးစားပေးရမှာပေါ့”

သူက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး …

“ကျေးဇူးတင်ပါတယ် ခင်ဗျာ”

ကျားနက်မင်းသားလေးက ခေါင်းညိတ်ပြပြီး …

“ကဲ … ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ပေတော့”

သူသည် ပြောပြီးသည်နှင့် ဂူကြီး၏တစ်ဖက်သို့ လျှောက်သွားလေသည်။

ထို့နောက် …

သူသည် ဂူအဝရှိ နေရာတစ်နေရာကို လက်နှိုက်လိုက်ရာ ဂူပေါက်ဝကို ပိတ်ထားသော ကျောက်တံခါးကြီးက အလို အလျောက် ဘေးသို့ရွေ့သွားသည်။



ကျားနက်မင်းသားလေးသည် စီးဝေရှမ်းကို ခေါင်းညိတ်ပြလိုက်သည်။

စီးဝေရှမ်းနှင့်စုရဲရုံတို့သည် မင်းသားလေးနောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

☆

ဂူထဲ၌ အလွန်ရှည်လျားသော စင်္ကြံလမ်းတစ်ခုကို တွေ့ရသည်။

ထိုလမ်းအတိုင်း လျှောက်သွားရာ ကြီးမားသော ဧည့်ခန်းတစ်ခုကိုတွေ့လိုက်ရသည်။

ထိုအခန်းသို့ ရောက်သောအခါ ကျားနက် မင်းသားလေးက ရပ်လိုက်ပြီး စီးဝေရှမ်းကိုကြည့်ကာ ပြောလိုက်၏။

“ကဲ မိတ်ဆွေ … ခင်ဗျား ဒီမှာပဲစောင့်နေပါ၊ ကျုပ်သွားပြီး ပြောလိုက်မယ်”

သူသည် ပြောပြီးသည်နှင့် အပေါ်သို့ ခုန်တက်သွားသည်။

စီးဝေရှမ်းကမော့ကြည့်လိုက်ရာ သူ၏ဦးခေါင်းပေါ်၌ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်စာ ကောင်းကောင်းဝင်နိုင်သော အပေါက်တစ်ခုကို တွေ့ရ သည်။

ကျားနက်မင်းသားလေးသည် ထိုအပေါက်ထဲသို့ ခုန်ဝင်သွားပြီးနောက် ပျောက်ကွယ်သွားလေတော့သည်။

စိုးဝေရှမ်းနှင့် စုရဲရှုံတို့မှာ စောင့်နေရုံမှအပ ဘာမှမတတ်နိုင်တော့ပေ။

စိုးဝေရှမ်းနှင့် စုရဲရှုံတို့သည် အချိန်အတော်ကြာအောင် စောင့်နေကြရသည်။

စုရဲရှုံသည် အခန်း၏ ဝဲဘက်နံရံပေါ်မှ သံကွင်းတစ်ခုအား ညွှန်ပြလိုက်ပြီး ...

“ကျွန်မက ဖေဖေနဲ့တွေ့ချင်ရင် ဒီကွင်းကလေးကို ဆွဲလိုက် တာနဲ့ အောက်ဆင်းပြီး လာတွေ့တယ်”

စိုးဝေရှမ်းက မျက်မှောင်ကုတ်လိုက်သည်။

“ခင်ဗျားအဖေက ဘာဖြစ်လို့ အလုပ်ရှုပ်အောင် လုပ်ချင် တာလဲ”

စုရဲရှုံက တစ်ချက်ပြုံးပြီး ...

“ဖေဖေက တခြားလူတွေ လာပြီးနှောင့်ယှက်မှာစိုးလို့”

သူက စဉ်းစားသလိုလုပ်ပြီး ...



“ကျားနက်မင်းသားလေးနဲ့ ခင်ဗျားအဖေက တော်တော် ရင်းနှီးပုံရတယ်”

သူမက ခေါင်းညိတ်ပြပြီး ...

“ဟုတ်လိမ့်မယ်၊ ဖေဖေ့ကို တစ်နေ့လုံးလိုလို အချိန်ရှိသမျှ အတူတွေ့နေရတယ်”

သူက စိတ်ဝင်စားစွာ မေးလိုက်သည်။

“ကျားနက်တောင်ဆိုတာ ဘယ်မှာလဲ”

“ကျုံးနန်တောင်နဲ့ ကပ်လျက်ရှိနေတဲ့ တောင်တစ်လုံးပါပဲ”

“ဒါဆို ခင်ဗျားအဖေဟာ တစ်ယောက်တည်း ဒီမှာနေထိုင် တာပေါ့”

သူမက ခေါင်းတစ်ချက်ညိတ်ပြီး ...

“ဟုတ်ကဲ့ ... ကျွန်မကလည်း သူ့ဆီကို မကြာခဏ ရောက် ပါတယ်”

သူက နားမလည်စွာဖြင့် ...

“သူက ဘယ်သူနဲ့မှ အတွေ့မခံချင်ဘူးဆို”

“ဟုတ်တော့ဟုတ်ပါတယ် ... ဒါပေမဲ့ ကျွန်မက စိတ်မချလို့ သူ့ဆီကိုပဲလာပြီး အနေများပါတယ်၊ ကိုယ့်အဖေကို ကိုယ်မှ ဂရုမစိုက်ရင် ဘယ်သူက ဂရုစိုက်မှာလဲရှင်”

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီမှာနေတော့ ဘယ်မှာအိပ်သလဲ"

သူမက အခန်း၏ဝဲဘက်ကို ညွှန်ပြလိုက်သည်။

"ဟိုဘက်မှာ အခန်းတစ်ခုရှိတယ်၊ ကျွန်မ အဲဒီအခန်းထဲမှာ နေပါတယ်"

သူတို့နှစ်ဦး ယင်းသို့စကားပြောနေစဉ်မှာပင် ခေါင်းလောင်းသံများ ကြားလိုက်ရသည်။

သူမက ဝမ်းသာအားရဖြင့် ...

"ဟော ... ခေါင်းလောင်းသံကြားရပြီ၊ အဖေ ရှင့်ကို လာတွေ့တော့မယ်"

သူမ၏စကား ဆုံးသွားသည်နှင့် သူတို့၏ဦးခေါင်းပေါ်အပေါက်မှ ခြင်းတစ်လုံးသည် အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်ကို မြင်ရသည်။

ထိုခြင်းတောင်းသည် သံကြိုးများဖြင့် ဆွဲ၍ အောက်သို့ တဖြည်းဖြည်းကျလာခြင်းဖြစ်သည်။

ခြင်းတောင်းထဲ၌ အနက်ရောင်ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦး ထိုင်နေသည်ကို မြင်ရ၏။

သို့သော် ကျားနက်မင်းသားလေး ပြန်လည်ရောက်ရှိလာသည်ကိုမူ မတွေ့ရပေ။



အနက်ရောင် ဝတ်ဆင်ထားသည့် အဘိုးအို၏ မျက်နှာတွင် ဇာပဝါအနက်ရောင်တစ်ခုဖြင့် ဖုံးအုပ်ထားသည်။

ဖြူဖွေးသည့် မုတ်ဆိတ်မွေးများသည် ဇာပဝါ အပြင်ဘက်သို့ ထိုးထွက်နေကြသည်။

သူသည် ခြင်းတောင်းထဲမှ လှမ်းထွက်လိုက်သည့်အခါ ...

"အဖေ"

သူမက ယင်းသို့အော်ခေါ်လိုက်ပြီး ပြေးထွက်သွားလေသည်။

စီးဝေရှမ်းက ထိုအဘိုးအိုမှာ သူတွေ့ချင်နေသည့် ပန်းဝုပညာရှင် ကျူးချင်းရုံဖြစ်သည်ကို သိလိုက်ရသည်။

သူသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်၏။

"ဦးကိုတွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ကျူးချင်းရုံက ခေါင်းအသာအယာ ညိတ်ကာ ဇဝေဇဝါရှိ မျက်လုံးအပေါက်မှတစ်ဆင့် စီးဝေရှမ်း၏ တစ်ကိုယ်လုံးအား အကဲခတ်ကြည့်ရှုလိုက်သည်။

"ကျားနက်မင်းသားလေးက ပြောတယ် ... မင်းမှာ လျှို့ဝှက်တဲ့ကိစ္စတစ်ခုရှိလို့ ငါနဲ့လာတွေ့ချင်တယ်ဆို ... ဟုတ်လား"

စီးဝေရှမ်းက ခေါင်းကို သွက်လက်စွာ ညိတ်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ခင်ဗျာ"

"အခု ဒီနားမှာ ကျုပ်သမီးကလွဲလို့ ဘယ်သူမှမရှိပါဘူး ပြောစရာရှိတာ ပြောပါ"

စိုးဝေရှမ်းသည် ပထမတွင် သူ့မှာပါရှိလာသည့် ကျောက်စိမ်း ခေါင်းတလားကလေးအား ထုတ်ယူပြသပြီး စုံစမ်းမေးမြန်းရန် ဖြစ်သည်။

သို့သော် သူ၏စိတ်ထဲ၌ မင်းသားလေးအပေါ် သံသယစိတ်များ ဝင်လာသဖြင့် သူသည် ကျောက်စိမ်းခေါင်းကလေးအား ထုတ်မပြရန် ဆုံးဖြတ်လိုက်သည်။

"ဒီလိုပါ … မိတ်ဆွေတစ်ယောက်က အကူအညီတောင်းပြီး ပစ္စည်းတစ်ခု ပေးလိုက်ပါတယ်၊ အဲဒီပစ္စည်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ဆယ့်ရှစ်နှစ်တုန်းက အကြောင်းအရာတစ်ခုနဲ့ ပတ်သက်နေလို့ ဦး အကူအညီတောင်းဖို့ပါပဲ"

အဘိုးအို ကျုံးချင်းရှံက …

"ကဲ ပြစမ်းပါဦး … မင်းပစ္စည်း ဘယ်မလဲ"

စိုးဝေရှမ်းက …

"ပစ္စည်းကတော့ ပါမလာသေးပါဘူး၊ ကျွန်တော် မေး ရှိတာကို သေချာမေးပြီးမှ သွားယူပြီး ပြပါ့မယ်"



အဘိုးအိုက အနည်းငယ်စဉ်းစားလိုက်သည်။

"မင်းက ဘာကိုမေးချင်တာလဲ"

"ရွာအပြင်က တောင်ကုန်းကလေးရှေ့က နတ်ကွန်းဟာ ဦး ဆောက်ထားတယ်ဆိုတာ မှန်ပါသလားခင်ဗျာ"

ကျုံးချင်းရှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"အဲဒီနတ်ကွန်းဆောက်ခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ဝန်းကျင်လောက် ရှိပါပြီ"

သူက ထပ်မေးလိုက်ပြန်သည်။

"နတ်ကွန်းထဲက နတ်မိမယ်ရုပ်တုကို ထုလုပ်ထားတာက န်းကလေးတစ်ယောက်ရဲ့ တောင်းဆိုချက်အရ ထုပေးခဲ့တာလား၊ ဆရာကြီးရဲ့ အာသာဆန္ဒအရ ဒီအရုပ်ကို ထုထားတာလား ခင်ဗျာ"

ထိုမေးခွန်းအတွက် ကျုံးချင်းရှံထံမှ ဖြေကြားသံက ထွက် လာခဲ့ပါ။

စိုးဝေရှမ်းက ထပ်မေးလိုက်ပြန်သည်။

"တကယ်လို့ ဆရာကြီးရဲ့ အာသာဆန္ဒအရ မဟုတ်ရင် မိန်း လေး တစ်ယောက်ယောက်က တောင်းဆိုခဲ့လို့ ဒီအရုပ်ကို ထုပေးခဲ့ တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဖြေသံထွက်မလာပါ။

အဘိုးအိုက ပါးစပ်ပိတ်ထားမြဲ ပိတ် ထားလျက်ပင် ရှိနေသည်။

သူက အားမလျှော့ဘဲ မေးလိုက်ပြန်သည်။

"နောက်ဆုံးတစ်ခုက ဦးဟာ ဒီလို အမှတ်တရပစ္စည်းကို ထုလုပ်ခဲ့ဖူးပါသလား"

ပန်းပုပညာရှင် အဘိုးအိုကျုံးချင်းရုံက စကားမပြောဘဲ နှုတ်ဆိတ်လျက်ရှိနေပြန်သည်။

အတန်ကြာမှ သူ မဲ့ပြုံးပြုံးလိုက်သည်။

သူသည် စကားမပြောဘဲ မနေတော့ပေ။

"ကဲ ... ထပ်မေးမနေနဲ့တော့၊ မင်းအနေနဲ့ အကြောင်းစုံ သိချင်တယ်ဆိုရင် မင်းမိတ်ဆွေပေးလိုက်တဲ့ပစ္စည်းကိုယူပြီး ညသန်းခေါင်ယံအချိန်မှာ ဒီကိုအရောက်လာပါ၊ တကယ်လို့ မင်းအနေနဲ့ ကျုပ်ပြောတဲ့အချိန်ထက် နောက်ကျမယ်ဆိုရင် ကျုပ်က စောင့်နေနိုင်မှာမဟုတ်ဘူး၊ ဒါကိုလည်း ကြိုပြီးသတိပြုထားပါ"

အဘိုးအိုသည် ပြောပြီးသည်နှင့် စုရဲရုံဘက်သို့ လှည့်လိုက်သည်။

"ဒီနေ့ည မင်းအမေဆီ ပြန်အိပ်၊ သူ့ကို ပို့လိုက်တော့"



စီးဝေရှမ်းသည် ထပ်မမေးတော့ဘဲ ဦးညွှတ်ဂါရဝပြုကာ အခန်းထဲမှ ထွက်သွားလေသည်။ စုရဲရုံက သူ့အား အပေါက်ဝအထိ လိုက်ပို့လေသည်။

☆☆☆

www.burmeseclassic.com



## အခန်း (၅)

### ပဟေဠိဆန်သော နတ်ကွန်း

စီးဝေရှမ်းသည် မိစ္ဆာဂူထဲမှ ထွက်လိုက်သည်နှင့် ရုတ်တရက် နတ်ကွန်းအား သတိရလာ၏။

သူသည် ထိုနတ်ကွန်းထဲသို့ သွားရောက်အနားယူပြီး ကိန္နရပ်တစ်ခုလုံးအား ခေါင်းအေးအေးထား၍ စဉ်းစားရန် စိတ်ကူးမိသည်။

ထို့ကြောင့်လည်း သူသည် နတ်ကွန်းရှိရာသို့ လျှောက်သွား၏။

နတ်ကွန်းနေရာက ကျယ်ဝန်းလှသည် မဟုတ်ပါ။ သို့သော် သူ့အဖို့ ကောင်းစွာ အနားယူနိုင်သည်။

သည်နေ့ည သန်းခေါင်ယံအချိန်တွင် ကျူးချင်းရုံနှင့် ချိန်းထားသည်ကို သွားသင့်မသွားသင့် စဉ်းစား၍ ဆင်ခြင်နေသည်။



ယင်းသို့ စဉ်းစားရင်းပင် အိပ်ပျော်သွားလေတော့သည်။

စီးဝေရှမ်း အိပ်ရာမှ နိုးလာသောအခါ ညနေဆည်းဆာအချိန်သို့ ရောက်နေပြီဖြစ်သည်။

သူသည် နတ်မိမယ်ရုပ်တုအား သေချာစွာဖြင့် ကြည့်လိုက်သည်။

ထို့နောက် အိတ်ထဲမှ ကျောက်စိမ်းခေါင်းကလေးကို နှိုက်ယူလိုက်ပြီး နတ်ကွန်းထဲက နတ်မိမယ်ရုပ်တုနှင့် ယှဉ်၍ ကြည့်လိုက်လေသည်။

နတ်မိမယ်ရုပ်တုနှင့် ကျောက်စိမ်းခေါင်းထဲမှ နတ်သမီး ခေါင်းမှာ ရွေးမရနိုင်လောက်အောင် တူနေသည်ကို တွေ့လိုက်ရသည်။

သူသည် ထိုရုပ်တုနှစ်ခုမှာ မိန်းကလေးတစ်ယောက်ပုံတူကို ကြည့်၍ ထုလုပ်ထားသည်ဆိုတာကို ပို၍ ယုံကြည်သွားမိသည်။

ထို့ပြင် သူ၏ရင်ထဲမှာလည်း ပို၍လှုပ်ရှားလာမိတော့သည်။

မည်သို့ဆိုစေ ...

သည်နေ့ည သန်းခေါင်ယံတွင် ကျူးချင်းရုံနှင့် ထပ်တွေ့ရသည့်အခါ သေချာစွာ မေးမြန်းစုံစမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com



လေသည် ဖြည်းညင်းစွာ တိုက်ခတ်နေ၏။ လဝန်းသည် ကောင်းကင်ထက်တွင် ကြယ်များခြံရံ၍ ထွန်းလင်းတောက်ပနေ သည်။

လရောင်သည် သစ်ရွက်များကြားမှ မြေပြင်ပေါ်သို့ ထိုးကျ နေသည်။ လရောင်အောက်ရှိ မြင်ကွင်းအားလုံးမှာ သာယာလှပေ သည်။

စီးဝေရှမ်းသည် နတ်ကွန်းထဲမှ လှမ်းထွက်လိုက်ပြီး ခြေဦး တည့်ရာ လျှောက်သွားလိုက်၏။

သူသည် တစ်နေရာသို့ ရောက်ရှိလာသောအခါ လူလေးငါး ယောက်ခန့် ရှေ့၌ တားဆီးလျက် ရှိနေသည်ကို တွေ့လိုက်ရသည်။

သူသည် အသာ နောက်ပြန်ဆုတ်ခဲ့၏။

ဤလူများသည် မိမိကို ရန်ပြုမည့်သူများ ဟုတ်သည်၊ မ ဟုတ်သည်ကို သူမသိချေ။

ထို့ကြောင့် စီးဝေရှမ်းသည် ရှေ့သို့ ဆက်မသွားတော့ဘဲ နောက်သို့ ပြန်လှည့်လာ၏။

အမှန်တော့ ထိုလူများအား သူက ကြောက်ရွံ့၍ မဟုတ်ပါ။



အချိန်စောနေသေးသဖြင့် သူသည် ကျူးချင်းရုံနှင့် မတွေ့ရ သေးမီ အခြားပြဿနာများကို ထပ်မံရင်မဆိုင်လို၍ ဖြစ်လေသည်။

စီးဝေရှမ်းသည် နတ်ကွန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ထိုစဉ် သူ၏နောက်မှ တစ်စုံတစ်ယောက် ရိပ်ခနဲ ဝင်ရောက်လာသည်ကို ရိပ်စားသိရှိမိလိုက်၏။

သူလှည့်ရန် အားထုတ်လိုက်သော်လည်း မလှည့်နိုင်တော့ ပါ။

ခါး၌ ထုံကျင်သွားတော့သည်။ ထို့နောက် သူသည် သတိ မေ့သွားလေ၏။

မည်မျှကြာသွားသည် မသိပေ။

စီးဝေရှမ်း သတိရလာသောအခါ ကျူးချင်းရုံနှင့် ချိန်းထား သည့် အချိန်ထက် ကျော်လွန်နေပြီကို သိရှိလိုက်သည်။

သူသည် နတ်ကွန်းထဲမှ ထွက်လာပြီး မိစ္ဆာဂူရှိရာသို့ လျင်မြန် စွာ ပြေးသွားလိုက်သည်။

မိစ္ဆာဂူအနီးသို့ ရောက်ရှိသွားသောအခါ သံသံချင်း တိုက် ခိုက်နေကြသောအသံများ အဆက်မပြတ် ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

'ထန်း ထန်း ထင်း'

www.burmeseclassic.com



'ဗိုး ဗိုး ဝှစ်'

သူသည် အသံထွက်ပေါ်လာရာသို့ ပြေးသွားရာ ကျူးချင်း ရှိသည့် လူငါးယောက်နှင့် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုလူငါးယောက်ထဲတွင် မိမိ၏ မိခင်လည်းဖြစ်၊ ကျေးဇူးရှင်လည်း ဖြစ်သော လှေဝါးအား သတ်ဖြတ်သွားသည့် ကျူးယန် တစ်ယောက်လည်း ပါဝင်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ကျူးယန်အား တွေ့မြင်လိုက်သည်နှင့် ဒေါသအမျက် ပြင်းထန်စွာ ထွက်သွားသည်။

သူသည် မည်သို့မျှ စဉ်းစားမနေတော့ဘဲ ဓားကို ဆွဲထုတ်လိုက်ပြီး ထိုလူငါးယောက်အား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

သူဝင်ရောက် တိုက်ခိုက်လိုက်သဖြင့် ကျူးယန်တို့အရေးနိမ့်သွားကြသည်။

ကျူးယန်သည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် နောက်သို့ ကမန်းကတန်း ဆုတ်သွားသည်။

သို့သော် အချိန်မီ သူ မဆုတ်နိုင်ချေ။

စီးဝေရှမ်း၏ဓားသည် ကျူးယန်၏လက်တစ်ဖက်အား ခုတ်မိသွားသည်။



"အား"

ကျူးယန်က စူးရှစွာအော်ဟစ်လိုက်ပြီး နောက်သို့ခုန်၍ဆုတ်သွားလေသည်။

ထိုသို့ ဝင်ရောက်တိုက်ခိုက်လာသူကို သေချာစွာ ကြည့်လိုက်သောအခါ စီးဝေရှမ်းကို တွေ့လိုက်ရသည်။

စီးဝေရှမ်းဖြစ်နေသည်ကိုတွေ့လိုက်ရသဖြင့် အံကိုတင်းတင်း ကြိတ်လိုက်သည်။

"မင်းကိုး"

စီးဝေရှမ်းက ခေါင်းညိတ်ပြပြီး ...

"ဟုတ်တယ် ... မင်း ငါ့အမေကိုသတ်သွားတာ သတိရသေးရဲ့လား"

ကျူးယန်သည် သူ၏ သွေးအလိမ်းလိမ်းဖြစ်နေသော လက်တစ်ဖက်အား ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

"ဟေ့ ... မင်း သိပ်ပြီး ကြီးကျယ်မနေနဲ့၊ မင်းအိတ်ထဲမှာ ကျောက်စိမ်းခေါင်းတလားလေး ရှိနေသမျှ ကာလပတ်လုံး ဒုက္ခလှလှကြီးတွေ့မယ် မှတ်ထား"

သူ့စကားဆုံးသွားသည်နှင့် နောက်သို့လှည့်ကာ ပြေးထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အဖော်များသည်လည်း သူ့နောက်မှ ပြေးလိုက်သွားကြသည်။

တိုက်ပွဲကား မပြီးသေးချေ။

နောက်ထပ်လူများ ထပ်ရောက်လာကြပြန်သည်။

သုံးယောက်တိတိ။

ထို ထပ်မံရောက်လာကြသူများက စီးဝေရှမ်းအား တိုက်ခိုက်ပြန်သည်။ မည်သည့်ဂိုဏ်း၊ မည်သည့်အဖွဲ့ကမှန်းလည်း မသိချေ။

ထိုလူသုံးယောက်သည် အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ကြသည်။

'ဗိုး ဗိုး ဗိုး'

'ထန်း ထန်း ထန်း'

အလင်းတန်းများသည် သူ့ထံသို့ လွင့်ပျံလာသည်ကို တွေ့ရလေသည်။

စီးဝေရှမ်းသည် ကမန်းကတန်း ရှောင်တိမ်းနိုင်ခဲ့သည် ဖြစ်သော်လည်း ရန်သူသုံးယောက်အနက် တစ်ယောက်က လျှပ်တစ်ပြက် ဝင်ရောက်လာပြီး သူ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်ကို ရှောင်တိမ်းနိုင်စွမ်းမရှိတော့ချေ။



'ဝုန်း'

"အား"

သူ၏နားထဲတွင် စုရဲရှုံ၏ ထိတ်လန့်စွာ အော်ဟစ်သံကို ကြားလိုက်ရပြီးနောက် သတိမေ့သွားတော့သည်။

☆

နေဝန်းနီသည် အနောက်ဘက်သို့ နိမ့်ဆင်းဝင်ရောက်စပြုလေပြီ။

ဝါရွှေသော အရောင်များသည် ဝန်းကျင်တစ်ခုလုံးအား ခြယ်သထားသည့်အလား လှပနေစေသည်။

စီးဝေရှမ်း သတိရလာသောအခါ သူ၏ရှေ့တွင် ကျူချင်းရုံ ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ကျူချင်းရုံ၏မျက်နှာပေါ် တွင် အနက်ရောင်အဝတ်များ စည်းထားသည်ကို တွေ့ရလေသည်။

သူသည် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ စုရဲရှုံ၏ အရိပ်အယောင်ကို မမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျူချင်းရုံက မေးဆတ်ပြပြီး မေးသည်။

"ဘယ်လို နေသေးလဲ"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"မင်းကို ရန်သူတွေက ရိုက်သွားတာ သတိမေ့သွားတယ်၊ ကျုပ် ဆေးတိုက်ကျွေးခဲ့လိုက်လို့ မင်း အခုလို ပြန်သက်သာသွားတာပဲ"

စီးဝေရှမ်းက အလေးပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျူချင်းရုံက သူ့ကိုကြည့်လိုက်သည်။

"ကျုပ်က ပွင့်ပွင့်လင်းလင်းမှ ကြိုက်တယ် ... မင်းမှာ ဘာဝိစ္စည်း ပါလာတယ်၊ ဘာတွေကို မေးချင်တယ်ဆိုတာ ပြောပြပါ"

စီးဝေရှမ်းက လက်နှစ်ဖက်ကိုဆုပ်ကာ ဂါရဝပြုလိုက်လေ၏။

"ဟုတ်ကဲ့ ... ကျွန်တော့်ဆီမှာ ကျောက်စိမ်းခေါင်းတလားလေးတစ်လုံး ပါလာပါတယ်၊ ဒီ ခေါင်းတလားကလေးက ကျွန်တော့်ရဲ့ ဘဝကို သိနိုင်မယ်ဆိုလို့ အခုလို လာပြီးစုံစမ်းရတာပါ"

ကျူချင်းရုံက အနည်းငယ် စဉ်းစားသလို လုပ်ပြီး အဝေးသို့ လှမ်းမျှော်ကြည့်နေသည်။

"မင်းသိချင်ရင် ကျုပ်သိသလောက် ရှင်းပြမယ်၊ ဒီကျောက်



စိမ်းခေါင်းလေးဟာ လူတစ်ယောက်ကို ကိုယ်စားပြုတယ်၊ ကျောက်စိမ်းခေါင်းတလားလေးကို အမှီပြုပြီး နောက်ထပ် လူတစ်ယောက် တွေ့နိုင်သေးတယ်"

သူက စိတ်ဝင်စားစွာဖြင့် မေးလိုက်ပြန်သည်။

"ဒါဖြင့် ဒီကျောက်စိမ်းနဲ့လုပ်ထားတဲ့ ခေါင်းတလားက လူနှစ်ယောက်နဲ့ ပတ်သက်နေတာပေါ့"

ကျူချင်းရုံက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်"

သူက လျှင်မြန်စွာမေးလိုက်ပြန်သည်။

"ဘယ်သူနဲ့ ပတ်သက်နေတာလဲ"

ကျူချင်းရုံ ခေါင်းခါလိုက်သည်။

"ဒါတော့ ကျုပ်လည်း မသိပါဘူး"

စီးဝေရှမ်းက ခါးကိုညွတ်လိုက်ပြီး အရိုအသေပေးလိုက်လေသည်။

ကျူချင်းရုံ လက်ကာပြလိုက်သည်။

"မလိုပါဘူး၊ အေး ... တစ်ခုတော့ရှိတယ်၊ မင်းကို သတိပေးထားရဦးမယ်"

"ဟုတ်ကဲ့ ... အမိန့်ရှိပါဦး"

www.burmeseclassic.com

www.burmeseclassic.com



[illegible]ချင်းရုံက သူ့အား ကြည့်လိုက်မိသည်။

"ပထမအချက်ကတော့ အခုချိန်ကစပြီး မင်းအနေနဲ့ စုရုံ တို့ ထပ်ပြီး မဆက်သွယ်နဲ့တော့"

စီးဝေရှမ်းသည် ထိုစကားကို ကြားလိုက်ရသောအခါ မည်သို့ ပြန်ပြောရမှန်းမသိဘဲ နှုတ်ဆိတ်သွား၏။ ကျူချင်းရုံက စကားဆက်လိုက်သည်။

"နောက်ပြီး အခုချိန်ကစပြီး ကျူပ်ရှိတဲ့နေရာကိုလည်း မလာပါနဲ့တော့"

စီးဝေရှမ်းသည် ကျူချင်းရုံ အဘယ်ကြောင့် စိတ်သဘောထား ပြောင်းလဲသွားသလဲဆိုသည့်အချက်ကို စဉ်းစား၍ မရတော့ပါ

သူသည် ကျူချင်းရုံအား ကြောင်စီစီဖြင့် ငေးကြည့်နေမိလေသည်။

ကျူချင်းရုံက စကားဆက်လိုက်ပြန်သည်။

သူ၏အသံမှာလည်း ခက်ထန်မာရေကျောလာသည်ကို သတိပြုလေသည်။

"မင်းရဲ့ ကျောက်စိမ်းခေါင်းတလားကလေးကို ဘယ်မှာထားသလဲဆိုတာ အရေးမကြီးဘူး၊ မင်းလက်ထဲမှာ ကျောက်စိမ်းခေါင်းတလားရှိတယ်ဆိုတဲ့သတင်းသာ ပျံ့နှံ့သွားရင်တော့ မင်းဟာ



အန္တရာယ်ကို ဖိတ်ခေါ်တာနဲ့ အတူတူပဲ"

စီးဝေရှမ်းက ကြောင်အမ်းအမ်း ဖြစ်နေစဉ် ကျူချင်းရုံသည် ချာခနဲလှည့်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

### ပျံလွှားလေးနှင့် တွေ့ဆုံခြင်း

အတန်ကြာသည့်တိုင်အောင် စီးဝေရှမ်းသည် မလှုပ်မယှက် ငေးငိုင်ရပ်တန့်နေမိ၏။

သူသည် အမှတ်မထင် အိတ်ထဲမှ ခေါင်းတလားကလေးအား နှိုက်ယူ၍ သေချာစွာ ကြည့်လိုက်သည်။

ထိုအခါတွင် သူ သတိမထားမိသော စာလုံးသုံးလုံးကို တွေ့လိုက်ရလေသည်။

ယင်းစာလုံးသုံးလုံးသည် ကျောက်စိမ်းခေါင်းတလား၏ အောက်ဘက်တွင် ထွင်း၍ရေးသားထားခြင်း ဖြစ်လေတော့သည်။

ထိုကျောက်စိမ်းခေါင်း၏ အောက်တွင် 'ဖုနတောင်'ဟု ရေးထားခြင်း ဖြစ်သည်။

သူသည် မျက်မှောင်ကုတ်၍ ခေါင်းများ ပူလာသည်အထိ



စဉ်းစားရနေသည်။

ထိုနတ်ယမင်းဒေဝီ၏ပိုင်ရှင်သည် ဖုနတောင်မှာ ရှိမည်လော။

သို့မဟုတ် ...

သူ့ဘဝရဲ့ အကြောင်းအရာ၊ သူ့ရဲ့ အတိတ်ကပုံပြင်များ၊ သူ့ရဲ့မိဘများသည် ဖုနတောင်နှင့်ပတ်သက်နေပါ၏လော။

သူသည် တွေးရင်း တွေးရင်း ခေါင်းရှုပ်လာ၏။

ထို့ကြောင့် ဆက်မတွေးတော့ဘဲ အိတ်ထဲပြန်ထည့်ရန် ပြင်လိုက်သည်။

ထိုသို့ အိတ်ထဲထည့်ရန် သိမ်းလိုက်စဉ် အိတ်ထဲ၌ တစ်စုံတစ်ခုကို စမ်းမိသဖြင့် ဆွဲထုတ်လိုက်မိ၏။

စက္ကူလိပ် တစ်လိပ်သာတည်း။

သူကြည့်လိုက်သောအခါ စာတစ်စောင်ဖြစ်နေသည်ကို တွေ့ရလေသည်။

စီးဝေရှမ်းသည် အံ့သြသွား၏။

"ဘယ်သူ့စာပါလိမ့်"

သူသည် ထိုသို့တွေးရင်း စာကိုဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



*အစ်ကို ...*

*ဖေဖေက မေမေနဲ့ ပြန်ပေါင်းမယ်လို့ ကတိပေးတယ်။ သူ က ကျွန်မကို ကျားနက်မင်းသားလေးနဲ့ လက်ထပ်ဖို့လည်း တောင်း ဆိုတယ်။ ဖေဖေနဲ့မေမေ ပြန်ပေါင်းစေချင်လို့ ကျွန်မက ကတိပေး လိုက်မိတယ်။*

*ဒါပေမဲ့ အစ်ကိုရယ် ... ကျွန်မဟာ ကျားနက်မင်းသားလေး ကို ဘယ်လောက်မုန်းသလဲဆိုတာ အစ်ကိုအသိဆုံးပါ။*

*ဒါကြောင့် ...*

*ဒီစာကို တွေ့ကာနဲ့ ကျွန်မဆီ အမြန်ဆုံးလာပါ။ ကျွန် လည်း ငိုနေရုံကလွဲလို့ ဘာမှမလုပ်တတ်ဘူး။*

*စုရဲ*

စီးဝေရှမ်းသည် ထိုစာကိုဖတ်ပြီးသည်နှင့် သူ့ရင်ထဲ၌ ဖော ပြခြင်းငှာ မတတ်နိုင်သောကြောင့် ဝမ်းနည်းမှုများကို ခံစားလိုက် လေသည်။

စီးဝေရှမ်းသည် စုရဲရုံပေးလိုက်သော စာကိုကိုင်၍ ငိုင်ေ တွေ ရပ်နေမိ၏။ သူ့မျက်ဝန်းအိမ်မှ မျက်ရည်များလည်း တလိ လိမ့် စီးဆင်းနေသည်။



မည်မျှကြာသွားမှန်း မသိပေ။

ရုတ်တရက် ရယ်မောသံ ကြားလိုက်တော့မှ သူက သတိရ လာတော့သည်။

"ဟော့ ... ယောကျ်ားရင့်မကြီးတစ်ယောက်က စာဖတ်ပြီး ဘာကြောင့် ငိုနေရတာလဲ"

စီးဝေရှမ်းသည် ထိတ်လန့်တကြားဖြင့် နောက်သို့ လှည့် ကြည့်လိုက်၏။

သူ၏နောက်တည့်တည့်တွင် အသက်ဆယ့်ငါးနှစ်ခန့် ရှိသော လူရွယ်လေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"မင်းက ဘယ်သူလဲကွ"

သူက လှမ်းမေးလိုက်သည်။ ထိုလူရွယ်က သူ့အား လှမ်း ကြည့်ပြီး ...

"ကျုပ်နာမည် ပျံလွှားလေးလို့ ခေါ်ပါတယ်"

သူက ခေါင်းညိတ်လိုက်သည်။ မျက်ရည်များ သုတ်ပြီး ...

"အေး ... သိရတာ ဝမ်းသာပါတယ်၊ ငါ့နာမည်က စီးဝေ ရှမ်းပါ"

ပျံလွှားလေးက ရယ်လိုက်သည်။

"ခင်ဗျားနာမည် စီးဝေရှမ်းဆိုတာ ကျုပ် အဖေကြီးက

www.burmeseclassic.com

www.burmeseclassic.com



တည်းက သိထားတယ်၊ နောက်ပြီး ခင်ဗျားက ပန်းပုပညာရှင် ကျ
ချင်းရုံရဲ့သမီးကို မေတ္တာရှိနေတယ်ဆိုတာလည်း ကျုပ်သိပါတယ်"

သူ အံ့ဩသွားမိသည်။

"မင်း ဘယ်လိုလုပ်သိသလဲ"

ပျံလွှားလေးက တစ်ချက်ပြုံးလိုက်ပြီး ...

"ကျိုးနန်တောင်အဘိုးအိုကို ခင်ဗျား ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ... ဘာဖြစ်လို့လဲ"

သူသည် ပျံလွှားလေးအား စူးစမ်းသလို ကြည့်လိုက်လေ
သည်။ ပျံလွှားလေးက ...

"ကျုပ်က သူ့ရဲ့တပည့်လည်း ဟုတ်တယ်၊ မွေးစားသား
လည်း ဟုတ်တယ်၊ ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်က ရှေ့မြင်
နောက်မြင်တတ်တဲ့ ပညာရှိဗျ"

စီးဝေရှိမ်းသည် ပျံလွှားလေးက ခပ်တည်တည် ပြောနေ
သည်ကို ကြည့်ပြီး ရယ်လိုက်မိသည်။

"မင်းက အကြားအမြင်ရတယ် ဆိုပါတော့"

ပျံလွှားလေးက သူ့ကို စိုက်ကြည့်လိုက်ပြီး ...

"သွယ်ဝိုက်ပြီး မေးမနေနဲ့၊ ခင်ဗျားမှာ အခက်အခဲကြုံပြီး
မဖြေရှင်းနိုင်တဲ့ ကိစ္စရှိရင် ကျုပ်ကိုမေးပါ"



သူက ခေါင်းညိတ်လိုက်၏။

"မေးပါ့မယ်ကွာ ... ငါသိချင်တာက"

ပျံလွှားလေးက လက်ကာပြလိုက်ပြီး ...

"နေဦး ... ခင်ဗျားရဲ့ အဖြစ်အပျက်အားလုံး အစကနေ
အဆုံးထိ ပြောပြရင် ပိုကောင်းလိမ့်မယ်"

သူက ခေါင်းညိတ်သည်။ သူသည် ကျောက်တုံးတစ်တုံးပေါ်
တွင် ထိုင်ချလိုက်ပြီး သူ့ဘဝဇာတ်ကြောင်းများကို အသေးစိတ် ပြော
ပြလိုက်တော့သည်။

ပျံလွှားလေးသည် သေချာနားထောင်နေ၏။ သူ၏ ဟန်ပန်
အမူအရာမှာ တကယ့်ဝါရင့် လူကြီးတစ်ဦးက ပြဿနာတစ်ရပ်ကို
သေချာစဉ်းစား ဝေဖန်နေသည့်အလား လေးနက်တည်ကြည်လှပေ
သည်။

စီးဝေရှိမ်း၏ စကားဆုံးသွားသောအခါ သူသည် ခေါင်း
ညိတ်လိုက်ပြီး ...

"အစ်ကိုကြီးပြောတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်အနေနဲ့ အ
ချက်သုံးချက်ခွဲပြီး ဝေဖန်နိုင်တယ်"

စီးဝေရှိမ်းသည် ပျံလွှားလေး၏ ဟန်အမူအရာကိုကြည့်၍
မရယ်မိစေရန် ချုပ်ထိန်းထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျံလွှားလေးက လူကြီးတစ်ယောက်၏ ပုံစံဖြင့် …

"ပထမ ကျောက်စိမ်းခေါင်းတလားဟာ ဘာကို ကိုယ်စား ပြုထားတာလဲ၊ သူက ဘယ်လို လျှို့ဝှက်ချက်များ ရှိနိုင်သလဲ။ ဒုတိယ အချက်ကတော့ နတ်ကွန်းမှာရှိတဲ့ နတ်မိမယ်ရုပ်တုဟာ ဘာကြောင့် ကျောက်စိမ်းခေါင်းလေးထဲမှာရှိတဲ့ရုပ်တုနဲ့ ရုပ်ချင်းဆင်တူနေတာလဲ နောက်ပြီး တတိယအချက်က ပိုပြီး အရေးကြီးနေပါတယ်"

ပျံလွှားလေး၏ စကားကြောင့် စီးဝေရှမ်းက မရယ်နိုင်တော့ ပါ။

ပျံလွှားလေးသည် အသက်ငယ်ပေမယ့် စဉ်းစားဆင်ခြင်သုံး သပ်မှု တိကျမှန်ကန်လှသည်ကို တွေ့ရလေသည်။

ရင့်သော်လည်း နု၊ နုသော်လည်း ရင့်ဆိုသည့်အတိုင်းပင် ပျံလွှားလေးကို အထင်သေး၍ မရချေ။

ထို့ကြောင့် ပျံလွှားလေးပြောလာမည့် တတိယအချက်ကို နားစွင့်နေမိသည်။

ထိုစဉ် ပျံလွှားလေးက စကားဆက်လိုက်သည်။

"တတိယအချက်ကတော့ ပန်းပုဆရာရဲ့သမီး စုရဲရှုံရဲ့ ဖြ သနာပဲ"

သူသည် ခေတ္တမျှ စကားကိုရပ်လိုက်ပြီး စီးဝေရှမ်းကိုကြည့်



လိုက်သည်။

"ကျားနက်မင်းသားလေးဟာ အောက်လမ်း သိုင်းသမား တစ်ယောက်ဖြစ်တယ်ဆိုတာ လူတိုင်းကသိတယ်။ ကျူချင်းရှိုက တော့ အထက်လမ်းသိုင်းသမားတစ်ယောက်ပဲ၊ သူက သူ့သမီးကို လူတကာမုန်းနေတဲ့ ကျားနက်တောင်က မင်းသားလေးနဲ့ ပေးစား မယ်ဆိုတဲ့ အချက်ကတော့ အတော်လေးကို စဉ်းစားစရာ ဖြစ်နေ တယ်ဗျ။ သဘာဝလည်း မကျဘူး"

စီးဝေရှမ်းသည် အံ့သြစွာဖြင့် ပျံလွှားလေးအား ငေး၍ကြည့် နေမိသည်။

ပျံလွှားလေး၏ စကားများမှာလည်း အကျိုးအကြောင်း ဆီ လျော်နေသည်။

သူ၏ ဝေဖန်ချက်များကို ချီးကျူးမိသည်။ ထိုစဉ် ပျံလွှား လေးက သူ့အားကြည့်လိုက်သည်။

"အစ်ကိုကြီးကို မေးစရာရှိတယ်၊ ကျုပ်မေးတာကိုပဲဖြေပါ – ဘာဖြစ်လို့မေးတာလဲဆိုတာ ပြန်မမေးပါနဲ့"

စီးဝေရှမ်းက ခေါင်းညိတ်ပြ၏။ သူက ဆက်မေးလိုက်သည်။

"အစ်ကိုကြီးနဲ့ ကျူချင်းရှိုနဲ့ ဘယ်နှခါတွေ့ဖူးသလဲ"

"နှစ်ခါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျားနက်မင်းသားလေးကိုရော"

"သူ့ကိုတော့ တစ်ခါတွေ့ဖူးတယ်"

"သူတို့နှစ်ယောက်ကို တစ်ပြိုင်တည်း ဘယ်နှခါ တွေ့ဖူးသလဲ"

စီးဝေရှမ်းက သေချာစဉ်းစားလိုက်သည်။

"အင်း … သူတို့နှစ်ယောက်ကိုတော့ တစ်ပြိုင်တည်း တစ်ခါမှ မတွေ့ဖူးဘူး"

ပျံလွှားလေးက မျက်မှောင်ကြုတ်သွားသည်။

"အစ်ကိုကြီးဟာ ကျူချင်းရုံကိုတွေ့တဲ့အခါမှာ ကျားနက်မင်းသားလေးကို မတွေ့ရဘူး … ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ်"

ပျံလွှားလေးက ခေါင်းတစ်ချက်ညိတ်ကာ အတန်ကြာ စဉ်းစားလိုက်သည်။

ထို့နောက် ထိုင်ရာမှ ထလိုက်သည်။

"ကဲ … သွားကြမယ်"

သူက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်ကိုသွားမလို့လဲ"

"မိစ္ဆာဂူ"



စီးဝေရှမ်းမှာ ပျံလွှားလေးသွားရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ရလေတော့သည်။

☆

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်၍လာပြီဖြစ်လေသည်။

ကမ္ဘာမြေတစ်ခုလုံးတွင် အလင်းရောင်များဖြင့် ပျံ့နှံ့လျက်ရှိနေသည်။

ပျံလွှားလေးနှင့် စီးဝေရှမ်းတို့သည် မိစ္ဆာဂူ၏ အပေါက်ဝကို လှမ်းမြင်နိုင်သည့်နေရာသို့ ရောက်လာသည်။

ပျံလွှားလေးသည် အကွယ်တစ်ခုတွင် ပုန်းကွယ်၍ စောင့်ကြည့်နေ၏။ သူလည်းပုန်းရ၏။

သူသည် ပျံလွှားလေးက အဘယ်ကြောင့် ထိုကဲ့သို့ လာရောက်စောင့်နေသည်ကို မသိရသော်လည်း ပျံလွှားလေးမှာ အကြောင်းရှိသည်ဟု ယုံကြည်သဖြင့် သူက မမေးခြင်းဖြစ်ပါသည်။

မကြာပါချေ …။

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်မင်းသားလေးနှင့် စုရုံရုံတို့သည် မိစ္ဆာဂူ၏ထွက်ပေါက်မှ ထွက်လာသည်ကို တွေ့ရတော့သည်။

သူတို့သည် တစ်ဖက်သို့လှည့်လိုက်ပြီး ခြေလှမ်းမြန်မြန် လျှောက်သွားရာ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေတော့သည်။

ထိုစဉ် ပျံလွှားလေးက အသံတိုးတိုးဖြင့် ...

"ကျုပ်တို့ မိစ္ဆာဂူထဲကို ဝင်ကြရအောင်"

စီးဝေရှမ်းက မဝံ့မရဲဖြင့် ဟန့်တားလိုက်သည်။

"ဖြစ်ပါ့မလား ... တော်ကြာ ကျူချင်းရုံတို့ကို အပြစ်တင်နေပါဦးမယ်၊ သူတို့ ပြန်လာလို့ တွေ့သွားရင် မကောင်းဘူး"

ပျံလွှားက ခေါင်းခါပြီး ...

"အို ဘာပဲဖြစ်ဖြစ်ဗျာ ... ဒီလိုမှမလုပ်ရင် ကျုပ်တို့ ဘာမှ စုံစမ်းလို့ ရမှာမဟုတ်တော့ဘူး၊ တစ်ခါတလေကျတော့လည်း ဝုဏ် သိက္ခာ အဆုံးရှုံးခံသင့်ရင် ခံရတယ်ဗျ"

သူသည် စကားဆုံးသွားသည်နှင့် ပုန်းကွယ်ရာမှ ထွက် လိုက်ပြီး ရှေ့သို့ ပြေးသွားသည်။ စီးဝေရှမ်းသည် မည်သို့မျှ မတတ် နိုင်တော့ပါ။

ပျံလွှားလေးနောက်သို့ လိုက်သွားရသည်။

သူတို့နှစ်ယောက်သည် ပိုင်ရှင်မသိအောင် မိစ္ဆာဂူထဲသို့ ဝ



င်ကြလေသည်။

ပျံလွှားသည် မိစ္ဆာဂူထဲသို့ တစ်ကြိမ်ရောက်ဖူးသဖြင့် လမ်း သိနေ၏။

မှတ်ဉာဏ်ကောင်းဖို့လည်းလိုပါသည်၊ မှတ်ဉာဏ်မကောင်း လျှင် လမ်းမမှတ်မိနိုင်ပါ။ ပျံလွှားက လေသံတိုးတိုးဖြင့် ...

"ကျူချင်းရုံက ဘယ်မှာနေလဲ ... ကျုပ်ကို ပြောပြစမ်းပါ"

သူက အပေါ်သို့ ညွှန်ပြလိုက်သည်။

ပျံလွှားလေးသည် ခန္ဓာကိုယ်တစ်ချက်မျှ လှုပ်ရှားလိုက် သည်နှင့် ခေါင်မိုးပေါ်သို့ ရောက်သွားသည်။

သူသည် အလွန်ပေါ့ပါးသည်။ ပျံလွှားဆိုသည့်နာမည်နှင့် ကိုက်ဖတ်ပါပေသည်။

သူကလည်း မနေနိုင်တော့ဘဲ နောက်မှလိုက်သွားရလေ သည်။

ထိုအပေါက်မှထွက်လိုက်သည်နှင့် စင်္ကြံလမ်းတစ်ခုကို တွေ့ ရလေတော့သည်။

ယင်း စင်္ကြံလမ်းဆုံးသွားသည်နှင့် လှေကားထစ်များကို တွေ့ရ၏။ လှေကားထစ်များအတိုင်း တက်သွားရာ အခန်းတစ်ခုမှာ တံခါးတစ်ချပ်ပိတ်ထားသည်ကို တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျံလွှားလေးသည် တံခါးနားကိုကပ်၍နားစွင့်လိုက်ရာ အသံလုံးဝမကြားရသဖြင့် သူတို့သည် တံခါးကို တွန်းဖွင့်ကာ လှမ်းဝင်လိုက်သည်။

ပျံလွှားလေးနှင့် စီးဝေရှမ်းတို့သည် လှမ်းဝင်လိုက်သည်နှင့် ကျယ်ဝန်းသော အခန်းတစ်ခုအား တွေ့ရလေသည်။

အခန်းအတွင်း၌ စားပွဲ၊ ကုလားထိုင်၊ ခုတင် စသည့် ဖို ဘောဂစုံလင်စွာ တွေ့ရသည်။

ထိုအခန်း၏နောက်ဘက်တွင် ကြီးမားသော ပိတ်ကန့်လန့် ကာတစ်ခု ကာထားသည်ကိုတွေ့လိုက်ရသည်။

ထိုကန့်လန့်ကာအား ဖယ်ရှားလိုက်ရာ ကန့်လန့်ကာနောက် ကွယ်တွင် ကျောက်ဖြင့်ထုလုပ်ထားသော ရုပ်တုနှစ်ခုကို တွေ့ရလေ သည်။

နောက်ထပ်ထူးခြားမှု တစ်စုံတစ်ရာမှမတွေ့ရပေ။

ထိုစဉ် ...

ခြေသံများကို ကြားလိုက်ရသဖြင့် ပျံလွှားလေးနှင့် စီးဝေ ရှမ်းတို့သည် ကန့်လန့်ကာကြားမှ အပြင်သို့ ချောင်းကြည့်လိုက်လေ သည်။

အခန်းတွင်းသို့ ရောက်ရှိလာသူမှာ ကျားနက်တောင်မှ



မင်းသားလေးပင် ဖြစ်သည်။

သူသည် ခပ်သုတ်သုတ် အပေါ်အင်္ကျီများကို ချွတ်ချလိုက် ပြီး ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။

ထို့နောက် ဗီရိုထဲမှ အနက်ရောင်အင်္ကျီရှည်တစ်ထည်ကို ဆွဲယူ၍ဝတ်ဆင်လိုက်ပြီး မုတ်ဆိတ်မွေးအတု တပ်ဆင်ထားလိုက် သည်။

ထို့နောက် အနက်ရောင်အဝတ်စကိုယူ၍ မျက်နှာကို ဖုံးအုပ် လိုက်၏။

ထိုလူအား ကြည့်ကာ စီးဝေရှမ်း၏မျက်လုံးအစုံမှ ပြူး ကျယ်သွားလေသည်။

တစ်ဆက်တည်းမှာပင် သူတွေ့ခဲ့ရသော ပန်းပုဆရာ ကျူ ချင်းရှမ်းမှာ ကျားနက်မင်းသားလေးက ရုပ်ဖျက်ထားခြင်း ဖြစ်သည် ကို သဘောပေါက်နားလည်သွားကြလေသည်။

ကျားနက်တောင်မှ မင်းသားလေးသည် ကျူချင်းရှံအဖြစ် ဟန်ဆောင်နေရသောကြောင့် ကျားနက်မင်းသားလေး ထွက်သွား သောအချိန်သည် ကျူချင်းရှံ ပျောက်ကွယ်နေသည့်အချိန်ဟု သိရှိ နားလည်လိုက်ရတော့သည်။

အတော်လည်း လှည့်စားတတ်သော လောကပါလေ။

www.burmeseclassic.com



စီးဝေရှမ်းသည် သည်လောကအတွင်းသို့ ရိုးသားစွာ ဝင်လာသူဖြစ်၍ ဤရှုပ်ထွေးမှုများသည် သူ့အား ဦးနှောက်ခြောက်စေလေသည်။

☆☆☆



## အခန်း (၇)

## ပန်းပုပညာရှင်

ဤသို့ဆိုလျှင် ကျူချင်းရှံသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ကျားနက်မင်းသားလေးက သူ့အား သတ်ဖြတ်လိုက်ပြီလော။

သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အဝေးသို့ ရှောင်တိမ်းသွားခြင်းပေလော။

မည်သို့ဆိုစေ ...

ကျားနက်တောင်မှ မင်းသားလေးသည် ပန်းပုပညာရှင် ကျူချင်းရှံထံမှ လက်ရာပြောင်မြောက်လှသော ပန်းပုပညာများကို သင်ကြားလိုသည့်အပြင် စုရဲ့ရှံကိုလည်း အပိုင်ကြံစည်ရန် ဖြစ်သည်ဆိုခြင်းမှာမူ သေချာလှပေသည်။

www.burmeseclassic.com

စီးဝေရှမ်းသည် ဤသို့တွေးလိုက်မိသည်နှင့် ကန့်လန့်ကာထဲမှထွက်၍ ကျားနက်မင်းသားလေးအား တိုက်ခိုက်လိုက်ရန် စိတ်ကူးပေါက်လာမိသည်။

သို့သော် မိမိ၏ သိုင်းပညာရပ်များမှာ မည်သည့်နည်းနှင့်မျှ ကျားနက်မင်းသားလေးနှင့် ယှဉ်၍ မရနိုင်သည်ကို နားလည်ထားသဖြင့် သူသည် ခံပြင်းလှသည်ဖြစ်သော်လည်း သူ့ကိုယ်သူ ထိန်းချုပ်ထားလိုက်ရလေသည်။

သူ၏မွေးစားမိခင် သင်ပေးသော သိုင်းပညာမှာ မညံ့လှသော်လည်း ထိပ်တန်းသိုင်းပညာတော့ မဟုတ်ချေ။

သူသည် အားမတန် မာန်လျှော့ရသည်။

ကျားနက်မင်းသားလေးသည် ရုပ်ဖျက်ပြီးနောက် ချက်ချင်းပင် ပြန်ထွက်သွား၏။

☆

ကျားနက်မင်းသားလေးထွက်သွားပြီးနောက် ...

စီးဝေရှမ်းနှင့် ပုံလွှားလေးတို့သည်လည်း အနည်းငယ်စောင့်ဆိုင်းပြီးမှ ဆက်၍ထွက်သွားသည်။



သူတို့သည် အပေါက်ဝရှိရာသို့ ရောက်ရှိလာသောအခါ အောက်သို့ငုံ့ကြည့်လိုက်ကြ၏။

ကျားနက်မင်းသားလေးက စုရဲရုံနှင့် စကားပြောနေသည်ကို မြင်ရသည်။

ယခု ကျားနက်မင်းသား၏အသံမှာ အက်ကွဲနေသောအသံဖြစ်သည်။

ယင်းသို့ အက်ကွဲနေသောအသံ ဖြစ်ပေါ်လာအောင်လည်း သူက တမင်သက်သက် ဖန်တီးထားခြင်း ဖြစ်သည်။

"သမီး ... ကျားနက်မင်းသား လက်ထပ်ခွင့်တောင်းထားတဲ့ကိစ္စ သမီးလက်ခံမယ် မဟုတ်လား"

စုရဲရုံက ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ ... သမီးလက်ခံပါ့မယ်၊ ဒါပေမဲ့ ဖေဖေနဲ့မေမေ ပြန်ပေါင်းမှ သမီးက လက်ထပ်ဖို့ ဆုံးဖြတ်ပါ့မယ်"

ကျားနက်မင်းသားက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

"ခက်ပါတယ်ကွာ ... သမီးအမေက တစ်ယူသန်သားကွ၊ ငါ့ကိုများ သူလက်မခံရင် ဒုက္ခ"

www.burmeseclassic.com

www.burmeseclassic.com



စုရဲရှုံသည် ရယ်မောလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး သမီး တာဝန်ယူပါတယ်၊ အမှန်တော့ မေမေကလည်း ဖေဖေပြန်လာမှာကို စောင့်မျှော်နေတာပါရှင်"

မင်းသားက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ဖေဖေ မနက်ဖြန် သူ့ဆီကိုသွားမယ် ဟုတ်ပြီလား"

စုရဲရှုံက ဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာ ဖေဖေရယ်၊ ကဲ ... ဖေဖေလည်း မေမေ့ဆီ ပြန်သွားတော့မှာပဲဥစ္စာ၊ မျက်နှာမှာ စည်းထားတဲ့ အဝတ်ကြီး ကို ဖြုတ်ပစ်လိုက်ပါတော့နော်"

မင်းသားက လက်ကာပြလိုက်သည်။

"နေပါဦးသမီးရယ် ... မင်းအမေနဲ့ တွေ့ပြီးမှ မျက်နှာဖုံး ချွတ်လိုက်ပါ့မယ်"

သူမက တစ်စုံတစ်ခု သတိရသွားပြီး ...

"ဒါနဲ့ ဖေဖေ စီးဝေရှမ်းဆိုတဲ့လူရော"

"သူသွားပြီသမီး"

"သူက ကျွန်မအကြောင်းကို ပြောသေးလား ဖေဖေ"

မင်းသားက ခေါင်းညိတ်ပြလိုက်ပြီး ...



"ပြောပါတယ်"

သူမ၏မျက်နှာတစ်ချက် ဝင်းလက်သွားသည်။

"သူက ဘာပြောသလဲ ဖေဖေ"

"ပြောတော့ပြောပါတယ် ... ဒါပေမဲ့"

ကျားနက်မင်းသားသည် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားသည်။

"သူက ဘာပြောသွားသလဲဟင်"

သူမက ထပ်မေးလိုက်ပြန်၏။ ကျားနက်မင်းသားက စိတ်ထဲ၌ ခံပြင်းထားသည့် အသံဖြင့် ...

"သူက သမီးကို အပျော်မယားတစ်ယောက်အနေနဲ့ ယူချင်တယ်ဆိုတဲ့အကြောင်း ငါ့ကို လာပြီး ခွင့်တောင်းတယ်ကွ၊ သိလား"

သူမသည် အံ့ဩထိတ်လန့်သွားလေ၏။

"ဒါဆို သူ့မှာ မိန်းမရှိတယ်ပေါ့"

"ရှိတာပေါ့၊ တစ်ယောက်တောင် ကချင်မှုကမယ် ထင်တယ်၊ ငါ့သမီးကို သူ့ရဲ့မယားငယ်အဖြစ် ငါ သဘောမတူနိုင်ပါဘူး"

သူမ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

"ဟုတ်နိုင်မယ် မထင်ပါဘူး ဖေဖေရယ်"

ကျားနက်မင်းသားက မကျေမနပ်နှင့် စုရဲရှုံကို ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ...

"သမီးက သူ့ကို ယုံကြည်နေတယ်ပေါ့ ဟုတ်လား"

သူမက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဟုတ်တယ် ဖေဖေ"

"ဘာဖြစ်လို့လဲ"

"သူဟာ ဒီလိုလူစားမျိုး ဟုတ်မယ်မထင်ပါဘူး၊ သူ့ရုပ်ရည်က သိမ်မွေ့တယ်၊ အပြောအဆိုက တည်ကြည်တယ်၊ နောက်ပြီး သူ့ဘဝကို လိုက်စုံစမ်းနေတဲ့လူပါ"

ကျားနက်မင်းသားလေးက ဒေါသဖြစ်စွာဖြင့် ပြောလိုက်သည်။

"ဒီမှာသမီး ... လူဆိုတာ အပြင်ပန်းကြည့်ရုံနဲ့ မလုံလောက်ဘူးဆိုတာ မှတ်ထား"

သူမ တွေတွေဝေဝေ ဖြစ်သွားသည်။ သူမသည် ရီဝေသော မျက်လုံးများဖြင့် အဝေးသို့ ကြည့်ကာ ...

"ဒါတွေ မပြောပါနဲ့တော့ ဖေဖေရယ်၊ ဖေဖေ လာမယ့် အကြောင်းကို မေမေ့ဆီ သွားပြောလိုက်ပါဦးမယ်"

စုရဲရုံသည် ထိုသို့ပြောပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်။



ကျူးချင်းရုံ ဟန်ဆောင်ထားသော ကျားနက်မင်းသားသည် စုရဲရုံ အဝေးသို့ ရောက်သွားသည်အထိ လှမ်းကြည့်နေပြီးမှ ဂူထဲသို့ ပြန်လည်ဝင်သွားလေ၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## လိမ်လည်ခြင်း

စီးဝေရှမ်းနှင့် ပုံလွှားလေးတို့သည် ပုန်းကွယ်နေရာမှ ထွက်လာကြသည်။

သူတို့သည် ကျောက်တုံးတစ်ခု၏ နောက်ကွယ်တွင် ထိုင်ချလိုက်ပြီး အခြေအနေအားလုံးကို သုံးသပ်ဆွေးနွေးနေကြသည်။

စီးဝေရှမ်းမှာ စိတ်လှုပ်ရှားနေသဖြင့် မည်သို့လုပ်ရမည်ကို မသိဘဲ ဖြစ်နေ၏။

ထို့ကြောင့် ပုံလွှားလေးထံ အကူအညီတောင်းခံရလေသည်။

"ကဲ ... ဒီကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ပုံလွှားလေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီကိစ္စဟာ အတော်ကို ထင်ရှားနေတယ်"

စီးဝေရှမ်းက မျက်မှောင်ကုတ်၍ မေးလိုက်၏။



"ဘယ်လိုထင်ရှားတာလဲ"

"ကျားနက်မင်းသားလေးဟာ ကျူချင်းရုံကို သတ်ပစ်လိုက်သလား၊ ဒါမှမဟုတ် တစ်နေရာရာမှာ ချုပ်နှောင်ထားသလား ... အဲဒီနှစ်ခုအနက် တစ်ခုခုကတော့ သေချာနေပြီ၊ ဒီကိစ္စမှာ တစ်ခုခု ရိုးမသားဖြစ်နေပြီလို့ ကျွန်တော်ထင်ခဲ့တယ်၊ အခု ထင်တဲ့အတိုင်း ဖြစ်နေတာပဲ"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... မင်းပြောတာ မှန်တယ်"

ပုံလွှားက စကားဆက်လိုက်သည်။

"ကျားနက်မင်းသားလေးဟာ ကျူချင်းရုံကို သတ်ပစ်လိုက်တာဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်ရင် တစ်နေရာရာမှာ ချုပ်ထားပြီး သူက ကျူချင်းရုံ ဟန်ဆောင်ထားတာ ဖြစ်ချင်ဖြစ်မယ် ...၊ ဒါကြောင့်လည်း အကြောင်းတစ်ခုခုပြပြီး စုရဲရုံရဲ့ အမေနဲ့ ခွဲတပြား နေထိုင်ကြတာပေါ့၊ နောက်ပြီး သူက ဘယ်သူနဲ့မှ တွေ့ချင်ဘူးဆိုပြီး မျက်နှာကိုအဝတ်နဲ့အုပ်၊ အသံကိုလည်း ခပ်အက်အက် လုပ်ထားတယ်"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်ရင်း ...

"အင်း ... ဟုတ်တယ်၊ ငါလည်း ဒီလိုပဲ ယူဆတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပျံ့လွှားလေး၏ထင်မြင်ချက်ကို ထောက်ခံလိုက်သည်။ ပျံ့လွှားလေးက စကားဆက်လိုက်၏။

"ကျားနက်မင်းသားလေးဟာ စုရဲရုံအဖေလို ဟန်ဆောင်ပြီး စုရဲရုံကို မင်းသားလေးနဲ့ လက်ထပ်ယူဖို့ တိုက်တွန်းတယ်၊ ကျားနက် မင်းသားလေးအနေနဲ့လည်း စုရဲရုံကို ဆွဲဆောင်ပြန်တယ်၊ ဒီတော့ အချိန်ကြာလာတဲ့အခါမှာ စုရဲရုံဟာ သူ့နောက်ပါသွားဖို့ သေချာ တယ်"

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... ဒီလူက အတော်ကို အကြံကြီးတဲ့လူပဲ"

ပျံ့လွှားလေးက ပြုံး၍ ...

"ညကျော်များတဲ့နေရာတော့ ပြောမနေနဲ့၊ အခု သူက စုရဲရုံ အမေကို သွားတွေ့တော့မယ်၊ သူ ဘာလုပ်လိမ့်မယ်လို့ ခင်ဗျား ထင်သလဲ"

သူ့ထံမှ ထင်မြင်ချက်ကို တောင်းခံလိုက်သည်။ သူက ခေါင်း ခါယမ်းပြလိုက်၏။

"ငါကတော့ စိတ်ရှုပ်နေပြီ ... ဘာကိုမှ စဉ်းစားလို့ မရတော့ ဘူး"

ပျံ့လွှားငယ်က စကားဆက်လိုက်ပြန်သည်။



"သူက တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်တဲ့သဘောနဲ့ စုရဲရုံ ရဲ့ အမေကို သတ်ပြီး ခင်ဗျားခေါင်းပေါ် ပုံချလိုက်မယ်"

ထိုစကားကြောင့် စီးဝေရှမ်းက ရင်ထိတ်သွားလေတော့ သည်။

"ဖြစ်နိုင်တယ် ... ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ပျံ့လွှားလေးက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လောလောဆယ် စုရဲရုံရဲ့ အမေ့ကို ကယ်တင်ဖို့ အရေးကြီး တယ်"

စီးဝေရှမ်းက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ... သူ့ကို ငါသွားကယ်မှဖြစ်မယ်"

ပျံ့လွှားလေးက စီးဝေရှမ်း၏မျက်နှာအား မော့ကြည့်လိုက် သည်။

"သူ ဘယ်မှာနေတယ်ဆိုတာ ခင်ဗျားသိသလား"

"စုရဲရုံ ပြောပြထားလို့ သိပါတယ်"

ပျံ့လွှားလေးက ခေါင်းညိတ်ပြီး ...

"ဒါဖြင့် အမြန်ဆုံး သွားကြရအောင်"

သူတို့နှစ်ယောက်သည် ထိုသို့ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး စုရဲရှုံမိခင်ရှိသည့်နေရာသို့ အပြေးအလွှား ထွက်သွားကြ
၏။

စီးဝေရှမ်း၏ နာမည်မပျက်ရေးမှာ စုရဲရှုံ၏မိခင်ကို ကယ်
တင်နိုင်မှသာ ဖြစ်နိုင်မည် မဟုတ်ပါလား။

☆

ပျံလွှားနှင့်စီးဝေရှမ်းတို့သည် စုရဲရှုံ၏မိခင် နေထိုင်သည့်နေ
ရာသို့ ရောက်ရှိသွားသောအခါ စုရဲရှုံနှင့် လူသုံးယောက်တို့ တိုက်ခိုက်
နေသည်ကို မြင်လိုက်ရသည်။

စီးဝေရှမ်း၏ရင်ထဲ၌ စိုးရိမ်ပူပန်သွားသည်။

"ဒုက္ခပဲ ... တို့ အလာနောက်ကျပြီထင်တယ်"

သူသည် ပျံလွှားလေးအား ထိုသို့ပြောပြီး စုရဲရှုံထံသို့ ပြေး
သွား၏။

အနီးသို့ရောက်သွားကြသောအခါ အိမ်တစ်အိမ်လုံးမှာ မီး
လောင်ကျွမ်းနေသည်ကို မြင်လိုက်ရသည်။

သူတို့သည် အိမ်အနီးသို့ပြေးသွားရာ လူတစ်စုက လ



နက်ပုန်းဖြင့် သူတို့အား ပစ်ခတ်လိုက်သည်။

စီးဝေရှမ်းနှင့် ပျံလွှားလေးတို့သည် ကဗျာကယာဖြင့် မြေ
ပေါ်သို့ ဝပ်ချရှောင်တိမ်းလိုက်ကြရသည်။

သူတို့သည် မြေပေါ်တွင် ဝပ်နေရာမှ ထလိုက်ရာ ထိုလူစု
များသည် လက်နက်ပုန်းဖြင့် ဆက်၍ပစ်ခတ်လိုက်သောကြောင့် သူ
တို့က ရှေ့သို့ မတိုးနိုင်ပါချေ။

ထိုစဉ်မှာပင် ...

"ယား"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သော အသံနှင့်အတူ
လူတစ်ယောက်သည် ဓားတစ်လက်ဖြင့် ပြေးဝင်လာပြီး စုရဲရှုံအား
တိုက်ခိုက်နေကြသော သူများကို တိုက်ထုတ်ပစ်လိုက်သည်။

ထိုလူကား ...

ကျားနက်မင်းသားလေးပင် ဖြစ်သည်။

စုရဲရှုံသည် ကျားနက်မင်းသား ရောက်ရှိလာသည်ကို တွေ့
မြင်လိုက်ရသဖြင့် အားတက်သွားသည်။

သူမသည် ကျားနက်မင်းသားကို အားကိုးတကြီးဖြင့် ...

"သူတို့က ကျွန်မအမေကို သတ်လိုက်တယ်၊ အိမ်ကိုလည်း
မီးရှို့သွားတယ်၊ သူတို့ကို ဖမ်းပေးပါ"

www.burmeseclassic.com



ဟု အကူအညီတောင်းလိုက်သည်။

ကျားနက်မင်းသားသည် စုရဲရှိ၏အရှေ့သို့ သွား၍ရပ်လိုက်ပြီး ...

"တွေ့ ... မင်းတို့ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွ"

လာရောက်တိုက်ခိုက်သော သုံးယောက်ထဲမှတစ်ယောက်က ...

"ကျုပ်တို့ကတော့ သူတို့နဲ့ ရန်ငြိုးမရှိပါဘူး။ အခုလိုလုပ်ရတာ ကျုပ်မိတ်ဆွေအတွက် ဆိုပါတော့"

သူက မျက်မှောင်ကုတ်သွားပြီး ...

"မင်းတို့ မိတ်ဆွေဆိုတာ ဘယ်သူလဲ ... ပြောစမ်း"

ဟု ခက်ထန်စွာ မေးလိုက်သည်။ ထိုလူက ...

"စိုးဝေရှမ်းပါ"

သူ၏စကားကြားလိုက်ရသောအခါ စုရဲရှိ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သူမသည် ထိုလူအားကြည့်၍ ...

"ဘာ ... စိုးဝေရှမ်းက ရှင်တို့ကို ခိုင်းတယ် ... ဟုတ်လား"

ထိုလူက ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ်"



စုရဲရှိသည် ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။

"သူက ဘာဖြစ်လို့ ဒီလိုလုပ်ခိုင်းရတာလဲ"

ထိုလူက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျားက လှတာကိုး၊ သူက ခင်ဗျားကိုလိုချင်လို့ ဖြစ်တဲ့နည်းနဲ့ ကြံရတာပါ"

စုရဲရှိ၏မျက်ဝန်းအစုံတွင် မျက်ရည်များ စီးကျလာလေသည်။

"ကျွန်မကို လိုချင်ရုံနဲ့ ကျွန်မရဲ့အမေကို သတ်ရသလားရှင်"

ထိုလူက မျက်နှာကိုမဲ့လိုက်ပြီး ...

"ခင်ဗျားအမေကို သတ်ရုံတင်ဘယ်ကပါ့မလဲ၊ သူက မင်းအဖေကိုပါ သွားပြီး သတ်နေမလားမှ မသိဘဲ"

"ရှင်"

စုရဲရှိသည် အံ့ဩထိတ်လန့်သွား၏။

သူမသည် စကားပင် ဆက်၍မပြောနိုင်တော့ဘဲ ငေးငိုင်သွားလေ၏။

ကျားနက်မင်းသားလေးက အံကို ဖိကြိတ်လိုက်ပြီး ...

"ဟေ့ ... ကျုပ်ရှိနေသမျှ ကာလပတ်လုံး မင်းတို့လုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း လုပ်လို့မရဘူးဆိုတာ မှတ်ထားပါ”

သူသည် စကားဆုံးသွားသည်နှင့် လက်ဝါးတစ်ဖက်ဖြင့် ထိုလူ၏ ရင်ဝအား လျှပ်တစ်ပြက် ရိုက်ချလိုက်လေတော့သည်။

‘ဝုန်း’

ထိုသူသည် မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ သူ၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး မြေပြင်ပေါ်သို့ ကျသွားလေ၏။

“အား”

သူသည် မြေပေါ်မှလူးလိမ့်ထလိုက်ပြီး မယုံကြည်နိုင်စွာဖြင့် ကျားနက်မင်းသားအား ကြည့်လိုက်၏။

“မင်း”

သူသည် ပြောမည့်စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ မြေပြင်ပေါ်သို့ ထပ်လဲကျသွားရသည်။ ဤတစ်ကြိမ်တွင်မူ ထိုလူသည် လုံးဝ မထနိုင်တော့ပါချေ။

အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် စီးဝေရှမ်းသည် ကြောင်သေသေ၍ မလှုပ်မယှက် ကြည့်နေမိသည်။

ထိုစဉ် ...

ကျားနက်မင်းသားက စုရဲရှုံ၏ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားသည်ကို တွေ့ရတော့မှ သူသည် သတိရလာပြီးလျှင် ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။



ပျံလွှားလေးက သူ့အား ဆွဲထားလိုက်သည်။

“ခင်ဗျား ဘာလုပ်မလို့လဲ”

“ဟိုမှာ စုရဲရှုံပါသွားတာ မတွေ့ဘူးလား၊ သူ့ကို သွားရှင်းမပြရင် ငါ့ကို တစ်သက်လုံး အထင်လွဲတော့မှာပေါ့၊ လာ ... လိုက်ရှင်းပြမယ်”

စိုးရိမ်ပူပန်စွာ ပြောနေသော စီးဝေရှမ်းကိုကြည့်ကာ ပျံလွှားလေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

“ခင်ဗျား အခုသွားပြီး ရှင်းပြတော့ရော သူက ယုံပါ့မလား”

စီးဝေရှမ်း၏ ခြေလှမ်းများမှာ တုံ့ခနဲရပ်တန့်သွားလေသည်။

သူသည် ပျံလွှားလေးအား အားကိုးတကြီး ကြည့်လိုက်သည်။

ပျံလွှားလေးက အသံတိုးတိုးဖြင့် ...

“အခု ကျားနက်မင်းသားက ကျုပ်တို့ကို မတွေ့ခင် ကျုပ်တို့က တစ်နေရာကို ဦးအောင်သွားရလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက နားမလည်စွာဖြင့် ပျံလွှားလေးကို မေးလိုက်သည်။

"ဘယ်ကိုသွားမလို့လဲ"

"ကျူချင်းရုံဆီပေါ့"

သူက မျက်မှောင်ကုတ်သွားသည်။

"သူက မသေသေးဘူးလား"

ပျံလွှားလေးက ပြုံးလိုက်သည်။

"ခင်ဗျားကလည်းဗျာ … ခုနက သူတို့ပြောတဲ့ စကားတွေကို မကြားဘူးလား၊ သူတို့ပြောတဲ့စကားအရ ကျူချင်းရုံကို ဆက်ပြီး သတ်ဖို့ကြံစည်နေကြတယ်"

သူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် … ဒါပေမဲ့ ကျူချင်းရုံ ဘယ်မှာရှိတယ်ဆိုတာတို့ ဘယ်လိုလုပ်သိမလဲ"

ပျံလွှားလေးက ပြုံးလိုက်ပြီး …

"ကျုပ်အထင်တော့ ကျူချင်းရုံက မိစ္ဆာဂူမှာ ရှိတယ်လို့ ကျုပ်ယုံကြည်တယ်"

စီးဝေရှမ်းမှာ ပုံရခက်ခက် ဖြစ်သွားသည်။

"ဟုတ်ပါ့မလား … တို့လည်း မိစ္ဆာဂူကို တစ်ခေါက်ရောက်ခဲ့



တာပဲ … ဘာမှမတွေ့ရပါဘူး၊ မင်းလည်းတွေ့ခဲ့သားပဲ"

ပျံလွှားလေးက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဲဒီကို တစ်ခေါက်သွားကြည့်ဦးမယ်ဗျာ"

စီးဝေရှမ်းနှင့်ပျံလွှားလေးတို့သည် မိစ္ဆာဂူရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။

သူတို့သည် လူယုတ်မာ၏အကြံအစည်များကို ဖော်ထုတ်ရန် ကြိုးစားနေကြတော့သည်။

ဖော်ထုတ်နိုင် မဖော်ထုတ်နိုင်ကား အချိန်ကိုစောင့်ကြည့်ရပေမည်။

စီးဝေရှမ်းနှင့် ပျံလွှားလေးတို့သည် မိစ္ဆာဂူထဲသို့ ရောက်ရှိသွားသောအခါတွင် အသံဗလံများ ဆူညံစွာ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

သူတို့သည် အသံထွက်ပေါ်လာရာသို့ မဆိုင်းမတွဘဲ ပြေးလွှားသွားရာ အခန်း၏လက်ဝဲဘက်ထောင့်တွင် တံခါးပေါက် တစ်ပေါက် ပွင့်နေသည်ကို တွေ့မြင်လိုက်ရသည်။

အသံများသည် ထိုတံခါးအပေါက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

စီးဝေရှမ်းသည် စဉ်းစားခြင်းပင် မပြုတော့ဘဲ အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားလေသည်။

ပျံလွှားလေးကလည်း ထက်ကြပ်မကွာလိုက်သွား၏။

အခန်းထဲသို့ ရောက်သွားသည်နှင့် အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်က သံကြိုးများဖြင့် တုပ်နှောင်ထားသော အဘိုးအိုတစ်ယောက်အား ဝိုင်းရံတိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရ တော့၏။

သံကြိုးများဖြင့် ချည်နှောင်ခြင်းခံရသော အဘိုးအိုမှာ ပန်းပုပညာရှင် ကျူးချင်းရုံဖြစ်သည်ကို စီးဝေရှမ်းက ရိပ်စားမိလိုက်လေသည်။

ထို့နောက် သူတို့သည် တစ်ဟုန်တိုးဝင်ရောက်ပြီး အနက်ရောင်ဝတ်ဆင်ထားသော လူငါးယောက်ကို တိုက်ခိုက်လိုက်ရာ မကြာပါချေ။

အနက်ရောင် ဝတ်ဆင်ထားသောလူများမှာ စီးဝေရှမ်းနှင့် ပျံလွှားလေးတို့၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာကိုယ်စီရကာ ထိုနေရာမှ ပြေးထွက်သွားကြလေတော့သည်။

အဘိုးအိုသည် ယခုမှ စိတ်သက်သာရာရသွား၏။ သူသည် စိတ်ကို လျှော့ချလိုက်သည်နှင့် မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေသည်။



စီးဝေရှမ်းနှင့် ပျံလွှားလေးတို့သည် ဒဏ်ရာများကြောင့် သတိမေ့နေသော အဘိုးအိုကို အကဲခတ်ကြည့်နေ၏။

စီးဝေရှမ်းသည် ပျံလွှားလေးကို တစ်ချက်ကြည့်လိုက်ပြီး ...

"ငါတို့နောက်ကျသွားပြီ ထင်တယ်"

စီးဝေရှမ်းက ထိုသို့မေးလိုက်ခြင်းဖြစ်သည်။ ပျံလွှားလေးက ခေါင်းယမ်းပြလိုက်ပြီး ...

"သူ မသေသေးဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

ပျံလွှားလေးက စဉ်းစားသလိုလုပ်ပြီးမှ ...

"ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး ... တော်ကြာ ကျားနက်မင်းသားလေးတို့ လိုက်လာကြလိမ့်မယ်၊ ဒါကြောင့် ဒီနေရာက အမြန်ဆုံး ထွက်သွားကြရင် ကောင်းမယ်"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် သူတို့သည် အဘိုးအိုအား တစ်ယောက်တစ်လှည့်စီထမ်းကာ ပြေးသွားကြလေသည်။

ပျံလွှားလေးသည် အသက်ငယ်သော်လည်း အဘိုးအိုအား ပခုံးပေါ် ထမ်း၍ သာမန်လူတစ်ယောက်ထက် အဆများစွာ လျင်လျင်မြန်မြန် ပြေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့သည် ကျိုးနန်တောင်သို့ ဦးတည်ပြေးသွားကြလေတော့သည်။

☆

ကျိုးနန်တောင်တန်း ...။

ကျိုးနန်တောင်သည် စိမ်းလန်းစိုပြည်ပြီး အလွန်ကြည်နူးသာယာဖွယ်ကောင်းသော နေရာတစ်ခု ဖြစ်သည်။

တောင်က မြင့်မားခြင်းမရှိဘဲ သွားလာရန် အလွန်လွယ်ကူသော နေရာတစ်ခုဖြစ်လေသည်။

တောင်သဘောထက် ကုန်းမြင့်မြင့်သဘောမျိုး ဖြစ်နေခြင်းကြောင့် ဤမျှသွားလာရန် ပေပြစ်နေခြင်း ဖြစ်သည်။

စီးဝေရှမ်းနှင့် ပျံလွှားလေးတို့သည် ဆက်၍ ပြေးလာရာ မကြာမီ လိုဏ်ဂူ၏အဝသို့ ရောက်ရှိလာကြသည်။

ပျံလွှားလေးက စီးဝေရှမ်းကို လက်ကာပြလိုက်သည်။

"ခင်ဗျား ဒီမှာခဏစောင့်နေဦး၊ ကျုပ် ဆရာကြီးဆီသွားပြီး ခွင့်တောင်းလိုက်ဦးမယ်"



သူသည် ပြောပြီးသည်နှင့် လိုဏ်ဂူထဲသို့ ပြေးဝင်သွားလေသည်။

မကြာမီ ပျံလွှားလေး ပြန်လည်ရောက်လာသည်။

သို့သော် သူ၏မျက်နှာမှာ မကြည်မလင် ဖြစ်နေသည်ကို စီးဝေရှမ်းက သတိပြုမိလိုက်သည်။

စီးဝေရှမ်းက လှမ်းမေးလိုက်သည်။

"မင်းဆရာက မရှိလို့လား"

"ရှိပါတယ်"

"ဒါဖြင့်"

ပျံလွှားလေးက ကြားဖြတ်ပြောလိုက်သည်။

"ဆရာက ပြောတယ် ... အစ်ကိုကြီး ဒီမှာမနေသင့်ဘူးတဲ့၊ အစ်ကိုကြီး ကျုးနက်တောင်ကိုလည်း မသွားဖို့ မှာလိုက်တယ်"

ပျံလွှားလေး၏စကားက အထူးအဆန်းဖြစ်သည်။ စီးဝေရှမ်းသည် မျက်မှောင်ကုတ်လိုက်ပြီး ...

"ရှင်းရှင်းပြောစမ်းပါကွာ ... မင်းဆရာက ငါ့ကို မတွေ့ချင်ဘူး မဟုတ်လား"

သူက ခေါင်းညိတ်ပြလိုက်သည်။

သူသည် သတိမေ့နေသော ကျူချင်းရုံကို တစ်ချက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

သူက အကြောင်းမဟုတ်ပါ။ သူ့ကို လက်မခံလျှင်လည်း မနေရုံသာရှိပါသည်။

သို့သော် ဒဏ်ရာနှင့်လူကတော့ အရေးကြီးပါသည်။ သူသည် ပျံလွှားအား မေးလိုက်သည်။

"သူ့ကို ဘယ်လိုလုပ်မလဲ ... သူက ဒဏ်ရာတွေနဲ့"

ပျံလွှားလေးက ကျူချင်းရုံအား ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

"သူ့ကို ဆရာက ကုပေးမယ်လို့ပြောတယ်"

စီးဝေရှမ်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ဒါဆိုရင် ငါစိတ်ချပါပြီ၊ ငါ့အတွက်ကတော့ အကြောင်းမဟုတ်ပါဘူး"

သူသည် လက်နှစ်ဖက်ကို ဆုပ်လိုက်ပြီး ပျံလွှားလေးကို နှုတ်ဆက်လိုက်သည်။

"ကဲ ... ကျုပ်ကို သွားခွင့်ပြုပါဦး"

ထိုသို့ နှုတ်ဆက်ပြီးနောက် သူသည် ချာခနဲလှည့်ကာ တောင်အောက်သို့ ပြေးဆင်းသွားသည်။



သူ့ဘဝဇာတ်ကို သိလိုသူ စီးဝေရှမ်းတစ်ယောက် သူ့ဘဝအစတည်ရာကိုပင် ရှာမရသေးဘဲ ဖြစ်နေသည်။

သို့သော် သူသည် အားမလျှော့သေးပေ။ ဆက်လက်၍ ရှာဖွေဦးမည်ဟု အားမာန်အပြည့်ရှိနေသေးသည်တကား။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

### ရှင်းလင်းတင်ပြခြင်း

စီးဝေရှမ်းသည် တစ်ဆက်တည်း ပြေးလွှားသွားရာ ရင်ထဲ၌ ခံစားနေခဲ့ရသော ခံစားမှုများသည် တဖြည်းဖြည်း ကွယ်ပျောက်သွားပြီး ရှုပ်ထွေးနေသောခေါင်းကလည်း အနည်းငယ် ကြည်လင်လာသည်။

အတန်ကြာ ပြေးသွားပြီးနောက် သူသည် သစ်ပင်ခြေရင်းတစ်ခုတွင် ထိုင်ချလိုက်သည်။

ယခုမှ သူသည် မည်သည့်နေရာသို့ သွားရမည်ကို စဉ်းစား၍ ရလာသည်။

ယခု သူသည် ကျောက်စိမ်းခေါင်းလေး၏ အောက်တွင် ရေးထွင်းထားသော ဖူနုတောင်သို့သွားရန်သာ ကျန်တော့၏။

သူ သွားသင့်သည့်နေရာမှန်သမျှ သွားခဲ့သည်။



ဖူနုတောင်သာ ကျန်တော့သည်။

သူ၏မေမေ မသေဆုံးမီက ပြောခဲ့သောစကားများကို သတိရလာသည်။

သူ၏ဘဝကို ကျောက်စိမ်းခေါင်းတလားလေးမှ သိနိုင်မည်ဟု ပြောခဲ့သည်။

ထို့ကြောင့် သူသည် ဖူနုတောင်သို့သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

စီးဝေရှမ်းသည် ဖူနုတောင်သို့သွားရန် ဆုံးဖြတ်လိုက်သည်ဖြစ်သော်လည်း မည်သို့သွားရမည်ကိုမူ မသိပါ။

ထို့ကြောင့် သူသည် ခရီးတစ်လျှောက်လုံးတွင် မေးမြန်းစုံစမ်းကြည့်ရာ မည်သူ့ထံကမှ ဖူနုတောင်တန်း၏အကြောင်းကို မေး ရခဲ့ပါ။

ဖူနုတောင်တန်းကို မသိကြပါ။

သူသည် မြို့သုံးမြို့ကို ဖြတ်ကျော်ပြီး လမ်းခရီးတစ်လျှောက်လုံး မေးမြန်းစုံစမ်းခဲ့သော်လည်း ဖူနုတောင်တန်းကို မည်သို့ ခ စုံစမ်းမရသဖြင့် လက်လျှော့လိုက်ရသည်။

ဖူနုတောင်တန်းသို့ မသွားနိုင်သေးလျှင် သူသည် စုရဲရှိအား သတိရလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်မင်းသားသည် စုရဲရှိအား ကျားနက်တောင်သို့ ခေါ်သွားလိမ့်မည်ဟုလည်း မှန်းဆလိုက်မိသည်။

ထို့နောက် သူသည် ပျံလွှားလေး၏ သတိစကားကို နားမထောင်နိုင်တော့ဘဲ ကျားနက်တောင်သို့ သွားရန်သာ ဆုံးဖြတ်လိုက်လေသည်။

လာမည့်ဘေး ပြေးတွေ့လိုက်ခြင်းသည်သာ အကောင်းဆုံး မဟုတ်ပါလော။

ကျားနက်တောင်သို့ သွားရာလမ်းကား စုံစမ်းရ မခက်ပါချေ။

သူသည် လမ်းတစ်လျှောက်လုံး စုံစမ်းသွားရာ အလွယ်တကူပင် ကျားနက်တောင်သို့ ရောက်သွားသည်။

ကျားနက်တောင်အနီးသို့ ရောက်ရှိသွားသည်နှင့် သူသည် စိတ်မကောင်းဖွယ်ရာ သတင်းများကို ကြားလိုက်ရလေတော့သည်။

ထိုသတင်းမှာ စုရဲရှိသည် မိမိအား သူမ၏မိခင်နှင့်ဖခင်တို့ကို သတ်သောရန်သူဟု ထင်မှတ်ယူဆသွားပြီဖြစ်ကြောင်း သူသိလိုက်ရခြင်းပေတည်း။

စီးဝေရှမ်းကို သတ်ဖြတ်ပေးနိုင်သူကို သူမ၏မိသားစု ထားသည့် ကြေးအားလုံးကိုပေးမည်။



အိမ်ထောင်ရှင်မဟုတ်ခဲ့ပါက လက်ထပ်ယူမည်ဟု ကြေညာထားသည်။

ထို့ကြောင့် သိုင်းသမားများသည် စီးဝေရှမ်းအား လိုက်လံရှာဖွေ၍ သတ်ဖြတ်ရန် ကြိုးစားနေကြသည်။

သို့သော် ကံကောင်းထောက်မပြီး စီးဝေရှမ်းသည် မည်သည့်သိုင်းသမားနှင့်မျှ မတွေ့ဘဲ ဖြစ်ခဲ့ရသည်။

ထိုသိုင်းသမားများအနက် ချိုလူရှမ်းဆိုသော လူငယ် တစ်ယောက်သည် စုရဲရှိအား အလွန်စုံမက်မိသဖြင့် စီးဝေရှမ်းအား သတ်ဖြတ်ရန် ကြိုးစား၍ရှာဖွေနေသည် ဆိုခြင်းကိုလည်း ကြားသိရသည်။

စီးဝေရှမ်းသည် ထိုသတင်းများအား ကြားသိပြီးသည့်နောက် သူသည် မိမိမှာ အပြစ်မရှိကြောင်း ရှင်းပြသင့်သည်ဟု ယူဆလိုက်လေသည်။

ထို့ကြောင့် သူသည် ခြေလှမ်းသုတ်သုတ်ဖြင့် ကျားနက်တောင်သို့ ဦးတည်လိုက်လေတော့သည်။

စီးဝေရှမ်းသည် ကျားနက်တောင်သို့ ရောက်ရှိသွားသောအခါ ထိုတောင်ကုန်းတွင် ကျားနက်မင်းသားလေးသည် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော သိုင်းသမားများကို ဧည့်ခံကြိုဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်မင်းသားသည် စီးဝေရှမ်းရောက်လာသည်ကို ကြားသိလိုက်သည်နှင့် အံ့ဩဝမ်းသာသွားလေသည်။

သူ ဝမ်းသာသွားသည်မှာ အကောင်းဝမ်းသာသည် မဟုတ်ပေ။

"မင်းက လာစရာရှားလို့ သေမင်းဆီကိုမှ တည့်တည့်မတ်မတ် ရောက်လာရတယ်လို့ကွာ၊ ငါက မင်းကို သတ်ချင်နေတာနဲ့ အတော်ပဲပေါ့ကွာ"

သူသည် ရင်ထဲ၌ ဤသို့ ကျိတ်၍ပြောလိုက်သော်လည်း အိမ်ရှင်တစ်ယောက်အနေဖြင့် စီးဝေရှမ်းကို ထွက်၍ကြိုဆိုလိုက်သည်။

စီးဝေရှမ်းက ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျားနက်မင်းသားလေးသည် သူ့အား အခြားသော သိုင်းသမားများနှင့် မိတ်ဆက်ပေးလိုက်သည်။

"ခင်ဗျားတို့ မျှော်လင့်တောင့်တနေတဲ့ စီးဝေရှမ်းဆိုတာ သူပါပဲ"

ကျားနက်မင်းသားလေး၏ စကားကြောင့် ဧည့်ပရိသတ်များမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရလေသည်။

စိတ်မြန်သော သိုင်းသမားအချို့က ထိုင်ရာမှထလိုက်ပြီး စီးဝေရှမ်းကို တိုက်ခိုက်ရန် ပြင်ဆင်ကြလေသည်။



ကျားနက်မင်းသားလေးက လက်ကာပြလိုက်သည်။

"အားလုံး ငြိမ်ငြိမ်နေကြပါ ခင်ဗျာ၊ အခု စီးဝေရှမ်းဟာ ကျုပ်ဆီကို လာတာဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်က အိမ်ရှင်အနေနဲ့ သူနဲ့ ရှင်းဖို့ တာဝန်ရှိပါတယ် ခင်ဗျာ"

စီးဝေရှမ်းက သိုင်းသမားများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် သူသည် အောင်မြင်ခန့်ညားသောအသံဖြင့် ...

"ဟုတ်တယ် ... ကျုပ် အခု ဒီကိုရောက်လာရတာကလည်း ကျားနက်မင်းသားလေးနဲ့ ရှင်းစရာရှိလို့ပါ"

သူသည် ကျားနက်မင်းသားလေးဘက် လှည့်လိုက်ပြီး ...

"ကဲ ... စုရဲရှုံကို ခေါ် လိုက်စမ်းပါ၊ ဘယ်သူဟာ သူ့အမေကို သတ်တယ်ဆိုတာ သူ့အဖေကျူးချင်းရုံကို ဘယ်သူက သတ်ဖို့ ကြံစည်နေတယ်ဆိုတာကို အများရှေ့မှာ ကျုပ်က ရှင်းပြချင်ပါတယ်"

သူ၏စကားဆုံးသွားသည်နှင့် အသက်ကြီးရွယ်သော သိုင်းသမားတစ်ယောက်က ထိုင်ရာမှထရပ်ပြီး ...

"ဘာလဲ ... မင်းက တရားခံမဟုတ်ဘူးလို့ ငြင်းချင်သေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက ခေါင်းညိတ်ပြသည်။

"မှတ်ပါတယ် ... ကျုပ်မှာ အပြစ်မရှိပါဘူး၊ ဒါကို အခု ကျုပ် ရှင်းပြမလို့ပါ"

ကျားနက်မင်းသားလေးက ကြားဖြတ်ပြောလိုက်တော့သည်။

"ဒီကိစ္စမှာ စုရဲရှ် ကိုယ်တိုင်က ကြေညာချက်ထုတ်ထားပါတယ်၊ ကာယကံရှင်ကိုယ်တိုင်က ပြောတဲ့စကားကို ငြင်းလို့ရပါမလား"

စီးဝေရှမ်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ဒီမှာ ... ခင်ဗျားက ကျူချင်းရုံကို မိစ္ဆာဂူထဲမှာ ထားပြီး ခင်ဗျားကိုယ်တိုင် ခင်ဗျား ကျူချင်းရုံအဖြစ် ဟန်ဆောင်ခဲ့တယ် ဆိုတာ ကျုပ်သိပြီးပါပြီ"

ထို့နောက်တွင်မူ သူသည် သိုင်းသမားများဘက်သို့ လှည့်လိုက်ပြီး ...

"ကြွရောက်လာတဲ့ မိတ်ဆွေများခင်ဗျား ... ကျားနက်မင်းသားဟာ ကျူချင်းရုံကို မိစ္ဆာဂူထဲမှာ ဖမ်းဆီးထားခဲ့ပါတယ်၊ သူကိုယ်တိုင်က ကျူချင်းရုံကို ရုပ်ဖျက်ပြီး စုရဲရှ်ကို လိမ်ညာခဲ့ပါတယ်၊ သူ့အကြံ ပေါ်သွားမှာစိုးလို့ စုရဲရှ်ရဲ့ မိခင်ကို သူသတ်ခဲ့ပါတယ်၊ ပြီးတော့



— သူဟာ အဲဒီအပြစ်တွေအားလုံးကို ကျုပ်ခေါင်းပေါ် ပုံချလိုက်ပါတယ်"

ဤတွင် သိုင်းသမားများထဲမှ လူတစ်ယောက်က ကြားဖြတ်လိုက်သည်။

"မင်းပြောတဲ့စကားကို တို့က ဘယ်လိုယုံရမှာလဲ"

စီးဝေရှမ်းက ပြုံးလိုက်သည်။

"ကျုပ်မှာ သက်သေရှိနေလို့ ပြောနေတာပေါ့ဗျာ"

ကျားနက်မင်းသားလေးက ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"မင်းက ဘာတွေများ သက်သေပြနိုင်လို့လဲ"

သူက မဲ့ပြုံးပြုံး၍ ...

"ခင်ဗျားရဲ့အကြံအစည်ဟာ ဘယ်လောက်ပဲ ပီရိပါစေ ... အမှန်တရားကိုတော့ ဖုံးကွယ်လို့ မရပါဘူး၊ ခင်ဗျားလုပ်ကြံခဲ့တဲ့ ကျူချင်းရုံကို ကျုပ်တို့က မိစ္ဆာဂူထဲက ကယ်ထုတ်လိုက်ပြီဗျ၊ ခင်ဗျား ဘာပြောချင်သေးလဲ"

ထိုစကားကို ကြားသောအခါ ကျားနက်မင်းသား၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

သူ၏မျက်လုံးများတွင်လည်း ရက်စက်ကြမ်းကြုတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင်များ ပေါ်လာသည်။

ရုတ်တရက် သူ၏လက်သည် သူ့အိတ်ထဲသို့ လှစ်ခနဲ ရောက်ရှိသွား၍ အရာဝတ္ထုတစ်ခုကို နှိုက်ယူလိုက်ပြီး လှစ်ခနဲ ပစ်လိုက်လေသည်။

'ဝှစ်'

စီးဝေရှမ်း မသက်သာတော့ပေ။

သို့သော် တစ်ချိန်လုံး နားစွင့်နေသော ချိုလူရှမ်းက ကမန်းကတန်း ထိုအရာဝတ္ထုအား ဖမ်းယူလိုက်သည်။

'ဖပ်'

စီးဝေရှမ်းသည် ချိုလူရှမ်း ဖမ်းယူထားသော အရာအားလှမ်းကြည့်လိုက်ရာ စိမ်းဖန့်ဖန့်အရောင်ရှိသော လက်နက်ပုန်းတစ်မျိုး ဖြစ်နေသည်ကို တွေ့ရသည်။

"ဟား ဟား ဟား"

ချိုလူရှမ်းက ရယ်လိုက်သည်။

"ခင်ဗျားက သူ့ကို နှုတ်ပိတ်မလို့လား"

ချိုလူရှမ်း၏ စကားကြောင့် ကျားနက်မင်းသားက သူ့ကို ဒေါသကြီးစွာဖြင့် ကြည့်လိုက်ပြီး ...

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို ရန်မူမလို့ ... ဟုတ်လား"



ချိုလူရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"မဟုတ်ပါဘူးဗျာ ... ဒီကိစ္စကို ရှင်းလင်းစွာ မဖြစ်မီ သူ့ကို မသေစေချင်သေးလို့ပါ"

အေးဆေးစွာဖြင့် ရှင်းပြသည်။ ကျားနက်မင်းသားက မထီတရီပြုံး၍ ...

"ခင်ဗျားကိုယ်ခင်ဗျား လူစွမ်းကောင်းများ မှတ်နေလို့လား"

သူသည် ပြောပြီးသည်နှင့် ခါးမှဓားကို ရုတ်တရက် ဆွဲထုတ်၍ ချိုလူရှမ်းအား တိုက်ခိုက်လိုက်သည်။ ချိုလူရှမ်းက ဒေါသကြီးစွာဖြင့် ...

"ခင်ဗျားက ဒီလိုလား"

သူက အသင့်ပါလာသော ဓားဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

စီးဝေရှမ်းသည် သူတို့နှစ်ယောက် တိုက်ခိုက်နေသည်ကို ကြောင်၍ကြည့်မိ၏။

ထိုစဉ်မှာပင် ကြည်လင်ပြတ်သားသော အသံတစ်သံကို ကြားလိုက်လေသည်။

"ရပ်လိုက်"

ထိုစကားသံနှင့်အတူ လူတစ်ယောက်သည် အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



လှုပ်တစ်ပြက် ရောက်ရှိလာတော့သည်။

ထိုလူသည် တိုက်ခိုက်နေသော ကျားနက်မင်းသားနှင့် ချိုလူရှမ်းတို့အနားသို့ ရောက်ရှိလာသောအခါတွင် ချိုလူရှမ်းက တိုက်ခိုက်ရာမှ တမင်းကတန်း ရပ်တန့်လိုက်၏။

ကျားနက်မင်းသားကလည်း နောက်သို့ ခြေတစ်လှမ်းဆုတ်ရပ်လိုက်သည်။

သူတို့သည် ဝင်ရောက်လာသူအား သေချာစွာ ကြည့်လိုက်ရာ အလွန်ခန့်ညားချောမောသော လုလင်တစ်ယောက် ဖြစ်နေသည်ကိုတွေ့ရ၏။

"ဟောဗျာ ... ခုံထုံးသမား ကျိဝေဝေကိုး"

ချိုလူရှမ်းက ဦးညွှတ်၍ နှုတ်ဆက်လိုက်သည်။

"ခင်ဗျားရောက်လာတာကို မကြိုဆိုနိုင်ခဲ့တာတော့ ခွင့်လွှတ်ပါဗျာ"

ကျားနက်မင်းသားသည် ရိုသေလေးစားစွာ နှုတ်ဆက်လိုက်၏။

ကျိဝေဝေဆိုသော လူရွယ်က ပြုံးပြပြီး ...

"ခင်ဗျားတို့ကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်ကကိစ္စတစ်ခုရှိလို့ လိုက်လာခဲ့တာပါ"



စီးဝေရှမ်းသည် ကျိဝေဝေဆိုသော လူငယ်အသံကို ကြားဖူးသည်ဟု စိတ်ထဲ၌ မှတ်မိ၏။

သို့သော် မည်သည့်နေရာ၌ ကြားဖူးခဲ့သည်ကိုမူ မမှတ်မိတော့ပါချေ။

ထို့ကြောင့် သူသည် ကျိဝေဝေအား အကဲခတ်ကြည့်နေမိသည်။

ထိုအခါ ကျိဝေဝေကလည်း သူ့အား တစ်ချက်ဝေ့ကြည့်နေသည်ကို တွေ့ရ၏။

သူ၏မျက်လုံးအစုံသည် အလွန်စူးရှပြီး အေးစက်နေသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ အလိုအလျောက် တုန်ခါသွားတော့သည်။

ထိုစဉ် ကျားနက်မင်းသားလေးက ပြုံး၍ မေးလိုက်လေသည်။

"ဒါနဲ့ ခင်ဗျားက ဘယ်လိုကိစ္စကြောင့် ကျုပ်တို့ဆီ ရောက်လာရသလဲဆိုတာ ပြောပါဦး"

ကျိဝေဝေ စီးဝေရှမ်းအား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ကျုပ်က လူတစ်ယောက်ကို ခေါ်သွားမလို့ပါ"

ဖြည်းညင်းစွာ ဖြေလိုက်သည်။

www.burmeseclassic.com

ကျွားနက်မင်းသားလေးက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူများပါလိမ့်"

ကျီဝေဝေသည် စီးဝေရှမ်းအား ညွှန်ပြလိုက်သည်။

"သူ့ကို ခေါ်သွားမလို့ပါ"

စီးဝေရှမ်းသည် ထိုစကားကို ကြားလိုက်ရသောအခါ ထိတ်လန့်စွာဖြင့် နောက်သို့ ဆုတ်သွားမိသည်။ ချိုလှုရှမ်းက ပြုံးလိုက်သည်။

"ဒါကတော့ ခင်ဗျားသဘောပေါ့၊ ကျုပ်အနေနဲ့ကတော့ ဘာမှ ပြောစရာမရှိပါဘူး"

ကျီဝေဝေသည် ကျွားနက်မင်းသားလေးတက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကရော"

ကျွားနက်မင်းသားလေးက ပခုံးတစ်ချက်တွန့်ပြလိုက်လေသည်။

"ဒီကိစ္စက ပြောရမှာ အားနာပါတယ်ဗျာ"

ကျီဝေဝေက မျက်ခုံးပင့်၍ ...

"ဘာဖြစ်လို့လဲဗျ"

"ဒီလူဟာ စုရဲ့ရဲ့မိခင်ကို သတ်သွားတဲ့ တရားခံပါ ... ဒ



ကြောင့်"

ကျီဝေဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါတွေ ကျုပ်မသိဘူး ... ကျုပ်သိတာက သူဟာ ကျုပ်အသိရှိနေတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒီတော့ သူ့ကို ကျုပ်ခေါ်သွားမယ် ... ဒါပဲ"

သူသည် ပြောပြီးသည်နှင့် လျှပ်တစ်ပြက် စီးဝေရှမ်း လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်ပြီး ဧည့်ခန်းထဲမှ ဆွဲခေါ်သွားသည်။

"ခင်ဗျား ခေါ်မသွားနဲ့"

မင်းသားလေး၏ ထိတ်ထိတ်ပျာပျာ ဟန့်တားလိုက်သည့် အသံကိုကြားလိုက်ရသည်။

သို့ရာတွင် ကျီဝေဝေသည် စီးဝေရှမ်း၏လက်ကိုဆွဲကာ အတော်အတန် ဝေးဝေးနေရာသို့ပင် ရောက်သွားလေပြီ ဖြစ်ပေတော့သည်။

ကျီဝေဝေသည် ကျွားနက်မင်းသားလေးကို လုံးဝ ဂရုမစိုက်ပါချေ။

☆☆☆

www.burmeseclassic.com



## အခန်း (၁၀)

### ထူးဆန်းသော မိန်းကလေး

ကျိုဝေဝေသည် စီးဝေရှမ်း၏ လက်ကိုဆွဲကာ ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးသွားရာ အတန်ဝေးဝေးရောက်သွားမှ ခြေလှမ်းများကို ရပ်လိုက်သည်။

ထို့နောက်တွင်မူ ကျိုဝေဝေက သူ့အား ဖမ်းဆွဲထားသော လက်ကို လွှတ်ပေးလိုက်သည်။

သူက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ"

သို့သော် ကျိုဝေဝေက သူ့အား အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"မင်းရဲ့ ကျေးဇူးဆပ်မှုကို ခံချင်လို့ခေါ်ခဲ့တာ မဟုတ်ဘူးကွ"



ဟု တုံးတိတိဖြင့် ပြော၏။

သူ အံ့သြသွားသည်။

"ဒါဆိုရင် ဘာဖြစ်လို့ ကယ်လာတာလဲဗျာ"

သူ့စကားမဆုံးမီ ကျိုဝေဝေက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဟိုးအရင်တုန်းက ပေးထားတဲ့ကတိအတိုင်းဆိုရင် မင်းကိုသတ်ဖို့ အချိန်တစ်နှစ်လောက် ကျန်ပါသေးတယ်၊ ဒါပေမဲ့ မင်းဟာ အလိုက်ကန်းဆိုးမသိဘဲ ကျုပ်တို့ ခုံတုံကိုဏ်းသားငါးယောက်ကို တိုက်ခိုက်ခဲ့တဲ့အတွက် ကျုပ်က ဆုံးမဖို့ မင်းကို ခေါ်လာခဲ့တာပါ"

ယခုမှ သူ နားလည်လိုက်သည်။ ကျိုဝေဝေဆိုသောလူမှာ မိမိ၏ အမေလွှေဝါးကို ကျူးယန်တို့အဖွဲ့ တိုက်ခိုက်စဉ်အချိန်က ပြင်းပေါက်၏ အပြင်ဘက်မှ စကားပြောနေသူဖြစ်သည်ကိုလည်း သတိမိလိုက်သည်။

ထို့ကြောင့် ထိုအသံကို မိမိကြားဖူးခဲ့သည်ဟု ထင်မှတ်ခဲ့ခြင်း ဖြစ်သည်။

စီးဝေရှမ်းသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"ဒါကြောင့် ခင်ဗျားအသံကို ကျုပ်ကြားဖူးပါတယ်လို့ ထင်ခဲ့

www.burmeseclassic.com



ဟု ပြောလိုက်မိသည်။ ကိုဝေဝေက သူ့အား စူးရဲစွာကြည့်ပြီး …

"ကဲ … ငါပြောတာ နားလည်ပြီ မဟုတ်လား"

စီးဝေရှမ်း၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

"ခင်ဗျားက ကျုပ်ကိုသတ်မလို့ … ဟုတ်လား"

ကိုဝေဝေက ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"မင်းကို ခုချက်ချင်း မသေစေချင်သေးဘူး၊ ဒါကြောင့်လဲ မင်းကို ခုလို ခေါ်ထုတ်လာခဲ့တာပေါ့၊ ကယ်ခဲ့တာပေါ့"

သူက သဘောကျစွာပြုံးပြီး …

"ဒီလိုဆို ကျေးဇူးတင်ပါတယ်"

ကိုဝေဝေ မဲ့ပြုံးပြုံးလိုက်ပြန်သည်။

"စကားမများနဲ့၊ မင်းအိတ်ထဲက ကျောက်စိမ်းခေါင်းတလားဟာ ကျုပ်နဲ့ဘယ်လိုပတ်သက်သလဲဆိုတာ မသိရသေးလို့က တစ်ကြောင်း၊ ပြီးတော့ ကျုပ်ရဲ့မွေးစားအမေ လွှဝါးကလည်း ဒီခေါင်းတလားကို မပျောက်ဆုံးအောင် သိမ်းထားပါလို့ မှာခဲ့တယ်၊ ဒါကြောင့် မပေးနိုင်တာကို ဝမ်းနည်းပါတယ်"

ကိုဝေဝေ ဒေါသထွက်လာလေသည်။ သူသည် စီးဝေရှမ်းကို စူးရှစွာကြည့်လိုက်ပြီး …



"မင်းက ငါ့ကိုအာခံမလို့လား"

"အာခံချင်လို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကိုပြောပြရင် ကျုပ်ကချင့်ချိန်ပြီး ပေးသင့်ပေးလိုက်ရင် ပေးလိုက်မှာပဲ၊ နို့မဟုတ်ရင် ကျုပ်အသက်သာ အသေခံမယ်၊ မပေးဘူး"

စီးဝေရှမ်းက ပြတ်သားစွာပြောဆိုလိုက်သည်။ သူ၏စကားကြောင့် ကိုဝေဝေ အခက်ကြုံသွားရတော့၏။ အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း … ငါကလည်း အမိန့်အတိုင်းသာ ဆောင်ရွက်ရတာပါ၊ မှန်တာပြောရရင် ဒီကိစ္စနဲ့ပတ်သက်ပြီး ငါလည်း ဘာမှမသိရသေးပါဘူး"

စီးဝေရှမ်းက အံ့သြသွားသည်။

"ဒါနဲ့ ခင်ဗျားက ကျုပ်ကို မဟာရန်သူတစ်ယောက်လို ဆက်ဆံခဲ့ရသလားဗျ"

ဟု မကျေမနပ်နှင့် မေးမြန်းလိုက်မိ၏။

ကိုဝေဝေ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လာသည်။

သူသည် စီးဝေရှမ်းအားကြည့်၍ တစ်လုံးချင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ အပြစ်မရှိပေမယ့် မင်းရဲ့အဖေကြောင့် ကျုပ်ရဲ့ဖခင်ဟာ မသန်မစွမ်း ဖြစ်ခဲ့ရရှာတယ်"

စီးဝေရှမ်း၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိသည်။

"ဟုတ်လား ... ခင်ဗျားအဖေက ဘယ်သူလဲ"

ကျိုဝေဝေသည် စိတ်မရှည်နိုင်တော့ဘဲ သူ့အား လှမ်း၍ ဝေါက်လိုက်၏။

"မင်းပါးစပ်ပိတ်ထားလိုက်စမ်း"

သူက ခံပြင်းလာသည်။

"ခင်ဗျား ကျုပ်ကိုကူညီခဲ့လို့ လေးစားနေတာဗျ၊ ခင်ဗျားကို ကြောက်လို့မထင်နဲ့"

သူကလည်း ဒေါသဖြစ်စွာဖြင့် ပြန်ပြောလိုက်လေတော့သည်။

ကျိုဝေဝေက ခပ်မဲ့မဲ့ပြုံး၍ ...

"ဘာလဲ ... မင်းက ငါ့ကို တိုက်ခိုက်ချင်တဲ့ သဘောလား"

သူသည် စကားဆုံးသွားသည်နှင့် ရှေ့သို့ ခြေတစ်လှမ်းတိုး၍ စီးဝေရှမ်း၏ ပါးကို ရိုက်ချလိုက်၏။

'ဖြန်း'

မမျှော်လင့်ဘဲ ပါးရိုက်ခံရသဖြင့် စီးဝေရှမ်းသည် လုံး



သည်းမခံနိုင်တော့ပါ။

ထို့ကြောင့် ဓားကိုဆွဲထုတ်ပြီး တစ်ဟုန်ထိုး တိုက်ခိုက်လေသည်။

သူသည် သူ၏မွေးစားအမေ လှေ့ဝါးက သူ့အား သင်ကြားပေးထားခဲ့သဖြင့် သိုင်းကွက်များကို အသုံးပြုလိုက်လေသည်။

သူ့အဖို့ ဤဓားကွက်များကိုသာ တတ်သည်။

တတ်သည့်ပညာသာ အသုံးပြုရမည် မဟုတ်ပါလား။

ကျိုဝေဝေ၏ မျက်နှာတစ်ခုလုံးသည် ခက်ထန်လာသည်။

သူသည် လက်ဝါးနှစ်ဖက်ဖြင့် စီးဝေရှမ်းအား ဝင်ရောက်တိုက်ခိုက်၏။

စီးဝေရှမ်းသည် ဓါးကို တင်းစွာကြိတ်၍ တစ်ဆက်တည်း သိုင်းကွက် သုံးကွက်တိတိကို တိုက်ခိုက်၏။

သူ့သိုင်းကွက်များသည် အားမာန်အပြည့်ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ်ယုံကြည်၏။

သို့သော် သူသည် အားနှင့်မာန်နှင့် သိုင်းကွက်သုံးကွက်တိတိ တိုက်ခိုက်လိုက်သော်လည်း စီးဝေရှမ်း၏အင်္ကျီစကိုပင် မထိနိုင်ပါချေ။

ထိအောင် မတိုက်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရင်ထိတ်သွား၏။

တစ်ဖန် သူသည် ပို၍ပြင်းထန်စွာ တိုက်ခိုက်၏။ ကျိုဝေဝေ မဲ့ပြုံး ပြုံးလိုက်သည်။

ထို့နောက် သူ့ထံသို့ ပူးကပ်ဝင်လိုက်ပြီးလျှင် စီးဝေရှမ်း၏ ဓားကို ဖမ်းဆုပ်ထားလိုက်သည်။

စီးဝေရှမ်းက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်ရသည်။

ကျိုဝေဝေက သူ့အား စိုက်ကြည့်လိုက်၏။

"ကဲ … ဘာဖြစ်လို့ မတိုက်ဘဲ ရပ်လိုက်ရတာလဲ"

သူ့အမေးကြောင့် စီးဝေရှမ်းက မဲ့ပြုံးပြုံးလိုက်ပြီး …

"ကျုပ်ရဲ့ဓားက သိပ်ထက်တာနော်၊ ခင်ဗျား ကြာကြာဖမ်းထားနိုင်ပါ့မလား"

ကျိုဝေဝေက မထိတ်လန့်ဘဲ ပြုံး၍ …

"မင်းအနေနဲ့ ကျုပ်ကို လက်တစ်ဖက်ဖြတ်ပစ်နိုင်ခဲ့ရင် မင်းရန်တစ်ခု အေးသွားမယ် မဟုတ်လား"

သူက ရယ်မောလိုက်သည်။

"ကျုပ်က ယောက်ျားဗျ၊ လက်နက်မရှိတဲ့လူကို ဓားနဲ့ အနိုင်မကျင့်ချင်ပါဘူးဗျာ"



"ဟား ဟား ဟား"

ကျိုဝေဝေက အားပါးတရ ရယ်လိုက်၏။

သူသည် စီးဝေရှမ်းအား အတန်ကြာ စိုက်ကြည့်ပြီး သက်ပြင်းရှည်တစ်ချက် ချမိ၏။

"မင်းရဲ့သိုင်းပညာ နုနယ်ပါသေးတယ်၊ ဒါပေမဲ့ မင်း စိတ်ထားကတော့ ရိုးသားမွန်မြတ်ပါတယ်၊ အေး … ဒါကြောင့်လည်း ကျုပ်အနေနဲ့ မင်းအပေါ် မရက်စက်ချင်တာပေါ့"

သူသည် စကားဆုံးသွားသည်နှင့် လျှပ်တစ်ပြက် စီးဝေရှမ်း၏ သွေးကြောအား ပိတ်လိုက်၏။

ထို့နောက် စီးဝေရှမ်းအိတ်ထဲမှ ကျောက်စိမ်းခေါင်းတလားလေးအား နှိုက်ယူလိုက်သည်။

သူသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ ကျိုဝေဝေ လက်ထဲသို့ ကျောက်စိမ်းခေါင်းလေး ပါသွားသည်ကိုသာ ကြောင်၍ ကြည့်နေမိသည်။

ကျိုဝေဝေသည် သူ့အား အတန်ကြာ စိုက်ကြည့်လိုက်လေသည်။

သူ၏မျက်နှာပေါ်တွင် ထူးခြားသည့်အမူအရာများ ပေါ်လွင်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စီးဝေရှမ်း ... မင်းကိုငါ မမုန်းပါဘူး၊ ဒါပေမဲ့ မင်းတို့ ငါတို့ရဲ့ လူကြီးချင်းမှာ ဖြေရှင်းမရနိုင်တဲ့ ရန်ငြိုးတွေ ရှိနေတဲ့ အတွက် ဒီလိုမလုပ်ရင် မဖြစ်တဲ့ အခြေအနေမှာ ရှိနေပါတယ်၊ ဒါကို မင်းယုံစေချင်တယ်"

သူသည် ပြောရင်းမှ အသံများ တိမ်ဝင်လာ၏။ စီးဝေရှမ်းမှာ မိမိအပေါ်တွင် ရန်သူအနေဖြင့် တစ်မျိုး၊ ကယ်တင်ရှင်အနေဖြင့် တစ်ဖုံ ဆက်ဆံနေသော ကျိုဝေဝေကို မည်သို့ နားလည်ရမည်မှန်း မသိဘဲဖြစ်နေမိ၏။

သူ့ရင်ထဲ၌လည်း လှုပ်ရှားနေမိသည်။

ထိုစဉ် ကျိုဝေဝေ သည် ကျောက်စိမ်း ခါင်းကလေးကို စီးဝေရှမ်း၏အိတ်ထဲသို့ ပြန်ထည့်ပေးလိုက်၏။

ထို့နောက် ကျိုဝေဝေသည် သူ၏သွေးကြောအား ပြန်ဖွင့်ပေးလိုက်ပြီး ထိုနေရာမှ လျင်မြန်စွာ ပြေးလွှားကွယ်ပျောက်သွားလေသည်။

☆☆☆

## အခန်း (၁၁)

### ကယ်တင်ရှင်လော၊ ရန်သူလော

စီးဝေရှမ်းသည် ကျိုဝေဝေထွက်သွားသော နေရာသို့ ငေးကြည့်နေမိ၏။ ကျိုဝေဝေ ပျောက်ကွယ်သွားမှသာ သူ ငေးမကြည့်တော့ပေ။

ထို့နောက် သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး ဆက်လျှောက်သွားသည်။

အတန်ကြာလျှောက်မိသောအခါ ပြေးလာနေသော ခြေသံတစ်သံအား ကြားလိုက်ရသဖြင့် သူသည် အနီးရှိ သစ်ပင်တစ်ပင်နောက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်ပြီး ခြေသံလာရာသို့ ချောင်းကြည့်လိုက်၏။

မကြာပါချေ ...။

တစ်ကိုယ်လုံးအနီရောင် ဝတ်ဆင်ထားသော အဘိုးအိုတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ပြေးလွှားလာသည်ကိုတွေ့ရ၏။

သူ့ပခုံးပေါ်တွင် မိန်းကလေးတစ်ယောက်အား ထမ်းထားသည်ကို တွေ့ရသည်။

စီးဝေရှမ်းက အဘိုးအို၏ပခုံးပေါ်တွင် ထမ်းလာသော မိန်းကလေးအား ကြည့်လိုက်ရာ ယင်းမိန်းကလေးမှ စုရဲရှုံဖြစ်နေသည်ကို တွေ့ရသည်။

မမျှော်လင့်သောမြင်ကွင်းကြောင့် စီးဝေရှမ်းအံ့ဩသွားမိသည်။

သူ ထိုသို့အံ့ဩနေစဉ် အဘိုးအို၏နောက်နား ဝါးတစ်ရိုက်ခန့်အကွာတွင် လူတစ်ယောက်က ပြေးလိုက်လာသည်ကို တွေ့ရလေ၏။

ထိုလူမှာ ...

ကျားနက်တောင်မှာတုန်းက တွေ့ရှိခဲ့သော ချိုလူရှမ်းဖြစ်နေသည်ကို မှတ်မိလိုက်၏။

စီးဝေရှမ်းသည် အဘိုးအိုအား သေချာစွာကြည့်လိုက်လေသည်။

ထိုအခါ ဤအဘိုးအိုသည် ချိုလူရှမ်း၏ဆရာဖြစ်သည်ကို ချက်ချင်း သိလိုက်သည်။



အခြေအနေကို ကြည့်ရခြင်းအားဖြင့် ချိုလူရှမ်းသည် သူ့ဆရာ၏ အကူအညီဖြင့် ကျားနက်မင်းသားထံမှ စုရဲရှုံအား လုယူလာခြင်းဖြစ်သည်ကို ဆင်ခြင်သုံးသပ်မိသည်။

စီးဝေရှမ်းသည် စုရဲရှုံအား ကယ်တင်ရန် စိတ်ကူးပေါ်လာသည်။

ထို့ကြောင့် ပုန်းကွယ်နေရာမှ ရုတ်တရက် ထွက်လာပြီးလျှင် ချိုလူရှမ်းအား ဓားဖြင့် ဦးစွာ တိုက်ခိုက်တော့၏။

ချိုလူရှမ်းက ရုတ်တရက် ခြေလှမ်းရပ်တန့်သွားလေ၏။ ထို့နောက်တွင်မူ သူသည် စီးဝေရှမ်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ရယ်မောလိုက်၏။

"ဟား ဟား ... မင်းကိုး၊ အတော်ပဲ ... စုရဲရှုံအတွက် မင်းကို လိုက်ရှာနေတာ၊ ခုတော့ မင်းဟာမင်း သေချင်လို့ ဝင်တိုးတာဆိုတော့ ကဲ ... သေဖို့သာ ပြင်ပေတော့"

သူသည် ပြောပြီးသည်နှင့် စီးဝေရှမ်း၏ ဓားကို ရှောင်တိမ်းလိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူသည် လက်နက်မဲ့ တိုက်ခိုက်ခြင်းဖြစ်၍ စီးဝေရှမ်းထက် သိုင်းပညာ ပို၍ထက်မြက်သည်။

စီးဝေရှမ်းသည် အံကို တင်းစွာကြိတ်၍ သဲသဲမဲမဲဖြင့် ချိုလူ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအား တိုက်ခိုက်ရ၏။

ချိုလူရှမ်းသည် တိုက်ပွဲအတွေ့အကြုံ အလွန်ရင့်ကျက်ပြီး သိုင်းပညာကလည်း စီးဝေရှမ်းထက် များစွာ အဆင့်မြင့်လှသည်။

သူသည် စီးဝေရှမ်း၏ တရှူးကြမ်းတိုက်ခိုက်လာသော သိုင်းကွက်များကို ရှောင်တိမ်းရင်း စီးဝေရှမ်း၏ အဓိကသွေးကြောနေရာသို့ တိုက်ခိုက်လိုက်သည်။

စီးဝေရှမ်းသည် သိုင်းကွက်ဆယ်ကွက်ကျော်မျှ တရကြမ်း တိုက်ခိုက်လိုက်သော်လည်း ချိုလူရှမ်းအား အနည်းငယ် ထိခိုက်မိခြင်း မရှိပါချေ။

သူသည် မည်သို့မျှ မတတ်နိုင်သည့် အခုံးတွင် လက်ထဲမှ ဓားဖြင့် ချိုလူရှမ်း၏ ရင်ဝသို့ ပစ်လိုက်၏။

ချိုလူရှမ်းက မမျှော်လင့်ဘဲ ဖြစ်သွားသဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်သော်လည်း ဓားသည် သူ့ပခုံးသို့ ထိမှန်သွားလေသည်။

သွေးများသည် သူ့တစ်ကိုယ်လုံးအား ချက်ချင်းနီရဲသွားသည်။

သူသည် အံတင်းတင်းကြိတ်ပြီး လက်ဝါးဖြင့် စီးဝေရှမ်းရင်ဝသို့ ရိုက်ချလိုက်ရာ ...



'ဝုန်း'

စီးဝေရှမ်းသည် မြေပေါ်သို့ လွင့်စဉ်ကျသွား၏။

"ဟား ဟား ဟား"

သူ၏နားထဲတွင် ချိုလူရှမ်း၏ အောင်မြင်သော ရယ်မောသံများ ကြားလိုက်ရသည်။

"ကဲ ... သေပေတော့"

ဟူသော ကြိမ်းဝါးသံနှင့်အတူ ချိုလူရှမ်းသည် သူ့အနားသို့ ချဉ်းကပ်လာပြီး သူ၏လည်ကုပ်သို့ ချိန်ရွယ်၍ လက်ဝါးစောင်းဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်"

ကျယ်လောင်သော အသံတစ်သံသည် ထွက်ပေါ်လာလေသည်။

ဤအသံသည် ...

စီးဝေရှမ်းအနေဖြင့် နောက်ဆုံးကြားလိုက်သော အသံမျှသာ ဖြစ်၏။

ထို့နောက် သူသည် လုံးဝ သတိမေ့သွားလေတော့၏။

စီးဝေရှမ်း သတိရလာသောအခါ သူ၏အသက်နှင့်ခန္ဓာ [illegible] ဆက်ရှိသေးသည်ကို သတိပြုမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ လွန်စွာ အံ့ဩသွားသည်။

မိမိအား ကယ်တင်ခဲ့သူမှာ ရန်သူလော၊ မိတ်ဆွေလောဟု ဝင် ခွဲခြားရန်ခက်ခဲသော ကျိုဝေဝေပင် ဖြစ်နေသည်။

ကျိုဝေဝေသည် လက်ဝါးခန့်အရွယ်ရှိသော ကြေးမုံပြင်တစ်ခု ဖြင့် မိမိ၏ဒဏ်ရာများကို ကုသပေးနေသည်ကို တွေ့ရှိလေသည်။

သူ သတိရလာသည်ကို ကျိုဝေဝေက လုံးဝ မသိသေးဘဲ ကြေးမုံပြင်ဖြင့်သာ စီးဝေ့ရှမ်း၏ဒဏ်ရာများကို သတိကြီးစွာဖြင့် ကုသ နေ၏။

ယင်းကြေးမုံသည် နွေးထွေးသည့် အငွေ့အသက်ရှိပြီး ထိ တွေ့ရသော နေရာများသည် အလွန်သက်သာလာသည်ကို ခံစား လိုက်ရသည်။

ကျိုဝေဝေသည် အတန်ကြာမျှ ကုသပေးပြီးနောက် တစ် ဖက်သို့ လျှောက်သွား၏။

စီးဝေ့ရှမ်းက ဘေးဘီသို့ ဝေ့ကြည့်လိုက်ရာ မိမိမှာ လိုဏ်ဂူ တစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့ရသည်။

ကျိုဝေဝေက ပြန်လှည့်ကြည့်လိုက်သောအခါ စီးဝေ့ရှမ်းက မျက်လုံးပြန်ပိတ်ထားသည်။

ကျိုဝေဝေက အနီးသို့ လျှောက်လာသည်။



သူသည် စီးဝေ့ရှမ်းအားကြည့်ကာ သက်ပြင်းတစ်ချက်ချ လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ကျုပ် တတ်နိုင်သလောက် ကုသပေးခဲ့ပြီးပြီ"

သူသည် ပြောရင်း ခေတ္တရပ်ထားလိုက်သည်။

ထို့နောက် ...

"မင်း ဒီမှာ တစ်ညလောက် အနားယူလိုက်ပြီး သွားလိုရာ သွားနိုင်ပါပြီ၊ တစ်ခုတော့ မှာထားပါရစေ ... ဖူနုတောင်ကို မသွားမိ ဖို့ကိုတော့ ကြပ်ကြပ်သတိထားပါ"

ထိုစကားကြားလိုက်ပြီးနောက် တိတ်ဆိတ်သွားတော့ သည်။

အတန်ကြာမှ စီးဝေ့ရှမ်းက မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် ကျိုဝေဝေအား မတွေ့ရတော့ပေ။

သူ ထိုင်ရာမှ ထလိုက်သည်။

သူ၏ခေါင်းထဲတွင် ကျိုဝေဝေပြောခဲ့သော စကားများကို ဆင်ခြင် သုံးသပ်နေမိ၏။

ကျိုဝေဝေသည် အဘယ်ကြောင့် သူ့အား ဖူနုတောင်သို့ သွားရန် ဟန့်တားရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတန်ကြာ စဉ်းစားပြီး ထိုင်ရာမှထလိုက်လေသည်။

မည်သို့ဆိုစေ ...

သူ၏ဘဝ၊ သူ၏ဇာတ်ကြောင်းများကို သိရှိရန်မှာ ဖူနတောင်သို့ သွားရန်မှတစ်ပါး အခြားနည်းလည်း မရှိတော့ပါ။

ဖူနတောင်သည် သူ့အတွက် သေမည့်တောင် ဖြစ်ပါစေ သူသွားရမည်သာ ဖြစ်ပါတော့သည်။

☆

စိုးဝေရှမ်းသည် လိုဏ်ဂူထဲမှ ထွက်လာသောအခါ ဂူအဝနှင့် ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် လဲနေသည်ကို တွေ့ရလေသည်။

သူသည် လျင်မြန်စွာပြေးသွားပြီး ငုံ့ကြည့်ရာ အံ့သြထိတ်လန့်သွားသည်။

လဲကျနေသောသူမှာ ကျိဝေဝေပင်ဖြစ်ပါ၏။

ကျိဝေဝေ၏ နှုတ်ခမ်းထောင့်တွင် သွေးများ စီးဆင်းကျနေသည်ကို တွေ့ရလေသည်။



တစ်စုံတစ်ယောက်က သူ့အား အလစ်ဝင်ရောက်တိုက်ခိုက်သွားခြင်းပင် ဖြစ်သည်ဟု ချက်ချင်း ရိပ်စားမိလေသည်။

စိုးဝေရှမ်းသည် သူ့အား ပွေ့ထူပြီး လိုဏ်ဂူထဲသို့ ပြန်ဝင်ခဲ့ရတော့သည်။

သူ့အား သေချာစွာကြည့်လိုက်သောအခါ ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို တွေ့မြင်ရသည်။

သူသည် စိုးရိမ်ထိတ်လန့်သွားမိ၏။

ကျိဝေဝေအား မည်သို့ကုသမည်ကို မသိဘဲဖြစ်နေသည်။ သူ့ကို ကျိဝေဝေက မည်ကဲ့သို့ကုသခဲ့ပါသနည်း။

ကျိဝေဝေသည် ကြေးမုံမှန်ပြားဖြင့် ကုသခဲ့သည်။

ထိုကြေးမုံမှန်ပြားကြောင့် မိမိဒဏ်ရာများ အတော်သက်သာလာခဲ့သည်။

သူသည် ဂူထဲ၌ နေရာအနှံ့ ရှာဖွေကြည့်သော်လည်း ထိုကြေးမုံပြင်အား မည်သည့်နေရာတွင်ထားမှန်း မသိရှိဘဲဖြစ်နေသည်။

ကြေးမုံပြင်သည် ကျိဝေဝေ၏ ခန္ဓာကိုယ်ပေါ်တွင် ရှိရမည်ဟု သတိရလာသည်။

ကြေးမုံကလေးမှာ အတော်အတန် သေးငယ်သဖြင့် သူ၏ ခန္ဓာကိုယ်ပေါ်မှလွဲ၍ အခြား မရှိနိုင်ဟု တွေးမိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျိဝေဝေ၏ အင်္ကျီအိတ်ထဲသို့ လက်နှိုက်ရှာလိုက်ရာ ကြေးမုံပြင်အား တွေ့ရှိရလေသည်။

သူ ဝမ်းသာသွားသည်။

ကြေးမုံပြင်အား ထုတ်ယူပြီး ကျိဝေဝေ၏ အပေါ်အင်္ကျီအား ချွတ်လိုက်သည်။

သူသည် ကျိဝေဝေ၏အင်္ကျီအား ချွတ်လိုက်သောအခါ ကျိဝေဝေ၏ အတွင်းခံအင်္ကျီမှာ မိန်းကလေးများ ဝတ်ဆင်လေ့ရှိသည့် အင်္ကျီ ဖြစ်နေသည်ကိုတွေ့ရသည်။

"ဟင်"

သူ၏မျက်နှာ နီမြန်းသွားသည်။ သူသည် ထိတ်လန့်တုန်လှုပ် သွားသည်။ စိတ်ထဲမှလည်း သံသယဖြစ်လာသည်။

သူ၏ခေါင်းပေါ်မှ ခေါင်းစည်းကိုဖြုတ်ချပြီး ကြည့်လိုက်မိသည်။

"ဟောဗျာ"

သူသည် ထိတ်လန့်စွာဖြင့် အသံလွှတ်ခနဲထွက်ကာ ရေရွတ်လိုက်မိသည်။

ဟုတ်ပါသည် ...။

ကျိဝေဝေမှာ ယောကျ်ားကလေးဟန်ဆောင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်။



သူသည် ရင်တထိတ်ထိတ် ဟုန်လာပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

သို့သော် ကျိဝေဝေ၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်များ ပျောက်ကွယ်သွားပြီး ဖြူဖပ်ဖြူရော်ဖြစ်လာသည်ကို တွေ့မြင်နေရသည်။

အကယ်၍သာ အချိန်မီကုသခြင်းမရှိလျှင် ကျိဝေဝေ၏ အသက်အန္တရာယ်မှာ စိုးရိမ်စရာဖြစ်နိုင်သည်ဟု ရိပ်စားမိလိုက်သည်။

ထိုကြေးမုံပြင်ဖြင့် သူ၏ကိုယ်လုံးပေါ်သို့ ဖိပေးလိုက်လေသည်။

ထမင်းအိုးတစ်လုံးကျက်မျှအကြာတွင် သူ၏မျက်နှာပေါ်၌ သွေးရောင်များ ယှက်သန်းလာသည်ကို တွေ့ရှိရလေသည်။ အစွမ်းထက်သည့် ကြေးမုံပြင်ကလေးပါပေ။

အသက်ရှူသံများမှာလည်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာ၏။

စီးဝေ့ရှမ်းသည် ဝမ်းသာလာမိသည်။ သူသည် ကြိုးစား၍ ကုသပေးနေ၏။

နောက်ထပ် အတန်ငယ် ကြာလာသောအခါ ကျိဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



သတိရလာသည်။

မျက်လွှာပင့်တင်၍ လေပူများကို တစ်ချက်မှုတ်ထုတ်လိုက်လေသည်။ ထို့နောက် လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။

စီးဝေရှမ်းက ဝမ်းသာအားရဖြင့် ဖေးမရန် ဟန်ပြင်လိုက်သည်။

'ဖြန်း'

သူ၏လက်ဝါးတစ်ဖက်သည် စီးဝေရှမ်း၏ ပါးပြင်ပေါ်သို့ ရောက်ရှိသွားတော့သည်။

စီးဝေရှမ်းသည် မမျှော်လင့်ဘဲ ပါးကို အရိုက်ခံလိုက်ရသဖြင့် သူသည် ပါးပြင်ကို လက်ဝါးဖြင့်ပွတ်သပ်ရင်း ပြူးကျယ်သောမျက်လုံးများဖြင့် သူ့အား အံ့သြစွာ ကြည့်နေမိသည်။

ထို့နောက် မကျေမနပ်ဖြင့် ...

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ပါးကို ရိုက်ရတာလဲ"

သူသည် ရှက်ရှက်နှင့် ပြန်အော်လိုက်သည်။

ကျိဝေဝေသည် စကားမပြောဘဲ အနီးရှိ အပေါ်အင်္ကျီအားကောက်ယူဝတ်ဆင်လိုက်သည်။

ထို့နောက် ခေါင်းစည်းကိုယူ၍ ဆံကေသာများအား စုစည်းလိုက်ပြီး စနစ်တကျ ပြန်စည်းထားလိုက်သည်။



စီးဝေရှမ်းက နားလည်သဘောပေါက်သွားသည်။

"ခင်ဗျား မိန်းကလေးဖြစ်နေမှန်း ကျုပ်မသိတာ အမှန်ပါ၊ နောက်ပြီး အချိန်မီမကုရင် ခင်ဗျားသေမှာစိုးလို့ အခုလို ကုလိုက်ရတာ၊ ကျုပ်ကို အထင်လွဲရင် ခင်ဗျားမှားသွားမှာပေါ့"

ကျိဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းငုံ့မိသည်။ သူမသည် တိုးညင်းစွာဖြင့် ...

"ကျွန်မ နားလည်ပါတယ်၊ အခုကိစ္စမှာ ရှင့်မှာ ဘာအပြစ်မှ မရှိပါဘူး၊ အခုလို စိတ်လိုက်မာန်ပါ လုပ်မိတာကို ခွင့်လွှတ်ပါ"

ကျိဝေဝေသည် ယင်းသို့ပြောပြီး ခေါင်းငုံ့ထားလိုက်လေသည်။

စီးဝေရှမ်းသည် သူ၏ပါးပြင်ကို ပွတ်သပ်ရင်း ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ ... ကျုပ် ခွင့်လွှတ်နိုင်ပါတယ်"

ကျိဝေဝေသည် တစ်စုံတစ်ခုတွေးမိပြီး မျက်နှာညှိုးငယ်လာသည်။

"အင်း ... အတော်ခက်ပါလားကွယ်၊ ကျွန်မ ဘာကို ဆက်လုပ်ရမှာလဲ"

သူမသည် တစ်ကိုယ်တည်း တီးတိုးရေရွတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက မျက်မှောင်ကုတ်သွားသည်။

သူမက မည်သူ့ကို ရည်ရွယ်၍ပြောမှန်း သူ နားမလည်ပေပဲ။

သူမက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ရှင့်ကိုမြင်မြင်ချင်း ခင်မင်တဲ့ စိတ်ပေါ်လာမိပါတယ်၊ ရှင့်ရဲ့ ရိုးသားဖြောင့်မတ်တဲ့ စိတ်ထားကို တွေ့ရပြန်တော့လည်း ရှင့်ကို ပိုပြီး လေးစားမိပါတယ်၊ ဒါပေမဲ့"

သူမသည် ပြောရင်း မျက်နှာတစ်ခုလုံး ကြေကွဲဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လာ၏။

"ရှင့်မိဘနဲ့ ကျွန်မမိဘတို့ဟာ မတည့်ခဲ့ကြဘူး၊ ရန်ငြိုးအကြီးအကျယ် ရှိခဲ့တယ်၊ ဒီအတွက်ကြောင့်လည်း ကျွန်မဟာ ရှင့်ကို ဘယ်လောက်ပဲခင်ခင် ပေးအပ်တဲ့တာဝန်ကိုတော့ ကျွန်မငြင်းပယ်လို့ မရပါဘူးရှင်"

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ် သေရမှာကိုကြောက်တဲ့လူ မဟုတ်ပါဘူး၊ ကိုယ့်မိဘတွေ ဘယ်လိုရန်ငြိုးရှိခဲ့တယ်, ကိုယ်က ကျူးလွန်တာလား, ကိုယ်က ခံရတာလား, ကိုယ့်ဘဝက ဘယ်လိုလဲ, ဒါတွေကို ဘာမှ မသိရသေးဘဲနဲ့ ကျုပ်တော့ မသေချင်သေးပါဘူးဗျာ"



သူမကလည်း ခေါင်းယမ်းပြီး ပြောသည်။

"ကျွန်မလည်း ဘာမှမသိပါဘူး၊ သိထားတာ တစ်ခုကတော့ ... ကျွန်မအဖေ ဒုက္ခိတဖြစ်ရတာ ရှင့်အဖေကြောင့် ဆိုတာပါပဲ"

ဝေရှမ်းက မျက်ခုံးများ မြင့်တက်သွားသည်။

"ဟုတ်လား ... ဒါဆို ကျုပ်အဖေကို ခင်ဗျားသိမှာပေါ့၊ ကျုပ်အဖေ ဘယ်သူလဲဆိုတာ ပြောပြပါလား"

သူမ ခေါင်းခါလိုက်သည်။

"ရှင့်အဖေ ဘယ်သူဆိုတာ ကျွန်မလည်း မသိဘူး"

သူသည် ခေါင်းကို သွင်သွင်ခါယမ်းပြီး ...

"အဲဒါမှ ခက်တာပေါ့ ... အခု ခင်ဗျား ဘာလုပ်ချင်လို့လဲ"

သူမ သက်ပြင်းရှည်တစ်ချက် ချလိုက်ပြန်သည်။

"ကျွန်မကိုပေးအပ်လိုက်တဲ့ တာဝန်တစ်ရပ်ကတော့ ရှင့်ကို သတ်ဖို့ပဲ"

ကျိဝေဝေသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ သတ်ခနဲ ခေါင်းမော့လိုက်၏။

သူမသည် တစ်စုံတစ်ရာကို ပိုင်နိုင်စွာဖြင့် ဆုံးဖြတ်လိုက်ပြီး

"ရှင့်ကို ကျွန်မ မသတ်တော့ဘူး၊ ကျွန်မရဲ့တာဝန်ကျေပွန်

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မကို သတ်မယ်ဆိုရင်လည်း ကျွန်မ အသေခံတော့မယ်”

သူမသည် ပြောရင်း မျက်နှာတစ်ခုလုံးမှာ တည်ကြည်လေးနက်သည့် အရိပ်အယောင်များ ပေါ်လာ၏။

“ရန်ကိုရန်ချင်း တုံ့ပြန်မယ်ဆိုရင် ဘယ်တော့မှ ဆုံးတော့မှာ မဟုတ်ဘူး”

သူမသည် စီးဝေရှမ်းအား အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး ...

“ကဲ ... ကျွန်မ သွားဦးမယ်၊ မသေသေးရင်တော့ တစ်နေ့နေ့ ဆုံတွေ့ကြသေးတာပေါ့”

သူမသည် စကားဆုံးသွားသည်နှင့် ဆတ်ခနဲထ၍ လိုဏ်ဂူထဲမှ ပြေးလွှားထွက်သွားတော့၏။

“ကျိဝေဝေ”

စီးဝေရှမ်းသည် အသံကျယ်လောင်စွာဖြင့် လှမ်းခေါ်လိုက်သည်။ ကျိဝေဝေသည် ပြန်လှည့်မကြည့်တော့ချေ။

☆☆☆



## အခန်း (၁၂)

### ထူးဆန်းသောအဘိုးအို

စီးဝေရှမ်းသည် အသံကျယ်လောင်စွာဖြင့် အော်ခေါ်ရင်း လိုဏ်ဂူထဲမှ ပြေးထွက်လိုက်၏။

သို့သော် ကျိဝေဝေ၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ပါချေ။

အဘယ်ကြောင့်မှန်းမသိ ...။ သူ့ရင်ထဲ၌ ဖော်ပြလို့မရသော ခံစားမှုတစ်ခုကို လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။

သူသည် စိတ်ပျက်စွာဖြင့် မြေပေါ်သို့ ထိုင်ချလိုက်မိလေသည်။

ထိုစဉ် ...

အက်ကွဲသောအသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးတစ်ခုလုံးကို ရန်ငြိုးဆိုတဲ့အရာက ဖျက်ဆီးနေပါလား"

စီးဝေရှမ်းသည် ရုတ်တရက် ရင်ထိတ်သွားမိ၏။

အသံလာရာသို့ လှည့်ကြည့်မိလိုက်ရာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက် လှမ်းလျှောက်လာသည်ကို တွေ့လိုက်ရသည်။

ခေါင်းပေါ်ရှိ ဖြူဖွေးသောဆံပင်များသည် လေထဲတွင်မျော နေသည်ကို တွေ့ရ၏။

ရုတ်တရက် ...

ထိုလူသည် သူ့အပါးမှ လှစ်ခနဲ ပြေးလွှားထွက်သွားသည်။

ထိုလူ၏ မျက်နှာအား မတွေ့မြင်လိုက်ရသော်လည်း အဘိုးအိုတစ်ယောက် ဖြစ်သည်ကိုမူ စီးဝေရှမ်း သိရှိလိုက်ရတော့သည်။

အဘိုးအိုသည် သူ့ရှေ့မှ ဖြတ်၍ ပြေးလွှားသွားရာ မကြာမီ ကွယ်ပျောက်သွားသည်ကို တွေ့ရှိရ၏။

အဘိုးအို၏ကိုယ်ဖော့ပညာမှာ လက်ဖျားခါလောက်အောင် ကောင်းသည်။

စီးဝေရှမ်းသည် ထိုအဘိုးအို သွားရာဘက်သို့ ဦးတည်၍ ထက်ကြပ်မကွာ လိုက်သွားလေ၏။



သူသည် ခြေကုန်ပြေး၍ အဘိုးအိုနောက်သို့ လိုက်သွားသည်။

သူသည် လိုက်ရင်းလိုက်ရင်းမှာပင် အဘိုးအို၏အရိပ်ကိုပင် မတွေ့ရတော့ပါချေ။

သူ၏ ကိုယ်ဖော့ပညာမှာ သူ့ထက်လောက်သာ ရှိသေးသည် ပဲလေ။

သူသည် စိတ်လည်းပျက်၊ ဗိုက်ကလည်း ဆာလာ၍ နားရန် ကြံလိုက်မိ၏။

ထိုစဉ် မြို့လေးတစ်မြို့အား တွေ့မြင်လိုက်ရသောကြောင့် ထိုမြို့ကလေးရှိရာသို့ ဦးတည်လျှောက်သွားသည်။

မကြာမီ သူသည် မြို့ထဲသို့ ရောက်လာ၏။

'ရွှေနဂါး စားသောက်ဆိုင်'

သူသည် ရွှေနဂါးစားသောက်ဆိုင်ထဲ ဝင်လာ၏။

ဆိုင်ကား စားစရာအစုံရောင်းသောဆိုင်ဖြစ်၍ သူသည် စားသောက်ဖွယ်ရာများ မှာကြားသည်။

စားပွဲထိုးလုလင်ကလေးများက စားစရာများ လာချသော အခါ သူသည် ဆာလောင်စွာဖြင့် အငမ်းမရ စားသောက်လေသည်။ စားသောက်ဆိုင်ထဲ၌ လူစုံရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့လူများမှာ ဓားများကို စားပွဲပေါ်၌ တင်ထားသဖြင့် သိုင်းသမားများဖြစ်ကြောင်း သိနိုင်သည်။

သူနှင့်ကပ်လျက်ရှိသော စားပွဲတစ်ခု၌ အဘိုးအိုတစ်ဦး စစ်တုရင်ထိုးနေသည်ကို တွေ့ရ၏။

ထိုအဘိုးအိုအား သေချာစွာ ကြည့်လိုက်သောအခါ သူ၏အနားမှ သူ့ကို ကျော်တက်ပြေးလွှားသွားသော အဘိုးအိုဖြစ်နေသည်ကို မှတ်မိလိုက်၏။

အဘိုးအိုနှင့် စစ်တုရင်ယှဉ်ပြိုင်ထိုးနေသူမှာ အသက်လေးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်ဖြစ်၏။

သူတို့သည် စစ်တုရင်ပေါ်သို့သာ အာရုံစူးစိုက်စွာဖြင့် ရွေ့လျားကစားနေကြသည်။

ဘေးမှကြည့်နေသူတစ်ယောက်က စီးဝေရှမ်း စိတ်ဝင်စားနေသည်ကို တွေ့သဖြင့် တိုးတိုးပြောပြနေ၏။

"ဒီအဘိုးကြီးကို စစ်တုရင်ရူးလို့ ခေါ်ကြတယ်၊ သူ့ကို တစ်ပွဲနိုင်ရင် သူက ရွှေတုံးကလေးတစ်တုံး ဆုပေးတယ်ဗျာ၊ ဒါကြောင့် သူ့ကို နိုင်အောင်ထိုးနေကြတာ"

စီးဝေရှမ်း စိတ်ဝင်စားသွားမိ၏။ ထိုလူက ခေါင်းခါယမ်း၍ စကားဆက်လိုက်သည်။



"ဒါပေမဲ့ ယှဉ်ပြိုင်တဲ့လူတွေသာ တစ်ယောက်ပြီး တစ်ယောက် ရှုံးသွားတယ်၊ သူကတော့ ဘယ်တော့မှမရှုံးဘူး၊ သူနဲ့ပြိုင်တဲ့လူတွေက သူ့လောက်မှ မတော်ဘဲကိုး"

စီးဝေရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်လား ... သူက ဒီလိုပဲ အမြဲတမ်း ရောက်လာတတ်သလား"

ထိုလူက ခေါင်းယမ်းပြလိုက်သည်။

"ပြောရခက်သားပဲ ... သူက လာချင်တဲ့အခါ လာတယ်၊ တစ်ခါတလေကျတော့လည်း တစ်လနှစ်လ ပျောက်နေတတ်ပြန်ရော၊ ဒါသာပါရင် ဝင်ထိုးကြည့်ပါလား၊ ရွှေတုံးတစ်တုံးရရင် မနည်းဘူးဗျ၊ အလကားရတဲ့ရွှေပဲ လိုချင်ကြတာပေါ့ဗျာ၊ ဒါပေမဲ့ မရမှန်းသိတော့လည်း ဝင်မထိုးကြတော့ဘူး"

စီးဝေရှမ်းက ရယ်မော၍ ခေါင်းညိတ်လိုက်သည်။

"ဟား ဟား ဟား ... ဘယ်ဆိုးလို့လဲ၊ ရှုံးရင်တော့ အရင်းပေါ့"

စီးဝေရှမ်းက ထမင်းစားသောက်ပြီးသောအခါ အဘိုးအို၏စစ်တုရင်ဝိုင်းတွင် တစ်စုံတစ်ယောက်မှ မရှိတော့ပါ။

လာရောက်ယှဉ်ပြိုင်ကြသောလူများသည် ရှုံး၍ နောက်

www.burmeseclassic.com

ဆုတ်သွားကြသည်။

စီးဝေရှမ်းသည် ထိုအဘိုးအို၏ စစ်တုရင်ပညာမှာ အဆင့်မြင့်သည်ဟု နားလည်လိုက်သည်။

သူသည် စားသောက်သည့်အတွက် ငွေတုံးလေးတစ်တုံးကို ထုတ်ရှင်းပြီး ထိုင်ရာမှထမည်အပြုတွင် ...

"ဟေ့ သူငယ် ... မင်းက စစ်တုရင်ကစားတာ ဝါသနာမပါဘူးလား"

အဘိုးအိုက သူ့အား လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ရေတော်တုန်း ရေတွင်းထဲကျခြင်းပင်။

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဝါသနာ ပါပါတယ်ဗျာ"

အဘိုးအိုက ဝမ်းသာစွာဖြင့် လှမ်းပြောလိုက်သည်။

"ဟာ ... ဒါဖြင့် တစ်ပွဲလောက် လာထိုးပါဦးလား"

သူက ခေါင်းယမ်းပြီး ဈေးကိုင်လိုက်သည်။

"မဖြစ်ဘူးထင်တယ် ... ကျွန်တော် သွားစရာရှိသေးတယ်ဗျ"

"ဘာများ ဒီလောက်တောင် အရေးကြီးနေရတာလဲ၊ တစ်ခါတလေ ဆိုတာများ အဆန်းလုပ်လို့"



ထိုအဘိုးအိုက အကြိမ်ကြိမ် တိုက်တွန်းနေသောကြောင့် ဟန်လုပ်နေသော စီးဝေရှမ်းသည် မငြင်းသာဘဲ အဘိုးအို၏ စားပွဲဆီသို့ လျှောက်သွားလိုက်သည်။

သူသည် အဘိုးအို၏ရှေ့တွင် ထိုင်ချလိုက်သည်။ အဘိုးအိုက သူ့အားပြုံးပြပြီး ...

"ကဲ ... မင်းက အရင်ရွှေ့ပါ၊ စစ်တုရင်ကို စပြီးလိုက်ရင် အမြောက်ကို ကိုင်ရတယ်ကွ"

သူရွှေ့သောအခါ အဘိုးအိုသည် မျက်မှောင်ကုတ်၍ ကြည့်နေသည်။

ဤသို့ဖြင့် မျက်မှောင်ကုတ်ရင်း ခေါင်းကုတ်ရင်း တစ်လှည့်စီ ဆက်နေကြသည်။

သူက ပြုံးလိုက်ပြီး ...

"အဘ ဒီလိုရွှေ့ရင် မှားသွားမှာပေါ့"

သူက နယ်ရုပ်တစ်ရုပ်အား ရွှေ့လိုက်သည်။ အဘိုးအိုက သူ့အား ပြုံး၍ကြည့်ကာ တစ်ကွက်ရွှေ့လိုက်သည်။

သူက ရယ်မောလိုက်သည်။ သူသည် ဒုတိယအကွက်ကို ရွှေ့သည်။

အဘိုးအိုက ရယ်မောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … ဘယ်ရမလဲကွာ"

အဘိုးအိုသည် သူ၏မြင်းကို ကန့်လန့်ဖြတ်ရွေ့လျားစေလေသည်။

ထို့နောက်တွင်မူ သူသည် သူ၏အရုပ်တစ်ရုပ်အား အဘိုးအို၏မြင်းကို ကျော်ပြီးရွှေ့လိုက်သည်။

အဘိုးအို ရှုံးသွားပေပြီ။ တစ်ကွက်တည်းနှင့် ရှုံးသွားခြင်းဖြစ်သည်။ အဘိုးအိုက တဟားဟား ရယ်မောပြီး ထိုင်ရာမှထလိုက်၏။

"ကောင်းတယ်ဟေ့ … ကျုပ် စစ်တုရင်ထိုးခဲ့တာ ကြာပြီ အခုတစ်ကြိမ်မှာပဲ ရှုံးရတော့တယ်"

သူက ပြုံးလေသည်။

"ကျွန်တော်တော်လို့ မဟုတ်ပါဘူး … ဘဘက သတိလစ်သွားလို့ပါ"

သူက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရှုံးတာဟာ ရှုံးတာပဲကွာ"

အဘိုးအိုက သူ့ရှေ့မှာချထားသော ရွှေတုံးကလေးအား စိုးဝေရှမ်း၏ရှေ့သို့ တွန်းပို့လိုက်သည်။

ထို့နောက် …



စားသောက်ဆိုင်မှ ခြေလှမ်းကျဲကျဲလှမ်းကာ ထွက်ခွာသွားလေတော့သည်။

"ဘဘ"

သူက လှမ်းခေါ်လိုက်ပြီး ရွှေတုံးကလေးအား ကောက်ယူလိုက်သည်။

အဘိုးအိုမှာ ဆိုင်အပြင်ဘက်သို့ ရောက်ရှိသွားပြီဖြစ်လေ၏။

သူက ရွှေတုံးကလေးအား အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် အဘိုးအိုနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားလေတော့သည်။

☆

စိုးဝေရှမ်းသည် အဘိုးအို၏နောက်မှ ပြေး၍ လိုက်နေသည်။ အဘိုးအိုကမူ နောက်သို့ လှည့်မကြည့်ဘဲ ရှေ့သို့သာ ပြေးနေသည်။

စိုးဝေရှမ်းမှာ အားကုန်ထုတ်၍ ပြေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိသည် ...။

အဘိုးအို ပြေးနေသည်ဆိုသော်လည်း အားကုန်ပြေးနေသည် မဟုတ်။

ထို့ကြောင့် စီးဝေရှမ်းသည် အားကုန်ထုတ်ပြေးလိုက်သဖြင့် တဖြည်းဖြည်း နီးလာ၏။

ထို့ကြောင့် စီးဝေရှမ်းသည် အဘိုးအိုနှင့် ဝါးနှစ်ရိုက်အကွာသို့ ရောက်ရှိလာသည်။

သို့သော် သူသည် ရှေ့သို့ နီးကပ်စွာ မလိုက်ရဲခဲ့ပါချေ။

ယင်းအဘိုးအိုသည် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်သည်ဆိုခြင်းကို သူသည် ယခုမှ ပို၍ရှင်းလင်းစွာ သဘောပေါက်နားလည်သွား၏။

ဤသို့ဖြင့် မြို့ပြင်ရှိ လူသူကင်းဝေးသော နေရာသို့ ရောက်လာတော့မှ အဘိုးအိုက သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်လိုက်သည်။

"မင်းက ရွှေတုံးကလေးလည်း အနိုင်ရလိုက်ပြီး ဘာဖြစ်လို့ ကျုပ်နောက်ကို ထပ်ပြီး လိုက်လာရတာလဲ၊ နည်းတယ်လို့ ထင်နေလို့လား"

စီးဝေရှမ်းက ပြုံးလိုက်သည်။



"မဟုတ်ပါဘူး ... အဘရဲ့ ရွှေတုံးကလေးကို ပြန်ပေးမလို့ပါဗျာ"

အဘိုးအိုက မျက်မှောင်ကုတ်၍ ...

"ဘာဖြစ်လို့ ပြန်ပေးရမှာလဲ"

သူက ပြုံးလိုက်သည်။

"ကျွန်တော်တို့ စစ်တုရင် ကစားကြတာပါ၊ လောင်းကစားကြတာမှ မဟုတ်ဘဲ၊ ဘဘရဲ့ ရွှေကို မလိုချင်ဘူး"

သူသည် ပြောပြောဆိုဆိုဖြင့် အဘိုးအိုရှေ့သို့ ရောက်ရှိလာပြီဖြစ်ရာ အိတ်ထဲမှ ရွှေတုံးလေးများကို အဘိုးအိုလက်သို့ ပြန်လည်လှမ်းပေးသည်။

အဘိုးအိုက ဘာဝင်မကျပါ။

"ဒုက္ခပဲ ... မင်းက ရွှေမလိုချင်ရင် ငါ့အနေနဲ့ တစ်ခုခုပေးရမှ စိတ်ကျေနပ်ရမှာကွ"

သူသည် ရွှေတုံးကလေးအား ပြန်လည်သိမ်းဆည်းလိုက်သည်။

"ကဲ ပြောစမ်း ... မင်းက ဘာကိုလိုချင်လို့လဲ၊ တစ်ခုခုတော့ လက်ခံရမှာနော်"

စီးဝေရှမ်းသည် သိုင်းလောကတွင် ယင်းကဲ့သို့ ထူးဆန်းစွာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ရှိသော သိုင်းပညာရှင် အများအပြား ရှိနေသည်ကို ကြားဖူးထား၏။

သူသည် လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်ပြီး ...

"ကောင်းပါပြီဗျာ ... အဘပေးချင်တာကိုပေးပါ၊ ကျွန်တော် လက်ခံပါ့မယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဒီလိုမှပေါ့ကွာ၊ နို့မဟုတ်ရင် ငါ့စိတ်ထဲမှာ ကသိကအောင့် ဖြစ်နေရမှာကွ"

သူသည် ပြောရင်း ဖြူဖွေးသောဆံပင်များကို လက်ဖြင့် ပွတ်သပ်နေ၏။

"မင်းကိုငါ ဘာပေးရင်ကောင်းမလဲ"

သူသည် အတန်ကြာစဉ်းစားပြီးမှ တစ်စုံတစ်ခုအား သတိရသွား၏။

သို့ဖြင့် သူသည် စီးဝေရှမ်းအား တစ်ချက်ကြည့်၍ ...

"မင်းကိုငါ သိုင်းကွက်တစ်ကွက် သင်ပေးမယ်ကွာ၊ ဘယ့်နှယ်လဲ ... နည်းတော့မနည်းပါဘူးနော်"

စီးဝေရှမ်းက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"



အဘိုးအိုက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"အခု ငါမင်းကို သင်ပေးမယ့်သိုင်းကွက်က ကျောက်လက်ဝါးလို့ ခေါ်တယ် ... မင်း သေချာကြည့်ပါ"

သူသည် ပြောပြီးသည်နှင့် သူ၏ခြေထောက် နှစ်ဖက်ကို အနည်းငယ်ခွ၍ ရပ်လိုက်၏။

သူ၏ ယာဘက်လက်သည် ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး လက်ဝါးကို အတွင်းဘက်သို့ မူတည်ထား၏။

သူ၏ဘယ်လက်သည် နောက်တွင် ထားလိုက်ပြီး လက်ဖဝါးကိုမူ ရှေ့သို့ မူတည်ထား၏။ ထို့နောက် လက်နှစ်ဖက်စလုံး ချက်ခုံးရောက်သည်အထိ မြှောက်ထားလိုက်ပြီး ဆန့်တန်းထားသည်။

သူ၏သိုင်းကွက် အနေအထားမှာ ဘာထူးခြားမှုမျှ မရှိပါ။ သိုင်းပညာ အခြေခံအဆင့်မျှသာ ရှိသည်ဟု စီးဝေရှမ်းက စဉ်းစားနေမိသည်။

ဤသည်မှာ သူ၏ အမြင်မျှသာ ဖြစ်သည်။

သို့သော် အဘိုးအို၏ ညာဘက်လက်ဝါး အောက်သို့ချလိုက်ပြီး ဘယ်ဘက်လက်ဝါးသည် အနည်းငယ်ကွေးကာ ကိုယ်ခန္ဓာကို တစ်ချက်လှည့်၍ လျှပ်တစ်ပြက်မျှ ရှေ့သို့ လက်ဝါးအနေအထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တွန်းထုတ်လိုက်သည်။

"ဟေ့ ချာတိတ်လေး ... မင်း သေချာကြည့်နော်"

အဘိုးအိုက ထိုသို့ သတိပေးလိုက်ပြီးလျှင် နောက်ထပ်တစ်ကြိမ် ပြုလုပ်ပြသည်။

ဤတစ်ကြိမ်တွင် အဘိုးအိုက နှေးကွေးစွာဖြင့် လှုပ်ရှားပြလိုက်သောကြောင့် စီးဝေရှမ်း သဘောပေါက်သွားသည်။

အဘိုးအို၏ တိုက်ကွက်မှာ လက်ဝါးနှစ်ဖက်ကို အပြောင်းအလဲလုပ်နိုင်သောကြောင့် ကျောက်လက်ဝါးသိုင်းဟု အမည်ပေးထားသည်မှာ လိုက်ဖက်၏။

အဘိုးအိုက နှစ်ကြိမ်တိတိ ပြသလိုက်ပြီးနောက် ...

"မင်း သဘောပေါက်တယ် မဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ်"

သူသည် ထိုသို့ပြောလိုက်သော်လည်း သူက ထိုသိုင်းကွက်ကို အထင်ကြီးခြင်း မရှိချေ။ သာမန်မျှသာဟု ယူဆသည်။

အဘိုးအိုသည် သူ၏စိတ်ကို သိရှိသွားလေသလား မသိပါချေ။

"မင်းက ဒီသိုင်းကွက်ကို ဘယ်လိုများ မြင်သလဲကွ"



သူ၏သဘောထားကို မေးမြန်းလာလေပြီ။ သူက ပြုံးသည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ထူးခြားမှု မရှိဘူးလို့ ယူဆပါတယ်"

စီးဝေရှမ်းကလည်း သဘောရိုးအတိုင်း ဖွင့်ပြောလိုက်လေသည်။

အဘိုးအိုက ပြုံး၍ကြည့်သည်။ ထို့နောက် တဟားဟားရယ်မောလိုက်သည်။

"မင်းက အတွေ့အကြုံနုသေးတာကိုး ... ဒီသိုင်းကွက်ရဲ့ ထူးခြားချက်ကို ဘယ်မြင်တွေ့နိုင်ပါ့မလဲ"

ထို့နောက် အဘိုးအိုသည် ထပ်မံသရုပ်ပြလိုက်သည်။

"မင်းက ငါ့သိုင်းကွက်ကို ရိုးရိုးသိုင်းကွက်လို့ ထင်တယ်၊ မင်းဘာတယ်ကစားကြည့်ပါ၊ ကစားတဲ့အခါကျမှ ဒီသိုင်းကွက်ရဲ့ လျှို့ဝှက်ချက်တွေကို မင်းသိလာမယ်၊ နက်နဲတဲ့ကွက်ပျောက်တွေကို မင်းသိလာမယ်"

သူသည် ဘယ်လက်ဝါးအား တစ်ချက်လှုပ်ရှားလိုက်သည်။

"ဘယ်လက်ဝါးသို့ အပူ၊ ညာလက်ဝါးဟာ အအေး"

သူသည် ပြောရင်း ညာလက်ဝါးဖြင့် တိုက်ခိုက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညာလက်ဝါးဟာ အအေးမိ့ တိုက်ခိုက်လိုက်တဲ့အခါ အသုံးဝမကြားဘဲ အားမာန်မရှိဘူးလို့ ထင်ရတယ်၊ ဒါပေမဲ့ ရန်သူကို ထိတွေ့လိုက်တဲ့အခါ ကောင်းကောင်း ခုက္ခရောက်စေတယ်ကွဲ့"

သူသည် ဘယ်လက်ဝါးအား လှုပ်ရှားလိုက်ပြန်သည်။

"အခု ဘယ်ဘက်လက်ဝါးရဲ့ အပူသိုင်းကို သတိထားကြည့်ပါ၊ သူ့ရဲ့စွမ်းအင်ကို တွေ့ရပါလိမ့်မယ်"

အဘိုးအိုသည် စကားဆုံးသွားသည်နှင့် မူလအနေအထားဖြင့် ပြန်လည်ပြုလုပ်လိုက်သည်။

ထို့နောက် လက်နှစ်ဖက်အပြောင်းအလဲ ပြုလုပ်လိုက်ပြန်သည်။

သူ၏ခန္ဓာကိုယ်မှာလည်း အနည်းငယ်လှည့်လိုက်၏။ ၎င်းနောက်တွင်မှ သူ၏ဘယ်ဘက်လက်ဝါးကို လျှပ်တစ်ပြက် တွန်းထုတ်လိုက်သည်။

အဘိုးအိုက ပြုံးပြီး ...

"ကဲ ... မင်း တွေ့ပြီမဟုတ်လား"

သူက ရိုသေစွာ ဦးညွှတ်လေသည်။

"ဟုတ်ကဲ့ ... ကျွန်တော်နားလည်ပါပြီ၊ ဘဘကို ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"



အဘိုးအိုက သူ့အား သဘောကျစွာ ကြည့်ကာ ...

"ကဲ ... အောင်ပြီ၊ ငါကတော့ သိုင်းကွက်သင်ပြီးပြီ၊ သိုင်းကွက် ထက်မြက်လာအောင် ဆက်ပြီးကြိုးစားဖို့က မင်းတာဝန်ပဲ"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

သူသည် ထူးဆန်းသောအဘိုးအို ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိသည်။

ထို့နောက်တွင် သူသည် ရှေ့သို့ ဆက်လျှောက်သွားလေသည်။

သူသည် ထိုသို့ လျှောက်သွားရင်း အကျိုးမရှိဟု သတိရလာလေသည်။

သူသည် မည်သည့်နေရာသို့ သွားရမည်ကို ဆုံးဖြတ်ရမည်သာ ဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ သွားနေလျှင် ကိုယ်သာနစ်နာမည်။

အချိန်သည် လွန်စွာ တန်ဖိုးရှိသည်။ သူသည် ဖူနုတောင်သို့ သွားရန် ဆုံးဖြတ်လိုက်၏။

သို့သော် ဖူနုတောင်သည် မည်သည့်နေရာ၌ ရှိပါသနည်း။ သူသည် ဖူနုတောင် ဘယ်မှာရှိသည်ကို ရှာဖွေစုံစမ်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ အဖြေမပေးနိုင်ပါ။ ဖူနုတောင်ကို စုံစမ်း၍ မရပါ။

သူသည် ကျုံးနန်တောင်သို့ သွားရောက်ပြီး ပုံ့လွှားလေးထံမှ အကူအညီတောင်းရန် တွေးမိလိုက်သည်။ မှန်သည်။

ပုံ့လွှားလေးသာ ယထာဘူတကျကျ တွေးခေါ်စဉ်းစားတတ်သည်။

ပုံ့လွှားလေး၏ အကူအညီသာရလျှင် သူ အောင်မြင်လိမ့်မည်။

သူသည် ပုံ့လွှားလေးရှိရာ ကျုံးနန်တောင်သို့ ဦးတည်ပြေးလွှားသွားလေတော့သည်။

☆☆☆



အခန်း (၁၃)

ရန်သူဟူသည်

စိုးဝေရှမ်းသည် ဆက်၍ ပြေးလာခဲ့ရာ မကြာမီ ကျုံးနန်တောင်၏ တောင်ခြေသို့ ရောက်လာခဲ့သည်။

သူသည် ကျုံးနန်တောင်၌ ပုံ့လွှားလေး၏ စခန်းသို့ မည်သို့ဝင်ရမှန်းမသိဘဲ ဖြစ်နေသည်။

ထိုစဉ် ...

"အစ်ကိုကြီး"

ခေါ်သံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ပုံ့လွှားလေးသည် သူ့ဆီသို့ ပြေးလွှားလာနေသည်ကို တွေ့ရလေသည်။

ကံကောင်းသည်။

ပုံ့လွှားလေးက စိုးဝေရှမ်းထံသို့ ပြေးလွှားလာရင်း ...

"အစ်ကိုကြီး ... သတင်းကောင်းပြောရဦးမယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူက ရပ်စောင့်နေသည်။

"ဘယ်လိုသတင်းကောင်းလဲ"

ပုံ့လွှားလေးက ...

"သတင်းကောင်းကတော့ ဘဘကျူးချင်းရဲ့ ဒဏ်ရာတွေ ပျောက်သွားပြီဗျ"

ထိုစကား ကြားရသောအခါ သူက ဝမ်းသာသွားမိသည်။

"ဟုတ်လား ... ဒီသတင်းကြားရတာ ဝမ်းသာစရာပဲကွာ"

သူက လိုက်လှဲစွာ ပြောဆိုလိုက်မိသည်။ ပုံ့လွှားလေးက ရယ်မောကာ ဆက်ပြောသည်။

"အစ်ကိုကြီးကို စုရဲက တွေ့ချင်နေတယ်ဗျ"

သူက အံ့သြစွာဖြင့် ...

"ဟာ ... ဟုတ်လား၊ အခု သူ ဘယ်မှာလဲ"

ပုံ့လွှားလေးက သူ့ကို ပြုံးပြလိုက်ပြီး ...

"အခုမရှိတော့ဘူး၊ အရင်တုန်းကတော့ ဒီကိုလာသေးတယ်၊ အခု သူပြန်သွားပြီ"

သူက စိတ်ပျက်စွာ ညည်းညူလိုက်သည်။

"ဟာ ... ဒုက္ခပါပဲကွာ၊ ဒါနဲ့ ငါနဲ့ပတ်သက်ပြီး သူ ဘာပြောသေးလဲ"



ပုံ့လွှားလေးက ခေါင်းယမ်းလိုက်သည်။

"ကျုပ်ကိုတော့ ဘာမှမပြောဘူးဗျ။ ဒါပေမဲ့ ကျုပ် ခန့်မှန်းရသလောက်တော့ စုရဲ့က သူ့အဖေနဲ့ပတ်သက်ပြီး အစ်ကိုကြီးအပေါ်မှာ အမြင်မှန်ရသွားပုံရပါတယ်"

စီးဝေရှမ်းက တိတ်ဆိတ်စွာဖြင့် နားထောင်နေသည်။ ပုံ့လွှားလေးက ...

"ကျုပ်တို့တောင်ပေါ်တက်ကြရအောင်"

သူက ခေါင်းခါပြလိုက်သည်။

"ငါမတက်ချင်တော့ဘူး ... မင်းကိုပဲ မှာခဲ့တော့မယ်"

ပုံ့လွှားလေးက မျက်ခုံးတွန့်၍ ...

"ဘာမှာမလို့လဲ"

သူက အနည်းငယ် စဉ်းစားလိုက်သည်။

"မင်း ကျူးချင်းရဲ့ကို ပြောလိုက်ပါ၊ ငါ စုရဲ့ နောက်ကို လိုက်သွားတယ်လို့"

ပုံ့လွှားလေးက ခေါင်းညိတ်ပြလိုက်၏။

"နောက်တစ်ခုက ကျိုဝေဝေဆိုတဲ့ မိန်းကလေးကို တွေ့အောင်ရှာပြီး ပြောပါ ... ငါ့အနေနဲ့ အကြောင်းကြောင်းကြောင့် သူ့ကို တွေ့နိုင်ပါဘူးလို့"

www.burmeseclassic.com

www.burmeseclassic.com



ပျံလွှားလေးက ခေါင်းညိတ်ပြပြန်၏။

"ဟုတ်ကဲ့ ... အစ်ကိုနိုင်းတဲ့ကိစ္စ ကျွန်တော် အားလုံးတာဝန်ယူပါတယ်"

သူသည် ခေါင်းညိတ်လိုက်ပြီး ...

"ကျေးဇူးပဲကွာ ... ငါသွားတော့မယ်"

"အစ်ကိုကြီးက ဘယ်သွားမလို့လဲ"

"စုရဲရှံဆီကို"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်၍ ထိုနေရာကိုသွား၏။

သူသည် ပျံလွှားလေးထံမှ အကူအညီတောင်းရန် လာသည်ဖြစ်သော်လည်း ဝမ်းသာစရာသတင်း ရရှိသွားပြီဖြစ်၍ ပျံလွှားလေး၏အကူအညီကို မယူတော့ပေ။

သူသည် စုရဲရှံဆီ ပြေးပေတော့မည်။

☆

စီးဝေရှမ်းသည် ဆက်၍လျှောက်သွား၏။



သူသည် မကြာမီ ချန်အန်းမြို့တော်သို့ ရောက်ရှိလာလေသည်။

သူသည် ခရီးကြန့်ကြာနေမည်ကို စိုးရိမ်သဖြင့် မြို့ထဲသို့ မဝင်တော့ဘဲ ချန်အန်းမြို့ရိုးကို ပတ်၍ လမ်းဆက်လျှောက်သွားသည်။

ထိုသို့လျှောက်သွားရာတွင် လမ်းမကြီးက မလျှောက်ဘဲ မြစ်ကမ်းပါးအတိုင်း လျှောက်သွားသည်။

မြစ်သည် ရေစီးအလွန်သန်သဖြင့် မြစ်ကမ်းရိုးအတိုင်း လျှောက်သွားသောအခါ ရေစီးသံများကို ဆူညံစွာ ကြားနေရလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေပြီး ညသန်းခေါင်အချိန်ပင် ရောက်ရှိနေလေပြီ။

သူသည် တစ်ညတာ တည်းခိုရမည့်နေရာကို ရရှိနိုင်ရန်အတွက် မြစ်ကမ်းပါးတစ်လျှောက်သို့ အကဲခတ်လှမ်းကြည့်လိုက်၏။

သူ့ရှေ့ရှိ ကမ်းပါးတစ်လျှောက်တွင် မီးရောင်များ တန်းစီထွန်းလက်နေသည်။

ထိုမီးရောင်များသည် မြစ်ကမ်းပါးတွင် ဆိုက်ကပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော လှေများပေါ်မှ ထွက်ပေါ်လာသည့် မီးရောင်များဖြစ်ကြောင်း သူ အကဲခတ်မိသည်။

သူသည် လှေပိုင်ရှင်တို့ထံမှ ခွင့်တောင်းပြီး တစ်ညတာ အိပ်စက်ရန် အကြံပေါ်လာ၏။

ထို့ကြောင့် သူသည် လှေများဆိုက်ကပ်ထားသည့် ကမ်းနား သို့ ဆင်းလိုက်ရ၏။

တံငါလှေများသည် သူ့ကို နားခိုရန် ခွင့်ပြုပါမည်လော မကြာမီ စီးဝေရှမ်းသည် လှေများရှိရာသို့ ရောက်ရှိလာ၏။

သူသည် လှေတစ်စင်းပေါ်၌ ခမောက်ဆောင်းထားသည့် လူတစ်ယောက် ထိုင်နေသည်ကိုတွေ့ရသဖြင့် မေတ္တာရပ်ခံ တောင်း ပန်လိုက်သည်။

"ဒီမှာမိတ်ဆွေ ... ကျုပ်က ခရီးသွားရင်း လမ်းမှားလာတယ် ဗျာ၊ အဲဒါ တစ်ညလောက် အိပ်ခွင့်ပြုပါလို့ တောင်းပန်ပါရစေ"

ဤတွင် ခမောက်ဆောင်းထားသောလူသည် သူ့အား မော့ ကြည့်လိုက်ပြီး ...

"ရပါတယ်ဗျာ ... လှေပေါ်တက်ခဲ့ပါ"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်"



သူသည် လှေပေါ်သို့ တက်လိုက်၏။ ဤတွင် ခမောက် ဆောင်းထားသောလူက လှေ၏အတွင်းဘက်သို့ လှမ်း၍ ပြောလိုက် ၏။

"ညီမရေ ... ဧည့်သည်တစ်ယောက် တစ်ညလောက် တို့ လှေပေါ်မှာ အိပ်မလို့ နေရာလုပ်ပေးလိုက်ပါ"

ထိုလူ၏ စကားပြောသံ ကြားလိုက်သည်နှင့် စီးဝေရှမ်း၏ စိတ်ထဲ၌ သံသယဖြစ်သွားမိ၏။

အဘယ်ကြောင့် ဤသို့ လွန်စွာ ချောမွေ့နေရသနည်း။

အမှန်တော့ ထိုလူသည် လှေသမားတစ်ယောက်မဟုတ်ဘဲ သိုင်းသမားတစ်ယောက်သာ ဖြစ်နေ၏။ သူ့အသံသည် သာမန်လူ နှင့် မတူဘဲ အတွင်းအားကို အသုံးပြု၍ပြောသော သိုင်းသမားတို့၏ အသံ ဖြစ်၏။

စီးဝေရှမ်းသည် အတွေ့အကြုံမများလှသော်လည်း ထိုလူ ၏ အကဲမရပုံကို သိ၏။

ထိုစဉ် ...

တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်သည် လှေ၏ဝမ်းဗိုက်ထဲမှ ထွက်လာ၏။

သူမသည် စီးဝေရှမ်းအား အကဲခတ် ကြည့်ရှုလိုက်ပြီး ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်၏။

"ဟုတ်ကဲ့ရှင့် ... ကျွန်မ နေရာလုပ်ပေးပါ့မယ်"

စီးဝေရှမ်းသည် ခမောက်ဆောင်းထားသော လူအား လှည့်ကြည့်မိသည်။

ပြီးတော့ သူသိလိုရာကို လှမ်းမေးသည်။

"မိတ်ဆွေနာမည် ဘယ်လိုခေါ်ပါသလဲ"

ခမောက်ဆောင်းထားသော လူက ရယ်မောလိုက်၏။ ဖြေဆိုသံကမူ ပြတ်သားလှ၏။

"ကျုပ်က တံငါသည်တစ်ယောက်ပဲ၊ နာမည်ကို သိစရာမလိုပါဘူး"

စီးဝေရှမ်းသည် စကားမပြောတော့ဘဲ အမျိုးသမီး ညွှန်ပြရာ ဝမ်းဗိုက်ထဲသို့ ခေါင်းငုံ့၍ ဆင်းသွားလေတော့၏။

ထိုစဉ်မှာပင် ...

ခမောက်ဆောင်းထားသောလူသည် လက်ဝါးနှစ်ဖက်ဖြင့် စီးဝေရှမ်း၏ကျောပြင်သို့ ရိုက်ချလိုက်သည်။

"ဒီလိုမလုပ်နဲ့လေ"

အမျိုးသမီးက ထိတ်လန့်စွာ အော်ဟစ်ဟန့်တားလိုက်သောကြောင့် စီးဝေရှမ်းသည် အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သည်။



ခမောက်ဆောင်းထားသောလူက သူ၏အကြံ မအောင်မြင်သောကြောင့် အမျိုးသမီးအား ဒေါသကြီးစွာဖြင့် လှမ်းကြည့်လိုက်ရင်း အော်ဟစ်လိုက်သည်။

"ဘာလဲ ... မင်းက သစ္စာဖောက်တာပေါ့ ... ဟုတ်လား"

အမျိုးသမီးက ခေါင်းခါပြလိုက်ပြီး ...

"ကျွန်မက သစ္စာဖောက်တာမဟုတ်ပါဘူး၊ ဒါပေမဲ့ ရှင့်ရဲ့ လုပ်ရပ်က ပြင်းထန်လွန်းတယ်၊ ဒီလိုတော့ မလုပ်သင့်ဘူး"

ဤတွင် ခမောက်ဆောင်းထားသူက ...

"ရန်သူကို ညှာနေရင် ကိုယ့်သချိုင်း ကိုယ်တူးသလို ဖြစ်သွားမှာပေါ့"

အမျိုးသမီးက ခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်သေးဘူးလေ၊ ကျွန်မတို့အနေနဲ့ လူသတ်စရာ မလိုပါဘူး ပစ္စည်းယူရုံသာ ယူပြီး သွေးကြောပိတ်လိုက်လည်း ပြီးတာပဲ မဟုတ်လား"

စီးဝေရှမ်းသည် သူတို့နှစ်ယောက်၏ ပြောစကားများကို ကြားလိုက်ရသောအခါ မိမိ၏ရန်သူများ ဖြစ်နေသည်ကို သိလိုက်ရသည်။

သူတို့သည် မိမိ၏ပစ္စည်းကို လုယူလိုသည့်လူများ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိလိုက်ရသည်။

စီးဝေရှမ်းက ဒေါသဖြစ်စွာဖြင့် ပြောသည်။

"နေပါဦး ... ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျုပ်ကို ဘာ ဖြစ်လို့ မကောင်းကြံချင်ရတာလဲ"

ခမောက်ဆောင်းထားသော လူက မဲ့ပြုံးပြုံးလိုက်လေသည်။

ထို့နောက် သူသည် စီးဝေရှမ်းအား စူးစိုက်ကြည့်ကာ ...

"ဒီမှာ ကျုပ် ရှင်းရှင်းပဲ ပြောမယ် ... မင်းသိထားဖို့က ခုနေ ခါမှာ သိုင်းလောကရဲ့ ဂိုဏ်းအသီးသီးက လူတွေအားလုံးဟာ မင်းဆီ မှာရှိတဲ့ ကျောက်စိမ်းခေါင်းတလားလေးကို လုယူဖို့ စိတ်ဝင်စားနေ ကြတယ်၊ ထိပ်တန်းသိုင်းသမားတွေဟာ မင်းနောက်ကို လိုက်နေ တယ်၊ ဒါကို မင်း နားလည်ထားပါ"

သူသည် မျက်မှောင်ကုတ်သွားမိသည်။

"ခင်ဗျားတို့ကရော ဘယ်ဂိုဏ်းကလဲ"

အမျိုးသမီးက ကြားဖြတ်ဖြေသည်။

"ကျွန်မနာမည် လုံမေပါ၊ မိုးမြေဂိုဏ်းက အဆင့်လေးဌာနခွဲ မှူးပါ"

ထို့နောက် သူမသည် ခမောက်ဆောင်းထားသောလူကို



ညွှန်ပြလိုက်ပြီး ...

"သူကတော့ အဆင့်နှစ်ဌာနခွဲမှူးပါ၊ ဒါကြောင့် ရှင့်အသက် မသေချင်ရင် ကျောက်စိမ်း ခေါင်းတလားလေးကို အသာတကြည် ထုတ်ပေးပါ"

စီးဝေရှမ်းသည် အမျိုးသမီး၏ ပြောပြချက်ကို ကြားရပြီး သောအခါတွင် မိမိအား ရန်သူများ ဝန်းရံထားပြီဆိုသည်ကို သိလိုက် ရသည်။

မည်သို့ပင်ဆိုစေ သူသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"ခင်ဗျားတို့နှစ်ယောက်ရဲ့ ပညာလောက်နဲ့ ကျုပ်ဆီမှာရှိတဲ့ ပစ္စည်းကို ရယူဖို့ မလွယ်ဘူးထင်တယ်"

စီးဝေရှမ်း၏အပြောကြောင့် ခမောက်ဆောင်းထားသည့် အဆင့်နှစ်ဌာနခွဲမှူးသည် ဒေါပွစွာဖြင့်ပြောသည်။

"မင်းက တော်တော်ခေါင်းမာပါလား"

သူသည် ပြောပြီးသည်နှင့် လက်ဝါးဖြင့် စီးဝေရှမ်းအား ထိုးထိုးကိုက်လေတော့သည်။

စီးဝေရှမ်းက မဲ့ပြုံးပြုံးလိုက်ပြီး ထိုလူ၏တိုက်ခိုက်မှုကို ရှောင် တိမ်းလိုက်သည်။

ထို့နောက် သူ့တတ်ထားသည့်သိုင်းပညာဖြင့် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လိုက်တော့သည်။

ထို့ပြင် သူသည် လမ်းမှာတွေ့သော အဘိုးအို၏သိုင်းကွက် အချို့ကိုလည်း ရထားသည်။

အမျိုးသမီးသည် လျှပ်တစ်ပြက် စီးဝေရှမ်း၏နောက်ကျော မှနေ၍ တိုက်ခိုက်ရာ စီးဝေရှမ်းသည် တစ်ယောက်နှင့် နှစ်ယောက် ယှဉ်ပြိုင်၍ တိုက်ခိုက်နေရသည်။

အမျိုးသမီးနှင့် ထိုလူ၏ သိုင်းပညာရပ်များမှာ မိမိထင် ထားသည်ထက် ပို၍ အဆင့်မြင့်နေသည်ကို တွေ့ရသဖြင့် စီးဝေရှမ်း သည် အတွင်းအားကို ခြောက်ပုံခန့်ထုတ်ယူ၍ တိုက်ခိုက်ရလေသည်။

ဤသို့ဖြင့် သူတို့သည် သိုင်းကွက်နှစ်ဆယ်ခန့် တိုက်ခိုက်လာ သောအခါ စီးဝေရှမ်း၏ ခြေထောက်သည် လုံမေ၏ဓားသို့ ထိမှန်သွား ပြီး လုံမေသည် လှေ၏ဝမ်းဗိုက်အတွင်းသို့ လွင့်စဉ်ကျသွားလေတော့ ၏။

လုံမေ လွင့်စဉ်ကျသွားသောကြောင့် စီးဝေရှမ်းမှာ ထိုလူနှင့် တစ်ယောက်ချင်း ယှဉ်ပြိုင်ခွင့်ရလာလေသည်။

နောက်ထပ် သိုင်းကွက် ငါးကွက်ခန့် ယှဉ်ပြိုင်လိုက်သည်နှင့် စီးဝေရှမ်း၏လက်ဝါးသည် ထိုလူ၏ဝဲဘက်ပခုံးသို့ ပြင်းထန်စွာ ထိမှန် သွားလေတော့သည်။



'ဝုန်း'

မြည်သံနှင့်အတူ ထိုလူသည် လှေပေါ်၌ မှောက်လျက်သား လဲကျသွားလေ၏။

စီးဝေရှမ်းက ခါးထောက်၍ မဲ့ပြုံးပြုံးလိုက်ပြီး …

"ဒီမှာ … ကျုပ် လူမသတ်ချင်ဘူး၊ မင်းကို အသက်ချမ်းသာ ပေးလိုက်မယ်၊ အခုချက်ချင်း လှေပေါ်က ဆင်းသွားစမ်း"

ဟု အော်ငေါက်ပြောဆိုလိုက်သည်။

ထိုသူသည် သုန်သုန် မှုန်မှုန်ဖြင့် စီးဝေရှမ်းကို လှည့်ကြည့် ပြီး မတ်တတ်ရပ်လိုက်၏။

ထို့နောက် သူသည် စီးဝေရှမ်းကိုကြည့်ကာ မောက်မာစွာ ပြောလိုက်သည်။

"အေး … မင်းက ငါ့ကို မသတ်ဘဲ အသက်ချမ်းသာပေး လိုက်ပေမယ့် နောက်တစ်ခါ ငါနဲ့ထပ်ပြီးတွေ့ခဲ့ရင်တော့ ငါက ချမ်း သာပေးမှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ"

စီးဝေရှမ်းက မဲ့ပြုံးဖြင့် …

"စကားများမနေနဲ့ … ကျုပ် စိတ်ထားမပြောင်းခင် လှေ ပေါ်က အမြန်ဆုံးဆင်းသွားစမ်း"

ထိုလူသည် လှေပေါ်မှဆင်းလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့်

www.burmeseclassic.com



ပြေးလွှားသွားလေတော့သည်။

သူက ထိုလူထွက်ခွာသွားသောအခါမှ လှေဝမ်းဗိုက်ထဲသို့ လွင့်ကျသွားသော လုံမေကို ကြည့်လိုက်သည်။

လုံမေမှာ လှေဝမ်းထဲတွင် မှောက်လျက်လဲနေသည်ကို တွေ့ရသည်။

သူ စိတ်မကောင်းဖြစ်သွားမိသည်။ သူသည် လုံမေကို စိတ်မသက်မသာကြည့်ကာ ...

"မင်းနဲ့ငါဟာ ဘယ်လိုရန်ငြိုးရှိခဲ့လို့ အခုလို တိုက်ခိုက်ခဲ့ကြရတာလဲ၊ ဒီကျောက်စိမ်းခေါင်းတလားလေးကို ဘာဖြစ်လို့ ဒါလောက်တောင် မက်မောနေရတာလဲ"

လုံမေသည် ဘာမှမပြောဘဲ ကြောင်ကြည့်နေသည်။ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကဲ ... ကျုပ်သွားတော့မယ်"

"ခဏနေဦး"

လုံမေက ဟန့်တားလိုက်သည်။ သူက ခြေလှမ်းရပ်တန့်လိုက်ပြီး သူမကို လှည့်ကြည့်လိုက်ရာ ...

"သတိထား ... လက်နက်ပုန်းလာနေပြီ"

သူ၏နောက်မှ မိန်းကလေးတစ်ယောက်၏ သတိပေးသံ



ကြားလိုက်ရသည်။

သူက သေသေချာချာ မကြည့်မိခင်မှာပင် လူရိပ်တစ်ခုသည် လျှပ်တစ်ပြက် လုံမေထံသို့ ရောက်ရှိသွားပြီး လုံမေ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားလိုက်သည်။

ထိုလူရိပ်မှာ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်ကို သူက သေချာစွာ တွေ့မြင်လိုက်ရသည်။

သူက မျက်မှောင်ကုတ်၍ကြည့်နေစဉ် မိန်းကလေးက လုံမေ၏လက်ကို ညွှန်ပြလိုက်လေသည်။

"သူ့လက်ထဲမှာ အဆိပ်ပါတဲ့ လက်နက်ပုန်း ရှိတယ်ရှင့်"

သူ ဒေါသထွက်သွားသည်။

"မင်းကို ငါမသတ်ချင်လို့ အသက်ချမ်းသာပေးခဲ့ပေမယ့် မင်းတော့ ငါ့ကိုသတ်ဖို့ ကြံလိုက်တယ်ပေါ့လေ ... ဟုတ်လား"

လုံမေက ဘာမှမပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။ သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး သူ့အသက်ကယ်သော မိန်းကလေးကို ဦးညွတ်လိုက်သည်။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ"

မိန်းကလေးက လုံမေကို တစ်ချက်ကြည့်ပြီး ...

"သူ့ကို ဘယ်လိုစီစဉ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

"လွှတ်လိုက်ပါဗျာ ... ကျုပ် သူ့ကို ခွင့်လွှတ်ပါတယ်"

မိန်းကလေးက သူ့ကို နားမလည်စွာ ကြည့်ကာ ...

"ဒီလောက်ယုတ်မာတဲ့ အမျိုးသမီးကို ရှင်က လွှတ်လိုက်မယ် ... ဟုတ်လား၊ သူ့ရဲ့စိတ်ထားကတော့ တကယ့်ကို နူးညံ့တာပဲ"

သူက ခေါင်းညိတ်ပြလေသည်။

"ဟုတ်ပါတယ်၊ အမှန်က သူ့ကို သတ်ပစ်ဖို့ကောင်းတယ်၊ ဒါပေမဲ့ ကျုပ်က လူမသတ်ချင်ဘူးဗျာ၊ သူနဲ့ကျုပ်က ဘာမှ ရန်ငြိုး ရှိတာမဟုတ်ပါဘူး၊ ဒါကြောင့် လွှတ်လိုက်မယ်"

မိန်းကလေးက အေးစက်သောလေသံဖြင့် ...

"ရှင်က သူ့ကိုလွှတ်လိုက်ရင် သူက ရှင့်ကိုဆက်ပြီး ဒုက္ခပေးဦးမှာပဲ"

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်နေ့နေ့ သူ နောင်တရလာမလားလို့ အခွင့်အရေးပေးလိုက်တဲ့ သဘောပါ"

သူမသည် စီးဝေရှမ်း၌ စိတ်ထားပြည့်ဝပြီး ညှာတာသနား တတ်သော နှလုံးသားရှိကြောင်း တွေ့ရှိရသဖြင့် လေးစားလာမိသည်။



"ရှင်က ဒီလောက်တောင် ခွင့်လွှတ်တတ်မှတော့ ကျွန်မက လည်း သူ့ကိုလွှတ်ပေးလိုက်ပါ့မယ်"

သူမသည် ပြောပြီးသည်နှင့် လုံမေကို လွှတ်ပေးလိုက်သည်။

လုံမေသည် လှောဝမ်းဗိုက်ထဲမှ ထွက်လာပြီး ကုန်းပေါ်သို့ ပြေးတက်သွားရင်း ကြုံးဝါးသွားသည်။

"ဒီမှာ ရှန်ယုမေ ... ညည်းကိုညည်း ဂိုဏ်းချုပ်ကြီးဆိုပြီး သိပ်ဘဝင်မမြင့်နဲ့၊ တစ်နေ့နေ့ ငါ့အကြောင်း သိစေရမယ်"

လုံမေသည် ထွက်ပြေးပျောက်သွားသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## ရုပ်ဖျက်ထားသော သူတောင်းစား

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် စီးဝေ ရှမ်းအား ပြုံး၍ကြည့်လိုက်၏။

စီးဝေရှမ်းသည် လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်ဂါရဝပြုလိုက် သည်။

မိန်းကလေးက ခပ်ပြုံးပြုံးဖြင့် ...

"ကဲ ... တွေ့တယ် မဟုတ်လား"

သူက ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး ...

"ခက်တယ်ဗျာ ... သူ့လိုလူမျိုးကို ဘယ်လိုလုပ် ဖြစ်[illegible] လဲဆိုတာ ကျုပ်လည်း မပြောတတ်တော့ပါဘူး"

ထို့နောက် သူသည် မိန်းကလေးအား တစ်ချက်ကြည့်လိုက် ပြီး ...



"ဒါနဲ့ ခင်ဗျားနာမည်က ရှန်ယုမေ ... ဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။ စီးဝေရှမ်းက ထပ်မေးသည်။

"ခင်ဗျားက ထိုက်စန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ... ဟုတ်လား"

ရှန်ယုမေက ထပ်ခေါင်းညိတ်ပြလိုက်၏။ စီးဝေရှမ်းသည် မိမိမှာ ထိုက်စန်ဂိုဏ်းနှင့်ပတ်သက်နေသည်ကို အနည်းငယ်သိရှိထား သည် ဖြစ်ရာ ...

"အခုလို ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရတာ ဝမ်းသာလှပါတယ် ခင်ဗျာ၊ ကျုပ်ရဲ့ဘဝနဲ့ပတ်သက်ပြီး ဂိုဏ်းချုပ်ကြီးက ပြောပြနိုင်ပါ့ မလား"

ရှန်ယုမေက အနည်းငယ် စဉ်းစားလိုက်သည်။

"ရှင့်ဘဝနဲ့ ပတ်သက်ပြီး ကျွန်မ သိသင့်သလောက် သိထား [illegible]၊ ဒါကြောင့် ကျွန်မနောက်ကို လိုက်ခဲ့ပါ၊ ကျွန်မသိသလောက် [illegible] ပြောပြပါ့မယ်"

စီးဝေရှမ်းက ...

"ဟုတ်ကဲ့ ... ဒါပေမဲ့ အခုတော့ အရေးကြီးတဲ့ ကိစ္စတစ်ခု [illegible] ရှုရုံဆီကို သွားရမှာမို့ မလိုက်သေးပါဘူး၊ ကျုပ် ဘယ်မှာ [illegible]ရှိနေလဲဆိုတာ ပြောပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ယုမေ၏မျက်နှာမှာ တည်ကြည်လေးနက်သွားတော့သည်။

"ဒီမှာ စီးဝေရှမ်း ... ဟောဒီကမ္ဘာလောကကြီးထဲမှာ ကိုယ့်မိဘအရင်းထက် ဘယ်ဟာမှ ပိုပြီး အရေးကြီးသလဲရှင်၊ ကိုယ့်မိဘတွေ ဘယ်သူလဲဆိုတာသိဖို့ထက် စုရဲရုံဆီသွားဖို့က ပိုများ အရေးကြီးနေသလားရှင်၊ ဘယ်ဟာက အဓိက ဘယ်ဟာက သာမည်ဆိုတာကို ခွဲခြားသိဖို့ ကောင်းပါတယ်"

သူမပြောသည့်စကားက နည်းလမ်းကျလှ၏။

မိဘအကြောင်း သိရမည့်ကိစ္စကို ဥပေက္ခာပြုပြီး စုရဲရုံဆီသွားမည်ဆိုလျှင် မိမိလောက် အသုံးမကျသောသား ရှိလိမ့်မည်မထင်ပေ။

ထို့ကြောင့် သူသည် ရှန်ယုမေနောက်သို့ လိုက်ပါသွားတော့၏။

သူတို့သည် ချန်အန်းမြို့တောင်ဘက် အဝင်မြို့မုခ်ဦးဆီသို့ ဦးတည်သွားကြလေ၏။



နေဝန်းနီသည် ခေါင်းပြူစပြုလာပြီဖြစ်၏။

နေရောင်ခြည်တန်းများသည် ကမ္ဘာမြေပြင်သို့ ပက်ဖျန်းနေကြ၏။

ယခုအခါတွင် ရှန်ယုမေတို့သည် ကြိုးကြာငှက်စေတီအနီးသို့ ရောက်ရှိလာကြသည်။

ယင်းကြိုးကြာငှက်စေတီသည် ချန်အန်းမြို့တော်၏ ကျော်ကြားသည့် ဒေသများစွာအနက် တစ်ခုအပါအဝင် ဖြစ်လေ၏။

ရှန်ယုမေသည် ကြိုးကြာငှက်စေတီရှေ့သို့ ရောက်ရှိလာသောအခါ ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ကောင်းကင်ပေါ်သို့ မော့ကြည့်နေ၏။

စီးဝေရှမ်းမှာ သူမအနီး၌ ရပ်လျက် သူ၏ရင်ထဲ၌ လှုပ်ရှားနေစဉ် သူ၏ဘဝကို စုံစမ်းခဲ့ရာတွင် မည်သို့မျှ သဲလွန်စမရဘဲ ဖြစ်ရနေခြင်းသည် မဟုတ်ပါလား။

ယခုအခါတွင်မူ ထိုက်စန်းဂိုဏ်းချုပ်က ပြောပြမည်ဟု သိရှိရသောကြောင့် ရင်ထဲ၌ လှုပ်ရှားနေခြင်း ဖြစ်သည်။ သဲလွန်စ ရရှိတော့မည် ဖြစ်သည်။

သူသည် တွေဝေစဉ်းစားနေသည့် ရှန်ယုမေအား စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ ရှန်ယုမေ ပြောလာမည့်စကားများကိုလည်း စောင့်ငံ့နေမိ၏။

အတန်ကြာမှ ရှန်ယုမေက သက်ပြင်းတစ်ချက်ချလိုက်ပြီး

"ရှင့်ရဲ့ဘဝအကြောင်းကို ပြောရမယ်ဆိုရင် ရှင့်အဖေက စပြီးပြောရမှာပဲ"

စီးဝေရှမ်းက ...

"ကျုပ်အဖေ ... ဟုတ်လား"

ရှန်ယုမေက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ရှင့်အဖေဟာ တစ်ချိန်တုန်းက သိုင်းလောကတစ်ခုလုံးမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ ဓားသမား တစ်ယောက်ပါ"

ရှန်ယုမေက သူ့ဘဝ၏သမိုင်းကြောင်းကို စတင်ပြောဆိုနေချေပြီ။

စီးဝေရှမ်း၏ရင်ထဲ၌ အကြီးအကျယ် လှုပ်ရှားလာမိလေသည်။ စိတ်စေတ်တက်ကြွစွာဖြင့် ရှန်ယုမေအား ပြန်လည်မေးလိုက်သည်။

"ကျုပ်အဖေက ကျော်ကြားတဲ့ ဓားသမားတစ်ယောက် ... ဟုတ်လား"



သူမက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်တယ် ... သိုင်းလောကသားတွေဟာ သူ့ကို မြောက်ပိုင်းဓားသမား စီးရိုပင်းလို့ ခေါ်ကြတယ်"

စီးဝေရှမ်းက စိတ်ဝင်စားစွာ နားစွင့်နေမိ၏။ သူမက စကားဆက်လိုက်သည်။

"ဓားသမားတစ်ယောက်ဆိုတော့ ရန်သူရှိရမှာပဲ၊ သူက ခိုးတုံဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့ခဲ့တယ်ရှင့်"

သူက မျက်မှောင်ကုတ်သွားသည်။

"သူတို့ဘာကြောင့် ရန်ငြိုးဖွဲ့ခဲ့ကြတာလဲဗျ"

သူမက သက်ပြင်းတစ်ချက်ချသည်။

"အမှန်တော့ ကျွန်မက ဒီကိစ္စတွေအားလုံးကို မသိခဲ့ပါဘူး၊ ဂိုဏ်းချုပ်နေရာ ဆက်ခံတော့မှ အသက်အရွယ်ကြီးတဲ့ ဌာနခွဲမှူးများက ပြောပြလို့ သိရပါတယ်"

သူသည် သိလိုသော ဆန္ဒများ ပြင်းပြလာသဖြင့် ...

"ဟုတ်ကဲ့ ... ဆက်ပြောပါဗျာ"

"ဒီလိုပါ ... လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်တုန်းက ထိုက်စန်ဂိုဏ်းချုပ်နေရာကို ဆက်ခံမယ့်လူဟာ ရွေးချယ်ကြပါတယ်၊ အဲဒီတုန်းကဆိုရင် ဂိုဏ်းချုပ်နေရာအတွက် ရှင့်အဖေစီးရိုပင်းနဲ့ ပေရင်စိမ်းတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ လူအများစုရဲ့ ထောက်ခံမှုကို ရခဲ့ကြတယ်"

စီးဝေရှမ်းက ...

"ဂိုဏ်းချုပ်နေရာကို ဘယ်သူရသွားသလဲ"

ရှန်ယုမေက စီးဝေရှမ်းကို တစ်ချက်လှမ်းကြည့်လိုက်မိပြီး

"ပေရှင်စိမ်းဆိုတာ ဘယ်သူလဲ"

ရှန်ယုမေ သူမရဲ့ရင်ဘတ်ကို ပုတ်ပြလိုက်ပြီး ...

"ကျွန်မရဲ့အဖေပါ၊ ဒါကြောင့် ရှင့်အဖေဟာ စိတ်နာပြီး ထိုက်စန်ဂိုဏ်းက ထွက်သွားပါတယ်"

သူက စိတ်မကောင်းဖြစ်သွားသည်။ သူမက ဆက်ပြောသည်။

"နောက်တော့ ကျွန်မအဖေက စိတ်မကောင်းတာနဲ့ လူလွှတ်ပြီး သူ့ကို ရှာခိုင်းပါတယ်၊ ဒါပေမဲ့ သူက အတွေ့မခံခဲ့ဘူး"

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

သူ့အဖေ၏လုပ်ရပ်ကြောင့် ရှန်ယုမေအပေါ် အားနာသလိုဖြစ်သွားမိ၏။

"ကျုပ် ခင်ဗျားကို အားနာပါတယ်ဗျာ၊ ကျေးဇူးပြုပြီး ဆက်ပြောပါ"

သူမက ...



"အဲဒီနောက်တော့ ဖေဖေကစိတ်ပျက်ပြီး သူ့ကို လိုက်မရှာတော့ပါဘူး၊ ဒါပေမဲ့ တစ်နှစ်ကြာတဲ့အခါ ..."

သူသည် ရင်ထိတ်စွာဖြင့် နားစွင့်နေ၏။ သူမက စကားဆက်လိုက်သည်။

"တစ်နှစ်ကြာတဲ့အခါမှာ ရှင့်အဖေ အပါအဝင် တစ်အိမ်လုံး အသတ်ခံရတာပဲလို့ သတင်းကြားရတယ်"

စီးဝေရှမ်းသည် စိတ်လှုပ်ရှားလွန်း၍ စကားပင်မပြောလိုက်တော့ပါ။

ရှန်ယုမေက စကားဆက်ပြန်သည်။

"ရှင့်အဖေကို သတ်သွားတာ ခုံးတုံဂိုဏ်းက ကျိုပိုင်လင်ဖြစ်တယ်လို့ ကြားရတာပဲ"

"ကျိုပိုင်လင် ကျိုပိုင်လင်"

စီးဝေရှမ်းသည် ကျိုပိုင်လင်၏အမည်ကို ကြားလိုက်သည်နှင့် ထိုသို့ ပွဲတင်ထပ်မျှ ရေရွတ်လိုက်မိ၏။

ကျိုပိုင်လင်ဆိုသူမှာ ကျို ဝေဝေ၏ဖခင် ဖြစ်ရမည်ဟုလည်း စဉ်းစားမိသည်။

သို့ရာတွင် ကျိုပိုင်လင်သည် မိမိ၏ မိဘများကို သတ်ဖြတ်သွားသော်လည်း အဘယ်ကြောင့် မိမိအား မသတ်ဘဲ ချမ်းသာပေး

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရပါသနည်း။

ကျောက်စိမ်းခေါင်းကလေးသည် မည်သည့်အကြောင်းအရာများကို ဖော်ညွှန်းထားပါသနည်း။

သူ့အတိတ်သည် မည်သို့ ရှိနေပါသနည်း။

မိမိဘဝနှင့် မည်သို့ ဆက်စပ်နေပါသနည်း။

စီးဝေရှမ်းသည် ထိုသို့ ရှုပ်ထွေးသောမေးခွန်းများဖြင့် လုံးချာလိုက်နေစဉ်မှာပင် ရုတ်တရက် အသံတစ်သံကြားလိုက်ရသည်။

“အစ်ကိုကြီး စီးဝေရှမ်း … အစ်ကိုကြီး စီးဝေရှမ်း”

အသံကိုကြားလိုက်သည်နှင့် ပျံလွှားလေး၏အသံဖြစ်သည်ကို မှတ်မိလိုက်သည်။

သူသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ ပျံလွှားလေးသည် ထိုသို့အော်ခေါ်ရင်း သူ့ထံသို့ ပြေးလာနေသည်ကို တွေ့ရသည်။

“ငါ ဒီမှာဟေ့”

စီးဝေရှမ်းက လှမ်း၍ အော်ပြောလိုက်သည်။ ပျံလွှားလေးက ပြေးလွှားလာရင်း …

“ဒုက္ခတော့ ရောက်ကုန်ပြီဗျ”

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားသည်။ ပျံလွှားလေး၏ အမူအရာက ထိတ်ထိတ်ပျာပျာ နိုင်လှသည်။



သူသည် ပျံလွှားလေး သူ့အနီးသို့ ရောက်လာသည်အထိ စောင့်ပြီးလိုက်သည်။

“ဘာတွေဖြစ်လာတာလဲ ပျံလွှားလေး”

သူသည် အမောဖြေနေရသည်။ သူသည် မောဟိုက်စွာဖြင့် တစ်လုံးချင်း ရွေ့တ်လိုက်လေသည်။

“စု ရဲ ရုံ”

စီးဝေရှမ်းရင်ထဲ၌ ထိတ်ခနဲ တစ်ချက်ဖြစ်သွားပြီး …

“စုရဲရုံ ဘာဖြစ်သလဲ … ပြောစမ်း”

ပျံလွှားလေးက အနည်းငယ် အမောဖြေပြီးမှ …

“သူ … သူက ချိုလူရှမ်းကို ယူတော့မလို့”

စီးဝေရှမ်းသည် ထိုစကားကို ကြားရသောအခါ ရင်ထဲ၌ ဖော်ပြ၍မရလောက်အောင် လှိုက်လှဲကြေကွဲမှုများ ဖြစ်ပေါ်လာမိသည်။

စီးဝေရှမ်း ငိုင်သွားမိသည်။ ထိုစဉ် ပျံလွှားလေးက စကားဆက်လိုက်သည်။

“ခင်ဗျား ကျုံးနန်တောင်က ထွက်ခွာသွားပြီးတဲ့နောက် ကျုပ် ဆရာ့ဆီခွင့်တောင်းပြီး ခင်ဗျားကို လိုက်ရှာတာ လမ်းမှားပြီး တိမ်ဖြူတောင်ကြားကို ရောက်တယ်ဗျ။ ဟိုရောက်မှ နောက် သုံးရက်

www.burmeseclassic.com

အတွင်းမှာ ချိုလူရှမ်းနဲ့ စုရဲရုံတို့ လက်ထပ်မင်္ဂလာပွဲ ကျင်းပကြတော့မယ်လို့ သတင်းကြားရတာဗျ”

သူသည် စကားဆုံးသွားသောအခါ ရှန်ယုမေကို ကြည့်လိုက်သည်။

ထိုအခါကျမှ စီးဝေရှမ်းသည် ရှန်ယုမေအနီး၌ ရပ်နေသည်ကို သတိရလာသဖြင့် မိတ်ဆက်ပေးလိုက်သည်။

“ဂိုဏ်းချုပ်ကြီး … သူ့နာမည်က ပျံလွှားလေးပါ၊ သူဟာ ကျူးနန်အဘိုးအိုရဲ့ တပည့်တစ်ယောက်ပါ”

ယင်းနောက် ပျံလွှားလေးဘက်လှည့်ပြီး …

“သူကတော့ ထိုက်စန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပါ”

ပျံလွှားလေးက ဦးညွတ်ဂါရဝပြုလိုက်သည်။

“ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်”

သူမသည် စီးဝေရှမ်းအား ကြည့်ပြီး …

“ကဲ … ရှင် ဘယ်လိုလုပ်မလဲ”

သူက အနည်းငယ်စဉ်းစားပြီး …

“ကျွန်တော် တိမ်ဖြူတောင်ကြားကို တစ်ခေါက် သွားချင်သေးတယ်”

သူမက မျက်ခုံးပင့်၍ ကြည့်ပြီး …



“ရည်ရွယ်ချက်ကရော”

စီးဝေရှမ်းက သက်ပြင်းချလိုက်သည်။

“ဘာရည်ရွယ်ချက်မှ မရှိဘူး၊ သူ့ကို နောက်ဆုံးအကြိမ် သွားတွေ့ချင်တယ် … ဒါပဲ”

သူမက သူ့အား စိုက်ကြည့်၏။

“ဒါကတော့ ရှင့်သဘောပဲ၊ ဒါပေမဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုတော့ ရှင့်ကိုပြောပြရဦးမယ်”

စီးဝေရှမ်းက မျက်မှောင်ကြုတ်ပြီး …

“ဘာများပါလိမ့်”

ရှန်ယုမေက …

“နောက်ထပ် ငါးရက်အကြာမှာ ထိုက်စန်ဂိုဏ်းနဲ့ ခွန်းလွှန်းဂိုဏ်းတို့ဟာ ဝေစီမြစ်ကမ်းခြေမှာ ချိန်းထားတယ်၊ အဲဒီနေ့မှာပဲ တစ်ဖက်နဲ့တစ်ဖက် မကျေလည်တာတွေကို စာရင်းရှင်းကြလိမ့်မယ်၊ ရှင်လာမယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ၊ လာလည်း လာသင့်တယ်”

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားပြီး၊ ပြန်မေးလိုက်လေ၏။

“ကျွန်တော် ဘာလို့လာသင့်ရတာလဲ”

ရှန်ယုမေသည် တည်ကြည်လေးနက်သော မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူ့အားကြည့်ကာ ...

"ဘာလို့သွားသင့်သလဲဆိုတော့ ရှင့်အဖေနဲ့ကိုပိုင်လင်တို့ ရန်ကြွေးတွေကို မရှင်းရသေးဘူးမဟုတ်လား၊ သံသယအကြွင်းအကျန်တွေ ရှိနေတယ်လေ"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... ငါးရက်ဆိုတော့ အချိန်ရပါသေးတယ်၊ ကျုပ် တိမ်ဖြူတောင်ကြားကို သွားပြီးရင် အချိန်မီ အရောက်လာခဲ့ပါ့မယ်"

ရှန်ယုမေက သူ့အား စိုက်ကြည့်လိုက်သည်။

"ကောင်းပြီလေ ... အချိန်ကျရင်သာ ရှင် အရောက်လာနိုင်ဖို့ ကြိုးစားပါ"

သူမသည် ထိုသို့ပြောပြီး တစ်ဖက်သို့ လှည့်၍ထွက်ခွာသွားလေသည်။

စိုးဝေရှမ်းနှင့် ပုံလွှားလေးတို့သည် ဂိုဏ်းချုပ်ကြီး ရှန်ယုမေကို ငေးမောကြည့်နေမိကြလေသည်။

☆



သုံးရက် ...။

သုံးရက်ဟူသောအချိန်သည် အလွန်တိုတောင်းသော အချိန်ပင်ဖြစ်သည်။

သူတို့သည် တိမ်ဖြူတောင်ကြားသို့ သွားရန်မှာ မိုင်နှစ်ရာခန့် ခရီးနှင်ရမည်ဖြစ်သည်။

ထို့ကြောင့် စိုးဝေရှမ်းသည် မြို့ကလေးတစ်မြို့၌ မြင်းနှစ်ကောင် ဝယ်ယူလိုက်ပြီး တိမ်ဖြူတောင်ကြားသို့ ဦးတည်မောင်းနှင်သွား၏။

သူတို့သည် လျင်မြန်စွာ ရောက်ရှိနိုင်ရန်အတွက် လမ်းမကြီးအတိုင်း မသွားဘဲ တောလမ်းအတိုင်း ဖြတ်လမ်းမှ သွားကြ၏။

ယင်းသို့ဖြင့် သူတို့သည် တိမ်ဖြူတောင်ကြားခရီးကို အပြင်းနှင်လာကြသည်။

သူတို့သည် တိမ်ဖြူတောင်ကြားသို့ရောက်ရန် စိတ်စောနေသဖြင့် သူတို့၏ သွားလမ်းပေါ်တွင် လူတစ်ယောက် လှဲလျောင်းနေသည်ကို အချိန်မီ သိလိုက်ရသဖြင့် ကမန်းကတန်း မြင်းကို ဖြတ်ကျော်လိုက်ကြရ၏။

သူ၏နှုတ်မှလည်း ညည်းညူမိသည်။

"ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြင်းကို နောက်သို့လှည့်ပြီး ကြည့်လိုက်ရာ လမ်းကလေးပေါ်၌ လူတစ်ယောက် လှဲလျောင်းနေသည်ကိုတွေ့ရ၏။ ထိုလူ၏ခန္ဓာကိုယ်တွင် ဖာထေးထားသော အင်္ကျီတစ်ထည်အား ဝတ်ဆင်ထားသည်ကို တွေ့ရှိကြရ၏။

စီးဝေရှမ်းနှင့် အတူပါလာသော ပျိုလွှားလေးက မြင်းပေါ်မှ ဆင်းလိုက်ပြီး ထိုလူအား လှမ်းခေါ်လိုက်လေတော့၏။

"ဟေ့ သူတောင်းစား ... သေချင်လို့ လမ်းပေါ်မှာ အိပ်နေတာလား"

ထိုစဉ် ထိုလူသည် လဲလျောင်းရာမှ ရုတ်တရက် ထရပ်လိုက်လေ၏။ ထို့နောက် သူသည် ခါးထောက်လိုက်ပြီး ...

"ကျုပ်ဘာသာကျုပ် အိပ်နေတာ ... ဘာဖြစ်လို့ ကျုပ်ကို ကျော်သွားရတာလဲ"

စီးဝေရှမ်းက ပြုံးပြလိုက်၏။

"ငါ့ညီ ... မင်း ဘာဖြစ်သွားသေးလဲ"

သူတောင်းစားက ခေါင်းခါယမ်းသည်။

"ကျုပ် ဘာမှမဖြစ်ပါဘူး"

ထိုသို့ဖြေပြီးသည်နှင့် တစ်ပြိုင်နက် သူသည် စီးဝေရှမ်းကို မော့ကြည့်ပြီး ...



"ဒီလောက် ပျာယီးပျာယာဖြစ်အောင် ခရီးနှင်ပုံထောက်ရင် တိမ်ဖြူတောင်ကြားကို သွားဖို့ပဲ ဖြစ်ရမယ် ... ဟုတ်တယ် မဟုတ်လား ကျုပ်ပြောတာ"

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားမိသည်။

"ကျုပ်တို့ တိမ်ဖြူတောင်ကြား သွားမယ်ဆိုတာ မင်းက ဘယ်လိုလုပ်သိသလဲ"

သူတောင်းစားက ပြုံးလိုက်ပြီး ...

"သိတာပေါ့၊ ပထမအချက်က ဒီလမ်းကလေးဟာ တိမ်ဖြူတောင်ကြားသွားတဲ့ လမ်းကလေးပဲ၊ ဒုတိယအချက်က တိမ်ဖြူတောင်ကြားမှာ လက်ထပ်မင်္ဂလာပွဲရှိတယ်၊ ဒါကြောင့် ဧည့်သည်တွေက အဆက်မပြတ် သွားလာနေကြတယ်"

သူတောင်းစားလေး၏ ဖွေးခေါ်ယူဆချက်ကမဆိုပါချေ။ စီးဝေရှမ်းက ပြုံးလိုက်ပြီး ...

"ဘယ်ဆိုးလို့တုံး ... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ အတွေးအခေါ်ကောင်းသားပဲ"

သူက ထုတ်ဖော်ချီးကျူးလိုက်သောအခါ သူတောင်းစားလေးက လက်ကာပြပြီး ...

"ကျုပ်စကားမဆုံးသေးဘူး၊ တတိယအချက်က သတို့သမီး

www.burmeseclassic.com

www.burmeseclassic.com



ဟာ သိပ်လှတယ်လို့ ပြောကြတယ်၊ ဒါကြောင့် ခင်ဗျားတို့က အခွင့်အရေးရတုန်း သတို့သမီး ဘယ်လောက်လှတယ်ဆိုတာ သွားကြည့်ကြတာမဟုတ်လား"

စီးဝေရှမ်း မျက်မှောင်ကုတ်သွား၏။ သူသည် သူတောင်စားလေးအား သေချာစိုက်ကြည့်လိုက်ပြီး ...

"သတို့သမီး သိပ်လှတယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ"

သူတောင်းစားက ရယ်ရင်း ...

"ကျုပ်က မသိဘဲ ပြောပါ့မလားဗျ"

စီးဝေရှမ်း ပါးစပ်ပိတ်သွားသည်။

ထိုစဉ် ပျံလွှားလေးက သူတောင်းစားအား သေချာစွာ စိုက်ကြည့်မိသည်။

အမှန်တော့ ... ထိုသူတောင်းစားမှာ ယောကျ်ားတစ်ဦး မဟုတ်ပါ။

ယောကျ်ားစိတ်ပေါက်နေသော မိန်းကလေးတစ်ဦးသာ ဖြစ်ပေသည်။

သူ့အသံဟန်ပန်နှင့် လှုပ်ရှားမှုများက သက်သေခံနေ၏။

ပျံလွှားလေးသည် သူတောင်းစားအား သေချာစွာ ကြည့်၍



လှမ်းမေးလိုက်၏။

"ဟေ့ ... မင်းက ဘယ်က ယောကျ်ားလျှာလဲကွဲ ... ပြောစမ်းပါဦး"

သူတောင်းစားသည် ထိုစကားကိုကြားလိုက်သည်နှင့် နောက်သို့ ချာခနဲလှည့်ကာ ကျွမ်းတစ်ပတ်ထိုးလိုက်ပြီး ပြေးလွှားတိမ်းရှောင်သွားလေတော့သည်။

သူတောင်းစားလေးသည် သိုင်းပညာလည်း တတ်ကျွမ်းချေတကား။

စီးဝေရှမ်းသည် ပျံလွှားလေးဘက်သို့လှည့်လိုက်ပြီး ...

"သူက ယောကျ်ားလျှာဆိုတာ မင်းက ဘယ်လိုလုပ်သိသလဲ"

ပျံလွှားလေးက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ရင်ကိုကော့၍ ...

"အစ်ကိုကြီးက သူ့အသံကို သတိမထားမိလို့ပါ၊ သူ့အသံက မိန်းကလေးတစ်ယောက်ရဲ့အသံဗျ၊ နောက်ပြီး သူ့လည်ပင်းကို သတိထားကြည့်ရင် မျက်နှာအပေါ်ပိုင်းက မည်းပြီး အောက်ပိုင်းကတော့ ဖြူဖွေးနေတာကို တွေ့ရတယ်၊ မျက်နှာကိုမည်းအောင်လုပ်ပြီး ရုပ်ဖျက်ထားတာ၊ ဒါကြောင့် ကျွန်တော် သံသယဖြစ်မိလို့ စကားနဲ့ စမ်းပြီး မေးလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက ခေါင်းညိတ်လိုက်သည်။

"မင်းပြောပြမှပဲ ငါလည်းသိရတော့တယ်၊ သူ့ရဲ့ကိုယ်လုံး ကိုယ်ပေါက်ကလည်း သေးသေးသွယ်သွယ် ဖြစ်နေတာကိုတော့ သတိပြုမိသားပဲ"

ပျံလွှားလေးက အနည်းငယ် စဉ်းစား၍ ...

"သူက ဘယ်သူလဲ၊ ဘာဖြစ်လို့ သူတောင်းစားလို ရုပ်ဖျက် ဟန်ဆောင်ထားရတာလဲ"

စီးဝေရှမ်းက သက်ကာပြလိုက်သည်။

"ကဲ ... ဒါတွေ ထားလိုက်ကွာ၊ ငါတို့မှာ ပြဿနာတွေက အများကြီးပဲ၊ နောက်ထပ်ပြဿနာ မရှာချင်နဲ့တော့၊ ဒါတွေကိုမေ့ပစ် လိုက်တော့၊ ဟိုကိုသာ မြန်မြန်ရောက်ဖို့ အရေးကြီးပါတယ်"

သူသည် ပြောပြီးသည်နှင့် တိမ်ဖြူတောင်ကြားသို့ ဦးတည် စိုင်းနှင်သွားကြလေ၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## နတ်ဃမင်းရုပ်တု၏လျှို့ဝှက်ချက်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၃၄၀၃၁၁

၂၀၁၁ ခုနှစ်
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

### ပရိယာယ်

ညနေဆည်းဆာအချိန် ...။

ညနေဆည်းဆာအချိန်တွင် စီးဝေရှမ်းနှင့် ပုံလွှားလေးတို့သည် တိမ်ဖြူတောင်ကြားသို့ ရောက်ရှိလာကြသည်။

သူတို့က လှမ်းကြည့်လိုက်ကြသောအခါ တိမ်ဖြူကျေးရွာတစ်ခုလုံးတွင် မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့ရသည်။

စီးဝေရှမ်းသည် မြင်းပေါ်မှ ဆင်းလိုက်သည်။

ပုံလွှားလေးကလည်း မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်းများအား တောအုပ်ထဲသို့ သွားရောက်ချည်နှောင်ထားလိုက်ကြသည်။

ထို့နောက် စီးဝေရှမ်းက ပုံလွှားလေးဘက်သို့လှည့်ကာ တိုင်ပင်လိုက်သည်။

"ကဲ ဘယ်လိုလုပ်မလဲ ... ဒီအတိုင်းသွားရင်တော့ မျိုလှ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းက ငါ့ကို လက်ခံမှာ မဟုတ်ဘူး"

ပျံလွှားလေးက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

စီးဝေရှမ်းက သက်ပြင်းချလိုက်သည်။

"ချိုလူရှမ်းက ငါ့ကို သူ့ရဲ့သတို့သမီးကို လာပြီးလုတယ်လို့ ထင်မှာပေါ့"

သူက ခေါင်းညိတ်လိုက်သည်။

"အင်း ... ဒါလည်း ဟုတ်တာပဲ၊ စုရဲ့ရုံနဲ့ ပတ်သက်ပြီး သူ အစ်ကိုကြီးကို လုံးဝကျေနပ်တာ မဟုတ်ဘူး"

BURMESE CLASSIC

စီးဝေရှမ်းက ခေါင်းညိတ်၏။

"ဟုတ်တယ် ... စုရဲ့ရုံကို ဘယ်လိုလုပ် တွေ့ရမှန်းတော့ မသိတော့ဘူး"

သူက အနည်းငယ် စဉ်းစားလိုက်ပြီး၊ ထို့နောက် ရွှင်ပျ...

"ကျွန်တော် အကြံရပြီ"

စီးဝေရှမ်းက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"လုပ်စမ်းပါဦး ... ဘာများလဲ"

သူက တစ်ချက်ပြုံးလိုက်သည်။

"ကျုပ်က စုရဲ့ရုံရဲ့မောင် ဟန်ဆောင်ပြီး သွားမယ်ဗျာ ...



သူ လက်ခံမှာပဲ"

စီးဝေရှမ်း ဝမ်းသာသွားသည်။

"ကောင်းတယ် ... မင်းအကြံ မဆိုးဘူး၊ ချိုလူရှမ်းက စုရဲ့ရုံ မောင်နှမတွေ ဘယ်လောက်ရှိတယ်ဆိုတာ သိတာမဟုတ်ဘူး ... အောင်မြင်နိုင်တယ်"

သူသည်ပြောရင်းက မျက်မှောင်ကြုတ်သွားသည်။ သူ တစ်စုံတစ်ခု စဉ်းစားမိပြန်သည်။

"မင်းသွားတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ငါနဲ့စုရဲ့ရုံနဲ့က ဘယ်လိုလုပ် တွေ့ရမှာလဲ"

သူကပြုံးပြီး ...

"လွယ်ပါတယ်ဗျာ ... အစ်ကိုကြီးက ဒီနားမှာ စောင့်နေပါ၊ ကျုပ်က စုရဲ့ရုံနဲ့တွေ့ပြီး သူ့ကို ဒီကိုခေါ်လာခဲ့မှာပေါ့၊ ဒါဆို တွေ့ရပြီပေါ့"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းတယ် ... ငါ ဒီက စောင့်နေမယ်၊ ကဲ ... အစစအရာရာ သတိထားပါ ... ဟုတ်လား"

ပျံလွှားလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် သူသည် ထိုနေရာမှ ပြေးထွက်သွား လေတော့သည်။

တိမ်ဖြူကျေးရွာရှိ အဆောက်အအုံများကို လှပစွာ မွမ်းမံ ထားသည်။

မီးများသည် ထိန်ထိန်လင်းနေသည်။ လူများမှာလည်း ညီ ကား၍ ဆူညံနေသည်။

ထိုစဉ် ပုံ့လွှားလေးသည် ရင်ကိုကော့၍ ခြံဝင်းတံခါးရှိရာသို့ ဗြည့်မတ်စွာ လျှောက်သွားသည်။

သူသည် ညှိခံကြို့ဆိုနေကြသောလူများအား လေသံ မာဖြင့် ...

"ခင်ဗျားတို့ သတို့သားလောင်းကို သွားပြောလိုက်ပါ ယောက်ဖလောင်း ရောက်လာတယ်လို့"

ညှိခံသူများမှာ နဝေတိမ်တောင် ဖြစ်သွားကြလေ သည်။

တစ်ယောက်က သူ့အား နားမလည်နိုင်စွာဖြင့်ကြည့် ...

"ဗျာ ... ဘယ်က ယောက်ဖလောင်းလဲ၊ အိမ်မှားနေပြီ ထင် တယ်"

သူက မျက်နှာထားတင်းမာစွာဖြင့် ...



"ဘယ်ကလာမှားရမှာလဲ၊ ဒီရွာက တိမ်ဖြူကျေးရွာ မဟုတ် လား"

ထိုလူက ခေါင်းညိတ်ပြီး ...

"ဟုတ်တယ်"

ပုံ့လွှားလေးက ဆက်မေးလိုက်သည်။

"အခု လက်ထပ်မယ့်သတို့သားကကော ချိုလှရှမ်း မဟုတ် ဘူးလား"

ထိုလူက ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်တယ်"

သူက မျက်နှာထားတင်းမာစွာဖြင့် ထပ်မေးလိုက်ပြန်သည်။

"သတို့သမီးက စုရဲရုံ မဟုတ်လား"

"ဟုတ်ပါတယ်"

ဤတွင် ပုံ့လွှားလေးသည် သူ့ရင်ဘတ်အား လက်ဝါးဖြင့် ပုတ်ကာ ...

"ကျုပ်က စုရဲရုံရဲ့မောင်ပဲဗျ"

ညှိခံကြို့ဆိုနေကြသောလူများသည် ထိုစကားကို ကြား လိုက်ရသောအခါ မျက်နှာများ ချက်ချင်းပြောင်းလဲသွားကြလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပျူငှာစွာ ဖိတ်ခေါ်လိုက်သည်။

"ဟုတ်ကဲ့ ... ဧည့်ခန်းကိုကြွပါခင်ဗျာ"

ထို့နောက်တွင်မူ သူတို့သည် ပျံလွှားလေးအား ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားကြလေသည်။ ဧည့်ခန်းထဲတွင် ပျူငှာစွာ ဧည့်ခံကြသည်။

"ဒီမှာ ခဏထိုင်ပါခင်ဗျာ ... သတို့သားဆီကို သွားပြီး အကြောင်းကြားပေးပါ့မယ်"

ထိုသူသည် အတွင်းဘက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်သွားလေတော့သည်။

မကြာမီ အဘိုးအိုတစ်ယောက်နှင့် ချိုလူရှမ်းတို့သည် ဧည့်ခန်းထဲသို့ ရောက်ရှိလာကြသည်။

ထိုအဘိုးအိုမှာ ချိုလူရှမ်း၏ဆရာဖြစ်သူ ကျောင်းချုပ်ဆင်း[illegible] ဖြစ်သည်။

သူတို့သည် ပျံလွှားလေးကို ကြိုဆိုပြီးနောက် [illegible] ဆောင်ဘက်သို့ ခေါ်ဆောင်သွားကြသည်။

ချိုလူရှမ်းသည် ပျံလွှားလေးအား စုရဲရုံ၏မောင်ဟူသော [illegible] နေသည်။

ကျောင်းချုပ်ဆင်းက ပြုံး၍ ...



"ခုနက စုရဲရုံကို သွားမေးကြည့်ပါတယ်၊ သူက မင်းဟာ မောင်ဝမ်းကွဲလို့ ပြောပါတယ်၊ ဒါကြောင့် ကိုယ့်အိမ်လို သဘောထားပြီး နေနိုင်ပါတယ်"

ပျံလွှားလေးသည် ထိုစကားကို ကြားလိုက်ရသောအခါ ပို၍ စိတ်ချသွားလေသည်။

"ဟုတ်ကဲ့ ... ကျုပ်ကလည်း အစ်မလက်ထပ်မယ် သတင်းကြားလို့ အမီလိုက်လာတာပါ၊ သူ ဒီလောက်မြန်မြန် လက်ထပ်လိမ့်မယ်လို့ ကျုပ် ထင်တောင်မထင်ခဲ့မိပါဘူး"

ကျောင်းချုပ်ဆင်းက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ပါတယ်၊ ကျုပ်တို့က လက်ထပ်မင်္ဂလာပွဲ စီစဉ်ထားပေမယ့် မင်းအစ်မက အခုထိ လက်မခံသေးပါဘူး"

ပျံလွှားလေးသည် ထိုစကားကို ကြားလိုက်ရသောအခါ ဖြူးကျယ်သော မျက်လုံးများဖြင့် သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်ကာ ...

"ခင်ဗျားတို့က ဘာကြောင့် ဧည့်သည်တွေကို ဖိတ်ထားရတာလဲ"

ကျောင်းချုပ်ဆင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ပြောရမှာတောင် ရှက်ပါတယ်၊ ကျုပ်က မင်းအစ်မ လက်

www.burmeseclassic.com

www.burmeseclassic.com



ခံမယ်ထင်လို့ စီစဉ်လိုက်တာ၊ သူ့ကို သေသေချာချာ ဖွင့်ပြောတော့မှ သူက လက်မထပ်နိုင်သေးဘူးလို့ ပြောပါတယ်"

ပျံလွှားလေးသည် ထိုစကားကိုကြားလိုက်ရသောအခါ ရင်ထဲ၌ ခမ်းသာသွားမိသည်။ သို့ရာတွင် သူသည် ဒေါသထွက်ဟန်ဆောင်လိုက်ပြီး ...

"အစ်မက ဘယ်လိုဖြစ်ရတာလဲ၊ အားလုံးစီစဉ်ပြီးမှ အခုလိုငြင်းပယ်တာ မကောင်းပါဘူး၊ ခင်ဗျားတို့လည်း မျက်နှာပျက်စရာဖြစ်တာပေါ့"

ကျင်းချန်ဆင်းသည် ထိုစကားကိုကြားလိုက်ရသောအခါ ဝမ်းသာသွားသည်။

"ဟုတ်တယ် ... ဒည့်သည်တွေရောက်လာရင် ကျူပ်သည် ဘယ်လိုရှင်းပြရမယ်တောင် မသိတော့ဘူး၊ အင်း ... အခုမှ ဒုက္ခရောက်ပြုပြီ့ ဆိုရမလားပဲ"

ပျံလွှားလေးက မျက်မှောင်ကုတ်ပြီး ...

"ကျူပ်အစ်မကို သွားတွေ့ချင်တယ်"

ကျင်းချန်ဆင်းက သူ့အားမော့ကြည့်လိုက်ရာ —

"မင်းအစ်မကို ကူပြောပေးပါဦးကွာ"

ပျံလွှားလေးက ခေါင်းကို သွက်လက်စွာညိတ်၍ —



"ဟုတ်ကဲ့ ... မမက ကျူပ်နဲ့အတော်ကိုရင်းနှီးတာ၊ ကျူပ်ပြောရင်တော့ ရလိမ့်မယ်ထင်တယ်၊ ဘယ်အားလုံးမျက်နှာပျက်စရာ အလုပ်ပဲ ... မမ လက်ခံရမှာပေါ့"

ဆရာဖြစ်သူ ကျင်းချန်ဆင်းက ဝမ်းသာသွားလေသည်။

"ဒါဆို သိပ်ကျေးဇူးတင်ပါတယ်ကွာ ... ပြေလည်အောင်ပြောပေးစမ်းပါ"

ထို့နောက် သူသည် ချီလူရှမ်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ချီလူရှမ်း ... မင်းညီလေးကို စုရဲရှံဆီ ပို့လိုက်စမ်း"

ချီလူရှမ်းသည် စကားတစ်ခွန်းမျှမပြောဘဲ ပျံလွှားလေးကို တစ်ချက်ကြည့်လိုက်ပြီး ခေါ်သွားသည်။

"ကျူပ်နောက်ကိုလိုက်ခဲ့"

ချီလူရှမ်းလည်း လိုက်ပါသွားရလေသည်။

လှပခန့်ညားသော အဆောက်အအုံတစ်ခုရှေ့သို့ ရောက်ရှိသွားသည်။

ထိုအဆောက် အအုံရှေ့တွင် ဥယျာဉ်တစ်ခု ရှိလေသည်။

ချီလူရှမ်းသည် ပျံလွှားလေးအား ခေါ်ဆောင်ပြီး ဥယျာဉ်ထဲမှ ဖြတ်ကျော်ကာ အဆောင်ကလေးရှေ့သို့ ရောက်ရှိလာသည်။

အဆောင်၏တံခါးဝကို ရောက်ရှိသည်နှင့် ချီလူရှမ်းက ခြေ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းရပ်တန့်လိုက်သည်။

သူသည် ပုံ့လွှားလေးအား အံ့အားတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"မင်းရဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကြို့တင်ပြောထားပါရစေ … ကျုပ်တို့ကိစ္စကို ဝင်ပြီးနှောင့်ယှက်ရင်တော့ ကျုပ်ရဲ့အဆိုး မဆိုနဲ့"

ပုံ့လွှားလေးက အဖြေမပေးဘဲ ထိုအဆောင်အား ညွှန်ပြလိုက်ပြီး …

"မမ ဒီမှာနေတယ် … ဟုတ်လား"

ချိုလူရှမ်းက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

ပုံ့လွှားလေးက ချိုလူရှမ်းအား တစ်ချက်ကြည့်လိုက်သေးသည်။ ထို့နောက် ခပ်တည်တည်ဖြင့် ပြောသည်။

"ကျုပ်လည်း စကားတစ်ခွန်းလောက် ကြိုပြောထားချင်သေးတယ်"

ချိုလူရှမ်းက ပုံ့လွှားလေးအား ရူးရဲစွာ စိုက်ကြည့်လိုက်တော

"ဘာပြောမလို့လဲ"

"ခင်ဗျားကသာ ကျုပ်တို့စကားပြောတာကို ချောင်းပြီး နား



မထောင်ဘူးဆိုရင် ကျုပ်က ကျုပ်အစ်မကို လက်ထပ်ဖို့ကိစ္စ အောင်မြင်စွာ တိုက်တွန်းနိုင်မယ်လို့ ယူဆတယ်"

"ကောင်းပြီ"

သူသည် ပြောပြီးသည်နှင့် လာလမ်းအတိုင်း ချာခနဲ လှည့်ထွက်သွားလေ၏။

ပုံ့လွှားလေးသည် စေ့ထားသောတံခါးအား တွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်ခဲ့၏။

အခန်းထဲတွင်မူ စုရဲရှိသည် ကုလားထိုင်တစ်လုံးပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရ၏။

သူမသည် ပုံ့လွှားလေးအား တွေ့မြင်လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ဆီးကြိုလိုက်၏။

"မောင်လေး … မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာရတာလဲ"

ပုံ့လွှားလေးက လွတ်နေသော ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီး …

"မမကို ချန်အန်းမြို့ တစ်မြို့လုံး နေရာအနှံ့လိုက်ရှာခဲ့တယ်၊ နောက်ဆုံး မမ ဒီမှာရှိတယ်ဆိုတာ သတင်းကြားလို့ လိုက်ခဲ့တာပေါ့"

စုရဲရှိ အလွန်ဝမ်းနည်း ကြေကွဲနေသည်ကို ပုံ့လွှားလေးက

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်မိ၏။

သူမက တိုးညင်းစွာ ပြောလိုက်သည်။

"မမက ချုန်အန်းမြို့တော်ကနေ ဒီကိုရောက်လာတာပါ"

ပျိုလွှားလေးက စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"မမ ချုန်အန်းမြို့ကနေ ထွက်သွားတဲ့အချိန်ကစပြီး ဘာတွေဖြစ်တယ်ဆိုတာ ပြောပြပါလားဗျာ"

စုရဲရှိက ခေါင်းညိတ်လိုက်သည်။

"ကျူးနန်းတောင်က အပြင်မှာ ချိုလူရှမ်းတို့ ဆရာတပည့်နဲ့ တွေ့ခဲ့တယ်"

သူက စိတ်ဝင်စားစွာ မေးလိုက်သည်။

"ဒါနဲ့ မမက သူတို့ခေါ်ရာနောက်ကို လိုက်လာခဲ့တယ်ပေါ့ ဟုတ်လား"

သူမက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်တယ် ... ဘာဖြစ်လို့လဲဆိုရင် ချိုလူရှမ်းက မမအပေါ် အလွန်မေတ္တာရှိတယ်ဆိုတာကို တွေ့ရတော့ မမက သူ့ရဲ့စိတ်ကို စမ်းချင်တဲ့ဆန္ဒ ပေါ်ပေါက်လာတယ်"

သူက မြုံးလိုက်သည်။

"ဘယ်လိုပေါ်ပေါက်လာတာလဲ"



သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"မမမှာ ချစ်သူရှိတဲ့အကြောင်းကို ပြောပြခဲ့တယ်၊ ဒါပေမဲ့ သူက မမကို ခွင့်လွှတ်ခဲ့ပြီး လက်ထပ်ဖို့ အတင်းခေါ်လာတော့တာပဲ"

ပျိုလွှားလေးက စိတ်ဝင်စားစွာ နားထောင်နေသည်။ စုရဲရှိက ဆက်ပြောသည်။

"မမက သူ့ရဲ့မေတ္တာစစ်မေတ္တာမှန်ကို တွေ့ရလို့ သူနဲ့အတူ တိမ်ဖြူတောင်ကြားကို လိုက်ခဲ့တာပါ၊ ဒါပေမဲ့ မဖျော်လင့်ဘဲ"

သူက သူမ၏စကားကို ဝင်ထောက်သည်။

"မဖျော်လင့်ဘဲ ကျင်းချန်ဆင်းက မမကို ချိုလူရှမ်းနဲ့ လက်ထပ်ဖို့ တစ်ခါတည်းစီစဉ်လိုက်တယ် ဆိုပါတော့လေ ... ဟုတ်လား"

သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မမက ချိုလူရှမ်းကိုတော့ ကျေးဇူးတင်တယ်၊ သနားလည်း သနားတယ်၊ ဒါပေမဲ့"

သူက တက်ကြွလှုပ်ရှားသော လေသံဖြင့် ...

"မမက အစ်ကိုကြီးစီးဝေရှမ်းကို မမေ့နိုင်ဘူး မဟုတ်လား"

စုရဲရှိက မျက်နှာကို တစ်ဖက်သို့ လှည့်၍ ခပ်ဆောင့်ဆောင့် ပိတ်ပင်လိုက်သည်။

"သူ့အကြောင်း မပြောပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



ပျံလွှားလေးက အလျှော့မပေးပါ။

"မပြောလို့ ဘယ်ဖြစ်ပါ့မလဲ ... အခု သူလည်း ပါလာတယ် ဗျ"

သူမသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိပြီး ...

"ဟင် ... သူ အခု ဘယ်မှာလဲ"

"ရွာအပြင်မှာ ပုန်းနေတယ်"

စုရဲရှိုက ...

"သူ့ကို မြန်မြန်ထွက်သွားခိုင်းပါ။ မမတစ်သက်လုံး သူ့ကို မတွေ့ချင်တော့ဘူး"

ပျံလွှားလေးက အေးဆေးတည်ငြိမ်စွာဖြင့် ...

"ဒီလိုလည်း သူ့ကို အပြစ်မတင်ပါနဲ့ မမ ကျူးနန်တောင်က ပြန်သွားပြီးတော့ အစ်ကိုကြီးစီးဝေရှမ်း ရောက်လာခဲ့တယ်၊ မမချော်သွားပြီဆိုတာ ပြောပြလိုက်တော့ အစ်ကိုကြီးက မမကို လိုက်ရှာခဲ့တယ်"

စုရဲရှိုက ပျံလွှားလေးကို စိုက်ကြည့်လိုက်ပြီး ...

"မင်းပြောနေတာ အမှန်ပဲလား"

သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကျွန်တော် တကယ်ပြောတာပါ ... သစ္စာတရားကို ပြောပြ



တာပါ"

ထိုစဉ် ...

အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရတော့သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

## ရင်ဆိုင်ဖြေရှင်းကြခြင်း

လူတစ်ယောက်သည် မြတင်းပေါက်ကိုကျော်၍ ဝင်လာသည်။

"အဟမ်း"

ချောင်းသံတစ်ချက် ကြားလိုက်ရတော့မှ စုရဲရုံနှင့် ဖိုးလွှားလေးတို့သည် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

သူတို့သည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

အခန်းထဲသို့ရောက်သူသည် ဦးထုပ်တစ်လုံးဆောင်းထားသည်။

သူ့ကိုယ်ပေါ်တွင် အစိမ်းရောင်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ထားပြီး ကိုယ်လုံးမှာ အိုးမည်းများဖြင့် လိမ်းခြယ်ထားသည်ကို တွေ့ရသည်။



"ရှင် ဘယ်သူလဲ"

စုရဲရုံက အသံမာမာဖြင့် မေးလိုက်သည်။

ဖိုးလွှားလေးသည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် သူတို့လာစဉ်တုန်းက လမ်းမပေါ်မှာ လဲလျောင်းနေသော သူတောင်းစားလေးဖြစ်သည်ကို အကဲခတ်မိလိုက်၏။

ယင်းသူတောင်းစားကလေးမှာ မိန်းကလေးတစ်ဦး ဟန်ဆောင်ထားသည်ကိုလည်း သိထားသောကြောင့် ပြုံးလိုက်မိလေသည်။

သူတောင်းစားလေးက ဖိုးလွှားလေးအား လှမ်းငေါက်လိုက်သည်။

"ဟေ့ … မင်းက တော်တော်တုံးတဲ့ကောင်ပဲ၊ သည်လိုအချိန်မျိုးမှာ ပြုံးနေရသလား"

သူက ပြုံးလျက် …

"ကျုပ်က မပြုံးလို့ ငိုနေရမှာလားဗျ"

သူတောင်းစားလေးက နှုတ်ခမ်းမဲ့လိုက်သည်။

"အေး … ပြုံးနေ၊ မင်းနဲ့အတူပါလာတဲ့လူကတော့ ဟိုမှာ လူအများနဲ့တစ်ယောက် တိုက်ခိုက်နေရပြီကွ"

ထိုစကားကိုကြားလိုက်ရတော့မှ …

www.burmeseclassic.com

www.burmeseclassic.com



သူက စီးဝေရှမ်းအား ချိန်း ထားသည့်အချိန်ထက် လွန်နေသည်ကို သတိရလာမိလေတော့သည်။

"ဟုတ်သားပဲ ... ကျုပ်အစ်ကိုကြီးစီးဝေရှမ်းက တစ်နာရီကြာမှ ပြန်မထွက်လာရင် သူက လိုက်ခဲ့မယ်လို့ ပြောထားတယ်၊ သည်မှာ စကားကောင်းနေတာနဲ့ အချိန်လွန်သွားတယ်၊ သူလိုက်လာပြီနဲ့ တူတယ်"

စုရဲရုံက ထိတ်လန့်စွာဖြင့် ...

"ဟင် ... ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခပါပဲ"

သူတောင်းစားလေးက ခစ်ခနဲရယ်လိုက်သည်။

"ခုနက စီးဝေရှမ်းကို မုန်းတယ်ဆို၊ အခုတော့ သူ့အတွက် စိုးရိမ်နေပါလား"

စုရဲရုံက မျက်နှာမှာနီသွားလေသည်။

သူမသည် သူတောင်းစားလေးအား မသိသော်လည်း သူသည် ယုံကြည်ရမည့်လူမှန်း ရိပ်စားမိသည်။

သူမ ညည်းညူလိုက်သည်။

"ခက်တာပဲ ... ကျွန်မ ဘာလုပ်ရမှန်းမသိပါဘူး"

ပျံလွှားလေးက ...

"လွယ်ပါတယ် ... ကျုပ်နောက်ကို လိုက်ခဲ့ပေါ့"



စုရဲရုံ ခေါင်းညိတ်ပြီး ...

"မမက ချိုလူရှမ်းကို တွေ့ချင်သေးတယ်"

သူက ...

"မမက ချိုလူရှမ်းကိုသွားတွေ့ရင် သူက မမကို ခေါ်သွားမှာပေါ့"

စုရဲရုံသည် မည်သို့ပြုလုပ်ရမှန်းမသိအောင် ဖြစ်သွားလေသည်။

သူတောင်းစားလေးက စိတ်မရှည်တော့ပါ။

"ကျုပ်တော့သွားပြီ"

သူ့စကားဆုံးသည်နှင့် ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

စီးဝေရှမ်းအတွက် အချိန်သည် သိပ်ကိုအရေးကြီးနေချေပြီ။

ယင်းကြောင့် စုရဲရုံ၏လက်ကိုဆွဲကာ သူတောင်းစားကလေးနည်းတူ ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

ပျံလွှားလေးသည် စုရဲရုံ၏လက်ကိုဆွဲပြီး ပြေးထွက်လာရာ အဆောင်အပြင်၌ လူသုံးယောက်လဲကျနေသည်ကို တွေ့ရသည်။

ထိုလူများသည် မိမိတို့၏ လှုပ်ရှားမှုကို လာရောက်စောင့်ကြပ်နေသောလူများ ဖြစ်သည်ကို ရိပ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများသည် ယခုကဲ့သို့ မြေပေါ်၌ လဲလျောင်းနေကြသည်မှာ သူတောင်းစားကလေးက သွေးကြောပိတ်လိုက်ခြင်းသာ ဖြစ်သည်။

ပျံလွှားလေးသည် အခြေအနေကို ကြည့်မိသည်။

သူသည် စုရဲရှ၏လက်ကိုဆွဲကာ ဆက်ပြေးသည်။

သူတို့သည် တိမ်ဖြူတောင်ကြားအဝသို့ ရောက်ရှိလာသည့်တိုင်အောင် သူတောင်းစားလေး၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

ထိုနေရာသည် ပျံလွှားလေးနှင့် စီးဝေရှမ်းတို့ ချိန်းဆိုထားသော နေရာဖြစ်သည်။

ယခုတော့ ...

စီးဝေရှမ်းကိုလည်း မမြင်ရတော့ပါချေ။

သူသည် မည်သို့လုပ်ရမှန်းမသိဘဲ ထိုနေရာ၌သာ ရပ်တန့်ကာ စီးဝေရှမ်းကို စောင့်နေမိသည်။

အမှန်မှာ စီးဝေရှမ်းသည် ချိန်းဆိုထားသောအချိန် လွန်သွားသဖြင့် သူ့အတွက် စိုးရိမ်လာသောကြောင့် တိမ်ဖြူကျေးရွာသို့ လိုက်သွားခြင်း ဖြစ်လေသည်။

ပျံလွှားလေးတို့က သူ့အား ပြန်စောင့်နေသော အချိန်အ



တွင်းမှာပင် စီးဝေရှမ်းသည် ချိုလူရှမ်းနှင့် သဲသဲမဲမဲ တိုက်ခိုက်နေခဲ့ရလေပြီ။

☆

www.burmeseclassic.com

www.burmeseclassic.com

စီးဝေရှမ်းသည် တိမ်ဖြူတောင်ကြားလမ်း ဝင်ပေါက်တွင် ပျံလွှားအားစောင့်နေသည်။

သို့သော် ...

ချိန်းဆိုထားသည့်အချိန်ထက် များစွာလွန်လာသောကြောင့် သူသည် ပျံလွှားလေးအတွက် စိုးရိမ်လာ၏။

ထို့နောက် ...

ပျံလွှားလေးနောက်သို့ လိုက်လာတော့သည်။

လမ်းခရီးတစ်ဝက်သို့ ရောက်သောအခါ ချိုလူရှမ်းနှင့် မျက်နှာချင်းဆိုင် တွေ့မိ၏။

စီးဝေရှမ်းသည် စိတ်ထားပြည့်ဝသော ယောကျ်ားတစ်ဦး ဖြစ်သည်။



သူသည် ချိုလူရှမ်းအား ယဉ်ကျေးစွာဖြင့် နှုတ်ဆက်လိုက်သည်။

သို့သော် ချိုလူရှမ်းက သူ၏ချစ်သူကို လုယက်ရန် လာခြင်းဖြစ်သည်ဟု ယူဆလိုက်သည်။

စီးဝေရှမ်းကို တွေ့မြင်သည်နှင့် မုန်းတီးသောစိတ်များက တဖွားဖွား ပေါ်လာသည်။

ထို့နောက် စီးဝေရှမ်းအား စိုက်ကြည့်၍ ...

"မင်း ဒီကို ဘာလာလုပ်တာလဲ"

ဟု ခပ်မာမာ လှမ်းမေး၏။ စီးဝေရှမ်းက ပြုံးလိုက်သည်။

"စုရဲရုံကို တွေ့ချင်လို့ပါ"

"ဘာကွ"

ချိုလူရှမ်းသည် ဒေါသကို မထိန်းနိုင်တော့ဘဲ စီးဝေရှမ်းအား တိုက်ခိုက်လေ၏။

စီးဝေရှမ်းက အနည်းငယ် ရှောင်တိမ်းပေးလိုက်၏။

သို့သော် ချိုလူရှမ်းက အခဲမကျေဘဲ တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

စီးဝေရှမ်း မတတ်နိုင်တော့ပါ။ လက်ဝါးနှစ်ဖက်ဖြင့် ဖြန်းသည် တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုလှုရှမ်းက လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်၍ ခံပေးလိုက်ရာ ...

'ဝုန်း'

ချိုလှုရှမ်း၏ခန္ဓာကိုယ်သည် နောက်သို့ ခြေလှမ်းလေးငါးလှမ်းခန့် ယိမ်းယိုင်စွာ ဆုတ်သွားရ၏။

စီးဝေရှမ်းက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး ...

"မင်းနဲ့ငါ အခုလို တိုက်ခိုက်တာဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး"

သူ အေးဆေးစွာ ပြောလိုက်၏။ သို့သော် ချိုလှုရှမ်းက ဒေါသကြီးစွာဖြင့် ...

"အဓိပ္ပာယ်ကို ရှိတယ်"

စီးဝေရှမ်းက လက်ကာပြလိုက်၏။

"သိပ်လည်း ဒေါသမကြီးပါနဲ့ ... ကျုပ်ပြောမယ့် စကားကို လည်း သေချာ နားထောင်ပါဦး"

ချိုလှုရှမ်းက ပါးစပ်ပိတ်ထားလိုက်ပြီး စီးဝေရှမ်းအား စိုက်ကြည့်နေသည်။ စီးဝေရှမ်းက ပြုံးလိုက်ပြီး ...

"ကျုပ်က စုရဲရှုံကိုလာပြီးတွေ့တာပဲ၊ ဒါပေမဲ့ နှောင့်ယှက်ဖို့ မဟုတ်ဘူး၊ မင်းနဲ့သူ လက်ထပ်မယ့်ကိစ္စဟာ သူ့သဘောအတိုင်း



ပါပဲ၊ ကျုပ်က ကူညီဖို့ပဲရှိတယ်၊ နှောင့်ယှက်ဖို့ လုံးဝစိတ်မကူးဘူး"

ချိုလှုရှမ်းက မဲ့ပြုံးပြုံး၍ ...

"မင်းစကားကို ယုံရမှာလား"

သူက ...

"မင်းယုံချင်ယုံ မယုံချင်လည်း ရပါတယ်၊ ဒါပေမဲ့ ကျုပ် စကားတစ်ခွန်းပြောချင်ပါတယ်"

ချိုလှုရှမ်းက သူ့အား အခဲမကျေ စိုက်ကြည့်ရင်း ...

"ပြောပါ"

သူက ခပ်ပြုံးပြုံးဖြင့် ...

"အရင်တစ်ခေါက်က ကျုပ် ဒီကို ရောက်ခဲ့ဖူးပါသေးတယ်၊ ဒီတုန်းက ပြတင်းပေါက် အပြင်ကနေပြီး မင်းတို့ဆရာတပည့်တွေ ပြောတဲ့ စကားကို ကြားလိုက်ပါတယ်၊ ဒါကြောင့် မင်းကိုငါ အတော် လေးစားမိခဲ့တယ်"

ချိုလှုရှမ်းက မျက်မှောင်ကုတ်သွားသည်။

"ဘာပြောခဲ့လို့လဲ"

သူက တစ်ချက်ပြုံးလိုက်သည်။

"မင်း ပြောခဲ့တယ်မဟုတ်လား ... စုရဲရှုံကို မရရင်လည်း နေပါစေ၊ အတင်းအဓမ္မ မယူလိုပါဘူးဆိုတာလေ"

www.burmeseclassic.com

www.burmeseclassic.com



ချိုလှူရှမ်းက မျက်မှောင်ကုတ်၍ ...

"ဒါ မင်းနဲ့ ဘာဆိုင်လို့လဲ"

သူက ပြုံးလိုက်ပြန်သည်။

"သိပ်ဆိုင်တာပေါ့ကွာ၊ ဒီစကားကိုကြားလိုက်ရတော့ မင်းအပေါ် ငါ လေးစားလာမိတယ်၊ စုရဲ့ရှုံဟာ မင်းလိုယောကျ်ားကောင်းတစ်ယောက်နဲ့ရတာ အင်မတန်မှ ဂုဏ်ယူစရာကောင်းတယ်လို့ ကျုပ်က ယူဆတယ်၊ ဒါကြောင့် ဝမ်းသာပါတယ်"

ချိုလှူရှမ်းသည် ထိုစကားကြားရသောအခါ အနည်းငယ်စိတ်ပြေသွားမိ၏။

"ဒါနဲ့ မင်းက ဘာဖြစ်လို့ စုရဲ့ရှုံကို တွေ့ချင်ရတာလဲ"

"သူ့အမေကို ကျုပ်သတ်တယ်လို့ ထင်သွားတယ်၊ ဒါကို ရှင်းပြချင်လို့ပါ"

ချိုလှူရှမ်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"မင်းက ရှင်းပြရုံမဲလား"

သူက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် တခြား ဘာမှမရှိပါဘူး၊ ငါတို့ကိစ္စက ရှင်းပါတယ်"

ချိုလှူရှမ်းသည် ထိုကိစ္စအား မည်ကဲ့သို့ ဆုံးဖြတ်သင့်သည်



ဆိုသည်ကိုလည်း လေးနက်စွာ စဉ်းစားမိ၏။

နောက်ဆုံးတွင် သူသည် စီးဝေရှမ်းအား ခေါ်ဆောင်၍ စုရဲ့ရှုံ၏ရှေ့တွင် သူမ၏ဆုံးဖြတ်ချက်ကို ခံယူမည်ဟု ပိုင်းဖြတ်တွေးဆလိုက် မိသည်။

သူသည် ထိုသို့စဉ်းစားလိုက်ပြီးနောက် ...

"ကဲ ... မင်းက ကျုပ်ကို လေးစားသလို ကျုပ်ကလည်း မင်းကိုလေးစားပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး စုရဲ့ရှုံရှေ့မှာ အဆုံးအဖြတ် ခံယူသင့်တယ်လို့ ဆုံးဖြတ်လိုက်ပါတယ်"

စီးဝေရှမ်းက အံ့အားသင့်သွားမိသည်။

"အခုလို စေတနာထားတာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကလည်း နောက်ဆုတ်ပေးပါ့မယ်"

ချိုလှူရှမ်းက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်သေးဘူး၊ စုရဲ့ရှုံရှေ့မှာ ပွင့်ပွင့်လင်းလင်း ရှင်းချယ်လိုက်ရင် မင်းနဲ့ငါဟာ ဘာမှ သံသယမရှိနိုင်တော့ဘူး၊ နောက်ပြီး စုရဲ့ရှုံဟာ ဘယ်သူ့အပေါ်မှာ မေတ္တာရှိတယ်ဆိုတာ သိရတာပေါ့၊ ဟုတ်ဘူးလား"

စီးဝေရှမ်းသည် မည်သို့မျှ ငြင်းပယ်၍မရသဖြင့် ခေါင်းညိတ်သဘောတူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ"

သူသည် ထိုသို့ပြောဆိုပြီး ချိုလူရှမ်းခေါ် ဆောင်ရာဆီသို့ လိုက်ပါသွားလေတော့သည်။

☆☆☆



## အခန်း (၁၇)

### အကူအညီပေးသော သူတောင်းစားလေး

စီးဝေရှမ်းသည် ချိုလူရှမ်းခေါ် ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။ ထိုစဉ် လူတစ်ယောက်သည် မျက်နှာချင်းဆိုင်မှ လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ယင်းလူမှာ ချိုလူရှမ်း၏ဆရာ ကျင်းချန်ဆင်းပင် ဖြစ်လေသည်။ ကျင်းချန်ဆင်းသည် စီးဝေရှမ်းအား တွေ့မြင်လိုက်သည်နှင့် ဒေါသကြီးစွာဖြင့် အော်ငေါက်၍ မေးမြန်းလိုက်လေတော့သည်။

"မင်းက ဘာလာလုပ်ပြန်ပြီလဲ၊ ဘာလာနှောင့်အယှက်တာလဲ"

စီးဝေရှမ်းက ဦးညွှတ်လိုက်သည်။

"ကျုပ်က ကိစ္စရှိလို့ လာခဲ့တာပါ၊ နှောင့်ယှက်တာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းချုန်ဆင်းသည် သူ့အား စိုက်ကြည့်ပြီး ...

"ကျုပ်တို့နေရာကို မင်းက လာချင်တိုင်းလာ၊ သွားချင်တိုင်း သွားလို့ရမယ် ထင်သလား"

စီးဝေရှမ်းက သူ့အား ပြုံးပြလိုက်သည်။

"ကျုပ်က သည်လိုသဘောမျိုး မရှိပါဘူး၊ ခင်ဗျားတို့ကို လည်း လေးစားပါတယ်၊ မလာရင် မဖြစ်တဲ့ကိစ္စလေး နည်းနည်းရှိလို့ လာရတာပါ"

သူက ဖြည်းလေးစွာ ပြောဆိုလိုက်သော်လည်း ကျောင်းချုန် ဆင်းက မဲ့ပြုံးလိုက်ပြီး ...

"အေး ... ဘာပဲဖြစ်ဖြစ် ကျုပ်ဆီကို ရောက်မှတော့ မင်း တတ်ထားတဲ့ပညာ နည်းနည်းပြခဲ့ရလိမ့်မယ်"

ကျောင်းချုန်ဆင်းက စိန်ခေါ်လာချေပြီ။ သူ အခက်ကြုံသွားမိ သည်။ သူသည် ချိုလူရှမ်းကို ကြည့်လိုက်သည်။ ချိုလူရှမ်းသည် သူ့ဆရာ၏အကြောင်းကို သိထားသဖြင့် သူ မတတ်နိုင်ကြောင်း ပခုံး တွန့်ပြလိုက်သည်။

သူ သက်ပြင်းချလိုက်သည်။ မတတ်နိုင်တော့ပါချေ။ ကျောင်း ချုန်ဆင်း၏ တိုက်ခိုက်လာသည့်တိုက်ကွက်များကို ခုခံရှောင်တိမ်းနိုင် ရန် အသင့်ပြင်ထားလိုက်ရလေသည်။



"ကျား"

ကျောင်းချုန်ဆင်းသည် စတင်တိုက်ခိုက်လာသည်။ သူသည် ယာဘက်လက်ဝါး ဝဲလက်လက်သီးဖြင့် စီးဝေရှမ်းအား တိုက်ခိုက် လိုက်ခြင်း ဖြစ်သည်။

သို့သော် သူ၏သိုင်းကွက်သည် စီးဝေရှမ်း၏ အနီးသို့ ရောက်ရှိလာသောအခါတွင် လျှပ်တစ်ပြက် ယာလက်သီးသည် ဝဲဘက်လက်ဝါးအဖြစ်သို့ ပြောင်းလဲသွားလေသည်။

သူသည် စီးဝေရှမ်းအား ယောင်ပြတိုက်ကွက်များသုံး၍ အပြတ်တိုက်ခိုက်သည်။ စီးဝေရှမ်းက သတိကြီးစွာဖြင့် ရှောင်တိမ်း ၏။ ကျောင်းချုန်ဆင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဘယ်ဆိုးလို့တုံး"

စကားဆုံးသည်နှင့် သိုင်းကွက် ထပ်မံ ပြောင်းလဲလိုက်ပြန် သည်။ ဤတစ်ကြိမ်တွင်မူ ယာဘက်လက်နှင့် ဝဲဘက်ခြေထောက် တွဲ၍ လည်းကောင်း၊ ဝဲဘက်လက်နှင့် ယာဘက်ခြေထောက် တွဲ၍ သည်းကောင်း တရကြမ်းတိုက်ခိုက်လေသည်။

သူ၏တိုက်ကွက်မှာ အလွန်အလွန် ဆန်းကြယ်လှသဖြင့် းဝေရှမ်းသည် မနည်းကြိုးစား၍ ရှောင်တိမ်းနေရသည်။ ဤပုံ တိုင်းဆိုလျှင် သူ ဘေးကင်းရန်ကင်း ရှိတော့မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းချန်ဆင်းက တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

"ဘာလဲကွ ... မင်းက ဘာဖြစ်လို့ ငါ့ကို ပြန်မတိုက်တာလဲ"

စီးဝေရှမ်းက ပြူးလိုက်သည်။

"ကျုပ်က ခင်ဗျားကို တိုက်ချင်တာမှ မဟုတ်ဘဲ၊ ခင်ဗျားကသာ ကျုပ်ကို တိုက်ခိုက်ချင်တာ မဟုတ်လား"

ကျင်းချန်ဆင်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကောင်းပြီလေ ... မင်း ဘယ်လောက်ထိအောင် ခံနိုင်ရည် ရှိတယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

သူသည် ပြောပြီးသည်နှင့် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင် လိုက်လေသည်။ ချိုလူရှမ်းက မနေနိုင်တော့ပါ။

"ဆရာ ခဏနေပါဦး"

ဟု ဟန့်တားလိုက်မိသည်။ ကျင်းချန်ဆင်းက သူ့အား နား မလည်နိုင်သောကြောင့် အံ့သြစွာဖြင့် ကြည့်လိုက်ပြီး ...

"မင်းက ဘာပြောချင်လို့လဲ"

ချိုလူရှမ်းက ဦးညွှတ်လိုက်ကာ ...

"ဒီလိုပါ ဆရာ ... အခု သူ့ကို ကျွန်တော်က ခေါ်လာခဲ့တာ ပါ"



ကျင်းချန်ဆင်းက မျက်မှောင်ကြုတ်သွားမိသည်။

"မင်းက ဘာဖြစ်လို့ သူ့ကိုခေါ်လာရတာလဲ"

ချိုလူရှမ်းက ခေါင်းငုံ့ထားလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက် စုရဲရှုံရဲ့ ရှေ့မှာ အဆုံးအဖြတ် ခံချင်လို့ပါ"

ကျင်းချန်ဆင်းက ချိုလူရှမ်းအား မဲ့ပြုံးဖြင့် ကြည့်လိုက်ပြီး

"မင်းက ဘာသိလို့လဲ၊ သူက စုရဲရှုံကို ခေါ်ထုတ်သွားပြီကွ"

ချိုလူရှမ်းက အံ့အားသင့်သွားလေတော့၏။

"ဗျာ ... စုရဲရှုံ မရှိတော့ဘူး ... ဟုတ်လား"

ကျင်းချန်ဆင်းက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်တယ် ... ခုနကကောင်လေးနဲ့ လိုက်သွားတဲ့အပြင် ကျုပ်တို့လူတွေကိုလည်း သွေးကြောပိတ်ထားခဲ့သေးတယ်"

ချိုလူရှမ်းသည် ထိုစကားကိုကြားလိုက်သည်နှင့် ဒေါသ များ ကြီးစွာထွက်သွားမိလေတော့၏။ သူသည် အခဲမကျေသော ကြည့်ဖြင့် စီးဝေရှမ်းအား စိုက်ကြည့်လိုက်သည်။

"မင်းက ဒါလောက်တောင် ယုတ်မာနေတာကိုး"

စီးဝေရှမ်းက လက်ကာပြလိုက်ရင်း ...

"ကျုပ်ကို အထင်မလွဲပါနဲ့၊ ကျုပ်အနေနဲ့ ဖျံလွှားလေးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကို လွှတ်လိုက်တာတော့အမှန်ပဲ၊ ဒါပေမဲ့ ဒါဟာ စုရုံကို ခေါ် ထုတ်ဖို့တော့ မဟုတ်ပါဘူး”

ကျွင်းချန်ဆင်းက မဲ့ပြုံးပြုံးသည်။

“မင်း လိမ်ပြောတိုင်း ကျုပ်တို့က ယုံရမှာလားကွ”

သူသည် ပြောပြီးသည်နှင့် စီးဝေရှမ်းအား တိုက်ခိုက်လေ တော့၏။ ယခုတစ်ကြိမ်တွင်မူ ချိုလူရှမ်းကလည်း ညှပ်ပူးညှပ်ပိ ဖြင့် စီးဝေရှမ်းအား တိုက်ခိုက်လေတော့သည်။

စီးဝေရှမ်း၏ဆိုင်းပညာမှာ အဆင့်မနိမ့်လှပါ။ သို့သော် သူ ရင်ဆိုင်နေရသောလူမှာ ထိပ်တန်းဆိုင်းပညာရှင်တစ်ယောက် ဖြ သည်။

ထို့ပြင် တစ်ယောက်နှင့်နှစ်ယောက် တိုက်ခိုက်နေရသ သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်မိသောအခါ သူသည် ခံနိုင်ရ မရှိတော့ဘဲ နောက်သို့သာ ဆုတ်ပေးနေရလေသည်။

ကျွင်းချန်ဆင်းနှင့် ချိုလူရှမ်းတို့သည် အသာစီးက ရ သဖြင့် သူတို့သည် ဖိအားပေးကာ တိုက်ခိုက်လေသည်။ စီးဝေရှမ်း အခြေအနေ မဟန်မှန်းသိသည်နှင့် လာလမ်းအတိုင်း ပြေးလွှ ရှောင်ထွက်သွားလေတော့၏။ ထိုအခါ ...

“ပြေးလို့ လွတ်မယ် ထင်သလား”



ကျွင်းချန်ဆင်းက ယင်းသို့အော်ဟစ်ရင်း ထက်ကြပ်မကွာ လိုက်သွားသည်။ ချိုလူရှမ်းသည် နောက်မှ လိုက်နေ၏။ သူတို့သည် တိမ်ဖြူတောင်ကြားအဝသို့ ထွက်မိသည်နှင့် လူရိပ်တစ်ခုသည် စီးဝေ ရှမ်းအား ရှောင်တိမ်းပြီး ကျွင်းချန်ဆင်းတို့ သွားလမ်းကို ပိတ်ဆို့ ရပ်တန့်ထားလေသည်။

ဤတွင် ကျွင်းချန်ဆင်းမှာ ခြေလှမ်းကို ရပ်ပစ်လိုက်ရလေ တော့၏။ သူက လမ်းပိတ်ဆို့ထားသည့်လူအား သေချာစွာ ကြည့် လိုက်ရာ ထိုလူမှာ အသက် တစ်ဆယ့်ခြောက် တစ်ဆယ့်ခုနစ်နှစ်ခန့် ရှိသော လူငယ်တစ်ယောက် ဖြစ်နေသည်ကိုတွေ့ရလေ၏။

ထိုလူငယ်သည် မျက်နှာတစ်ခုလုံး အိုးမည်းများဖြင့် လိမ်း ခြယ်ထားသည်ကို တွေ့ရပြီး သူတောင်းစားကလေး တစ်ယောက်နှင့် တူလှသည်ကိုလည်း သတိထားမိသည်။

“မင်း သေချင်လို့လား”

ကျွင်းချန်ဆင်းက ဒေါသကြီးစွာဖြင့် အော်ငေါက်လိုက်သည်။ သူတောင်းစားလေးက မဲ့ပြုံးပြုံးလေ၏။

“သေချင်တာက ခင်ဗျားဗျ။ ဘယ့်နှယ် ... အသက်ကြီးမှ လိုက်တမ်းပြေးတမ်း ကစားနေရလား”

သူတောင်းစားကလေးက မချေမငံပြော၏။ ကျွင်းချန်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



က ဒေါသမထိန်းနိုင်တော့ပါ။

"သေပေတော့"

သူသည် ပြောပြီးသည်နှင့် တရကြမ်း တိုက်ခိုက်လေသည်။ သို့ရာတွင် သူတောင်းစားကလေးမှာ ကျင်းချန်ဆင်း၏ သိုင်းကွက်များကို အသာအယာ ရှောင်တိမ်းနိုင်ခဲ့လေ၏။

ချိုလူရှမ်းသည် စီးဝေရှမ်းအပေါ် အထင်လွဲမှားနေသဖြင့် သူသည် စီးဝေရှမ်းအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။ စီးဝေရှမ်းမှာမူ ချိုလူရှမ်းက မိမိအပေါ် အထင်မှား၍ဖြစ်သည်ဟု နားလည်ထားသဖြင့် ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ချိုလူရှမ်း၏ သိုင်းကွက်များကိုသာ ရှောင်တိမ်းနေ၏။ ပြန်လှန်တိုက်ခိုက်ခြင်း မပြုချေ။

ထိုစဉ် သူတောင်းစားလေး၏အသံကို ကြားရလေ၏။

"ပျံလွှားလေးနဲ့ စုရဲရှုံတို့ ခင်ဗျားကို စောင့်နေတယ်ဗျ"

စီးဝေရှမ်းက အံ့အားသင့်သွား၏။ စုရဲရှုံသည် ပျံလွှားလေးနှင့်အတူ တိမ်ဖြူကျေးရွာက ထွက်သွားခြင်းမှာ မှန်ကန်သည်ဟုလည်း ယုံကြည်လာမိလေသည်။

စီးဝေရှမ်းသည် ချိုလူရှမ်း၏တိုက်ကွက်ကို ရှောင်တိမ်းနေရင်းမှ နောက်သို့ဆုတ်ကာ ...

"ခင်ဗျား ဘယ်သူလဲဗျ ... တစ်နေ့ ကျေးဇူးဆပ်နိုင်အောင် နာမည်ပြောပြပါဗျာ"



ဤတွင် သူတောင်းစားကလေးက အောက်ပါအတိုင်း ပြောပြလေသည်။

"ခေါင်းတလားထဲက နတ်ယမင်းဒေဝီ"

"ဖုနဲတောင်တန်း ရွာကလေးတစ်ခု"

သူတောင်းစားလေး၏ အသံသည် စီးဝေရှမ်း နားထဲ၌ တုံးနေ၏။

☆

www.burmeseclassic.com

www.burmeseclassic.com

စီးဝေရှမ်းသည် တိမ်ဖြူတောင်ကြားမှ ထွက်ခွာဆုတ်ခြေ
တော့၏။ သူတောင်းစားလေးက ဆုတ်ခြေးခိုင်းသည် မဟုတ်
လော။

ယခုအခါ အရှဏ်ဦး၏ ရောင်နီများ သမ်းလာလေပြီ
သည့် ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားရင်း သူတောင်
ကလေး ပြောပြသောစကားများကို ပြန်လည်သုံးသပ်နေမိ၏
သူတောင်းစားကလေး ပြောသွားသည့် စကားများမှာ
သည့်အဓိပ္ပာယ်များ ဆောင်နေသနည်း။

"ခေါင်းတုလားထဲက နတ်သမီးဒေဝီ"

"ဖုန့တောင်တန်းရှာကလေး တစ်ခု"

သူသည် ထိုစကားလုံးများကို ရေရွတ်ရင်း လျှောက်သွား



မကြာမီ စုရဲရုံနှင့် ပုံလွှားလေးတို့သည် လမ်းဘေးရှိ သစ်ပင်တစ်ပင်
ခြေရင်းတွင် ထိုင်နေသည်ကို ဆုံတွေ့ရလေတော့၏။

"အစ်ကိုကြီး၊ ကျူပ်ဆီမှာ"

စီးဝေရှမ်းက ရယ်မောလိုက်၏။ ခြေလှမ်းသွက်သွက်ဖြင့်
သူတို့အနီးသို့ လျှောက်သွားမိသည်။ စုရဲရုံသည် စီးဝေရှမ်းအား တွေ့
မြင်လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်ပြီး သစ်ပင်၏နောက်သို့ ပုန်း
ကွယ်လိုက်လေသည်။

ပုံလွှားလေးက တစ်ချက်ပြုံးပြီး ကျောက်တုံးတစ်တုံးပေါ်
သို့ သွားရောက်ထိုင်ချလိုက်သည်။ စီးဝေရှမ်းက စုရဲရုံထံသို့ ရောက်ရှိ
သွားလေသည်။ စုရဲရုံက အေးတိအေးစက်ဖြင့် ...

"ရှင်က ကျွန်မကို တွေ့ချင်သေးလို့လား"

ဟု လှမ်းမေးလိုက်သည်။ စီးဝေရှမ်းက ...

"အစ်ကို့ရဲ့စိတ်ထားကို အခုထိ ညီမက မသိသေးဘူးလား"

စုရဲရုံက မဲ့ပြုံးပြုံးပြီး ...

"တော်စမ်းပါ ... ရှင် အပိုတွေ ပြောမနေပါနဲ့"

စီးဝေရှမ်းက ခေါင်းခါယမ်းပြီး ...

"အစ်ကို့ရဲ့အသည်းနှလုံးထဲမှာ အမြဲတမ်း ညီမ ရှိနေပါ
တယ် ... ဒါကို ညီမ ယုံပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းသည် စိတ်ပါလက်ပါ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ စုရဲရုံသည် ရင်ထဲ၌လည်း လှိုက်လှဲဝမ်းသာ ဖြစ်မိရှာလေသည်။

သူမသည် စိတ်ကို မထိန်းနိုင်တော့ဘဲ စီးဝေရှမ်း၏ရင်ခွင်ထဲသို့ တိုးဝင်ကာ တရှုပ်ရှုပ် ငိုကြွေးလိုက်လေတော့၏။

☆



ထိုတဒင်္ဂအချိန်တွင် ...

စီးဝေရှမ်းနှင့် စုရဲရုံတို့သည် လောကကြီးတစ်ခုလုံးအား မေ့လျော့သွားသည့်အလား မလှုပ်မယှက် တစ်ယောက်နှင့်တစ်ယောက် သိုင်းဖက်ထားမိကြလေသည်။

အတန်ကြာမှ ...

စုရုံက စီးဝေရှမ်း၏ရင်ခွင်ထဲမှ ခုန်ထွက်လိုက်ပြီး ...

"အစ်ကို ကျွန်မကိုခွင့်လွှတ်ပါနော်"

စီးဝေရှမ်းက ပြုံး၍ ...

"ညီမက ဘာအပြစ်ရှိလို့ အစ်ကိုက ခွင့်လွှတ်ရမှာလဲ"

သူမက ခေါင်းငုံ့ပြီး ...

"အစ်ကို့ကို ကျွန်မ အထင်လွဲမိခဲ့တယ်"

သူကပြုံး၍ စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက သက်ပြင်းတစ်ချက်ချကာ ...

"ကျွန်မအဖေကို တွေ့တော့မှ အစ်ကိုဟာ ကျွန်မရဲ့ချစ်သူ မဟုတ်ဘဲ ကျွန်မတို့ရဲ့ကျေးဇူးရှင် ဖြစ်တယ်ဆိုတာ သိရတော့တယ်"

သူကပြုံး၍ ...

"အခုလို ညီမက အစ်ကို့အပေါ် အမြင်မှန်ရတာပဲ ဝမ်းသာလှပါပြီ"

သူတို့သည် ထိုသို့ပြောဆိုနေစဉ် ပျံလွှားလေး၏အသံ ထွက်ပေါ်လာလေသည်။

"အစ်ကိုကို စကားပြောလို့ မပြီးသေးဘူးလား၊ ကျွန်းချွန်ဆင်းတို့ လိုက်လာနေပြီ"

ပျံလွှားလေး၏စကားကို ကြားရတော့မှ သူတို့နှစ်ယောက်သည် ထိတ်ထိတ်ပျာပျာဖြင့် လှူချင်းခွဲလိုက်ကြလေသည်။

ဤတွင် ပျံလွှားလေးက ရယ်မောပြီး ...

"ဟား ဟား ဟား ... အလကားပြောတာပါဗျူ၊ အင်း — ဒါပေမဲ့ ဒီနေရာဟာ ကြာကြာနေလို့ ကောင်းတဲ့နေရာတော့ မဟုတ်ဘူးဗျူ"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒီနေရာဟာ အန္တရာယ်နဲ့နီးကပ်တယ်"



ပျံလွှားလေးက ...

"ကဲ ... ဒါဆို အခု ဘယ်သွားကြမှာလဲ"

စီးဝေရှမ်းက အနည်းငယ်စဉ်းစားပြီး ...

"ဒီလိုလုပ် ပျံလွှားလေးက မင်းမမကို ကျူးနန်တောင်အထိ သိုက်ပို့ပေးပါ၊ နောက်မှ မိစ္ဆာဂူဆီ ပြန်သွားကြတာပေါ့"

သူမက မျက်မှောင်ကုတ်ပြီး ...

"ဒါဆို အစ်ကိုကရော"

သူက ပြုံး၍ ...

"အစ်ကိုက ကိစ္စလေးတွေရှိနေသေးလို့ သွားရဦးမယ်၊ သူမ အ မျက်နှာညှိုးငယ်သွားပြီး"

"ဒါဆိုရင် အစ်ကိုနဲ့ ဘယ်တော့ပြန်တွေ့ရမှာလဲဟင်"

သူက တစ်ချက်ပြုံးပြီး သူမကို စိုက်ကြည့်ကာ ...

"သိပ်မကြာပါဘူး ... အလွန်ဆုံး ငါးရက်ပေါ့၊ ကိစ္စပြီးတာနဲ့ အစ်ကိုပြန်လာခဲ့မယ် ... ဟုတ်ပြီလား"

သူက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီရှင်"

မတတ်သာ ခပ်ခွာခွာနေရဦးမည် မဟုတ်ပါလား။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

### သံသရာတစ်ပတ်လည်

စီးဝေရှမ်းသည် ပုံလွှားလေးနှင့်စုရဲရှုံကို့အား ခွဲခွာပြီးနောက် သူသည် ချန်အန်းမြို့သို့ဦးတည်ကာ ခရီးထွက်ခဲ့လေသည်။

မကြာမီ သူသည် ကြိုးကြာငှက်စေတီသို့ ရောက်ရှိလာပြ သည်။

ထိုစဉ် လူရိပ်တစ်ခုသည် သူ့အနီးမှ ဖြတ်ကျော်သွားသည် ကို တွေ့ရှိရလေသည်။

ထိုလူရိပ်သည် တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစား များ ဝတ်ဆင်ထားပြီး သူ၏မျက်နှာပေါ်တွင် အနက်ရောင် အဝတ် တစ်ခုကိုလည်း စွပ်ထား၏။

မျက်လုံးပေါက်နေရာတွင် အပေါက်နှစ်ပေါက် ဖောက်ထား သည်။



ထိုအပေါက်မှ စူးရှသော မျက်လုံးအစုံအား တွေ့မြင်လိုက်ရ သည်။

ထိုလူသည် စီးဝေရှမ်း၏ သွားရာလမ်းကိုပိတ်၍ ရပ်လိုက် သည်။

"ဘယ်သူလဲကွ"

စီးဝေရှမ်းက ထိုသို့မေးပြီး လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ထို လူရိပ်သည် ယာဘက်သို့ ချဉ်းကပ်လိုက်လေသည်။

စီးဝေရှမ်းသည် သူ့အား လာရောက်တားဆီးသူကို တိုက် ခိုက်နေမိသည်။

ထိုလူသည် အလွန်ပေါ့ပါးဖျတ်လတ်စွာဖြင့် စီးဝေရှမ်း၏ လိုင်းကွက်ကြားမှ ရှောင်တိမ်းနေသည်။

စီးဝေရှမ်းက ရင်ထိတ်သွားသည်။ ထို့နောက် တိုက်ခိုက်ရာမှ ရပ်တန့်ပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကိုလာပြီး နှောင့် ယှက်နေရတာလဲ"

ထိုလူက စကားမပြောဘဲ အထုပ်ကလေးတစ်ခု ပစ်ပေး လိုက်သည်။ ထို့နောက် သူသည် ချာခနဲလှည့်ကာ ပြေးထွက်သွားလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက ကြောင်အမ်းအမ်းဖြင့် ထိုအထုပ်လေးကို ကောက်ယူလိုက်သည်။

ထိုမျက်နှာဖုံးနှင့်လူသည် မည်သူဖြစ်ပါသနည်း။

သူသည် မည်သို့မျှစဉ်းစား၍ခြင်းမပြုတော့ဘဲ အထုပ်ကို ဖြည်လိုက်သည်။

ထိုအထုပ်ထဲ၌ စာလေးတစ်စောင်နှင့် စားသောက်ဖွယ်ရာများကိုသာ တွေ့ရသည်။

သူသည် ထိုစာရွက်အား ဖြန့်ကြည့်လိုက်သည်။ ထိုစာရွက်ပေါ်၌ ...

*ငါ့တူ စီးဝေရှမ်း ...*

*မင်းတို့မိသားစုတွေ ကျိုပိုင်လင်လက်ချက်ကြောင့် သေဆုံးသွားပြီးတဲ့နောက် မင်းကို အိမ်ဖော်လှေဝါးက ကယ်တင်သွားတယ်လို့ သတင်းကြားရပါတယ်။ ဒါကြောင့် ငါ့တူကို လိုက်ရှာနေပါတယ်။ အကြောင်းကတော့ ငါတို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို မင်းလက်ထဲ အပ်လိုက်ဖို့ပါပဲ။ နောက်တစ်ခုက မင်းအဖေနဲ့ငါနဲ့ဟာ မင်းတို့ ငယ်ငယ်ကတည်းက ငါ့သမီးရှန်ယုမေနဲ့ လက်ထပ်ပေးဖို့ သဘောတူကတိပေးထားကြပါတယ်။ အခု မင်းတို့တစ်တွေလည်း အသက် အရွယ်ရောက်လာပါပြီ။ ဒီတော့ လက်ထပ်ဖို့အချိန်လည်း သင့်နေပြီပေါ့ကွာ။ အခုတော့ ဂိုဏ်းချုပ်နေရာကို သမီးရှန်ယုမေက ခေတ္တထိန်းသိမ်းထားပါတယ်။ ဒီစာကို တွေ့ရင် အမြန်ဆုံး ထိုက်စန်းဂိုဏ်းကို အရောက်လာပြီး ပေးထားတဲ့ကတိအတိုင်း ဆောင်ရွက်ပါလို့ မေတ္တာရပ်ခံပါတယ်။*

*ဦးလေး (ပေယင်စိမ်း)*



စီးဝေရှမ်းသည် ထိုစာကိုဖတ်ပြီးသောအခါတွင် သူ၏ရင်ထဲ၌ လှုပ်ရှားလာမိလေသည်။

ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုနှင့် ဖော်မပြတတ်သော ဝေဒနာတစ်ရပ်ကို ခံစားနေမိသည်။

တစ်ဆက်တည်းမှာလည်း လက်ရှိ ထိုက်စန်းဂိုဏ်းချုပ် ရှန်ယုမေမှာ မိဘများ၏ စီစဉ်ချက်အရ မိမိ၏ ဇနီးလောင်းဖြစ်နေသည်ကို နားလည်လိုက်လေသည်။

သူသည် အလွန်စိတ်ရှုပ်သွားသည်။

မိန်းကလေးများနှင့်ပတ်သက်ပြီး သူက စုရဲရုံအပေါ်တွင် မေတ္တာရှိခဲ့သည်။

ယခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏တရားဝင်ဇနီးလောင်းမှာ ထိုစာအရဆိုလျှင် ရှန်ယုမေပင် ဖြစ်နေသည်။

"အို ... ဒါတွေ စဥ်းစားလို့ မဖြစ်သေးပါဘူး"

သူသည် စိတ်ရှုပ်လာသဖြင့် ထိုအတွေးများကို ရပ်တန့်လိုက်ရသည်။

ထိုစဥ် သူ့ရှေ့တွင် လူရိပ်တစ်ရိပ်အား တွေ့မြင်လိုက်ရသည်။ သေချာစွာကြည့်မိသောအခါ ထိုလူမှာ လုံမေပင် ဖြစ်နေလေ၏။

လုံမေသည် ပြုံးစိစိဖြင့် သူ့ထံသို့ လျှောက်လာပြီး ...

"စာကို ဖတ်ရတယ် မဟုတ်လား"

စီးဝေရှမ်း မျက်မှောင်ကုတ်သွားမိသည်။

"ဒီအထုပ်ကလေးက မင်းပေးလိုက်တဲ့အထုပ် ... ဟုတ်လား"

လုံမေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် ... ရှင့်ကို လိုက်ရှာနေတာ အခုလို မမျှော်လင့်ဘဲ လမ်းမှာတွေ့လို့ အဆင်ပြေသွားတာပေါ့"

စီးဝေရှမ်းက ...

"ဒီအထုပ် ဘယ်ကရလာတာလဲ"



လုံမေက ခပ်ပြုံးပြုံးဖြင့်ပင် ...

"ရှင့်ရဲ့ဇနီးလောင်းဆီက ရလာတာပေါ့"

စီးဝေရှမ်းက ရင်ထိတ်သွားလေသည်။

"မှန်မှန်ပြောစမ်း ... ရှန်ယုမေကို ဘယ်မှာတွေ့ခဲ့သလဲ"

လုံမေက ခပ်တည်တည်ဖြင့် ပြန်ဖြေ၏။

"ကျွန်မတို့ဆီမှာ ရှိနေပါတယ်ရှင်"

ထိုစကားကို ကြားလိုက်ရသောအခါ စီးဝေရှမ်းသည် ရင်ထိတ်သွားမိသည်။

"ဘာလဲ ... ရှန်ယုမေက မင်းတို့လက်ထဲမှာ ရောက်နေတယ် ဟုတ်လား"

လုံမေက ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်ရှင် ... ဒါပေမဲ့ ကျွန်မက သူ့ကို မပျင်းအောင် အဖော်တစ်ယောက်နဲ့ ထားခဲ့ပါတယ်"

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားပြီး ...

"မင်း ဘာကိုဆိုလိုတာလဲ"

လုံမေက ပခုံးတစ်ချက် တွန့်ပစ်လိုက်ရင်း ...

"ဟြော် ... လူပျင်းနေမှာစိုးလို့ ယောကျ်ားတစ်ယောက်နဲ့ အဖော်ထားခဲ့တယ်လို့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရသောအခါ စီးဝေရှမ်းရင်ထဲမှာ အကြီးအကျယ် လှုပ်ရှားသွားမိတော့၏။ စီးဝေရှမ်းသည် ဒေါသ မထိန်းနိုင်တော့ပါ။

"မင်း တော်တော်ယုတ်မာပါလား"

သူ၏စကား ဆုံးသွားသည်နှင့် သူ၏လက်ဝါးထစ်ဖက်သည် လုံမေ၏ပခုံးပေါ်သို့ တွန်းထုတ်လိုက်လေသည်။

"အား"

လုံမေ မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်းခံရသဖြင့် သူမ၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားသည်။

စီးဝေရှမ်း၏မျက်လုံးအစုံသည် နီရဲ၍နေ၏။ သူသည် အံကိုကြိတ်၍ ...

"ရှန်ယုမေ ဘယ်မှာရှိသလဲ ... ပြောစမ်း"

သူသည် ပြောရင်း လုံမေထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

စီးဝေရှမ်း၏ ပုံသဏ္ဌာန်က ရက်စက်တော့မည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်။ လုံမေက ထိတ်လန့်တုန်လှုပ်စွာဖြင့် ...

"ဟို ... ဟို တောအုပ်ထဲမှာ တဲအိမ်တစ်လုံးရှိပါတယ်၊ အဲဒီအိမ်ထဲမှာ ..."



သူမ၏စကားမဆုံးမီ စီးဝေရှမ်းသည် လျင်မြန်စွာ ပြေးလွှားသွားလေ၏။

'ဝုန်း'

စီးဝေရှမ်းသည် ဒေါသကြီးစွာဖြင့် အခန်းတံခါးအား ခြေထောက်ဖြင့် တအားကန်ထည့်လိုက်သည်။ အခန်းတံခါးသည် ပြိုလဲကျသွားလေသည်။

စီးဝေရှမ်းက ဓားမြှောင်ကို ဆွဲထုတ်ပြီး အခန်းထဲသို့ ပြေးဝင်သွားသည်။

ခုတင်တစ်ခုပေါ်၌ ရှန်ယုမေတစ်ယောက် သတိမေ့လဲလျောင်းနေသည်ကို တွေ့ရလေသည်။

လူတစ်ယောက်သည် ထိုခုတင်၏နံရံဘေးတွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်နေသည်ကို တွေ့ရသည်။

ထိုလူမှာ တစ်ချိန်တုန်းက လုံမေနှင့်အတူ တွေ့ရှိခဲ့သော သူတို့ဂိုဏ်း၏ ဌာနခွဲမှူးပင်ဖြစ်သည်။

စီးဝေရှမ်းသည် စကားမပြောဘဲ ဓားဖြင့် ထိုလူအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုလူက ကမန်းကတန်းပင် သူ၏သံမဏိတုတ်ဖြင့် ကာကွယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းသည် ဒေါသအလွန်ကြီးနေသဖြင့် တရကြမ်း တိုက်ခိုက်လိုက်ရာ ...

"ဝုန်း"

ဟူသောအသံနှင့်အတူ ထိုလူသည် မဟန်နိုင်တော့ဘဲ မြေ ပေါ်သို့ လဲကျသွားလေတော့သည်။ စီးဝေရှမ်းသည် ဓားကို မြှောက် လိုက်ပြီး ...

"ဒီလောက်ယုတ်မာတဲ့လူ လောကကြီးထဲမှာ မထားဘူး သေပေတော့"

သူသည် ထိုသို့ ကြိမ်းမောင်းပြီး ခုတ်ချမည်အပြုတွင် ထိုလူ က လက်ကာပြလိုက်သည်။

"ခဏနေပါဦးဗျာ ... ကျုပ် စကားတစ်ခွန်း ပြောပါရစေ"

စီးဝေရှမ်းသည် သူ၏ဓားဖြင့် ထိုလူ၏လည်မျိုအား ချိန် ထားလိုက်ပြီး ...

"ပြော"

ထိုလူ၏ မျက်နှာတစ်ခုလုံးမှ ဝမ်းနည်းကြေကွဲသည့် အရိပ် အယောင်ပေါ်လွင်လာလေသည်။ ထိုလူက ဖြည်းညင်းစွာ ရှင်းပြ လိုက်သည်။

"ပထမဆုံး ကျုပ်မှားသွားတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေ



မဲ့ သူ့ကို မတရားသက်သက် ကြံစည်တာ မဟုတ်ပါဘူး၊ သူ့အပေါ် တကယ့်မေတ္တာစစ်နဲ့ တကယ်လက်ထပ်ပေါင်းသင်းဖို့ အခုလို ကြံမိ တာပါ၊ ဒါကြောင့် သူသတိရလာတဲ့အချိန်ထိ စောင့်ပြီး သူ့ရဲ့ဆန္ဒကို မေးပြီးမှ ကျုပ်ကိုသတ်သင့်တယ်ဆိုရင် ကျုပ်ကိုသတ်လိုက်ပါ"

စီးဝေရှမ်းကို မဲ့ပြုံးပြုံးလိုက်သည်။

"ယောကျ်ားရင့်မာကြီးတစ်ယောက်က မိန်းကလေးတစ် ယောက်အပေါ် မေတ္တာရှိတာနဲ့ ဒီလိုယုတ်မာတဲ့အကြံ ကြံရသလား ကွ"

ထိုလူသည် စကားမပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။ စီးဝေရှမ်းက သူ့အား စိုက်ကြည့်လိုက်ပြီး ...

"မင်းနာမည် ဘယ်သူလဲ"

"ချူးဟုန်ပါ"

သူသည် ယင်းနာမည်အား မိမိကြားဖူးသည်ဟု စိတ်ထဲ၌ ခံစားမိ၏။

"ချူးဟုန် ... ချူးဟုန်"

သူသည် ထိုအမည်အား ပဲ့တင်ထပ်မျှ ရေရွတ်မိ၏။ ရုတ် တရက် သူက တစ်စုံတစ်ခုကို သတိရလိုက်သည်။

"မင်းအဖေ နာမည်ကရော"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက စီးဝေရှမ်းအား ကြည့်လိုက်သည်။

"လွေဝါးပါ"

ထိုစကားကို ကြားလိုက်သောအခါ စီးဝေရှမ်းသည် ထိတ်လန့် အံ့ဩသွား၏။

တစ်ကိုယ်လုံး ကျင်စက်ဖြင့် တို့လိုက်သည့်အလား ခံစားရသည်။

"လွေဝါး ... ဟုတ်လား"

"ဟုတ်ပါတယ်"

စီးဝေရှမ်းသည် ထိုလူမှာ မိမိ၏ ကျေးဇူးရှင် မွေးစားမိခင် လွေဝါး၏သား ဖြစ်သည်ကို သိလိုက်ရတော့၏။

ကျေးဇူးရှင် လွေဝါးသေခါနီးတွင် မိမိအား မှာကြားလိုက်သောစကားများကို ကြား ယောင်လာမိ၏။

သူသည် ချူးဟုန်အား တစ်ချက်ကြည့်လိုက်မိ၏။

သူ၏ရင်ထဲ၌ လှိုက်လှဲကြေကွဲသော ခံစားမှုများလည်း ဖြစ်ပေါ်မိသည်။

ယခု တော့ သူလိုက်လံရှာဖွေနေရသော ချူးဟုန်အား တွေ့ရှိခဲ့ပြီဖြစ်သည်။

သို့သော် ချူးဟုန်သည် လူယုတ်မာတစ်ယောက် ဖြစ်နေ၍



လွေဝါးအတွက် ဝမ်းနည်းမိ၏။

သူက ထိုသို့ ငေးငိုင်တွေးတောနေစဉ် ချူးဟုန်က လျှင်မြန်စွာဖြင့် တစ်ဖက်သို့လှိမ့်၍ ရှောင်တိမ်းသွားသည်။

စီးဝေရှမ်းက ငေးငိုင်မြဲ ငေးငိုင်နေ၏။

ချူးဟုန်က မြေပေါ်မှ ခုန်ထလိုက်သည်။ သို့သော် သူက ထွက်ပြေးခြင်း မရှိပါ။

ချူးဟုန် သည် စီးဝေရှမ်းအား စိုက်ကြည့်ပြီး ...

"ခင်ဗျားက ကျုပ်အမေကို သိတယ် ... ဟုတ်လား"

သူက မကြားလိုက်ရသည့်အလား ငေးငိုင်လျက် ချူးဟုန်သည် စီးဝေရှမ်းမှာ သူ့မိခင်နှင့် သိကျွမ်းမည်ဟု အကဲခတ်မိ၏။

ချူးဟုန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျုပ်က လမ်းမှားရောက်သွားပေမယ့် မတရားတဲ့အလုပ်တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး၊ အခုလည်း ရှန်ယုမေကို တကယ်မေတ္တာရှိလို့ ခေါ်ခဲ့တာ၊ မှဲ့တစ်ပေါက် မစွန်းသေးပါဘူး ခင်ဗျာ"

စီးဝေရှမ်းက ဒေါသကြီးစွာဖြင့် သူ့အား စိုက်ကြည့်လိုက်ရင်း

"မင်း အခုထွက်သွားစမ်း"

သူ၏အသံသည် မိုးကြိုးချုန်းသည့်အလား ဟိန်းထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးဟုန်သည် ခေါင်းငိုက်စိုက်ချ၍ အခန်းထဲမှ လှမ်းထွက်သွားတော့၏။

☆☆☆



## အခန်း (၁၉)

### ကြားသိရသော ဇာတ်ကြောင်းတစ်ရပ်

ရှန်ယုမေသည် သတိမရသေးပါ။

စီးဝေရှမ်းက သွေးကြောဖွင့်ပေးလိုက်တော့မှ ရှန်ယုမေ၏ ျက်လုံးအစုံသည် တဖြည်းဖြည်း ပွင့်လာ၏။

သူမက မျက်လုံးဖွင့်ကြည့်လိုက်သောအခါ စီးဝေရှမ်းအား တွေ့ရှိလိုက်သဖြင့် အံ့ဩသွားမိသည်။

"ဟင် ... ရှင်က ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ"

သူမသည် လူးလိမ့်၍ ထထိုင်လိုက်ပြီး အခန်းအား ဝေ့၍ ကြည့်လိုက်၏။ သူမ၏ မျက်နှာတစ်ခုလုံးသည် ကွက်ခနဲ ပျက်သွား ောသည်။

"ကျွန်မ ဘယ်နေရာကို ရောက်နေတာလဲဟင်"

စီးဝေရှမ်းက ပြုံးပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ချူးဟုန်က သေွးကြောဝိတ်ပြီး ခေါ်ခဲ့တာပါ"

ရှန်ယုမေ၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ဟုတ်လား ... အခု သူ ဘယ်မှာလဲ"

သူက ပြုံးပြသည်။

"ကျုပ်က အချိန်မီ ရောက်လာခဲ့ပါတယ်၊ ဒါကြောင့် သူ့ကို မောင်းထုတ်လိုက်ပါပြီ"

သူမက မျက်မှောင်ကုတ်၍ ...

"ရှင်က ဘာဖြစ်လို့ သူ့ကို မသတ်တာလဲ"

သူကပြုံး၍ ...

"သူက ခင်ဗျားအပေါ် မေတ္တာရှိတာကလွဲလို့ မဲ့တစ်ပေါက် မစွန်းအောင် ထိန်းသိမ်းခဲ့တဲ့အတွက် သူ့ကို အသက်ချမ်းသာပေး လိုက်တာပါ"

သူမသည် ခေါင်းငုံ့၍ မျက်ရည်များ ကျမိ၏။ အတန်ကြာ သူမက ခေါင်းမော့ပြီး ...

"ကျွန်မ ပေးလိုက်တဲ့စာကို ဖတ်ပြီးပြီးပေါ့နော်"

သူက ခေါင်းညိတ်ပြလိုက်သည်။

"ဖတ်ပြီးပါပြီ"



သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်ပြန်သည်။

"ထိုက်စန်ဂိုဏ်းမှာ ခင်ဗျားက ဂိုဏ်းချုပ်အဖြစ် တာဝန် ထမ်းဆောင်နေတာ အခြေအနေ အလွန်ကောင်းပါတယ်၊ ဒါကြောင့် ခင်ဗျားပဲဆက်ပြီး ထိန်းသိမ်းထားပါလို့ မေတ္တာရပ်ခံချင်ပါတယ်"

ရှန်ယုမေက သူ့အားမော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

စီးဝေရှမ်းက ...

"ကျုပ်မှာ လုပ်စရာ ကိုင်စရာတွေ အများကြီးရှိပါသေးတယ်၊ ဒါကြောင့် ဒီတာဝန်ကို လောလောဆယ် လက်မခံနိုင်သေးပါဘူး"

ရှန်ယုမေက အနည်းငယ်စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရှင်လုပ်စရာရှိတာကိုလုပ်ပြီး ကျွန်မ စီစဉ်ထားတာတွေကို ရှင်က လိုက်နာရလိမ့်မယ်"

စီးဝေရှမ်း မျက်မှောင်ကြုတ်သွား၏။

"ပြောပါ ဂိုဏ်းချုပ်ကြီး"

သူမက သူ့အားကြည့်လိုက်ပြီး ...

"ပထမ တစ်လအတွင်းမှာ ထိုက်စန်တောင်ကို အရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်၊ ကျွန်မက ဂိုဏ်းသားတွေကို စုစည်းပြီး ဂိုဏ်းချုပ်တာဝန်ကို ဂိုဏ်းသားအများရှေ့မှာ လွှဲပေးမယ်”

သူက ငြိမ်သက်စွာ နားထောင်နေ၏။ သူမက စကားဆက်လိုက်သည်။

“ဒုတိယအချက်ကတော့ ဖေဖေ့ရဲ့ဆန္ဒအရ ရှင်နဲ့ကျွန်မ လက်ထပ်မယ့်ကိစ္စကို ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ အဖြေပေးရလိမ့်မယ်”

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ကဲ့ ... တစ်လအချိန်အတွင်းမှာ ကျုပ် အဖြေပေးပါ့မယ်”

ရှန်ယုမေက စကားဆက်လိုက်ပြန်သည်။

“တတိယအချက်က ရှင်တို့မိသားစုကို သတ်ဖြတ်သွားတဲ့ ကျိုပိုင်လင်တို့မိသားစုကို ဒဏ်ခတ်ရလိမ့်မယ်၊ ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်ဖခင်ရဲ့ ကျူငှတ်ပါမကျန် သုတ်သင်ရှင်းလင်းပစ်ရမယ်”

စီးဝေရှမ်းသည် ထိုစကားများကို ကြားလိုက်ရသောအခါ ရင်ထဲ၌ ကျင်ခနဲ ဖြစ်သွားမိသည်။

သူ့အနေဖြင့် မိသားစုတစ်စုနှင့်တစ်စု ရန်ငြိုးကြောင့် အစုလိုက်အဖွဲ့လိုက် သတ်ဖြတ်၍ ကလဲ့စား ချေသည်ကို လုံးဝ မနှစ်သက်ပါ။



ထိုကဲ့သို့သောအပြုအမူများသည် အလွန်မှားယွင်းသောလုပ်ဆောင်မှုများသာ ဖြစ်သည်ဟု ယူဆထားသည်။

သို့သော် သူက ထိုယူဆချက်အား ဖွင့်ဟပြောဆိုခြင်းမရှိဘဲ ခေါင်းညိတ်ပြလိုက်သည်။

“ကဲ ဂိုဏ်းချုပ်ကြီး ... ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူးထင်တယ် ... သွားကြပါစို့လား”

ထို့နောက်တွင်မူ သူတို့သည် ထိုနေရာမှ ထွက်ခွာလာပြီး အရှေ့ဘက်ဆီသို့ လျှောက်သွားကြလေတော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

စီးဝေရှမ်းနှင့် ရှန်ယုမေတို့သည် ခြေလှမ်းသွက်သွက်ဖြ

အရှေ့ဘက်သို့ ဦးတည်၍ လျှောက်သွားကြသည်။

သူတို့သည် တောအုပ်တစ်ခုသို့ ရောက်ရှိလာသောအခါ ငှ

ကလေးများ ရုတ်တရက် ထပျံသွားသည်ကို တွေ့မြင်လိုက်ရသည်

စီးဝေရှမ်းနှင့် ရှန်ယုမေတို့သည် ခြေလှမ်း တုံ့ခနဲ ရပ်သွာ

သည်။

တောအုပ်ထဲ၌ လူများရောက်ရှိနေသည်ကို ချက်ချင်းသ

နားလည်လိုက်သည်။

"ဟား ဟား … သေချင်တဲ့လူတွေက သေမယ့်လမ်းကို

တည့်တည့်လာခဲ့တာကိုး"

စကားဆုံးသွားသည်နှင့် လူလေးယောက်တို့သည် တေ



အုပ်ထဲမှ လှမ်းထွက်လာသည်ကို မြင်လိုက်ရသည်။ စီးဝေရှမ်းက သေချာစွာကြည့်လိုက်သည်။

ရှေ့ဆုံးမှ ရောက်ရှိလာသူမှာ ခန္ဓာကိုယ်အလွန်ကြီးထွားသော အဘိုးအိုတစ်ဦးဖြစ်သည်။

ထိုအဘိုးအို၏ မျက်နှာတစ်ခုလုံးမှာ ထူပျစ်သော မုတ်ဆိတ်မွေးများဖြင့် ရှုပ်ယှက်ခတ်နေသည်။

သို့သော် ယင်းအဘိုးအိုသည် ချိုင်းထောက်နှင့် ခြေတစ်ဖက်သာရှိသော ခုက္ကိတတစ်ဦးသာဖြစ်သည်။

အဘိုးအိုသည် လက်တစ်ဖက်တွင် ကျားပွတ်တစ်ချောင်းကိုင်လျက် သူ၏ရှေ့သို့ လျှောက်လာ သည်။

သူသည် စီးဝေရှမ်းနှင့် တစ်လံခန့်အကွာအထိ လျှောက်လာသည်။ စီးဝေရှမ်းက မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲဗျ … ဘာကိစ္စနဲ့ ကျုပ်ကို လာရန်စရတာလဲ"

"ဟား ဟား ဟား"

အဘိုးအိုက ခေါင်းကိုမော့ကာ အားရပါးရ ရယ်မောလိုက်သည်။

"မင်းမသိရင် သိအောင် ရှင်းပြရမှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက်တွင်မူ အဘိုးအိုသည် စီးဝေရှမ်းအား ရွံမုန်းစွာ စိုက်ကြည့်လိုက်ပြီး ...

"မင်းအဖေကြောင့် ခြေထောက်တစ်ဖက်ပြတ်ခဲ့ရတဲ့ ကျိုပိုင်လင်ဆိုတာ ငါပဲ"

သူသည် တိုက်ရိုက်ပြောချ၏။ စီးဝေရှမ်း အံ့အားသင့်သွားသည်။

ထို့နောက် သူသည် အဘိုးအိုအား ပြန်လည်စိုက်ကြည့်ကာ ...

"ခင်ဗျားက ကျုပ်တို့မိသားစုတစ်ခုလုံးကို သတ်ဖြတ်ခဲ့တဲ့ ကျိုပိုင်လင် ... ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

စီးဝေရှမ်း၏ မျက်လုံးအစုံသည် နီရဲ၍လာသည်။ သူ၏ ရင်ထဲမှာလည်း ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ နာကြည်းခြင်း စသည့်ခံစားချက်များ တစ်ပြိုင်နက်တည်း စုပြုံခံစားလိုက်ရလေတော့သည်။

သူသည် အံတင်းတင်းကြိတ်ပြီး ...

"အတော်ပဲ ... ကျုပ်ကလည်း ခင်ဗျားကို လိုက်ရှာနေတာ"



ကျိုပိုင်လင်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ရှာစရာမလိုဘူးကွ။ ခုလို အသက်ရှင်နေတာဟာ ကျုပ်က တစ်ချိန်တုန်းက ကတိပေးခဲ့လို့ပါ"

စီးဝေရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘာကို ကတိပေးခဲ့လို့လဲ"

ကျိုပိုင်လင်က ...

"အေးလေ ... မင်း အသက်မသေခင် မင်းသိသွားအောင် ပြောပြပါ့မယ်"

စီးဝေရှမ်းက မထိတရီမျက်နှာဖြင့် ...

"ကဲ ပြောပါဦး ... ဒီအကြောင်းကို ကျုပ်ကလည်း သိပ်သိချင်တာ"

ဤတွင် ကျိုပိုင်လင်၏ မျက်လုံးအစုံသည် အဝေးသို့ လှမ်းမျှော်ကြည့်ရင်း ...

"ဒီကိစ္စကို ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက စပြီး ပြောရလိမ့်မယ်"

ကျိုပိုင်လင်သည် အတန်ကြာအောင် တိတ်ဆိတ်နေရာမှ စတင်ပြောပြလိုက်လေသည်။

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက မင်းအဖေ စီးဟိုပင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မားတစ်လက်နဲ့ သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်တောက် ကျော်ကြားခဲ့ပါတယ်၊ အဲဒီအချိန်မှာ ကျုပ်ကလည်း နာမည်ကြီး သိုင်းသမား တစ်ယောက်ဖြစ်လို့ မင်းအဖေအပေါ် မကျေနပ်တာနဲ့ ယှဉ်ပြိုင်ဖို့ စိန်ခေါ်လိုက်တာပေါ့”

စိုးဝေရှမ်းက ကြားဖြတ်မေးလိုက်၏။

“ခင်ဗျား စိန်ခေါ်တာက သိုင်းပညာချင်း နှီးနှောဖလှယ်တဲ့ သဘောလား၊ ဒါမှမဟုတ်ရင် သူသေကိုယ်သေ ယှဉ်ပြိုင်ချင်တဲ့ သဘောလား”

ကျိုပိုင်လင်က ...

“ပထမတုန်းကတော့ ပညာချင်း ဖလှယ်ဖို့လောက်ပါပဲ၊ ဒါပေမဲ့ ယှဉ်ပြိုင်ရင်း မဟန်နိုင်တော့ဘဲ သူသေကိုယ်သေ တိုက်ခိုက်တဲ့အထိ ဖြစ်လာခဲ့တယ်”

သူသည် စကားကို ခေတ္တရပ်နားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

“အမှန်တော့ ကျုပ်ဟာ မင်းအဖေကို အသေသတ်ဖို့ လုံးဝမရည်ရွယ်ခဲ့ပါဘူး၊ ဒါပေမဲ့ မင်းအဖေက ကျုပ်ကို မညှာမတာ အလစ်ဝင်တိုက်ခိုက်လို့ ကျုပ်ခြေထောက်တစ်ဖက် ပြတ်ခဲ့ရတာ”

စိုးဝေရှမ်းက ခေါင်းခါယမ်းလိုက်သည်။



“ကျွန်တော့်အဖေဟာ ဒီလိုယုတ်မာတဲ့ လူတစ်ယောက် မဟုတ်ဘူးဗျ”

ကျိုပိုင်လင်က မဲ့ပြုံးပြုံးလိုက်သည်။

“ကျုပ်က မင်းကို လိမ်ပြောစရာမလိုဘူးကွ”

သူက စကားဆက်လိုက်ပြန်သည်။

“ဒါနဲ့ ကျုပ်က ခြေတစ်ဖက်ပြတ်သွားပြီးတဲ့နောက် သမီးနဲ့ မိန်းမကိုခေါ်ပြီး ရွာတစ်ရွာမှာသွားပြီး တိမ်းရှောင်နေခဲ့တယ်၊ အဲဒီအချိန်မှာပဲ ကျုပ်မိန်းမဟာ သေဆုံးသွားတယ်”

ကျိုပိုင်လင်သည် ပြောရင်း ပြောရင်း စိတ်ခံစားမှုအကြီးအကျယ် လှုပ်ရှားလာလေသည်။

“ကျုပ်ဇနီး သေဆုံးပြီးတာနဲ့ ကျုပ်က တစ်ခါလည်းမပြည့်တဲ့ သမီးကို မိတ်ဆွေတစ်ယောက်ဆီ အပ်ထားခဲ့တယ်၊ ကျုပ်ကတော့ တပည့်လေးယောက်နဲ့ သိုင်းပညာကို ကြိုးစားလေ့လာခဲ့တာပေါ့၊ ဒါနဲ့ တစ်နှစ်ကြာပြီးတဲ့နောက်”

ကျိုပိုင်လင်သည် လှုပ်ရှားနေသောစိတ်များကို ငြိမ်သက်စွာ ထိန်းထားပြီးမှ စကားဆက်လိုက်သည်။

“တစ်နှစ်အချိန်ကြာသွားပြီးနောက် ကျုပ်က တပည့်လေးယောက်ကိုခေါ်ပြီး ကျောက်စိမ်းစားတော်ကုန်းကို ရောက်အောင်သွား၊

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပေါ့"

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားပြီး ...

"ကျုပ်ရဲ့ မိဘတွေကလည်း ဒီမှာနေကြတယ် မဟုတ်လား"

ကိုပိုင်လင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ကျုပ် ရောက်သွားတဲ့အခါမှာ ယှဉ်ပြိုင်တိုက်ခိုက်ကြတာပေါ့၊ မင်းမိဘတွေဟာ ကျုပ်လက်ချက်နဲ့ သေသွားကြတယ်လေ"

သူသည် စကားကို ခေတ္တရပ်နားလိုက်ပြီး စီးဝေရှမ်းထံ စိုက်ကြည့်လိုက်သည်။

"မင်း မိဘကို သတ်လိုက်ပြီးတဲ့နောက် ကျုပ်စိတ်ထဲမှာ ဝမ်းသာမယ်လို့ မင်းထင်နေသလား"

စီးဝေရှမ်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူ့အနေဖြင့် ထိုမေးခွန်းကို မဖြေချင်၊ ဖြေစရာမလိုတော့ဟု ယူဆသည်။

ကိုပိုင်လင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကျုပ်က မင်းအဖေအပေါ် နာကြည်းမိတဲ့အတွက် နှစ်နှစ်ဆယ်လုံးလုံး သိုင်းပညာကို နေ့မအိပ်ညမအိပ် ကြိုးစားခဲ့တာ မင်းမိဘကို သတ်ပြီးတဲ့နောက် ကျုပ်က ဝမ်းမသာတဲ့အပြင် ရင်ထဲ



ဘယ်လိုခံစားသွားရတယ်ဆိုတာ ကျုပ်မပြောတတ်ပါဘူးကွာ"

စီးဝေရှမ်းက မယုံကြည်သလို လှောင်ပြုံးဖြင့် ...

"ဒါကြောင့် ခင်ဗျားက ကျုပ်ကို အသက်ချမ်းသာ ပေးလိုက်တယ်ဆိုပါတော့"

ကိုပိုင်လင်က ခေါင်းခါယမ်းပြသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ ကျုပ်တို့က မင်းနဲ့လှေဝါးကို တွေ့တဲ့အခါ ကျုပ်ပင်ခုတ် ကျုငုတ်ပါမကျန် တစ်ခါတည်း သတ်ဖို့ပါပဲ"

စီးဝေရှမ်းက ...

"ဘာဖြစ်လို့ မသတ်တာလဲ"

ကိုပိုင်လင်က သက်ပြင်းတစ်ချက် ချလိုက်၏။

"အရှုးတစ်ယောက်က အချိန်မီ ရောက်လာလို့ပေါ့"

စီးဝေရှမ်း၏မျက်ဝန်းအစုံတွင် မျက်ရည်များ စီးဆင်းကျလျက် ...

"သူက ဘယ်သူလဲ"

ကိုပိုင်လင်က ...

"သူက မင်းအဖေနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက်ပေါ့"

ကိုပိုင်လင်က ထိုသို့ပြောရင်း သူ၏မျက်နှာပေါ်၌ နာကြည်းသည့် အရိပ်အယောင်များ ပေါ်လွင်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူဟာ အရှုံးသာဆိုပေမယ့် သိပ်ပြီး ရှုံးတာမဟုတ်ဘူး၊ သိုင်းပညာမှာလည်း အလွန်တော်တယ်၊ ကျုပ်တို့ကို တစ်ယောက်ချင်း အနိုင်ယူသွားတယ်လေ"

စီးဝေရှမ်းက …

"ဒါကြောင့် ခင်ဗျားက ကျုပ်တို့ကို အသက်ချမ်းသာပေးလိုက်တယ်ပေါ့ … ဟုတ်လား"

ကျိုပိုင်လင်းက ခေါင်းခါသည်။

"မဟုတ်ဘူး … အဲဒီလိုအချိန်မှာ လွေ့ဝါးက အကြံပြုလိုက်တယ်၊ သူ့ရဲ့အကြံဟာ အခုလို အခါလည်းမပြည့်တဲ့ ကလေးတစ်ယောက်ကို သတ်တယ်ဆိုတာ သိုင်းသမားတစ်ယောက် မပီသဘူး၊ ဒါကြောင့် မင်းအသက် တစ်ဆယ့်ရှစ်နှစ်အထိ စောင့်ပြီး ပညာချင်းယှဉ်ပြိုင်ပြီးတော့ အဆုံးအဖြတ်ယူပါလို့ ပြောခဲ့တယ်"

လူက နားထောင်ရင်း စိတ်မထိန်းနိုင်ဘဲ ကြားဖြတ်မေးလိုက်၏။

"ခင်ဗျားက ဘယ်လိုပြန်ပြောလိုက်သလဲ"

ကျိုပိုင်လင်က သက်ပြင်းတစ်ချက်ချပြီး …

"ကျုပ်က အဖြေပေးဖို့ စဉ်းစားနေတုန်း အရှုံးက ကျုပ်ကို လက်ခံပါလို့ တောင်းဆိုလိုက်တယ်၊ တကယ်လို့များ ကျုပ်က လက်



မခံရင် သူက ကျုပ်တို့ကို မညှာတော့ဘူးလို့ ပြောလာတယ်"

စီးဝေရှမ်းက …

"ခင်ဗျားက လက်ခံလိုက်တယ် ဆိုပါတော့"

ကျိုပိုင်လင်က ခေါင်းညိတ်ပြသည်။

"အခြေအနေအရ ကျုပ်တို့လက်မခံရင် မဖြစ်နိုင်တဲ့အတွက် လက်ခံလိုက်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကလည်း တစ်ခုတော့ တောင်းဆိုလိုက်ပါတယ်"

စီးဝေရှမ်းက …

"ဘာတောင်းဆိုတာလဲ"

ကျိုပိုင်လင်က …

"ကျုပ်က လွေ့ဝါးကို မင်းအသက်တစ်ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရမယ်လို့ ပြောလိုက်တယ်"

သူက ဝမ်းနည်းစွာဖြင့် မေးသည်။

"ကျုပ်ရဲ့ မွေးစားအမေလွေ့ဝါးက လက်ခံလိုက်တယ် ဟုတ်လား"

ကျိုပိုင်လင်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ လွေ့ဝါးက လက်ခံတယ်ဆိုတာကို တွေ့လိုက်ရတဲ့အတွက် အရှုံးက အတော့်ကို စိတ်ထိခိုက်သွားတယ်၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူက အမှတ်အသားတစ်ခု လုပ်ပြီး လွှေဝါးကို ပေးခဲ့တယ်၊ လွှေဝါး သေဆုံးသွားတဲ့အခါ ဒီပစ္စည်းကို မင်းလက်ကိုအပ်ပြီး ဖုနုတောင်ကို သွားပြီး သူ့ကို ရှာပါတဲ့၊ သူက တစ်နှစ်အတွင်းမှာ မင်းကို သိုင်းပညာ ရှင်တစ်ယောက် ဖြစ်လာအောင် သင်ကြားပေးမယ်လို့ ပြောခဲ့တယ်"

စီးဝေရှမ်းက သဘောပေါက် နားလည်လာ၏။

"ဒါကြောင့် အမေလွှေဝါး သေဆုံးသွားပေမယ့် ကျုပ်ကို တစ်နှစ်အချိန်ပေးတာကိုး"

ကျိုပိုင်လင်က ...

"ဟုတ်တယ်"

သူက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်သိုင်းပညာတတ်တဲ့အထိ စောင့်ရမှာကို ကြောက်တယ်ပေါ့ ... ဟုတ်လား"

ကျိုပိုင်လင်က နှုတ်ခမ်းကို အရုပ်ဆိုးစွာ မဲ့ပစ်ပြီး ...

"ကျုပ်က မင်းလိုကောင်လေးကို ကြောက်နေရမှာလားကွ"

သူက အနည်းငယ် စဉ်းစားလိုက်သည်။

"နေပါဦး ... အရှူးပေးသွားတဲ့ပစ္စည်းဆိုတာ ဘာလဲဗျ"

ကျိုပိုင်လင်က ...

"ကျောက်စိမ်း ခေါင်းတလားလေးပေါ့"



သူသည် ဖြောင့်ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ...

"ကဲ ... မင်းဆီက ခေါင်းတလားကလေးကို ငါ့လက် အပ်လိုက်ပေတော့"

သူက မျက်မှောင်ကုတ်၍ ...

"ဒီခေါင်းတလားလေးဟာ ကျုပ်ကိုပေးထားတဲ့ အမှတ်တရပစ္စည်းပဲဗျ၊ ခင်ဗျားက ဘာလုပ်ဖို့ တောင်းရတာလဲ"

ကျိုပိုင်လင်က ရယ်လိုက်သည်။

"မင်းနားလည်ဖို့က ဒီခေါင်းကလေးပေးတဲ့လူဟာ အရူးတစ်ပိုင်းဖြစ်နေတဲ့ လူတစ်ယောက်ပါ၊ သူက မင်းကို မှတ်မိမှာမဟုတ်ဘူး၊ သူ့ရဲ့ခေါင်းတလားလေးကိုပဲ မှတ်မိမှာ၊ ဒါကြောင့်"

စီးဝေရှမ်းက ကျိုပိုင်လင်၏စကားကို ဆက်လိုက်လေသည်။

"ဒါကြောင့် ဘယ်သူမဆို ဒီခေါင်းကလေးရပြီး သူ့ကို သွားပြခဲ့ရင် သူက သိုင်းပညာ သင်ကြားပေးလိမ့်မယ်ပေါ့ ... ဟုတ်လား"

ကျိုပိုင်လင်က ရယ်လိုက်သည်။

"မင်းက ဉာဏ်ကောင်းသားပဲ"

သူသည် ဖြောင့်ရင်း ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြန်သည်။

"ကဲ ... ပေးကောင်း ပေးမလား မပေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ကျုပ်ကိုပေးထားတဲ့ပစ္စည်းပဲ၊ ကျုပ်က ဘာဖြစ်လို့ပေး မှာလဲ၊ ကျုပ် အသက်ရှင်နေသမျှ ဒီပစ္စည်းကို ခင်ဗျားမရဘူး"

ကျိုပိုင်လင်သည် ဒေါသအမျက် ပြင်းစွာထွက်လာ သည်။

"ကျား"

ဟြာသံပေး၍ စီးဝေရှမ်းအား တိုက်ခိုက်လေ၏။

တစ်ချိန်တည်းမှာပင် ...

သူ့နောက်မှပါလာသော လူများကလည်း ရှန်ယုမေကို ရောက်တိုက်လိုက်ကြလေသည်။

ကျိုပိုင်လင်သည် တကယ်ပင် သိုင်းပညာထူးချွန်သော တစ်ယောက်ဖြစ်၏။

သူ၏တိုက်ကွက်များသည် ပြင်းထန်လွန်းပြီး သိုင်းကွက် ဆန်းကြယ်လှသည်။

ရှန်ယုမေအား ဝိုင်းရံတိုက်ခိုက်သော လူသုံးယောက် လည်း သိုင်းပညာ မခေလှပါ။

အတန်ကြာသောအခါ ...

ရှန်ယုမေနှင့် စီးဝေရှမ်းတို့သည် တဖြည်းဖြည်း အရေး



လာသည်။

ထိုစဉ်မှာပင် ...

"အား"

အော်ဟစ်သံတစ်ခုကို ကြားလိုက်ရသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

### စမ်းသပ်သူကလေး

ထိုအသံနှင့်အတူ အဖြူရောင် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်သည် သူတို့ထံသို့ ပြေးဝင်လာသည်။

ထိုသူသည် အနီးသို့ ဝင်ရောက်လာသည်နှင့် သူ၏လက်နှစ်ဖက်သည် ဝဲယာခွဲကာ ကျိုပိုင်လင်နှင့် သူ၏အဖော်များအား ဝင်ရောက်တိုက်ခိုက်လိုက်တော့သည်။

မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော အနှောင့်အယှက်ကြောင့် ကျိုပိုင်လင်က ဗိုလ်၍ ဒေါသထွက်လာသည်။

သူသည် ခွန်အားအပြည့်ဖြင့် ဝင်ရောက်လာသူအား တိုက်ခိုက်လိုက်သည်။

သို့ရာတွင် မျက်နှာဖုံးစွပ်ထားသောလူက လက်ဝါးနှစ်ဖက်ဖြင့် ကျိုပိုင်လင်အား တိုက်ခိုက်လိုက်ရာ ...



'ဝုန်း'

ဟူသော အသံနှင့်အတူ ကျိုပိုင်လင်၏ ခန္ဓာကိုယ်သည် နောက်သို့ ခြေလှမ်းဆယ်လှမ်းခန့် လွင့်စဉ်ထွက်သွားရတော့သည်။

ကျိုပိုင်လင်သည် ထိုသူအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

ထိုလူ၏ သိုင်းပညာရပ်များကိုလည်း ထိတ်လန့်အံ့ဩနေမိသည်။

မျက်နှာဖုံးစွပ်ထားသော လူသည် စီးဝေရှမ်းဘက်သို့ လှည့်ပြီး ...

"မင်းတို့ ဘာငေးနေတာလဲ ... မြစ်ဆိပ်ကို အမြန်ဆုံးပြေးကြ"

စီးဝေရှမ်းနှင့် ရှန်ယုမေတို့သည် ထိုလူ၏ စကားကို ကြားလိုက်ရသည်နှင့် ချက်ချင်းပင် ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

စီးဝေရှမ်းနှင့် သူမတို့ ထွက်ပြောက်သွားချေပြီ။

ကျိုပိုင်လင်တို့သည် ဗိုလ်၍ ဒေါသထွက်လာကြသည်။

သူတို့သည် ထိုမျက်နှာဖုံးစွပ်ထားသောလူအား ပြင်းထန်စွာ ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်ထားသောလူသည် ခုခံ၍တိုက်ခိုက်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်သွားသည်။

စိုးဝေရှမ်းနှင့် ရှန်ယုမေတို့သည် ကိုယ်ဖော့ပညာ အသုံးပြု ကာ ပြေးသွားသည်။

မြစ်ဆိပ်သို့ရောက်သွားသောအခါ လှေတစ်စင်းဆိုက်ကပ် ထားသည်ကို တွေ့ရသည်။

သူသည် သူမအား လှေပေါ်တင်ပေးလိုက်ပြီး နောက်သို့ လှမ်းကြည့်လိုက်သည်။

မျက်နှာဖုံးစွပ်ထားသော လူက ရောက်မလာသေးသည်ကို တွေ့ရသည်။

သူသည် ထိုလူအတွက် စိုးရိမ်ပူပန်လာမိလေသည်။

"ဟင် ... သူကတော့ ငါတို့အတွက် အသေခံတိုက်ခိုက်နေ တဲ့အချိန်မှာ ငါတို့က သူ့ကိုပစ်ပြီး ထွက်သွားလို့ ကောင်းပါ့မလား"

သူသည် ထိုကဲ့သို့ တွေးလိုက်မိသည်နှင့် လှေကလေးအား တွန်းထုတ်လိုက်သည်။

ရှန်ယုမေသည် လှေကလေးဆိပ်ကမ်းမှ တွန်းထုတ်လိုက် သော်လည်း စိုးဝေရှမ်းက တက်မလာသေးသဖြင့် အံ့သြသွားမိသည်။

စိုးဝေရှမ်းအား လှမ်းကြည့်ပြီး ပြောလိုက်သည်။



"ရှင် ... ဒါ ဘာလုပ်တာလဲ"

သူက အံတင်းတင်းကြိတ်ကာ ...

"ဂိုဏ်းချုပ်ကြီးပဲ ထိုက်စန်တောင်ကို အရင်ပြန်နှင့်ပါ ... ကျွန်တော်မသေရင် အချိန်မီ လိုက်ခဲ့ပါ့မယ်"

သူမက ထိတ်ထိတ်ပျာပျာဖြင့် ပြောလိုက်သည်။

"မဖြစ်ဘူး မဖြစ်ဘူး ... ကျွန်မလည်း နေခဲ့မယ်"

သို့သော် စိုးဝေရှမ်းသည် လာရာလမ်းအတိုင်း ပြန်လည် ပြေးလွှားထွက်ခွာသွားပြီဖြစ်သည်။

သူသည် မူလနေရာသို့ ပြန်လည်၍ ရောက်ရှိလာသောအခါ ကျိုပိုင်လင်က မျက်နှာဖုံးစွပ်ထားသောလူအား ဖမ်းမိသွားသည်ကို တွေ့မြင်လိုက်ရသည်။

စိုးဝေရှမ်းက ဓားကို ဆွဲထုတ်လိုက်ပြီး ပြေးဝင်သွားလေ သည်။

"ရပ်လိုက်"

ကျိုပိုင်လင်က ဓားဖြင့် မျက်နှာဖုံးစွပ်ထားသော လူ၏ ရင်ဝ သို့ ထောက်ထားရင်းမှ အော်ပြောလိုက်သည်။

စိုးဝေရှမ်းက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ရလေတော့သည်။

"ဟေ့ ... မင်း ကျောက်စိမ်းခေါင်းတလားလေးကို ပေးမ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါမှမဟုတ် သူ့ကိုသတ်လိုက်ရမလား"

သူသည် မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

ထိုစဉ် ...

ကျိုပိုင်လင်က ဓားဖြင့် ထိုလူ၏မျက်နှာပေါ်မှာ ဖုံးအုပ်ထားသော အဝတ်ဖြူအား ဖယ်ရှားလိုက်သည်။

သူသည် ယင်းလူ၏မျက်နှာအား တွေ့မြင်လိုက်သည်နှင့် အံ့သြတုန်လှုပ်သွားသည်။

ထိုလူမှာ ...

မိမိအား အကြိမ်ကြိမ် ကယ်တင်ခဲ့သော သူတောင်းစားကလေးလို ရုပ်ဖျက်ထားသည့် မိန်းကလေးပင် ဖြစ်သည်။

သူသည် ရှေ့သို့ တစ်ဟုန်ထိုး ချဉ်းကပ်သွားပြီး ...

"ဟေ့ ... သူ့ကို လွှတ်လိုက်"

ကျိုပိုင်လင်သည် စီးဝေရှမ်း ရောက်ရှိလာသည်ကို တွေ့မြင်ရသည်နှင့် မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက သေချင်လို့ နောက်တစ်ခေါက်ပြန်လာတာ ဟုတ်လား"

သူက စိုးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကျိုပိုင်လင်အား စိုက်ကြည့်နေသည်။

"ခင်ဗျား သူ့ကို လွှတ်လိုက်ပါ၊ ခင်ဗျားလိုချင်တဲ့ ကျောက်စိမ်းခေါင်းတလားကို ကျုပ်ပေးမယ်"

သူတောင်းစားကလေးသည် ထိုစကားကြားရသောအခါ စီးဝေရှမ်းအား ပြုံး၍ကြည့်ပြီး ...

"ခင်ဗျားရဲ့ မွန်မြတ်တဲ့ စိတ်ထားကိုတော့ ချီးကျူးပါတယ်ဗျာ"

စီးဝေရှမ်းက သူ့အားပြုံးပြ၏။

"ကျုပ်ရဲ့ကိစ္စမှာ မင်းနဲ့ လုံးဝမသက်ဆိုင်ပါဘူး၊ ဒါကြောင့် မင်းထွက်သွားပါ"

ကျိုပိုင်လင်က ရယ်မောလိုက်သည်။

"မင်းကမှ ငါ့ကို ကျောက်စိမ်းခေါင်းတလား မပေးသေးဘဲနဲ့ သူသွားလို့ ရမလားကွ"

စီးဝေရှမ်းက အိတ်ထဲမှ ကျောက်စိမ်းခေါင်းတလားကို ထုတ်ယူလိုက်ပြီး ...

"ဟောဒီမှာ ခင်ဗျားလိုချင်တဲ့ ကျောက်စိမ်းခေါင်းတလားလေ။ သူ့ကိုလွှတ်လိုက်ရင် ကျုပ်ပေးမယ်ဆိုတဲ့ကတိအတိုင်း ပေးမယ်"

ကျိုပိုင်လင်က လက်ဝါးကြီးဖြန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ခေါင်းတလား အရင်ပေးပါ"

"ဟား ဟား ဟား"

သူတောင်းစားကလေးက ရယ်မောလိုက်သည်။

ကျိုပိုင်လင်က သူ့အားလှည့်ကြည့်လိုက်သည်။ အဘယ်ကြောင့် ရယ်ရသနည်း။

"မင်းက ဘာကြောင့်ရယ်တာလဲ"

သူတောင်းစားလေးက အဖြေမပေးဘဲ စီးဝေရှမ်းအား ပြုံးပြလိုက်သည်။

"ခင်ဗျားပစ္စည်း သူ့ကိုမပေးလိုက်ပါနဲ့၊ သူမလွှတ်ပေမယ့်လည်း ကျုပ်ဘာသာကျုပ် သွားလို့ရပါတယ်"

သူသည် ပြောပြီးသည်နှင့် ခန္ဓာကိုယ်ကို တစ်ချက်ဆန့်လိုက်သည်။ ထိုအခါ သူတောင်းစားလေးသည် ကျိုပိုင်လင်လက်မှ လွတ်သွားလေတော့သည်။

ကျိုပိုင်လင်နှင့် သူ၏အဖော်များ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြစဉ် သူတောင်းစားလေးသည် စီးဝေရှမ်း၏လက်ကို ဆွဲကာ ...

"ကဲ ... မြန်မြန်သွားကြမယ်"

ဟု ပြောလိုက်ပြီး ကြောင်အမ်းအမ်းဖြစ်နေသော စီးဝေရှမ်းအား ဆွဲခေါ် ပြေးထွက်သွားလေတော့သည်။ ကျိုပိုင်လင်တို့မှာ ဘာမျှ မလုပ်နိုင်ဘဲ ကျန်ရစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

ကယ်တင်သူများ

စီးဝေရှမ်း ....။

စီးဝေရှမ်းသည် သူတောင်းစားလေးခေါ်ဆောင်ရာသို့ ပြေးလွှားလိုက်ပါသွားသည်။

ပထမတွင် ကိုပိုင်လင်တို့နောက်မှ လိုက်လာသည့် အော်သံဟစ်သံများကို ကြားနေရသည်။

သို့သော် အတန်ကြာ ပြေးလွှားလာမိသောအခါတွင်မူ ကိုပိုင်လင်တို့၏အသံများသည် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပြီး နောက်ဆုံးတွင် သူတို့နှင့် မျက်ခြည်ပြတ်သွားလေတော့သည်။

ထို့ကြောင့် အန္တရာယ်များမှ လွတ်ကင်းပြီဟု ထင်မှတ်မိသဖြင့် သူတို့၏ အပြေးခြေလှမ်းများကို ရပ်လိုက်ပြီး ခပ်မှန်မှန် လျှောက်ကြသည်။



သူတောင်းစားကလေးသည် ဝန်းကျင်ကို တစ်ချက် လှည့်ကြည့်လိုက်သည်။

သူသည် မျက်မှောင်ကြုတ်သွားလေသည်။

"ကျုပ်တို့ ရန်သူတွေလက်က လွတ်အောင်သာ ပြေးလွှားလာကြရတယ်၊ ဘယ်ဆီကိုရောက်နေမှန်းတော့ မသိတော့ဘူး"

စီးဝေရှမ်းက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်လေသည်။

ထိုနေရာသည် လူသူတစ်စုံတစ်ယောက်မျှ မရှိသည်ကို တွေ့ရသော်လည်း သူ၏စိတ်ထဲ၌ အန္တရာယ်အငွေ့အသက်ကို ခံစားမိလိုက်လေသည်။

သူတောင်းစားလေးက သူ့အား ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ ဒီနေရာရောက်ဖူးလား"

"မရောက်ဖူးဘူး"

သူတောင်းစကားလေးက မြက်ခင်းပေါ်သို့ ထိုင်ချလိုက်သည်။

"ကျုပ်တော့ ခြေထောက်ညောင်းပြီဗျ၊ ခဏနားလိုက်ဦးမယ်"

စီးဝေရှမ်းက သူ့အနီး၌ ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... မင်းက လွတ်အောင် ပြေးနိုင်ရဲ့သားနဲ့ ဘာဖြစ်လို့ အဖမ်းခံရတာလဲ"

သူတောင်းစားက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ခင်ဗျားဟာ ကိုယ်လွတ်ရင်ပြီးရောဆိုတဲ့ လူစားတစ်ဦး ဟုတ်,မဟုတ်ဆိုတာ စိတ်စမ်းကြည့်ချင်လို့ပါ၊ တစ်ကိုယ်ကောင်းဆန်တဲ့လူ ဟုတ်,မဟုတ် စမ်းသပ်ကြည့်တာပေါ့ဗျာ၊ ကျုပ် စမ်းသပ်ချက်ကောင်းတယ်မဟုတ်လား"

စီးဝေရှမ်းက ရယ်လိုက်သည်။

"မင်း စိတ်စမ်းတာကလည်း ကလေးဆန်လှချည်လား၊ တော်ကြာ သူတို့က မင်းကို သတ်ပစ်မှဖြင့် ဒုက္ခပါပဲ၊ ခက်တယ်ကွာ ... ဒါ ကစားနေတာ မဟုတ်ဘူးကွ"

သူတောင်းစားက ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ကျုပ်က သေချာစဉ်းစားပြီးမှ အဖမ်းခံတာပါ၊ သူတို့က ကျုပ်ကို ဘယ်သတ်ပါ့မလဲ၊ ကျုပ်နဲ့ ခင်ဗျားဆီက ခေါင်းတလားကလေးကို လဲမယ်ဆိုတာ ကျုပ်ယုံကြည်ပြီးသားပါ"

စီးဝေရှမ်းက ...

"ဒါနဲ့ မင်းကဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို အခုလို ကူညီရတာလဲ"



သူတောင်းစားက ခပ်ပြုံးပြုံးဖြင့် ...

"အမှန်ပြောရမယ်ဆိုရင် ကျွန်မဟာ မိန်းကလေးတစ်ဦးပါ။ နာမည်က ရင်ရင်ပါ"

သူက မျက်မှောင်ကုတ်မိသည်။

သူမ၏မျက်နှာကို သေချာ စိုက်ကြည့်လိုက်သည်။

သူမမျက်နှာတစ်ခုလုံး ရွှံ့နှင့်အိုးမည်းများ ရောစပ်၍ လိမ်းထားသောကြောင့် အလွန်ညစ်ပတ်ပြီး အကျည်းတန်နေပေသည်။

"မင်းနာမည်ကတော့ လှပါတယ် ... ဒါပေမဲ့"

ရင်ရင်က နှုတ်ခမ်းစူထားသည်။

"ဘာလဲ ... ရှင်က ကျွန်မကို ရုပ်ဆိုးတယ်လို့ ပြောချင်တာလား၊ တော်ကြာ ရေရှိတဲ့နေရာကိုရောက်ရင် ကျွန်မမျက်နှာသစ်ပြမယ် ... သိလား"

သူက ရယ်လိုက်သည်။

"မလိုပါဘူးဗျာ၊ ကျုပ်ယုံကြည်ပါတယ် ... မင်း လှမယ်ဆိုတာ ယုံပြီးသားပါ"

သူ၏စကားကြောင့် ရင်ရင်က ခေါင်းငုံ့၍ ပြုံးသွားသည်။

"နေပါဦး ... မင်းက ကျုပ်ကို အခုလို အကြိမ်ကြိမ် လာပြီး ကယ်တင်တာ ဘာအကြောင်းရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဘာအကြောင်းမှ မရှိပါဘူး၊ ကျွန်မဆရာက ရှင့်ကိုစောင့်ရှောက်ရမယ်ဆိုတဲ့ တာဝန်ပေးထားလို့ ကျွန်မက ရှင့်ကို လိုက်ပြီးစောင့်ရှောက်နေတာပါ"

သူက အံ့အားသင့်သွားရသည်။

"မင်းဆရာက ကျုပ်ကို စောင့်ရှောက်ဖို့တာဝန် ပေးလိုက်တယ် ဟုတ်လား"

သူမ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သူက စိတ်ဝင်စားစွာ ထပ်မေးလိုက်သည်။

"မင်းဆရာက ဘယ်သူလဲ"

"ခေါင်းထဲကလူနဲ့ သက်ဆိုင်တဲ့လူ"

သူက နဝေတိမ်တောင် ဖြစ်သွားမိသည်။

"ခေါင်းထဲကလူနဲ့ သက်ဆိုင်တဲ့လူ ... ဟုတ်လား"

သူမ ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"ဟင်း"

သူက သက်ပြင်းတစ်ချက် ချလိုက်၏။



"ခေါင်းထဲကလူနဲ့ သက်ဆိုင်တဲ့လူဆိုတာ ဘာအဓိပ္ပာယ်လဲကွ"

ရင်ရင်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ကျွန်မလည်း မသိဘူး၊ ကျွန်မရဲ့ဆရာနာမည်က ခေါင်းထဲက သူနဲ့ သက်ဆိုင်တဲ့လူလို့ ပြောပါတယ်"

သူက အနည်းငယ် စဉ်းစားလိုက်၏။

"မင်းဆရာက ယောကျ်ားလား၊ မိန်းမလား။ အသက်က ဘယ်လောက်ရှိပြီလဲ"

ရင်ရင်က ပြုံး၍ ...

"ကျွန်မရဲ့ဆရာက ယောကျ်ားပါ၊ အသက်ငါးဆယ်ကျော်နေပါပြီ"

သူသည် မျက်မှောင်တစ်ချက်ကုတ်လိုက်၏။

"နေပါဦး ... ကျုပ် တစ်ခုသတိရလို့ မေးပါရစေ"

သူမက ခေါင်းညိတ်ပြသည်။

"မင်းက တိမ်ဖြူတောင်ကြားမှာ ငါ့ကို ကယ်တင်တုန်းက ပြောခဲ့တဲ့စကားကို မှတ်မိသေးလား"

သူမက စဉ်းစားသလိုလုပ်ပြီးမှ ...

"ဘာများလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး ...

"မင်းပြောခဲ့တဲ့ စကားလေ၊ ခေါင်းထဲကလူ နတ်သမီး ဒေဝီ ဖုနဲတောင်တန်း ရှာကလေးတစ်ခုဆိုတဲ့ စကားလေ"

ရင်ရင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ကျွန်မပြောခဲ့တယ်၊ အဲဒါ ဘာဖြစ်သလဲ"

စီးဝေရှမ်းက စိတ်ဝင်စားစွာ မေးသည်။

"အဲဒီစကားတွေဟာ ဘာကိုဆိုလိုတယ်ဆိုတာ ပြောပြ လား"

ရင်ရင်က ပြုံးလိုက်သည်။

"ဒါက ဒီလိုပါ ... ခေါင်းထဲကလူဆိုတာ ကျွန်မဆရာ ပြောတာပါ"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ ... ဒါကိုတော့ ကျုပ်သိပြီ"

ရင်ရင်က ...

"နတ်သမီးဒေဝီဆိုတာ ခေါင်းထဲမှာ ထုလုပ်ထားတဲ့ ရုပ် လေးကို ပြောတာပါ"

သူက မျက်ခုံးတွန့်၍ ...

"ဖုနဲတောင်တန်းရွာကလေးတစ်ခု ဆိုတာရော"



ရင်ရင်က ဖြေဆိုရန်အတွက် နှုတ်ခမ်းပြင်၍ ...

"ဖုနဲတောင်တန်းရွာကလေး"

သို့ရသော် ...

သူမ၏ စကားမဆုံးမီ လူရိပ်တစ်ခုသည် သူတို့အနီးမှ လျှပ် တစ်ပြက် ဖြတ်ကျော်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"ဘယ်သူလဲ"

စီးဝေရှမ်းက ဆတ်ခနဲ ထလိုက်၍ အော်မေးလိုက်ပြီး ထိုလူ ိပ်နောက်သို့ ပြေးလိုက်သွားလေ၏။ ထိုလူရိပ်သည် ငါးဘက်သို့ ကွေ့ ီးပြီး ပြေးလွှား၏။

စီးဝေရှမ်းနှင့် ရင်ရင်တို့သည် ဆက်၍ လိုက်သွားသောအခါ င်းလူရိပ်သည် ပျောက်ကွယ်သွားသည်ကို တွေ့ရလေသည်။ စီးဝေ မ်းသည် ရှေ့သို့ဆက်၍ ပြေးလွှားသွားရင်း ဝန်းကျင်တို့ကိုပါ အကဲ တ် ရှာဖွေနေ၏။

သူသည် အနည်းငယ် ပြေးလွှားသွားရာ လိုဏ်ဂူတစ်ခုကို တွေ့ရှိလိုက်ရ၏။

ထိုလူရိပ်သည် လိုဏ်ဂူထဲသို့ ပြေးဝင်သွားခြင်း ဖြစ်ရမည်ဟု ဝေရှမ်းက ယုံကြည်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည်အနည်းငယ် ရပ်တန့်လိုက်ပြီးမှ လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်၏။ ရင်ရင်ကလည်း သူ၏အနောက်မှကပ်လျက် လှမ်းဝင်လာသည်။

သူတို့သည် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူတို့နောက်ဘက်မှ ...

'ဝုန်း'

ဟူသောအသံတစ်ခုကို ထိတ်လန့်တုန်လှုပ်ဖွယ် ကြားလိုက်ရသည်။

သူတို့သည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ လိုဏ်ဂူအဝမှာ တံခါးတစ်ချပ် ချက်ချင်းပိတ်သွားသည်ကို ထိတ်လန့်သြစွာ တွေ့လိုက်ရ၏။

လိုဏ်ဂူသည် သဘာဝ လိုဏ်ဂူမဟုတ်။ လူတို့ ပြုပြင်ထားသော လိုဏ်ဂူဖြစ်သည်။

စိုးဝေရှမ်းတို့သည် အသိနောက်ကျသွားသည်။

လိုဏ်ဂူအဝအား ပိတ်ဆို့သည့်နေရာမှာ သံမဏိ တံခါးတစ်ချပ် ဖြစ်သည်။

စိုးဝေရှမ်းနှင့် ရင်ရင်တို့သည် ရန်သူ၏ ထောင်ချောက်ထဲ တိုးဝင်မိနေသည်ဟု နားလည်လိုက်ကြသည်။



လိုဏ်ဂူတစ်ခုလုံးမှာ မှောင်မည်းနေ၏။

သူတို့သည် စမ်းတဝါးဝါးဖြင့် ရှေ့သို့ ဆက်လျှောက်သွားသည်။

သို့သော် သူတို့သည် ခြေလှမ်းငါးဆယ်ခန့်မျှသာ လျှောက်သွားနိုင်သည်။

အကြောင်းမှာ ...

သူတို့သည် လိုဏ်ဂူနံရံအား စမ်းမိလိုက်သောကြောင့် ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် ...

ထိုလိုဏ်ဂူသည် လိုဏ်ဂူတစ်ခုမဟုတ်ဘဲ ခြေလှမ်းငါးဆယ်ခန့် အရှည်ရှိသော ထောင်ချောက်တစ်ခုသာ ဖြစ်နေသည်ကို သဘောပေါက်လိုက်ကြရလေ၏။

ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းပြီး တိတ်ဆိတ်နေ၏။

ရင်ရင်သည် စိုးဝေရှမ်း၏ရင်ခွင်ထဲသို့ တိုးဝင်၍ မှီထားလေသည်။

စိုးဝေရှမ်းသည် မည်သို့မျှ ထွက်လမ်းမတွေ့ရသဖြင့် စိတ်ပျက်စွာဖြင့် စိုထိုင်းသောမြေပေါ်တွင် ထိုင်ချလိုက်သည်။

သူတို့သည် စကားတစ်ခွန်းမျှ မပြောဘဲ အချိန်ကြာမြင့်စွာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ ရင်ရင်က သက်ပြင်းအသာအယာချလိုက်လေသည်။

"စုရဲရုံက တော်တော်ချောသလားရှင့်"

မဆီမဆိုင်သော မေးခွန်းဖြစ်သည်။ သူသည် ရင်ရင်အား ဆတ်ခနဲကြည့်ကာ ...

"မင်းက ဘာဖြစ်လို့ ဒါတွေကို မေးနေရတာလဲ"

ရင်ရင်က သက်ပြင်းတစ်ချက် ချ၏။

"ကျွန်မရဲ့မျက်နှာ ရှင့်ကိုပြဖို့အချိန်မရလိုက်ဘူး၊ တကယ်လို့များ ကျွန်မရဲ့မျက်နှာကို ရှင်က တွေ့မြင်လိုက်ရမယ်ဆိုရင် စုရဲရုံနဲ့ ဘယ်သူက ပိုလှတယ်ဆိုတာ နှိုင်းယှဉ်ကြည့်နိုင်မိမှာပဲရှင့်"

သူက ရယ်မောနေ၏။

"မင်းကလည်းကွာ ... အခုလို ဒုက္ခရောက်နေရတဲ့အချိန်မျိုးမှာ ဒါတွေကို စဉ်းစားနိုင်သေးတယ်၊ မင်းတို့ မိန်းကလေးတွေက အတော်အံ့သြဖို့ကောင်းတယ်"

ရင်ရင်က ...

"အို ... စိတ်ညစ်တော့ရော ဘာအကြောင်းထူးမှာလဲ၊ စိတ်ပြေလက်ပျောက် ပြောဆိုနေတာပဲ ကောင်းတယ်"

စီးဝေရှမ်းက သက်ပြင်းချပြီး ...

"ဒီတစ်ခါတော့ မင်းပါ အမိခံရတယ်ဆိုတော့ ကယ်တင်



မယ့်လူ မရှိတော့ပါဘူးလေ"

သူမက ...

"ကျွန်မတို့ကို ဒီထောင်ချောက်ထဲ မျှားခေါ်လာတဲ့လူဟာ ဘယ်သူလဲဆိုတာ ရှင် မရိပ်မိဘူးလား"

သူက ...

"ကိုပိုင်လင်ပဲ ဖြစ်မှာပေါ့"

ရင်ရင်က မျက်မှောင်ကြုတ်ပြီး ...

"ရှင်က ဘာကြောင့် ဒီလိုပြောရတာလဲ"

"ဒါက ရှင်းပါတယ် ... ကိုပိုင်လင်က ငါတို့နောက်ကို လိုက်လာပြီး သူတို့နဲ့ ကျုပ်တို့နဲ့ တကယ်တမ်း ယှဉ်ပြိုင်မယ်ဆိုရင် သူတို့က အလွယ်တကူ ကျုပ်တို့ကို နိုင်မှာမဟုတ်လို့ ခုလို ထောင်ချောက်ထဲကို မျှားခေါ်ပြီး ပိတ်ထားတာ ဖြစ်ရမှာပေါ့"

ရင်ရင်က ...

"နောက်ရော"

စီးဝေရှမ်းက ဆက်ပြော၏။

"ကျုပ်တို့ ဒီထဲမှာ အစာရေစာငတ်ပြီး သေသွားတော့မှ သူက ကျုပ်အိတ်ထဲမှာပါတဲ့ ကျောက်စိမ်းခေါင်းတလားလေးကို ယူမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရင်ရင်က စဉ်းစားသလို လုပ်လိုက်ပြီး ...

"ရှင်တွေးထားတာ အတော်နီးစပ်ပါတယ်၊ ဒါပေမဲ့ တစ်ခု တော့ရှိတယ်၊ ဒီနေရာမှာ ထောင်ချောက်တစ်ခုရှိတယ်ဆိုတာ သူက ဘာဖြစ်လို့ သိသလဲ၊ နောက်ပြီး ဒီထောင်ချောက်ရဲ့ တံခါးဟာ အထူး ပြုလုပ်ထားတယ် မဟုတ်လား"

စီးဝေရှမ်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဟုတ်တယ်"

ရင်ရင်က ထပ်မေးလိုက်သည်။

"ဒီတံခါးကို ဘယ်သူက ကြိုတင်ပြီး ပြုလုပ်ထားတာလဲ"

သူက အနည်းငယ် စဉ်းစားလိုက်သည်။

"မင်းကရော ဘယ်လိုတွေးမိသလဲ"

သူမက ခစ်ခနဲ ရယ်လိုက်၏။

"ဒါ ရှင်းပါတယ်၊ ဒီနေရာဟာ သူတို့ရဲ့ စခန်းတစ်ခု ဖြစ် မယ်၊ ဒါမှမဟုတ် ဒီအနီးတစ်ဝိုက်မှာ သူတို့ရဲ့ဌာနချုပ် ရှိနေမယ်လို့ ကျွန်မယူဆတယ်"

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... မင်းက အသက်ငယ်ငယ်နဲ့ အတွေးအခေါ် ရင့် ကျက်သားပဲ၊ ချီးကျူးပါတယ်ကွာ"



ရင်ရင်သည် စီးဝေရှမ်းအား မော့ကြည့်လိုက်၏။

"အတွေးအခေါ် ရင့်ကျက်တာ မရင့်ကျက်တာက အဓိက မဟုတ်ပါဘူး၊ လောလောဆယ်မှာ အစာရေစာငတ်ပြီး သေရတော့ မယ်၊ ဒါကိုတွေးပြီး ကျွန်မကတော့ ရင်တုန်လာပြီရှင့်"

ထိုစဉ်မှာပင် ...

'ဂျိမ်း'

ဟူသောအသံတစ်သံကို ကြားလိုက်ရသည်။ တစ်ချိန်တည်း မှာပင် အလင်းရောင်တန်းတစ်ခုသည် လိုဏ်ဂူထဲသို့ တိုးဝင်လာသည် ကို တွေ့မြင်ရသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

### လမ်းမှန်လျှောက်သူ

လိုက်ဂူအဝရှိ တံခါးသည် အလိုအလျောက် ပွင့်သွားေ
သည်။

ထို့ပြင် လူနှစ်ယောက်က အလင်းရောင်ကို ကျောပေး
ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

စီးဝေရှမ်းနှင့် ရင်ရင်တို့သည် အမှောင်ထုကနေ အလင်
ရောင်အား ရုတ်တရက် တွေ့မြင်လိုက်ရသောကြောင့် မျက်လုံးမျ
ရုတ်တရက် ဖွင့်မရဘဲ ဖြစ်နေ၏။

အတန်ကြာမှ ထိုလူနှစ်ယောက်မှာ ရှန်ယုမေနှင့်ချူးဟုန်
ဖြစ်နေသည်ကို တွေ့ရ၏။

စီးဝေရှမ်းက ထိတ်လန့်အံ့ဩသွားသည်။

"ဟင် ... ဂိုဏ်းချုပ်ကြီးက ဘာကြောင့် ဒီလူနဲ့အတူ ပါလ



ရတာလဲ၊ ခင်ဗျားကို ကျုပ်က လေ့နဲ့လွှတ်လိုက်တယ် မဟုတ်လား"

ရှန်ယုမေက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် ... ရှင်က လိုက်မလာတော့ ကျွန်မ တစ်ယောက်တည်း သွားလို့ဘယ်ဖြစ်မလဲ၊ ဒါကြောင့် ကျွန်းပေါ်ပြန်တက်လာပြီး ရှင့်နောက်ကို လိုက်လာတယ်၊ ကျွန်မပါ အဖမ်းခံလိုက်ရတယ်လေ"

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားမိသည်။

"ဒါဖြင့် ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ"

ရှန်ယုမေက စကားဆက်လိုက်သည်။

"ကျွန်မကို မြေအောက်ခန်းမှာ ချုပ်ထားတာကို ဟောဒီက"

သူမသည် ချူးဟုန်ဘက် ညွှန်ပြပြီး ...

"သူက အသက်စွန့်ပြီး ကျွန်မကို ကယ်ထုတ်လိုက်တာပါ"

စီးဝေရှမ်းသည် ချူးဟုန်အား ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်၏။

"အခုလို ကြားရတာ ခင်ဗျားကို လေးစားပါတယ်ဗျာ"

ချူးဟုန်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ်မှားခဲ့သမျှကို နောင်တရခဲ့တယ်၊ ဒါကြောင့် အမှားလမ်းတနေ ဘယ်လို ရုန်းထွက်ရမယ်ဆိုတာ အမြဲတမ်း နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြံဆခဲ့တယ်၊ ဝိုက်ငါးချုပ်ကြီး အဖမ်းခံရတာတွေ့လို့ သူ့ကို ကယ်တင်လိုက်တာပါ၊ နောက်ပြီး ခင်ဗျားတို့တစ်တွေ ထောင်ချောက်ထဲမှာ မိတ်မိထားတယ်ဆိုလို့ အခုလို လိုက်လာရတာပါ"

ရင်ရင်က ပြုံး၍ ...

"အခုလို ကျွန်မတို့ကို ကယ်တင်တာ ဝမ်းသာပါတယ်ရှင်"

ချူးဟုန်က ...

"ကဲ ... ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူးနဲ့တူတယ်၊ အမြန်ဆုံး ထွက်ကြရအောင်"

ထို့နောက် သူတို့သည် ထိုနေရာမှ ထွက်လာရာ ရုတ်တရက် လူတစ်ဦးသည် ပြေးလွှားရောက်ရှိလာ၏။

ထိုလူအနီးသို့ ရောက်ရှိလာသောအခါ လုံမေဖြစ်နေသည်ကို တွေ့ရ၏။

ချူးဟုန်က မျက်မှောင်ကုတ်ပြီး ...

"လုံမေ ဘာများ အရေးကြီးလို့ ဒါလောက်တောင် ပြေးလာရတာလဲ"

လုံမေသည် သူတို့အနားသို့ ရောက်ရှိလာတော့မှ သူမ၏ ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ...

"ကျိုပိုင်လင်တို့လူစုက ရှင်တို့ကို ဖမ်းဖို့ လာကုန်ကြပြီရှင်"



ချူးဟုန်မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ...

"ဒါဖြင့် တို့တစ်တွေ တစ်ဖက်တစ်လမ်းကနေ သွားကြမှ ဖြစ်မယ်ထင်တယ်"

သူသည် ထိုသို့ပြောပြီး စီးဝေရှမ်းတို့အား ခေါ်ဆောင်၍ ခဲဘက်တောအုပ်ထဲမှ ပြေးလွှားထွက်သွားကြလေ၏။ လုံမေကလည်း သူတို့နောက်မှ လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာသည် ...

မြစ်ဆိပ်ကမ်းတစ်ခု ဖြစ်၏။

စီးဝေရှမ်းသည် ရှန်ယုမေတို့အား လှေလေးပေါ်သို့ တင်ပေး
လိုက်၏။

ရင်ရင်က စီးဝေရှမ်းအား မျက်မှောင်ကုတ်၍ ကြည့်လိုက်
ရင်း ...

"ရှင် အခု ဘယ်သွားဦးမလို့လဲ"

စီးဝေရှမ်းက သက်ပြင်းတစ်ချက် ချ၍ ...

"ကျုပ်က ကျိုးနန်တောင်ကို တစ်ခေါက် ထပ်သွားဦးမယ်"

ရင်ရင်က ပြုံးလိုက်ပြီး ...

"ဒါဖြင့် ရှင်က စုရဲ့ရုံကို တွေ့ရဦးမှာပေါ့"



စီးဝေရှမ်းသည် ရှန်ယုမေအား တစ်ချက်ကြည့်လိုက်ပြီး
မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

သို့သော် ရှန်ယုမေသည် ရွှန်းလဲ့သောမျက်ဝန်းများဖြင့် ချူး
ဟုန်အား ကြည့်နေသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။

သူသည် ချူးဟုန်ကို လှည့်ကြည့်လိုက်ရာ ချူးဟုန်ကလည်း
ရှန်ယုမေအား ငေး၍ ကြည့်နေသည်ကို တွေ့ရှိရလေသည်။

ထိုတခဏမှာပင် ချူးဟုန်နှင့်ရှန်ယုမေတို့သည် တစ်ယောက်
နှင့်တစ်ယောက် သံယောဇဉ်ကြိုး တွယ်ငြိနေသည်ဖြစ်ကြောင်း စီးဝေ
ရှမ်း ရိပ်စားမိလိုက်သည်။

"အဟင်း"

စီးဝေရှမ်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

သူတို့နှစ်ယောက်စလုံးက သတိရလာပြီး စီးဝေရှမ်းအား
ပြိုင်တူလှမ်းကြည့်လိုက်သည်။ စီးဝေရှမ်းက လက်ဝှေ့ယမ်းပြလိုက်
သည်။

"ဂိုဏ်းချုပ်ကြီး သွားတော့ ... ကျုပ် ကိစ္စအဝဝပြီးသွားရင်
ထိုက်စန်းတောင်ကို ရောက်အောင်လာခဲ့ပါ့မယ်"

သူသည် ချူးဟုန်ဘက်သို့ လှည့်ကြည့်လိုက်ရာ ...

"မင်းဟာ ငါ့ကျေးဇူးရှင်မွေးစားတဲ့ အမေရဲ့သားတစ်ဦး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ နောက်ပြီး မင်းအမေကလည်း ကျုပ် မင်းကို စောင့်ရှောက်ရမယ်လို့ မှာကြားခဲ့တယ်၊ အခုလို မင်းက အမှားကို သိပြီး အမှန်ဘက်ကို ရောက်လာမယ်ဆိုရင် ကျုပ်က ဝမ်းသာစွာနဲ့ ကြိုဆိုပါ့မယ်"

သူက လှိုက်လှဲစွာ ပြောဆိုလိုက်မိသည်။ ချူးဟုန်က လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်၊ ကျုပ် အသက်သေချင်သေပါစေ ... ဒီမတရားတဲ့ အင်အားစုကိုတော့ အတွင်းကနေပြီး အစွမ်းကုန် ဖျက်ဆီးပါ့မယ်လို့ ကတိပေးပါတယ်ဗျာ"

စီးဝေရှမ်းက ပြုံး၍ ...

"အခုလိုကြားရတာ ဝမ်းသာပါတယ်"

သူသည် ရှန်ယုမေနှင့်ရင်ရင်တို့အား လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ ... အားလုံးပဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

သူ၏စကား ဆုံးသွားသည်နှင့် သူ၏ခြေလှမ်းများသည် လျှင်မြန်စွာဖြင့် ပြေးလွှားထွက်ခွာသွားလေတော့၏။

☆☆☆



အခန်း (၂၃)

ရွှေပိုးချည်အလံ

စီးဝေရှမ်းသည် သုံးရက်မြောက်သောနေ့တွင် ကျိုးနန်တောင်သို့ ရောက်လာခဲ့သည်။ သူသည် ကျိုးချင်းရုံကို တွေ့ချင်သောကြောင့် လျှင်မြန်စွာ လျှောက်သွားလေသည်။

မကြာပါချေ ...။ ပုံလွှားလေးကိုတွေ့မြင်လိုက်ရသည်။ ပုံလွှားလေးသည် စီးဝေရှမ်းရောက်ရှိလာသည်ကို တွေ့မြင်လိုက်သောအခါ ဝမ်းသာအားရဖြင့် ...

"ဟာ အစ်ကိုကြီး ... ခင်ဗျား တကယ်ပဲ ရောက်လာတာကိုး"

စီးဝေရှမ်းက မျက်ခုံးတစ်ချက် ပင့်၍ ...

"ဘယ်လို ... မင်းက ငါ လာလိမ့်မယ်ဆိုတာ သိထားလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလွှားလေးက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ဆရာက အစ်ကိုလာလိမ့်မယ် သွားပြီးကြိုပါ လို့ မှာထားလို့ ကျွန်တော် ထွက်စောင့်နေတာဗျ"

ထိုစကားကြောင့် စီးဝေရှမ်းက အံ့အားသင့်သွားမိသည်။

"ငါ လာလိမ့်မယ်ဆိုတာ မင်းက ဘယ်လိုလုပ်သိသလဲ"

ဖိုးလွှားလေးက ခပ်ပြုံးပြုံးဖြင့် ...

"အစ်ကိုကြီး အထဲလိုက်ခဲ့လေ၊ ဒါဆို အကြောင်းစုံသိရမှာပေါ့"

သူသည် ပြောရင်း စီးဝေရှမ်းအား ခေါ်ဆောင်သွားလေတော့၏။

☆



ဤနေရာသည် ...

အလွန်ကြီးမားသော အဆောက်အအုံတစ်ခု ဖြစ်သည်။ အဆောက်အအုံမှာ သစ်လုံးများဖြင့် တည်ဆောက်ထားသဖြင့် ခံတပ်တစ်ခုနှင့် တူလှပေသည်။

စီးဝေရှမ်းသည် ဖိုးလွှားလေးခေါ်ဆောင်ရာသို့ လိုက်ပါသွားရာ မကြာမီ သူတို့သည် အဆောက်အအုံ၏ အတွင်းပိုင်းသို့ လှမ်းဝင်သွားမိကြလေသည်။

ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် စီးဝေရှမ်း၏ မျက်လုံးအစုံသည် ပြူးကျယ်သွားရလေတော့သည်။

အကြောင်းမှာ ...

ဧည့်ခန်း၏အလယ်တွင် အဘိုးအိုသုံးဦးက ပြုံးရွှင်သောအမူ

www.burmeseclassic.com

www.burmeseclassic.com



အရာများဖြင့် ထိုင်နေကြသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

အဘိုးအိုတစ်ယောက်က သူ့အား လှမ်းခေါ်လိုက်၏။

"လာဟေ့ သူငယ် ... လမ်းကြုံရင် ဒီကို ဝင်လာလိမ့်မယ်ဆိုတာ သိလို့ ကျုပ်က ကြိုတင်ရောက်နေတာပါ"

ထို့နောက် သူသည် ထိုင်နေသော အဘိုးအိုနှစ်ယောက်အား မိတ်ဆက်ပေးလေသည်။

"သူကတော့ ကျူးနန်အဘိုးအိုပါ၊ ဒီအိမ်က အိမ်ရှင်ဆိုပါတော့ကွာ"

စီးဝေရှမ်းသည် ကျူးနန်အဘိုးအိုကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်၍ အလေးပြုလိုက်လေသည်။

ထို့နောက် အဘိုးအိုက ပိန်ပိန်ပါးပါးရှိသော အဘိုးအိုကို ညွှန်ပြလိုက်ပြီး ...

"သူကတော့ စစ်တုရင်အဘိုးအိုလို့ ခေါ်ပါတယ်"

စစ်တုရင်အဘိုးအိုက ပြုံးလိုက်သည်။

"ကျုပ်ကို မိတ်ဆက်ပေးစရာ မလိုတော့ပါဘူး၊ သူနဲ့ကျုပ်က သိပြီးသားပါ၊ ကျုပ်နဲ့သူနဲ့ စစ်တုရင်ထိုးဖူးတယ်ဗျ"

ထိုအဘိုးအိုက ပြုံးလိုက်ပြီး ...



"ဘာလဲ ... ခင်ဗျားက သူနဲ့ စစ်တုရင်တစ်ပွဲတစ်လမ်း ကစားခဲ့ပြီပေါ့"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... သူက ကျွန်တော့်ကို သိုင်းပညာတစ်ကွက်လည်း သင်ပေးခဲ့ပါသေးတယ်"

သူ၏စကားကို ကြားလိုက်ရသောအခါ အဘိုးအိုက ရယ်မောလိုက်သည်။

"ဖြစ်ရမယ် ဖြစ်ရမယ်"

ထို့နောက် အဘိုးအိုသည် ရင်ဘတ်ကိုပုတ်ပြပြီး ...

"ကျုပ်ကတော့ သမားတော်ကြီး ရှီအိချန်ပါ"

စီးဝေရှမ်းက ဦးညွှတ်လိုက်သည်။

"လေးစားပါတယ် ခင်ဗျာ"

ထိုစဉ်မှာပင် ...

အဘိုးအိုတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာသည်။

စီးဝေရှမ်းက လှည့်ကြည့်လိုက်သောအခါ ပန်းပုပညာရှင် ကျူးချင်းရှုံ ဖြစ်နေသည်ကို တွေ့ရသည်။

ကျူးချင်းရှုံသည် စီးဝေရှမ်း ရောက်ရှိလာသည်ကို တွေ့သော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဦးညွှတ်နှုတ်ဆက်လိုက်၏။

"ကျေးဇူးတင်ပါတယ် လူငယ် ... မင်းသာ ကျုပ်ကို အချိန်မီ မကယ်တင်နိုင်ခဲ့ရင် ကျုပ်ရဲ့အသက်အန္တရာယ် ဖြစ်နိုင်ရုံမက သမီးပါ ဒုက္ခရောက်သွားနိုင်တယ်"

သူက ပြန်လည် ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူး ခင်ဗျာ၊ ဒါဟာ သိုင်းသမား တိုင်းရဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်"

သမားတော် ရှိအိချန် မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့က ဘာတွေများ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးတင်နေကြတာလဲကွ"

ကျူချင်းရုံက သက်ပြင်းတစ်ချက်ချ၏။

"ဟင်း"

ထို့နောက် အဖြစ်အပျက်ကို ရှင်းပြရန် နိဒါန်းအစပျိုးလိုက်သည်။

"ဒီလိုပဲဗျာ ... ကျုပ်ဟာ အသက်ကြီးလာတဲ့အခါမှာ ခင် အေးအေးနေချင်တာနဲ့ မိစ္ဆာဂူထဲ သွားရောက်နေထိုင်ပြီး အဲဒီမှာရှိ အုတ်ဂူထဲမှာပဲ ပန်းပုပညာကို ထုလုပ်ခဲ့ပါတယ်"

ကျုံးနန်အဘိုးအိုက ကြားဖြတ်ပြောလိုက်သည်။



"အဲဒီအချိန်မှာ ကျောက်စိမ်းခေါင်းတလားလေးနဲ့ ပတ်သက်တဲ့သတင်းက သိုင်းလောကတစ်ခုလုံးပျံ့နှံ့နေပြီ၊ သည့်ကျောက်စိမ်း ခေါင်းတလားကိုယူပြီး ဖူနုတောင်မှာရှိနေတဲ့ အရူးတစ်ပိုင်း ပညာရှင်ထံ သွားပြရင် သူက ထူးဆန်းတဲ့သိုင်းပညာရပ် သင်ပေးမယ်ဆိုတာ အားလုံးက သိထားကြတယ်"

စစ်တုရင်အဘိုးအိုက မျက်မှောင်ကုတ်၏။

"ဒါနဲ့ ကျားနက်မင်းသားလေးနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ"

ကျူချင်းရုံက သက်ပြင်းချပြီး ...

"အင်း ... ကျားနက်မင်းသားလေးဟာ သိုင်းလောကို လွှမ်းမိုးနိုင်ဖို့ အကြံအစည်ကြီးတဲ့လူတစ်ယောက်ပါပဲ၊ ဒါကြောင့် ဒီသတင်း ကြားလိုက်တာနဲ့ ကျုပ်ကိုတွေ့အောင်လာရှာတော့တာပေါ့"

သူသည် စကားကို ခေတ္တရပ်နားပြီး ...

"သူ ကျုပ်ဆီ ရောက်လာတဲ့အခါမှာ ကျုပ်ရဲ့ ပန်းပုပညာကို အလွန်လေးစားပြီး လေ့လာချင်လို့ပါဆိုတဲ့ အကြောင်းပြချက်နဲ့ ချဉ်းကပ်လာတယ်"

သူသည် ရှင်းပြနေရင်းမှ မျက်နှာတစ်ခုလုံးတွင် ခံပြင်းသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

www.burmeseclassic.com

"နောက်တော့ အခွင့်အရေးသာတာနဲ့ ကျုပ်ကို မြေအောက် ခန်းထဲမှာ ချုပ်ထားပြီး ကျောက်စိမ်းခေါင်းတလေးတစ်ခု အတင်း အကျုပ် ထွင်းခိုင်းခဲ့ပါတယ်"

စီးဝေရှမ်းက ခေါင်းညိတ်၏။

ထို့နောက် စီးဝေရှမ်းက ဆက် ပြီး ရှင်းပြ၏။

ထိုအပိုင်းသည် သူ ဆက်လက်ဆောင်ရွက်ခဲ့သောအပိုင်း ဖြစ်သည်မဟုတ်ပါလား။

"ဒါကြောင့် သူက ဦးရဲ့အဝတ်အစားတွေ ဝတ်ပြီး မျက်နှာ ကိုဖုံးထားတယ်၊ ဦးရဲ့ ပြောဆိုတဲ့လေသံမျိုးကို အတတ်နိုင်ဆုံး တူပြီး တော့ ဦးအနေနဲ့ ဟန်ဆောင်ခဲ့တယ်၊ ဦးရဲ့ဇနီးကိုလည်း သက်သက် ရန်ရှာပြီး ခွဲခွာခဲ့တယ်၊ အဲဒီနောက်တော့ သူ့အကြံအစည် မဟန်မှန်း သိတော့ ဦးနဲ့ဇနီးကို သတ်ပစ်လိုက်တယ်၊ ဦးကိုပါ သတ်ဖို့ကြံစည်နေ တုန်း ကျွန်တော်က သူ့အကြံကိုရိပ်စားမိပြီး အချိန်မီ တားဆီးလိုက် ရတာပါပဲ"

သမားတော် ရှီအိချုန်က သက်ပြင်းတစ်ချက် ချလိုက်လေ သည်။

"အင်း ... အခု တစ်နှစ် နှစ်နှစ်အတွင်းမှာ ကျားနက်မင်းသား လေးရဲ့ လှုပ်ရှားမှုဟာ တစ်နေ့တခြား ခြေလှမ်းစိပ်လာတာ တွေ့



တယ်၊ ဒါပေမဲ့ ဒီလောက် အကြံကြီးလိမ့်မယ်လို့ မထင်မိဘူး"

ဤတွင် စစ်တုရင်အဘိုးအိုက တစ်စုံတစ်ခုကို စဉ်းစားမိ ဟန်ဖြင့် ...

"ဒါနဲ့ နေပါဦး ... ကျောက်စိမ်းခေါင်းတလားလေးနဲ့ နတ် ကွန်းမှာရှိတဲ့ ရုပ်တုကို ခင်ဗျားတစ်ယောက်တည်း ထုထားတာ မဟုတ်လား"

ကျူချင်းရုံက ခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ်"

စစ်တုရင်အဘိုးအိုက ...

"ခင်ဗျားက ဘယ်သူ့ပုံကို ကြည့်ပြီး ထုထားတာလဲ"

ကျူချင်းရုံက ...

"ကျုပ်က လူပုံကိုကြည့်ပြီး ထုထားတာပါ"

ကျူချင်းရုံ၏ ဖြေပုံက ရှင်းလှသည်။ စစ်တုရင်အဘိုးအိုက မျက်မှောင်ကြုတ်ပြီး ...

"ဒါဖြင့် ဘယ်သူ့ပုံကို ကြည့်ပြီး ထုထားတာလဲ"

ကျူချင်းရုံက လက်ကာပြ၏။

"ကျုပ် ပြောပြပါ့မယ်ဗျာ"

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး ပြောပြလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင်း ... ဒီကိစ္စကို ပြောပြရရင် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်တုန်းကအကြောင်းကို ပြန်စရလိမ့်မယ်"

☆



လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်တုန်းက ဖြစ်သည်။

အလွန် မှောင်မိုက်သော ညတစ်ညဖြစ်သည်။

ပန်းပုပညာရှင် ကျူးချင်ရှံသည် ဇနီးဖြစ်သူနှင့် အိပ်မောကျနေချိန်တွင် ...

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ အဆက်မပြတ် ထွက်ပေါ်လာသဖြင့် သူတို့သည် အိပ်မောကျနေရာမှ ထိတ်လန့်တကြား နိုးလာ၏။

"ဘယ်သူလဲ"

ကျူးချင်းရှံက လှမ်းမေးလိုက်သည်။

ထို့နောက် နံရံပေါ်မှ ဓားကိုဆွဲကာ အခန်းတံခါးရှိရာသို့ လျှောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါး မဖွင့်မီ ကျယ်လောင်သောအသံဖြင့် မေးလိုက်သည်။

"ဟဲ့ ... ဘယ်သူတွေလဲလို့ မေးနေတာ မကြားဘူးလား"

"ခရီးသည်တစ်ယောက်ပါ"

မိန်းကလေးတစ်ယောက်၏ ချိုသာပြေပြစ်သော အသံကို ကြားလိုက်ရလေသည်။

ကျူချင်းရုံက ယခုမှ စိတ်သက်သာရာရသွားပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

ထိုအခါ အခန်းတံခါးရှေ့၌ အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ထင်ရသည်။

သူမသည် အလွန်ဝေးလံသည့်ခရီးမှ ရောက်လာသည့် အသွင်ဖြင့် မောပန်းနွမ်းလျနေသည်ကို တွေ့ရှိရသော်လည်း အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်ကိုတွေ့ရသည်။

"ကဲ ... အထဲကိုကြွပါ ခင်ဗျား"

ကျူချင်းရုံက အိမ်ထဲသို့ ဝင်ရန် ဖိတ်ခေါ်လိုက်၏။ သူ၏ဇနီးကလည်း မီးအိမ်ထွန်း၍ ရောက်ရှိလာ၏။



သူမသည် ထိုမိန်းကလေးကို နေရာထိုင်ခင်းပေးပြီးနောက်

"ညီမလေး ဘယ်ကိုသွားမလို့လဲ၊ ညီမရဲ့နာမည်ကရော ဘယ်သူလဲ"

မိန်းကလေး၏ မျက်နှာတစ်ခုလုံးတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

ကျူချင်းရုံ၏ဇနီးသည် မေးလိုက်သောမေးခွန်းအား မိန်းကလေးက တိုးညင်းစွာ ပြန်ဖြေ သည်။

"အကြောင်းအမျိုးမျိုးကြောင့် ကျွန်မနာမည်ကို မပြောပါရစေနဲ့ရှင်"

ကျူချင်းရုံက မျက်မှောင်ကုတ်သွားသည်။

"ကဲ ထားပါတော့ ... မင်းက ဘာကိစ္စနဲ့ အချိန်မတော် ကျုပ်တို့အိမ်ကို လာရတာလဲ"

မိန်းကလေးက ဦးညွှတ်ပြီး ...

"အခုလို အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါရှင်၊ ကျွန်မမှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ အခုလို အရေးတကြီး ရောက်လာရတာပါ"

ကျူချင်းရုံသည် မိန်းကလေးအား အကဲခတ်ကြည့်ရှုရင်း

"ဆိုစမ်းပါဦး ... မင်းမှာ ဘယ်လိုအရေးကြီးတဲ့ကိစ္စများ

www.burmeseclassic.com



ရှိနေလို့လဲ”

မိန်းကလေးသည် အိတ်ထဲမှ ကတ္တီပါအိတ်ကလေးတစ်ခုကို နှိုက်ထုတ်၏။

ထို့နောက် ကတ္တီပါအိတ်ကလေးအား စားပွဲပေါ်၌ ချထားလိုက်သည်။

အိတ်ကလေးက အလွန်လေးလံသည်ကို တွေ့ရသဖြင့် ရွှေတုံးကလေးများ ဖြစ်ရမည်ဟုလည်း ကျူချင်းရှိုက အကဲခတ်မိသည်။

မိန်းကလေးက ကျူချင်းရှိုအား တစ်ချက်ကြည့်လိုက်ပြီးလျှင်

“ဟော်ဒီရွှေတုံးကလေးဟာ ငါးကျပ်သားလောက် ရှိပါတယ်၊ ကျွန်မအတွက် နတ်ကွန်းတစ်ခုဆောက်ပြီး ကျွန်မရဲ့ပုံတူရုပ်တုတစ်ခု ထုပေးဖို့ရယ်၊ နောက်ပြီး ကျွန်မအိပ်နေတဲ့ ပုံပါတဲ့ ခေါင်းတလားလေးတစ်ခု ထုပေးဖို့ မေတ္တာရပ်ခံပါတယ်”

ကျူချင်းရှိုက အံ့ဩစွာဖြင့် ကြည့်နေစဉ်မှာပင် သူမက အနီရောင် ကတ္တီပါအိတ်တစ်လုံး ထပ်ထုတ်ပေးလိုက်လေသည်။

“ဒီအိတ်ထဲမှာ ကျောက်စိမ်းတုံးကလေးတွေရှိတယ်၊ ကျွန်မလုပ်ခိုင်းတဲ့ ခေါင်းတလားကလေးကို ဒီကျောက်စိမ်းနဲ့ ထုပေးပါရှင်”

ကျူချင်းရှိုသည် မိန်းကလေးအပေါ် မြင်မြင်ချင်း သနားမိသည်က တစ်ကြောင်း၊ မိန်းကလေးက အခကြေးငွေ အမြောက်အမြားနှင့် ကျောက်စိမ်းတုံးများပါ ပေးခဲ့သောကြောင့် တစ်ကြောင်း၊ သူသည် ထိုမိန်းကလေး၏တောင်းဆိုချက်အား လက်ခံလိုက်လေတော့သည်။



“ကျုပ်ကလည်း ပန်းပုပညာကို သိပ်ပြီး စိတ်ဝင်စားတယ်မဟုတ်လား၊ ဒါကြောင့် ဒီမိန်းကလေးရဲ့မျက်နှာ ပုံသဏ္ဌာန်ကိုကြည့်ပြီး ကျောက်စိမ်း ခေါင်းတလားလေးနဲ့ နတ်ကွန်းထုလုပ်ထားတဲ့ မိန်းကလေးရဲ့ ပုံတူရုပ်တုတစ်ခု ထုလုပ်ခဲ့တာပါပဲဗျ”

ကျူချင်းရှိုသည် သူ၏ အဖြစ်အပျက်များကို အထက်ပါအတိုင်း အဆုံးသတ်လိုက်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကား ဆုံးသွားသောအခါ စီးဝေရှမ်း အပါအဝင် အားလုံးသော သူများသည် စိတ်မကောင်း ဖြစ်မိကြလေသည်။

သူတို့သည် ငြိမ်သက်စွာဖြင့် အတွေးထဲ၌ နစ်မြုပ်သွားကြရတော့၏။ အတန်ကြာမှ ကျုံးနန်အဘိုးအိုက စတင်မေးလိုက်လေသည်။

"အဲဒီမိန်းကလေး ဘယ်ကိုရောက်သွားတယ် ဆိုတာရော မသိဘူးလား"

ကျူချင်းရုံက ခေါင်းခါယမ်းပြသည်။

"မတွေ့တော့ပါဘူးဗျာ၊ ကျုပ်က တွေ့နိုးတွေ့နိုးနဲ့ သူ့ကို စောင့်နေခဲ့ပေမယ့် သူကတော့ ကျောက်စိမ်းခေါင်းတလားလေးကို ယူသွားပြီး ထွက်သွားလိုက်တာ လုံးဝ မတွေ့ရတော့ဘူး"



စီးဝေရှမ်းသည် ထိုစကားကို ကြားရသောအခါ သက်ပြင်းရှည်တစ်ချက် ချမိ၏။

သူသည် ကျူချင်းရုံကို လှမ်းကြည့်၍ ...

"ဒါဆိုရင် သည်အမျိုးသမီးက ဘယ်သူဘယ်ဝါဆိုတာ ဦး လုံးဝမသိဘူးပေါ့"

ကျူချင်းရုံက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် ... သူ ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ သူနဲ့ နောက်ထပ် မတွေ့ရဘူး၊ အင်း ... ဒါပေမဲ့ သူ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာကိုတော့ ကျုပ် အကဲခတ်မိပါတယ်"

စီးဝေရှမ်းက စိတ်ဝင်စားစွာဖြင့် ...

"ဦးသိသလောက် ပြောပြပါလားဗျာ"

ကျူချင်းရုံက အနည်းငယ် စဉ်းစားသည်။

"အသည်းနှင့်အောင် ချစ်တဲ့ချစ်သူတစ်ယောက် ရှိနေရမယ်၊ အကြောင်းအမျိုးမျိုးကြောင့် သူ့ချစ်သူနဲ့သူ မပေါင်းဖက်ကြရရှာဘူး၊ သည်တော့ သူ အသက်ရှင်လျက်နဲ့ သေဆုံးသွားရတဲ့သဘောနဲ့ ဒီ ခေါင်းတလားလေးကို တုပြီး အမှတ်တရ လက်ဆောင်ပေးလိုက်တာ ဖြစ်ရလိမ့်မယ်"

ကျူချင်းရုံ၏ ထင်မြင်ချက်အဆုံးတွင် စီးဝေရှမ်းက အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ် စဉ်းစားပြီး ...

"ဒါဖြင့်ရင် အရှုးတစ်ပိုင်းဖြစ်တဲ့ လူရဲ့ လက်ထဲမှာ သည် ခေါင်းတလားကလေးက ရှိနေတယ်ဆိုတော့ သူဟာ မိန်းကလေး ချစ်သူများ ဖြစ်နေမလား"

ကျူချင်းရုံက ခေါင်းညိတ်ပြသည်။

"ဒါလည်း ဖြစ်နိုင်တာပဲ"

ဤတွင် စစ်ဟုရင် အဘိုးအိုက ကြားဖြတ်ပြောလိုက်လေသည်။

"ဒါဆိုရင် ကျိုပိုင်လင်က ဘာကြောင့် ဒီကျောက်စိမ်း ခေါင်းတလားလေးကို မက်မောနေရတာလဲ၊ သူကရော အဲဒီမိန်းကလေးနဲ့ ပတ်သက်နေလို့လား"

စစ်တုရင် အဘိုးအို၏ စကားကလည်း စဉ်းစားစရာဖြစ်သည်။

စီးဝေရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခက်တာပဲဗျာ၊ ဒီကိစ္စဟာ ရှင်းတော့မလို့နဲ့ ပိုတောင် ရှုပ်ထွေးလာပါလား"

ကျုံးနန့်အဘိုးအိုက လူအားလုံး၏ မျက်နှာများကို အကဲခတ်ကြည့်မိသည်။



ပြီးတော့ သူ့ထင်မြင်ချက်ကိုလည်း ဝင်ရောက်ပြောဆိုလေသည်။

"အင်း ... ကျုပ်အနေနဲ့ ပြောရရင်တော့ မိန်းကလေးဟာ အရှုးတစ်ပိုင်း ဖြစ်နေတဲ့လူ၊ ကျိုပိုင်လင် နောက်ပြီး စီးဝေရှမ်းရဲ့ဖခင်၊ သူတို့ထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်နေလိမ့်မယ်လို့ ထင်တာပဲ"

သမားတော် ရှီအိချန်က လက်ကာပြပြီး ...

"ကဲ ... ဒီကိစ္စကတော့ စီးဝေရှမ်း ဖုန့်တောင် ရောက်သွားတဲ့အခါမှာ ရှင်းသွားပါလိမ့်မယ်၊ အခု အရေးအကြီးဆုံးဟာ ကျားနက်မင်းသားလေးရဲ့ အကြံအစည်ဟာ မအောင်မြင်မီ ကျုပ်တို့က ဦးအောင် လှုပ်ရှားမှု ဖြစ်လိမ့်မယ်"

ကျုံးနန့်အဘိုးအိုက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ အခု ကျားနက်မင်းသားလေးရဲ့ အကြံအစည်အားလုံးကို အချိန်မီ ဟန့်တားနိုင်ဖို့က သိပ်ပြီး အရေးကြီးနေတယ်"

စစ်တုရင် အဘိုးအိုက ...

"ကဲ ... ခင်ဗျားတို့အားလုံးက စီးဝေရှမ်းကို ယုံကြည်တယ်ဆိုရင် ဒီတာဝန်ကို သူ့ကိုလွှဲပေးလိုက်ပါ"

မမျှော်လင့်သောစကားကို ကြားလိုက်ရသည်ဖြစ်၍ စီးဝေ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းသည် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ထိုစဉ် စစ်တုရင်အဘိုးအိုက သူ့အား အတန်ကြာအောင် စိုက်ကြည့်ပြီး ...

"ဒီမှာ စီးဝေရှမ်း"

စီးဝေရှမ်းသည် ကျိုးနန်အဘိုးအိုအား ကြည့်လိုက်လေသည်။

ကျိုးနန်အဘိုးအို၏မျက်နှာမှာ တည်ကြည်လေးနက်နေလေသည်။

ကျိုးနန်အဘိုးအိုသည် စစ်တုရင် အဘိုးအို သမားတော် ရှီအီ ချန်နှင့် ပန်းပုပညာရှင် ကျူချင်းရုံတို့အား တစ်လှည့်စီ ကြည့်လိုက်ပြီးမှ စီးဝေရှန်းအား ကြည့်လိုက်၏။

"မင်းရဲ့ အကြောင်းကို တို့က သေချာစွာ လေ့လာခဲ့တယ်၊ မင်းမှာလည်း ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိနေသေးတယ်ဆိုတာ တို့ သိပါတယ်၊ ဒါပေမဲ့ အခုကိစ္စဟာ သိုင်းလောကတစ်ခုလုံးရဲ့ သေရေးရှင်ရေးတမျှ အရေးကြီးနေလို့ မင်းကို တာဝန်ပေးဖို့ တို့လေးယောက်လုံးက ဆုံးဖြတ်လိုက်ရတာပါ"

သူသည် နိဒါန်းစလိုက်သည်။

စီးဝေရှမ်း အခက်ကြုံသွားရ၏။



သို့သော် မငြင်းသာပေ။

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ"

ကျိုးနန်အဘိုးအိုက ...

"ဒီလိုကွဲ့ ... မင်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ခဏလေး ရပ်ဆိုင်းထားပြီး အများရဲ့ အကျိုးတစ်ခုကို ဆောင်ရွက်ပေးဖို့ပါပဲ၊ အဲ ဒါ တို့လေးယောက်စလုံးရဲ့ ဆုံးဖြတ်ချက်ပဲ"

စီးဝေရှမ်းက နားစွင့်နေ၏။ အဘိုးအိုက ဆက်ပြော၏။

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ့်ငါးလောက်တုန်းက သိုင်းလော ကမှာ ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေဟာ မကြာခဏ သိုင်းပညာ ယှဉ်ပြိုင် ခဲ့ကြပါတယ်"

ကျိုးနန်အဘိုးအိုက စကားကို ခေတ္တရပ်လိုက်ရာ စစ်တုရင် အဘိုးအိုက စကားဆက်လိုက်သည်။

"သူတို့တစ်တွေဟာ သိုင်းပညာယှဉ်ပြိုင်ရာကနေပြီး တစ် ယောက်နဲ့တစ်ယောက် ရန်ငြိုးဖွဲ့လာတော့တာပဲ၊ ဒီလိုနဲ့ပဲ နာမည် ကျော်ကြားတဲ့ သိုင်းသမား ဆယ်ယောက်ဟာ သူသေ ကိုယ်သေ ပြိုင်မယ်ဆိုပြီး ထိုက်စန်းတောင်မှာ ချိန်းဆိုထားကြတယ်"

စီးဝေရှမ်းသည် စစ်တုရင် အဘိုးအို၏ ရှင်းပြချက်များအား နားထောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တုရင်အဘိုးအို၏စကား ရပ်တန့်သွားသည်နှင့် သမား
တော် ရှီအိချန်က စကားဆက်လိုက်ပြန်သည်။

"ကျော်ကြားတဲ့ သိုင်းသမားဆယ်ယောက်ဟာ ထိုက်စန်
တောင်မှာ သုံးရက်နဲ့ သုံးညတိတိ သဲကြီးမဲကြီး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့
ပေမယ့် အနိုင်အရှုံး မပေါ်ခဲ့ဘူး၊ အားလုံးသာ ခြေကုန်လက်ပန်းကျ
ကုန်တယ်၊ ဘယ်သူမှ အနိုင်မရခဲ့ကြဘူး"

သူ့စကားဆုံးသွားသည်နှင့် စစ်တုရင်အဘိုးအိုက စကား
ဆက်လိုက်၏။

"အဲဒီအချိန်မှာပဲ လူထူးလူဆန်းတစ်ယောက် ရောက်ရှိလာ
တယ်"

စီးဝေရှမ်း မျက်မှောင်ကြုတ်သွားသည်။

"လူထူးလူဆန်းဆိုတာ ဘာကိုဆိုလိုတာလဲ"

သမားတော် ရှီအိချန်က ...

"လူထူးလူဆန်းဆိုတာ သူက နာမည်ကို ထုတ်မပြောခဲ့လို့
သူ့ကို လူထူးလူဆန်းတစ်ယောက်အနေနဲ့ ပြောတာပါ"

စီးဝေရှမ်းက ခေါင်းညိတ်၏။ သမားတော်ကြီး ရှီအိချန်က
စကားဆက်ပြန်၏။

"အဲဒီလူထူးဆန်းက သိုင်းသမားဆယ်ယောက်ကို သဘော



တရားတွေ ဟောပြောသွားခဲ့တယ်၊ သူ ပြောသွားတာကတော့ သိုင်း
ပညာဆိုတာ တဝတစ်သက်တာလုံး သင်ကြားလို့ ကုန်ဆုံးနိုင်မယ့်
အရာတစ်ခု မဟုတ်ပါဘူးတဲ့၊ နောက်ပြီး သိုင်းပညာရပ်ကို တတ်
မြောက်ထားတဲ့ ပညာရှင်တွေဟာ မာန်မာန မတက်ဖို့နဲ့ သိုင်းပညာ
ရပ်များကို အလွဲသုံးစားမလုပ်ဖို့ တိုက်တွန်းပြောဆိုခဲ့တယ်"

ကျုံးနန်အဘိုးအိုက ဖြတ်ပြောလိုက်သည်။

"သူက ပြောသွားသေးတယ်၊ သိုင်းပညာရှင်တစ်ယောက်နဲ့
တစ်ယောက် အချင်းချင်း အချင်းချင်း အခုလို တိုက်ခိုက်ရန် ဖြစ်တာဟာ အလွန်
ရှားယွင်းကြောင်းနဲ့ သိုင်းပညာရှင်များဟာ တစ်ဦးနဲ့တစ်ဦး ညီညီ
ညာညာ လက်တွဲပြီး တရားမျှတတဲ့ လောကကို တည်ဆောက်ဖို့
မေတ္တာရပ်ခံလိုက်သေးတယ်"

စစ်တုရင်အဘိုးအိုက ဆက်ပြောလိုက်သည်။

"အဲဒီလူထူးလူဆန်းရဲ့ စကားတွေကို ကြားလိုက်ရတဲ့အခါမှ
သိုင်းအကျော်အမော် ဆယ်ဦးစလုံးဟာ အမြင်မှန်ရသွားကြတယ်၊
လူထူးဆန်းကိုလည်း အတော်ကြည်ညိုလေးစားသွားကြတယ်"

ပန်းပုပညာရှင် ကျူချင်းရုံက စကားဆက်ပြန်သည်။

"အဲဒါကြောင့် သိုင်းအကျော်အမော် ဆယ်ယောက်ဟာ
လူထူးလူဆန်းကို သိုင်းဂိုဏ်းပေါင်းစုံရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ပင့်ခံဖို့

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းပြောဆိုကြတယ်”

သမားတော် ရှိအိချန်က ပြုံး၏။

“ဒါပေမဲ့ သူက လက်မခံဘူး”

စစ်တုရင် အဘိုးအိုက ကြားဖြတ်ပြောလိုက်၏။

“သိုင်းအကျော် ဆယ်ယောက်တို့က အမျိုးမျိုးတိုက်တွ ပြောဆိုလာတဲ့အခါ လူထူးလူဆန်းက အကြံတစ်ခုပေးခဲ့တယ်”

ကျုံးနန့်အဘိုးအိုက ခေါင်းညိတ်၍ စကားဆက်လိုက်သည်။

“သူက ရွှေပိုးချည်နဲ့ ပြုလုပ်ထားတဲ့ အလံတစ်ခု ထုတ်ပေ တယ်၊ ဒီအလံကို သိုင်းသမား အကျော်အမော် ဆယ်ယောက်တို့ စုပေါင်းပြီး ထိန်းထားဖို့လည်း ပြောခဲ့တယ်၊ ဘယ်နေရာမှာမ သိုင်းသမားအချင်းချင်း သွေးထွက်သံယိုမှုဖြစ်ဖို့ ကြိုးစားနေတာ တွေ့ရင် ဒီအလံကို ပြလိုက်တာနဲ့ ချက်ချင်း ရပ်တန့်သွားကြရမ လက်မခံတဲ့လူကို သိုင်းအကျော် ဆယ်ယောက်တို့က ဆုံးမ အရေး လိုက်ရင် သိုင်းလောကတစ်ခုလုံးဟာ အေးချမ်းသာယာလာလိမ့်မ လို့ ပြောဆိုသွားခဲ့တယ်”

သမားတော် ရှိအိချန်က ...

“ဒါကြောင့် သိုင်းလောကမှာ နှစ်ပေါင်းနှစ်ဆယ့်ငါးနှ လောက် အေးအေးချမ်းချမ်း နေနိုင်ခဲ့ကြတာပေါ့”



ကျုံးနန့်အဘိုးအိုက ...

“အဲသည် ရွှေပိုးချည်အလံကို ထိန်းသိမ်းထားတဲ့လူတွေဟာ သိုင်းသမားများရဲ့ အငြင်းအခုန်ပြဿနာတွေကို ဖြေရှင်းပေးခဲ့တယ်၊ မတရားလုပ်သူကို ဆုံးမပေးတယ်၊ ဖြစ်ပေါ်တဲ့ ပြဿနာ အရပ်ရပ်ကို ဖြေရှင်းပေးနိုင်တဲ့အတွက် သိုင်းလောကတစ်ခုလုံးဟာ ရွှေပိုးချည် အလံကို လေးစားပြီး ကြည်ညိုခဲ့ကြပါတယ်”

ကျုံးနန့်အဘိုးအိုထံ သက်ပြင်းတစ်ချက် ချလိုက်၏။

“အခုတော့ ဒီအလံဟာ ပျောက်ဆုံးသွားပြီး လူမသမာ တစ်စုရဲ့ လက်ထဲကို ရောက်လုဆဲဆဲ အခြေအနေမှာရှိနေတယ်”

စီးဝေရှမ်းက မျက်မှောင်ကုတ်သွားသည်။

“ဦးတို့က ကျွန်တော်တို့ တာဝန်ပေးမယ်ဆိုတာ ဒီအလံကို ပြန်ရအောင် ယူပေးဖို့ မဟုတ်လား”

သမားတော်ရှိအိချန်က ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ပါတယ် ... ဒီတာဝန်ဟာ မင်းကလွဲလို့ အခြားသင့် တော်မယ့်လူကို ရှာလို့ မတွေ့သေးဘူး”

စီးဝေရှမ်းက ဦးညွှတ်လိုက်သည်။

“ဟုတ်ကဲ့ ... ဦးတို့အားလုံးက ကျွန်တော့်ကို ယုံကြည်လို့ တာဝန်ပေးတဲ့အတွက် ကျွန်တော်ကလည်း ဝမ်းသာစွာနဲ့ လက်ခံပါ့

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒါပေမဲ့ သည်အလံကို ဘယ်ဆီမှာသွားပြီး ပြန်တောင်းပေးရမှာလဲ ခင်ဗျာ”

ကျုံးနန်အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒါ အလံနဲ့ပတ်သက်ပြီး ကျုပ် သတင်းရထားတာကတော့ ကိုပိုင်လင်ရဲ့သမီး ကိုဝေဝေရဲ့ လက်ထဲမှာရှိတယ်လို့ ကြားထားတာပဲ”

စီးဝေရှမ်းက စိတ်သက်သာရာရသွားသည်။

“ကိုဝေဝေရဲ့လက်ထဲမှာသာ တကယ်ရှိလို့ကတော့ အကျိုးအကြောင်း သွားပြောပြရင် သူက လက်ခံနိုင်မယ်လို့ ထင်ပါတယ်”

သမားတော် ရှီအိချန်က ခေါင်းခါပြလိုက်၏။

“မင်းထင်သလောက် လွယ်မှာမဟုတ်ဘူး၊ အခုဆိုရင် ကိုပိုင်လင်ဟာ ကျားနက်မင်းသားလေးနဲ့ မဟာမိတ်ဖွဲ့ထားကြတယ်၊ ကျားနက်မင်းသားလေးကလည်း သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးဖို့ ကြိုးစားနေတယ် မဟုတ်လား”

စီးဝေရှမ်း တွေဝေသွား၏။ စစ်တုရင်အဘိုးအိုက သက်ပြင်းတစ်ချက်ချပြီး ...

“ကျုပ်ကြားခဲ့တဲ့သတင်းကတော့ ကိုပိုင်လင်းဟာ သူ့သမီး ကိုဝေဝေကို ကျားနက်မင်းသားလေးနဲ့ လက်ထပ်ဖို့ သဘောတူတယ်လို့ ကြားရတယ်”



ကျူချင်းရုံက မျက်မှောင်ကုတ်ပြီး ...

“ကိုဝေဝေနဲ့ ကျားနက်မင်းသားလေးတို့ လက်ထပ်တဲ့ကိစ္စသာ အောင်မြင်ခဲ့ရင်တော့ သိုင်းလောကတစ်ခုလုံး သူတို့လက်အောက်ရောက်သွားမှာ သေချာတယ်”

စီးဝေရှမ်းက ဦးညွှတ်လိုက်၏။

“သည်လောက်လည်း စိုးရိမ်မနေပါနဲ့၊ သည်ရွှေပိုးချည်အလံကို ရအောင်ယူပြီး ကျားနက်မင်းသားလေးရဲ့ အကြံအစည်တွေကို ပျက်စီးအောင် ကျွန်တော် တာဝန်ယူပါ့မယ် ခင်ဗျာ”

ကျုံးနန်အဘိုးအိုက ခေါင်းခါလိုက်၏။

“မင်းထင်သလောက် လွယ်မယ်မထင်ဘူး”

စီးဝေရှမ်းက ...

“ဘာကြောင့်လဲ”

သမားတော်ရှီအိချန်က ကြားဖြတ်ပြောလေ၏။

“ကျုပ်ကြားတဲ့သတင်းက ကျားနက်မင်းသားလေးဟာ ကျောက်စိမ်းခေါင်းတလားလေးတစ်ခု အတုလုပ်ပြီး ဖူနုတောင်ကို သွားခဲ့တယ်”

ကျူချင်းရုံက တစ်ချက်ပြုံးပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်စိမ်းခေါင်းတလားအတုနဲ့ သွားရင်လည်း သိုင်းပညာ သင်ရမှာ မဟုတ်ပါဘူးဗျာ"

စစ်တုရင်အဘိုးအိုက နားမလည်စွာဖြင့် မေးလိုက်သည်။

"ဘာကြောင့်လဲဗျ"

ကျူချင်းရှုံက သူ့ရဲ့ရင်ဘတ်ကို လက်ဝါးဖြင့်ပုတ်လိုက်ပြီး

"သည့်ကျောက်စိမ်းခေါင်းတလားအတုကို ကျုပ်ကိုယ်တိုင် လုပ်ပေးလိုက်ရတာပါ၊ ဒါပေမဲ့ ကျောက်စိမ်းခေါင်းတလားအောက်ရဲ့ အောက်ခြေမှာ ဖူနုတောင်လို့ ရေးထားတယ်၊ အတုမှာက ရေးမထားခဲ့ဘူးဗျ"

စီးဝေရှမ်းက ဝမ်းသာသွားလေသည်။

သူ့မှာသာလျှင် ကျောက်စိမ်းခေါင်းအစစ်က ရှိနေပြီ မဟုတ်ပါလား။

စီးဝေရှမ်းသည် ခေါင်းငုံ့၍ စဉ်းစားနေမိသည်။

သူ့အနေဖြင့် စဉ်းစားလေ အတွေးရကျပ်လေ ဖြစ်နေမိ၏။ မိမိ အခုသင်ကြားတတ်မြောက်ထားသော သိုင်းပညာရပ်များမှာ ကိုဝေဝေကိုပင် နိုင်မည်မဟုတ်ပါ။

ကျားနက်မင်းသားလေးကို မည်သို့မျှ မယှဉ်သာသည့်ကို လည်း စိတ်ညစ်စွာ တွေးလိုက်မိသည်။



ထိုစဉ် စစ်တုရင် အဘိုးအိုက ပြုံးပြီး ...

"ဘာလဲ ... မင်းက သူတို့နဲ့ယှဉ်လို့မသင့်ဘူးဆိုတဲ့အကြောင်းကို စဉ်းစားနေမိလို့လား"

စီးဝေရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

ကျူးနန့်အဘိုးအိုက ...

"ဒါကိုလည်း ကျုပ်တို့က သိထားတယ်၊ ဒါကြောင့် တို့တွေ တိုင်ပင်ညှိနှိုင်းပြီး မင်းကို သိုင်းပညာသင်ပေးဖို့ ဆုံးဖြတ်ထားကြတာပေါ့"

စီးဝေရှမ်းက ဝမ်းသာသွားပေသည်။ သူသည် လှိုက်လှဲဝမ်းသာစွာဖြင့် ...

"ဒါဆိုရင် အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ပေးအပ်တဲ့တာဝန်ကို အောင်မြင်အောင် ကျွန်တော် ထမ်းဆောင်ပါ့မယ်"

ကျူးနန့်အဘိုးအိုက ချောင်းတစ်ချက်ဟန့်ပြီး ...

"ဒါပေမဲ့ အချိန်က မရတော့တဲ့အတွက် ကျုပ်တို့လေးဦးက သိုင်းကွက်သုံးကွက်စီ သင်ကြားပေးလိုက်မယ်၊ လေးရက်ပြည့်တာနဲ့ ခင်း ဒါတွေကို ကျွမ်းကျင်နေရမယ်၊ မင်းဉာဏ်မဆိုးပါဘူး၊ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

စီးဝေရှမ်းက ဦးညွှတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်"

☆☆☆



## အခန်း (၂၄)

### ရန်ကိုရန်ချင်း တုံ့လှည့်နှင်း

စီးဝေရှမ်းသည် သိုင်းပညာရှင်လေးယောက်ထံမှ သိုင်းကွက်များကို ကြိုးစားသင်ယူခဲ့ရာ လေးရက်မြောက်သောနေ့တွင် သူသည် သိုင်းကွက် ဆယ့်နှစ်ကွက် တတ်မြောက်ခဲ့လေသည်။

ထိုဆယ့်နှစ်ကွက်ကို နေ့မအိပ်ညမအိပ် သင်ယူခဲ့ခြင်း ဖြစ်သည်။

ထိုသိုင်းကွက် ဆယ့်နှစ်ကွက်မှာ သိုင်းပညာရှင်ကြီးများ၏ ထူးချွန်သော တိုက်ကွက်များဖြစ်သဖြင့် အလွန်ထက်မြက်နေသည်။

သိုင်းပညာရှင်လေးယောက်တို့သည် စီးဝေရှမ်း၏လေ့ကျင့်မှုကို ကြည့်ကာ ကျေနပ်သွားကြသည်။

ကျုံးနန်အဘိုးအိုက သူ့ပခုံးကို တစ်ချက်ပုတ်ပြီး ...

"မင်း ... ဒီလောက်မြန်မြန် တတ်လိမ့်မယ်လို့တောင် ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့မိဘူး"

ဟု ရှိုးကျူးလိုက်သည်။ စစ်တပ်ရင်အဘိုးအိုက သူ့အား တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ စီးဝေရှမ်း ... အခုဆိုရင် မင်းဟာ ကျားနက်မင်းသားလေးနဲ့ ကိုပိုင်လင်တို့ သားအဖနှစ်ယောက်ဟာ ထင်းကျူးတောင်မှာ ရှိတယ်၊ ဒီတော့ မင်း မနက်ဖြန်ကစပြီး ခရီးထွက်ပေတော့"

"ဟုတ်ကဲ့ခင်ဗျာ"

စီးဝေရှမ်းသည် လက်နှစ်ဖက်ဆုပ်ကာ ပညာရှင်ကြီး လေးယောက်ကို ဦးညွှတ်ဂါရဝပြုလိုက်ရတော့သည်။

☆



ထင်းကျူးတောင် ...။

စီးဝေရှမ်းသည် အဘိုးအိုလေးယောက်က ပေးလိုက်သော မြေပုံညွှန်းအတိုင်း ဖူနတောင်သို့ ထွက်လာခဲ့လေ၏။ သူသည် တောင်တက်လမ်းအတိုင်း တောင်ကုန်းပေါ်သို့ တက်သွားသည်။

"ဟေ့ ... ရပ်လိုက်"

ရုတ်တရက် လူတစ်ယောက်၏ ဟန့်တားလိုက်သောအသံကို ကြားလိုက်ရသည်။ သူသည် ခြေလှမ်း တုံ့ခနဲရပ်လိုက်ပြီး လှမ်းကြည့်လိုက်ရာ မီးခိုးရောင်အင်္ကျီများ ဝတ်ဆင်ထားသော လူနှစ်ယောက်ကို တွေ့ရသည်။

လူနှစ်ယောက်အနက် တစ်ယောက်က လှမ်းမေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ တောင်ပေါ်ကို တက်လာရတာလဲ"

စီးဝေရှမ်းက ပြုံးပြလိုက်ပြီး ...

"ကျုပ်နာမည် စီးဝေရှမ်းပါ၊ ကျားနက်မင်းသားလေးနဲ့ တွေ့ချင်လို့ပါ"

မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက်က စီးဝေရှမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရှုလိုက်ပြီး ...

"ကောင်းပြီလေ ... ကျုပ်နောက်ကို လိုက်ခဲ့"

သူသည်ပြောပြီးသည်နှင့် စီးဝေရှမ်းအား လမ်းပြခေါ်ဆောင်သွား၏။ မကြာမီ သူတို့သည် တောင်ထိပ်သို့ ရောက်ရှိသွားတော့သည်။

☆



ထင်းကျူးတောင်၏ တောင်ထိပ်ပေါ်၌ သစ်လုံးများဖြင့် တည်ဆောက်ထားသော ကြီးမားသည့် အဆောက်အအုံတစ်ခု ရှိသည်။

ထိုအဆောက်အအုံရှေ့တွင် ကျယ်ပြန့်သော ကွက်လပ်တစ်ခု ရှိသည်။

ထိုကွက်လပ်အတွင်း၌ မီးခိုးရောင်အင်္ကျီများ ဝတ်ဆင်ထားသော လူများသည် သိုင်းလေ့ကျင့်နေသည်ကို တွေ့ရလေသည်။

သိုင်းလေ့ကျင့်နေကြသော လူအားလုံးပေါင်း အယောက်နှစ်ရာခန့် ရှိမည်ဟု ထင်ရသည်။

အဆောက်အအုံ၏ ခေါင်မိုးပေါ်တွင် အလံတစ်ခု လွှင့်ထူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလံသည် အဖြူရောင်အောက်ခံတွင် အမည်းရောင်စာလုံးဖြင့် ဖော်ထား၏။ ထိုစာလုံးများမှာ ...

'ကျားနက်ဂိုဏ်း'

ဟူ၍ပင် ဖြစ်သည်။

စီးဝေရှမ်းသည် ထိုကဲ့သို့ ခမ်းနားမှုကို တွေ့ရှိလိုက်ရသည်နှင့် အဘိုးအိုလေးယောက် ပြောခဲ့သည့်စကားများကို ပို၍ ယုံကြည်လာသည်။

ကျားနက်မင်းသားလေး၏ အကြံအစည်မှာ အလွန်ကြီးမားသည်ဟုလည်း ခန့်မှန်းမိသည်။

သူသည် အကဲခတ်ကြည့်ရင်း အဆောက်အအုံ ရှေ့သို့ ရောက်ရှိသွား၏။

အဆောက်အအုံ၏တံခါးဝတွင် ဓားကိုယ်စီဖြင့် အစောင့်နှစ်ယောက်က ရပ်လျက်ရှိသည်။

စီးဝေရှမ်းအား ခေါ်ဆောင်သွားသောလူသည် လက်ကာပြပြီး ...

"ခင်ဗျား ဒီမှာ စောင့်နေပါ"

သူသည် ပြောပြီးသည်နှင့် အဆောက်အအုံထဲသို့ဝင်ရောက်သွား၏။



စီးဝေရှမ်းသည် ရပ်စောင့်ရင်း ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုနေသည်။

မကြာမီ ခြေသံကြားရသဖြင့် စီးဝေရှမ်းက လှည့်ကြည့်မိ၏။ ကျားနက်မင်းသားလေးနှင့် ကျိုပိုင်လင်တို့ ထွက်လာသည်ကို တွေ့ရ၏။

ကျားနက်မင်းသားလေးက စီးဝေရှမ်းအား အကဲခတ်၍ ကြည့်လိုက်သည်။

ထို့နောက် လေသံမာမာဖြင့် ပြောလိုက်သည်။

"မင်းက ဘာကိစ္စနဲ့ တို့ဆီကို လာရတာလဲ"

စီးဝေရှမ်းက ပြုံးသည်။

"ကျုပ် ဘာကိစ္စနဲ့ လာတယ်ထင်သလဲ"

"မင်း လျှာမရှည်နဲ့ ... လာရင်းကိစ္စကို လိုရင်းတိုရှင်းပဲ ပြောစမ်း"

"ပြောပါ့မယ်ဗျာ ... ခင်ဗျားတို့ မသမာစိတ်နဲ့ ယူထားတဲ့ ပစ္စည်း"

"ဘာပစ္စည်းလဲ ... ရှင်းရှင်းပြော"

"ခင်ဗျားတို့ သိပါတယ်ဗျာ"

"ဟေ့ကောင် ... မင်း တောင်အောက်ကို ပြန်ဆင်းတော့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဒေါသချည်းပဲ၊ ခင်ဗျားတို့ မသမာဘဲ ယူထားတဲ့ ရွှေပိုးချည်အလံလေဗျာ၊ အဲဒါ ကျုပ်က လာတောင်းတာပါ"

စီးဝေရှမ်း၏စကားကြောင့် ကျားနက်မင်းသားလေးအား ပါးတရ ရယ်လိုက်လေသည်။

"ဟား ဟား ဟား"

ကျိုပိုင်လင်က စီးဝေရှမ်းအား စူးရဲစွာ စိုက်ကြည့်ရင်း ...

"မင်းက ကိုယ့်သေတွင်း ကိုယ်တူးချင်တာကိုး"

ကျိုပိုင်လင်သည် ထိုသို့ပြောပြီးသည်နှင့် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်၏။

ထို့နောက် စီးဝေရှမ်းအား အေးစက်စွာကြည့်၍ ...

"ဒီမှာသူငယ် ... ကျုပ် ကတိပေးထားတဲ့အတိုင်း မင်းကို သတ်ရတော့မယ်၊ မင်းဟာ ချည်တိုင်ကို ပြန်လာတဲ့ တိရစ္ဆာန်ပဲကွ"

သူသည် ပြောပြီးသည်နှင့် စီးဝေရှမ်းအား တိုက်ခိုက်တော့သည်။

စီးဝေရှမ်းသည် ရှောင်တိမ်းလိုက်၏။

"ခင်ဗျားဟာ ကျုပ်မိဘတွေကို သတ်သွားတဲ့ တရားခံပဲ ဒါကြောင့် ခင်ဗျားကိုလည်း ကျုပ်က စာရင်းရှင်းရလိမ့်မယ်"

သူသည် ထိုသို့ပြောပြီးသည်နှင့် ကျိုပိုင်လင်အား ပြန်လည်တိုက်ခိုက်၏။



ကျိုပိုင်လင်၏ သိုင်းပညာရပ်သည် စီးဝေရှမ်းထက် များစွာ သာလွန်သဖြင့် သိုင်းကွက် ဆယ်ကွက်မျှ ယှဉ်ပြိုင်မိသည်နှင့် ...

'ဝုန်း'

ဟူသော အသံနှင့်အတူ ကျိုပိုင်လင်၏ လက်ဝါးချက်သည် စီးဝေရှမ်း၏ ဝဲဘက်ပခုံးကို ထိမှန်သွားလေသည်။

စီးဝေရှမ်း၏ခန္ဓာကိုယ်သည် နောက်သို့ တစ်လံခန့် လွင့်စဉ် ထွက်သွားလေသည်။ ကျိုပိုင်လင်က ခါးထောက်၍ ရယ်မောလိုက် သည်။

"ဟား ဟား ဟား ... မင်းက အေးအေးဆေးဆေး မနေဘဲ သေချင်တာကိုးကွ"

စကားဆုံးသွားသည်နှင့် သူသည် လျှပ်တစ်ပြက် စီးဝေရှမ်း ထံသို့ ပြေးဝင်သွားပြီးလျှင် ခြေထောက်ဖြင့် ကန်လိုက်သည်။

'ဝုန်း'

ဟူသောအသံနှင့်အတူ စီးဝေရှမ်း၏ခန္ဓာကိုယ်သည် အဝေး သို့ လွင့်သွားပြန်သည်။

သူသည် မြေပေါ်မှ လူးလိမ့်ထလိုက်၏။

အဘိုးအိုလေးယောက် သင်ကြားပေးလိုက်သော သိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ကွက်ကို သူသတိရသော်လည်း သူ့ သိုင်းပညာနှင့် တိုက်ခိုက်ချင်၍ တိုက်နေခြင်း ဖြစ်၏။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ပြန်လည်တိုက်ခိုက်မည့် အနေအထားဖြင့် ရပ်လိုက်၏။

ကျိုပိုင်လင်က အထင်သေး စွာဖြင့် သူ့ ထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။

ထို့နောက် လက်ဝါးနှစ်ဖက်ဖြင့် စီးဝေရှမ်း၏ရင်ဝကို တွန်းထုတ်လိုက်၏။

ဤတစ်ကြိမ်တွင်မူ စီးဝေရှမ်းက စစ်တုရင်အဘိုးအို သင်ကြားပေးလိုက်သော သိုင်းကွက်သုံးကွက်အနက်မှ အပူလက်သီး၊ အအေးလက်ဝါး သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏ ယာဘက်လက်သည် လက်သီးအဖြစ် ဆုပ်ထားပြီး ဝဲဘက်လက်မှာမူ လက်ဝါးအဖြစ် လျှပ်တစ်ပြက် ဝဲယာပြောင်းလဲလိုက်ပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကျိုပိုင်လင်က အပေါ်စီးမှ ရှိထားသဖြင့် စီးဝေရှမ်းအား အထင်သေးနေ၏။

သို့သော် စီးဝေရှမ်းက မမျှော်လင့်သော သိုင်းကွက်ဖြင့် တိုက်ခိုက်လာသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။



'ဝုန်း'

စီးဝေရှမ်း၏ လက်သီးတစ်လုံးသည် သူ၏ရင်ဝသို့ ထိမှန်သွားလေတော့သည်။

သူ၏ခန္ဓာကိုယ်သည် နောက်သို့ ခြေလှမ်း လေးငါးလှမ်းမျှ ယိမ်းယိုင်ဆုတ်ခွာသွားပြီးမှ ရပ်တန့်သွားနိုင်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ကျိုပိုင်လင် ဒေါသအမျက်ကြီးစွာ ထွက်လာသည်။

တစ်ခဏအတွင်းမှာပင် ...

"ယား"

သူသည် ထိုသို့ ကြာသံပေးကာ အတွင်းအားကို အပြည့် အဝ ယူစည်းပြီး စီးဝေရှမ်းအား တိုက်ခိုက်သည်။

စီးဝေရှမ်းသည် ကျုံးနန်အဘိုးအို သင်ကြားပေးသော သိုင်းကွက်သုံးကွက်အနက် ကြာငါးခိုင် သိုင်းကွက်ကို အသုံးပြုလိုက်၏။

သူသည် ခန္ဓာကိုယ် တစ်ချက်စောင်းလိုက်ကာ ယာဘက်ခြေက အပေါ်သို့ ကွေးပြီး သူ၏လက်နှစ်ဖက်က ပခုံးနှင့်အညီမြင့်ပြီး သူ၏ ဝဲယာလက်သီးနှစ်လုံးသည် ကျိုပိုင်လင်၏ ဝဲယာနားထင်သို့ တစ်ပြိုင်နက် ထိုးချလိုက်တော့၏။

ကွေးနေသော ခြေထောက်မှာလည်း တစ်ဆက်တည်းပင်

www.burmeseclassic.com

www.burmeseclassic.com



ကန်ထည့်လိုက်သည်။

'ဝုန်း'

မြည်ဟည်းသံနှင့်အတူ ကျိုပိုင်လင်၏ခန္ဓာကိုယ်ကြီးသည် နောက်သို့ တစ်လံခန့် လွင့်စဉ်ထွက်ပြီး လဲကျသွားလေတော့သည်။

သူသည် ကျိုပိုင်လင် ထမလာနိုင်မီ ဆက်၍ တိုက်ခိုက်ရန် ရှေ့သို့ ချဉ်းကပ်သွားရာ ...

"ရပ်လိုက်"

ရုတ်တရက် အလွန်တည်ကြည်ပြတ်သားသော အသံတစ်သံကို ကြားလိုက်ရ၏။

ထိုအသံကို ကြားလိုက်ရသည်နှင့် သူ၏ရင်မှာ ထိတ်ခနဲ လှုပ်ရှားသွားမိသည်။

ထိုအသံကို သူက ကောင်းစွာမှတ်မိပါသည်။

အသံရှင်မှာ ...

သူ၏ရန်သူ (သို့မဟုတ်) ကျေးဇူးရှင်ကျိုဝေဝေပင် ဖြစ်သည်ကို သူသိလိုက်သည်။

သူသည် ကျိုဝေဝေကို လှမ်းကြည့်လိုက်သည်။

ထိုအခါ ကျိုဝေဝေက သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့မြင်ရသည်။



ကျိုပိုင်လင်သည် ဒယီးဒယိုင်ဖြင့် ထလာနိုင်ပြီဖြစ်လေရာ သူသည် စီးဝေရှမ်းအား ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်နေ၏။

ကျိုဝေဝေက ဟန့်တားလိုက်သည်။

"ဖေဖေ အနားယူလိုက်ပါ၊ သူ့အတွက် သမီးတာဝန်ထား လိုက်"

ထိုသို့ ပြတ်သားစွာ ပြောဆိုပြီးနောက် သူမသည် စီးဝေရှမ်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူမသည် စူးရဲသော မျက်ဝန်းအစုံတို့ဖြင့် သူ့အား စိုက်ကြည့်နေ၏။

သူမ၏ ဟန်ပန်မှာ အေးတိအေးစက်ဖြစ်နေသည်။

စီးဝေရှမ်းသည် စကားပြောမည့် ကျိုဝေဝေကို စောင့်နေသည်။

ကျွန်းနက်ခေါင်းသားလေးက သူတို့နှစ်ယောက်အား တိတ်ဆိတ်စွာဖြင့် အကဲခတ် ကြည့်ရှုသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

အကျဉ်းသားဖြစ်ရခြင်း

စီးဝေရှမ်းနှင့်ကျိုဝေဝေတို့သည် မျက်နှာချင်းဆိုင် ရပ်လျက်ရှိနေ၏။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မလှုပ်မယှက် ရပ်နေကြ၏။

အတန်ကြာမှ ...

"ယား"

ဟူသော ပြာသံပေးကာ ကျိုဝေဝေက စတင်တိုက်ခိုက်သည်။

စီးဝေရှမ်းသည် သူမမှာ ရန်သူ၏သမီးဖြစ်သည်ကို သိရသော်လည်း မိမိအပေါ် အကြိမ်ကြိမ် ညှာတာခဲ့သည်ကို တွေးမိသဖြင့် သူသည် ပြန်လည်တိုက်ခိုက်လိုစိတ်မရှိဘဲ ရှောင်တိမ်းနေသည်။



သူမကမူ ရှေ့သို့ တဖြည်းဖြည်း တိုး၍ တိုက်ခိုက်လာနေသည်။

စီးဝေရှမ်းက တဖြည်းဖြည်း ဆုတ်၍ ဆုတ်၍သွားသည်။

ထိုတိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်ရှုနေသော ကျွားနက်မင်းသားက မှိုပြုံးပြုံးလိုက်သည်။

"ဟေ့ စီးဝေရှမ်း ... မင်းက သူ့ကို ပြန်မတိုက်ချင်ဘူးမဟုတ်လား"

စီးဝေရှမ်းသည် စကားမပြောဘဲ သူမ၏တိုက်ခိုက်မှုကိုသာ ရှောင်တိမ်းနေသည်။

ကျားနက်မင်းသားလေးက ရယ်မောလိုက်သည်။ အောင်နိုင်သူ၏အပြုံးဖြင့်လည်း မောက်မာစွာ ပြောဆို လိုက်သည်။

"ဟဲ ဟဲ ... မင်းက သူ့ကို ပြန်မတိုက်ချင်ပေမယ့် သူကတော့ မင်းကို သတ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုရင် သူက မကြာမီ ကျုပ်နဲ့ လက်ထပ်တော့မှာကွ"

သူသည် ထိုစကားကြားလိုက်ရသောအခါတွင် ဒေါသဖြစ်သွားသည်။

ကျိုဝေဝေ၏လက်ဝါးသည် သူ၏ရင်ဝသို့ ရိုက်မိသွား၏။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းသည် သုံးလေးပတ်မျှ လိမ့်ဆင်းသွား၏။ သွေးများသည် သူ၏ နှုတ်ခမ်းများမှ စီးကျလာလေတော့သည်။

ကျိုဝေဝေကလည်း ကြောင်အမ်းအမ်းဖြင့် ရပ်တန့်သွားမိသည်။

ရုတ်တရက် သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ စီးကျလာသည်ကို တွေ့ရသည်။

စီးဝေရှမ်းသည် နှုတ်ခမ်းမှ သွေးများကို သုတ်လိုက်ပြီး ကျိုဝေဝေကို စိုက်ကြည့်လိုက်၏။

သူ့နှုတ်မှလည်း မယုံကြည်နိုင်စွာဖြင့် မေးလိုက်လေတော့သည်။

"သူပြောတာ တကယ်ပဲလားဟင်"

သူမက စကားမပြောဘဲ ရပ်နေ၏။

ကျိုပိုင်လင်က အံကို ကြိတ်လိုက်ပြီး ခက်ထန်တင်းမာသော လေသံဖြင့် ဝင်ပြော၏။

"ဟုတ်တယ်"

ထို့နောက် သူသည် ကျိုဝေဝေဘက်သို့ လှည့်ကြည့်လိုက်ပြီး

"ဟေ့ သမီး ... ဘာရပ်ကြည့်နေတာလဲ၊ သူ့ကို အမြန်ဆုံး သတ်ပစ်လိုက်စမ်း"



သူမကမူ မလှုပ်မယှက် ရပ်နေ၏။ သူက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

"သမီး အဖေအခုလို ခြေထောက်တစ်ဖက်ပြတ်ပြီး ခြေတုတပ်ထားရတာ သူ့အဖေရဲ့လက်ချက်ကြောင့်ဆိုတာ သမီးသိတယ် မဟုတ်လား"

သူမအား ကျိုပိုင်လင်ဘက်သို့ လှည့်လိုက်၏။ ထို့နောက် တုန်ယင်သော အသံဖြင့် ...

"ဒါဟာ အဖေတို့ လူကြီးချင်းဖြစ်တဲ့ကိစ္စပဲ၊ အမှန်တော့ အဖေဟာ ခြေထောက်ပြတ်ပေမယ့် အသက်ရှင်နိုင်ခဲ့ပါသေးတယ်၊ သူ့အဖေကျတော့ အဖေ့လက်ချက်နဲ့ သေသွားရှာတယ် မဟုတ်လား၊ ဒီကိစ္စတွေကို သမီး သေချာစုံစမ်းခဲ့လို့ သိပြီးပါပြီ၊ ဒါကြောင့် ရန်ငြိုးထပ်ပြီး သံသရာမရှည်ပါနဲ့လို့ သမီးတောင်းပန်ချင်ပါတယ်"

ကျိုပိုင်လင်သည် သမီးဖြစ်သူ၏ စကားကို ကြားလိုက်ရသောအခါ ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာမိသည်။

သူသည် သမီးဖြစ်သူအား မီးတောက်မတတ် မျက်လုံးတို့ဖြင့် စိုက်ကြည့်ပြီး ...

"အောင်မာ ... မင်းက အဖေကိုတောင် ပြန်ပြောချနေ

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဟုတ်လား၊ ကဲ ... မင်း နောက်ဆုတ်လိုက်စမ်း”

သူသည် ပြောပြီးသည်နှင့် စိုးဝေရှမ်းအား ထပ်မံတိုက်ခိုက်လိုက်လေ၏။

စိုးဝေရှမ်းက နောက်သို့ဆုတ်၍ ရှောင်တိမ်းရင်း အေးဆေးစွာ ပြောဆို၏။

“ကျိုဝေဝေပြောတာမှန်တယ်၊ ဟိုတုန်းက ရန်ငြိုးတွေကို ထပ်ပြီး သံသရာမရှည်သင့်ပါဘူး၊ နောက်ပြီး ကျွန်တော်က ခံရတဲ့လူပါ၊ ကျေအေးစရာရှိရင် ကျွန်တော်ကပဲ ကျေအေးသင့်ပါတယ်”

ကျိုပိုင်လင်က အံကြိတ်လိုက်ပြီး ...

“ငါ ဘယ်တော့မှ မကျေဘူး၊ ငါ့အခု ခြေထောက်တစ်ဖက် အတုတပ်ထားရတဲ့ ဘဝရောက်တာ မင်းအဖေရဲ့လက်ချက်တွေ သိလား”

စိုးဝေရှမ်းက မဲ့ပြုံးပြုံးသည်။

“ကျွန်တော့်မိဘရဲ့အသက်ကရော ဘယ်သူ့လက်ချက်နဲ့ သေသွားရတာလဲ ခင်ဗျာ ... ကျွန်တော် မေးပါရစေ”

ကျိုပိုင်လင်က ပြန်လည် ချေပနိုင်စွမ်း မရှိဘဲ စိုးဝေရှမ်းကိုသာ ဓာရကြမ်း တိုက်ခိုက်နေတော့၏။

စိုးဝေရှမ်းသည် သည်းမခံနိုင်တော့ပါ။



သမားတော်ကြီး ရှိအိချန် သင်ကြားပေးလိုက်သည့် သိုင်းကွက် သုံးကွက်အနက်မှ မိုးပျံမြေလျှိုးသိုင်းကွက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

သူ၏ဝဲဘက်လက်မှ လက်ဝါးချောင်းသည် မြွေတစ်ကောင် ပါးပျဉ်းထောင်ထားသည့် ပုံသဏ္ဌာန်ဖြင့် ရှေ့သို့ ဆန့်တန်းမိသည်။ ကျန်ရှိသောလက်တစ်ဖက်မှာမူ လက်ဝါးအနေအထားဖြင့် တွန်းထုတ်လိုက်သည်။

‘ဝုန်း’

ကျိုပိုင်လင်၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်ထွက်သွားပြန်သည်။ ထိုစဉ် ကျားနက်မင်းသားလေးက ရှေ့သို့ ခြေတစ်လှမ်း တိုးလာသည်။

သူသည် စိုးဝေရှမ်းအား မခိုးမခန့်ဖြင့် စိုက်ကြည့်လိုက်ပြီး...

“မင်းရဲ့သိုင်းပညာက ဘယ်ဆိုးလို့တုံး”

သူသည် ထိုသို့ပြောပြီးသည်နှင့် အတွင်းအားကို စုစည်းလိုက်ပြီး ထိုစုစည်းထားသော အတွင်းအားကို လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

သူ့လက်ချောင်း ဆယ်ချောင်း၏ အရိုးအဆစ်များသည် တဖျစ်ဖျစ် အသံထွက်လာပြီး ပတ်ဝန်းကျင်ရှိလေထုပင်လျှင် လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ထင်ရသည်။

စီးဝေရှမ်း ရင်ထိတ်သွားသည်။ ချက်ချင်းလိုပင် သူသည် အတွင်းအားကို စုစည်းလိုက်ပြီး ကျားနက်မင်းသားလေး၏ တိုက်ခိုက်မှုကို ခုခံရန် အသင့်ပြင်ထားလိုက်ရသည်။

မှန်တိုင်းတိုက်လာလျှင် ကျောက်ဆောင်ကြီးကသာ ခုခံနိုင်သည်မဟုတ်ပါလော။

သို့သော် သူသည် ငြိမ်းချမ်းရေးရလိုသော ကျိုဝေဝေ၏ စကားတို့ကြောင့် ကျားနက်မင်းသားတို့ကို ရန်မပြုလိုပါချေ။

☆



ကျားနက်မင်းသားလေးက ရှေ့သို့ ခြေတစ်လှမ်း တက်လိုက်သည်။ ထို့နောက် သူ၏ လက်နှစ်ဖက်သည် ရုတ်တရက် ဝှေ့ယမ်းလိုက်ပြီး စီးဝေရှမ်းအား တိုက်ခိုက်လိုက်၏။

သူကလည်း လက်နှစ်ဖက် ဆန့်ထုတ်လိုက်ပြီး ခုခံကာကွယ်လိုက်သည်။ သူ၏ လက်နှစ်ဖက်သည် ထိုသို့ ဆန့်ထုတ်လိုက်သည်နှင့် ကျားနက်မင်းသား၏ လက်ချောင်းများသည် သံမဏိညှပ်တို့ပမာ သူ့လက်ကောက်ဝတ်အား ဖမ်းချုပ်ထားလိုက်တော့သည်။

တစ်ဆက်တည်းမှာပင် ကျားနက်မင်းသားလေးက ဆွဲမြှောက်ပစ်လွှတ်လိုက်ရာ စီးဝေရှမ်း၏ခန္ဓာကိုယ်သည် လေထဲသို့ မြှောက်တက်သွားပြီး ...

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံနှင့်အတူ လွင့်စဉ်ကျသွားသည်။

"ဟား ဟား ဟား"

ကျားနက်မင်းသားလေးက အားပါးတရ ရယ်မောလိုက်လေသည်။ သူသေပြီဟု ထင်နေသည် မဟုတ်ပါလော။

"ဒီလိုသိုင်းပညာမျိုးနဲ့ လာစမ်းတာ အံ့ဩဖို့ ကောင်းနေပြီပေါ့"

ထိုစဉ် ကျိုပိုင်လင်က ခြေထောက်ဖြင့် စီးဝေရှမ်း၏ကျောပြင်ကို နင်းချလိုက်သည်။

"ကဲ ... သေပေတော့"

သူသည် လက်ဝါးဖြင့် ရိုက်ချမည်အပြုတွင် ...

"သူ့ကိုမသတ်နဲ့"

ကျားနက်မင်းသားလေးက ဟန့်တားလိုက်သည်။

ကျိုပိုင်လင်က အံ့ဩသွားပြီး ...

"ဘာဖြစ်လို့လဲကွ"

ကျားနက်မင်းသားလေးက ကျိုဝေဝေကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးစိစိဖြင့် ...

"သူ့ကို လွယ်လွယ်နဲ့သတ်လို့ ဘယ်ဖြစ်မလဲ၊ ဒါကြောင့် သူ့ကို မြေအောက်ခန်းထဲမှာ ခဏချုပ်ထားလိုက်ပါ"



ကျိုပိုင်လင်က လက်ခုပ်တစ်ချက်တီးလိုက်ရာ မီးခိုးရောင်ဝတ်ထားသော လူနှစ်ယောက် ပြေးဝင်လာသည်။ ကျိုပိုင်လင်က စီးဝေရှမ်းကို လက်ညှိုးထိုးပြလိုက်ပြီး အမိန့်ပေးလိုက်သည်။

"သူ့ကို မြေအောက်ခန်းမှာ ချုပ်ထားလိုက်စမ်း"

ဤတွင် မီးခိုးရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်က ဒဏ်ရာပြင်းထန်စွာ ရရှိနေသော စီးဝေရှမ်းကို ဆွဲခေါ်သွားကြလေသည်။ ကျိုဝေဝေမှာမူ ခေါင်းငုံ့ထားသည်။

သူမ၏မျက်ဝန်းအစုံတွင်မူ မျက်ရည်များ ထိန်းမနိုင် သိမ်းမရဘဲ စီးဆင်းလာလေတော့သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

## ရန်ငြိုးမသိလိုသူ

ဧည့်ခန်းမကြီးတွင် မီးတိုင်များ ထွန်းညှိထားသဖြင့် လင်းထိန်နေ၏။

လူအများသည် ဧည့်ခန်းထဲ၌ စုရုံးထိုင်နေကြသည်။ စားပွဲ၏ အလယ်ဗဟိုတွင် ကျားနက်မင်းသားလေးက နေရာယူလျက် သူ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ကျိုမိုင်လင်နှင့် ကျိုဝေဝေတို့က ခြံရံလျက် ထိုင်နေကြသည်။

သူတို့မျက်နှာချင်းဆိုင်တွင် သိုင်းအကျော်အမော် အကျော်များများ ထိုင်နေသည်ကို တွေ့ရ၏။

ကျားနက်မင်းသားလေးက ထိုင်နေရာမှထလိုက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကြွရောက်လာတဲ့ သွေးသောက်များခင်ဗျာ ... အခုလို



သွေးသောက်တို့ကို အစည်းအဝေးခေါ်ယူရတာက ကျုပ်တို့ရဲ့ ကျားနက်ဂိုဏ်းဟာ မကြာမီအချိန်မှာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးရမယ့်အချိန် ရောက်နေပြီဆိုတာ ပြောပြချင်လို့ပါ"

သူ၏စကားများဆုံးသွားသည်နှင့် ပရိသတ်များက ကောင်းချီးသြဘာပေးကုန်ကြသည်။

ကျားနက်မင်းသားလေးက လက်ကာပြပြီး ဆက်ပြောလိုက်သည်။

"အထူးသဖြင့် ကျုပ်တို့ဆီမှာ ရွှေပိုးချည်အလံတစ်ခု လက်ဝယ် ရှိထားလို့ပါပဲ၊ ဒီရွှေပိုးချည်အလံဟာ ဘယ်လို သြဇာအာဏာ ရှိတယ်ဆိုတာ သွေးသောက်တို့အားလုံး သိကြပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ပရိသတ်များသည် ထခုန်မတတ် အူမြူးစွာ အော်ဟစ်ကြကုန်လေသည်။

ကျားနက်မင်းသားလေးက လက်နှစ်ဖက်မြှောက်၍ ဟန့်တားလိုက်သည်။

"ဒါကြောင့် မကြာမီ ရက်အတွင်းမှာ သိုင်းလောကတစ်ခုလုံးကို ကြေညာရပါလိမ့်မယ်၊ ကျုပ်တို့ဂိုဏ်းရဲ့ သစ္စာဖောက်မခံတဲ့သူ မှန်သမျှ သုတ်သင်ရှင်းလင်းရပါလိမ့်မယ်"

ပရိသတ်များသည် ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ပရိသတ်များထဲမှ သိုင်းသမားတစ်ယောက်က ထ၍ရပ်လိုက်၏။

"မင်းသားလေးရဲ့စကားကို ကြားရတာတော့ ကျုပ်တို့မှာ အားရဝမ်းသာ ရှိလှပါတယ်၊ ကျားနက်ဂိုဏ်းရဲ့အလံဟာ သိုင်းလောကမှာ ပိုကြွားစွာ လွှင့်ထူထားတယ်လို့တောင် အခုကတည်းက မြင်ယောင်နေမိပါတယ် ခင်ဗျာ"

သူ့စကား ဆုံးသွားသည်နှင့် ပရိသတ်များ ပို၍ဆူညံအောင် ဟစ် မြူးထူးကုန်ကြ၏။ ထိုစဉ် ဝဝပုပုရှိသော လူတစ်ယောက်က ထရပ်လိုက်ပြီး ...

"မင်းသားလေးကို အကြံတစ်ခု ပေးချင်ပါတယ် ခင်ဗျာ"

ကျားနက်မင်းသားလေးက ပြုံးပြလိုက်သည်။

"ရပါတယ် ... ပြောပါ"

ထိုလူက အသံမြှင့်တင်လိုက်ပြီး ...

"ကျုပ်တို့တစ်တွေဟာ ရွှေမိုးချည်အလံရဲ့အကြောင်းကို သာ ကြားခဲ့ဖူးပါတယ်၊ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး၊ ဒါကြောင့် ကျုပ်တို့ကို ဗဟုသုတအနေနဲ့ ပြပါလို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ထိုလူ၏စကားကြောင့် ပရိသတ်အားလုံးက သဘောကျစွာ



ဖြင့် လက်ခုပ်လက်ဝါးတီးကြသည်။

"ဟုတ်တယ် ကျားနက်မင်းသားလေး ... ကျုပ်တို့ မမြင်ဖူးလို့ ပြပါခင်ဗျာ"

"ဒီအလံကလေးက သိဒ္ဓိပြီး တန်ခိုးအာနိသင်ရှိတယ်၊ ဘယ်လို အလံမျိုးလဲဆိုတာ သိပ်သိချင်ပါတယ်"

ပရိသတ်များသည် သူတစ်ခွန်း ငါတစ်ခွန်းဖြင့် တောင်းဆိုကြရာ ကျားနက်မင်းသားလေးက လက်ကာပြလိုက်လေသည်။

"ရပါတယ်ဗျာ ... အားလုံး ဗဟုသုတရအောင် အခုပဲ ပြပါ့မယ်"

သူသည် ထိုသို့ပြောပြီး ကိုဇေဝေဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကဲ ညီမ ... အားလုံးတွေ့သွားအောင် ရွှေမိုးချည်အလံကို ယူလိုက်ပါ"

ကိုဇေဝေသည် ထိုင်ရာမှ ထလိုက်ပြီး အတွင်းဘက်အခန်း ဆီသို့ ဦးတည်လျှောက်သွား၏။ ကျားနက်မင်းသားလေးက ပြုံးလိုက်သည်။

"ကဲ ... ကျုပ်တည်ခင်းတဲ့ စားသောက်ဖွယ်ရာများနဲ့ အ ရက်များကို အားရပါးရ သုံးဆောင်ကြပါခင်ဗျာ၊ အခုပဲ ခင်ဗျားတို့

www.burmeseclassic.com



ကြည့်ချင်တဲ့ ရွှေပိုးချည်အလံကို သွားယူနေပါတယ်"

ပရိသတ်များသည် ရယ်မောရွှင် စားသောက်ရင်း ရွှေပိုးချည်အလံအား ကြည့်ရှုရန် စောင့်ဆိုင်းနေကြကုန်၏။

☆



ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေ၏။ အလွန်ဆိုးရွားသော အနံ့အသက်များကလည်း နှာခေါင်းထဲသို့ ရူးရှူး တိုးဝင်နေကြ၏။

စီးဝေရှမ်းသည် ပြင်းထန်စွာ ဒဏ်ရာရရှိပြီး အေးစိမ့်၍ စိုထိုင်းနေသည့် မြေပေါ်သို့ လဲလျောင်းနေ၏။ ဒဏ်ရာက ပြင်းထန်ပြီး စိုထိုင်းသည့် မြေပေါ်သို့ အိပ်နေရသဖြင့် စီးဝေရှမ်းသည် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလာ၏။

သူသည် ပြင်းထန်စွာ ဖျားနေသဖြင့် သတိမရတစ်ချက်၊ ရတစ်ချက်ဖြင့် သတိလစ်နေခဲ့သည်။

မည်မျှကြာသွားမှန်း မသိပေ ....။

သူ၏မျက်နှာပေါ်သို့ အလင်းရောင် ထိုးကျလာသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။

သူ၏ခန္ဓာကိုယ်မှာလည်း ပြင်းထန်စွာ ရွေ့လျားတုန်ခါနေသည်ကို သိရှိလိုက်ရ၏။

သူသည် မျက်လုံးဖွင့်ရန် ကြိုးစားလိုက်၏။

သို့သော် မျက်ခွံမှာ အလွန်လေးလံပြီး ဖွင့်၍မရဘဲ ဖြစ်နေလေ၏။

မကြာပါချေ ...။

လန်းဆန်းသောလေတစ်ချက် တိုက်ခတ်လိုက်သောကြောင့် သူ၏ခေါင်းတစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်လာကြောင်း ခံစားလိုက်ရသည်။

ယခုမှပင် သူက မျက်လုံးဖွင့်နိုင်ခဲ့သည်။

မျက်နှာကို ကြိုးစား၍ မော့ကြည့်လိုက်သောအခါ လူတစ်ယောက်၏မျက်နှာအား ဝိုးတဝါး မြင်တွေ့လိုက်ရတော့သည်။

သူသည် ခေါင်းတစ်ချက်လှုပ်ခါပြီး သေချာစွာ ကြည့်မိသောအခါ ကျီဝေဝေ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဟင် ... ကျီဝေဝေ"

သူသည် အံ့ဩစွာဖြင့် လွှတ်ခနဲခေါ်မိ၏။

သူမက လက်ညှိုးတစ်ချောင်း ထောင်လိုက်ပြီး နှုတ်ခမ်းနား



မှာ ကပ်လိုက်၍ ...

"ရှူး ... တိုးတိုး"

သူမသည် စီးဝေရှမ်းအနီးသို့ ချဉ်းကပ်လာပြီး သူမ၏ အိတ်ထဲမှ ကြွေဘူးကလေးတစ်ဘူးကို ထုတ်လိုက်၍ ဆေးနီလုံးတစ်လုံးကို လက်ဝါးပေါ်သို့ သွန်ထည့်လိုက်၏။

"အဲဒီဆေးလုံး သောက်လိုက်ပါ၊ ဒဏ်ရာချက်ချင်း သက်သာသွားလိမ့်မယ်"

စီးဝေရှမ်းက သူမ၏ မျက်နှာအား ငေးကြည့်နေမိလေသည်။ သူမက ...

"ကျွန်မကိုယုံပါ ... ဒီဆေးလုံးက အဆိပ်မရှိပါဘူး"

စီးဝေရှမ်းသည် ဆေးလုံးကိုယူ၍ သောက်ချလိုက်တော့သည်။

သူသည် ကျီဝေဝေကို ယုံသည်။ သေလျှင်လည်း သေပါစေတော့။

"ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ လာကယ်ရတာလဲ"

သူမက သက်ပြင်းတစ်ချက် ချလိုက်၏။

"အခုထက်ထိ ကျွန်မသဘောကို ရှင် နားမလည်သေးဘူး"

စီးဝေရှမ်းသည် ကျီဝေဝေ၏ လက်နှစ်ဖက်အား အသာ

www.burmeseclassic.com

www.burmeseclassic.com



အယာ ဆုပ်ကိုင်ထားလိုက်မိသည်။

"တချပ်နားလည်ပါပြီ၊ ညီမကို ဘယ်လိုကျေးဇူးတင်ရမှန်း တောင် မသိတော့ဘူး"

သူမက သူ့အား ဖေးမလိုက်သည်။

"အချိန်မရှိဘူး ... အမြန်ဆုံးသွားမှဖြစ်မယ်"

သူမသည် စိုးဝေရှမ်းအား ဖေးမ၍ မြေအောက်ခန်းမှ ထွက် လာခဲ့၏။

စိုးဝေရှမ်းသည် ဆေးလုံးများ သောက်ထားသဖြင့် ဒဏ်ရာ များက အတော်သက်သာလာသည်ကို ခံစားလိုက်ရလေတော့သည်။

ကျိုဝေဝေသည် သူ့အား တောင်ခြေရင်းအထိ ပို့ဆောင်ပေး သည်။

"ကဲ ... ရှင်သွားပေတော့"

စိုးဝေရှမ်းက သူမအား စိုက်ကြည့်လိုက်သည်။

"ညီမက ကျားနက်မင်းသားလေးနဲ့ လက်ထပ်မယ် မဟုတ် လား"

ကျိုဝေဝေ၏ မျက်ခန်းအစုံတွင် မျက်ရည်များ စီးဆင်းကျ လာသည်။

"ဒီကိစ္စကို ကျွန်မဖေဖေက စီစဉ်တာပါ၊ ကျွန်မ လုံးဝသ



ဘောမတူပါဘူး"

သူက ...

"ဘာဖြစ်လို့လဲ"

ကျိုဝေဝေသည် စိုးဝေရှမ်းအား စိုက်ကြည့်လိုက်သည်။

သူမသည် မည်သည့်စကားမျှ မပြောဘဲ ခေါင်းခါယမ်းလိုက် သည်။

ထိုစဉ်မှာပင် ...

လူရိပ်တစ်ခုသည် သူတို့ထံသို့ ပြေးလာနေသည်ကို မြင်လိုက် ရ၏။ သူမက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကဲ ... မြန်မြန်သွားပေတော့၊ တော်ကြာ သူတို့လက်ထဲ ပြန်ရောက်သွားရင် မလွယ်ဘူး"

သူမသည် ထိုသို့ပြောနေစဉ်မှာပင် ထိုလူရိပ်က အနီးသို့ ရောက်ရှိလာသည်။

စိုးဝေရှမ်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သောအခါ လူရိပ် မှာ ရင်ရင်ဖြစ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားမိသည်။

"ရင်ရင်"

သူမသည် အနီးသို့ရောက်လာပြီး စိုးဝေရှမ်းအား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က တောင်ပေါ်ရောက်ခဲ့ပြီ ... ဟုတ်လား"

သူက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် သူသည် ကျားနက်မင်းသားလေးနှင့် တွေ့ဆုံ၍ ယှဉ်ပြိုင်ခဲ့သည့်အကြောင်းများနှင့် မိမိရှုံးနိမ့်သွားပြီး မြေအောက်ခန်းထဲတွင် အချုပ်ခံခဲ့ရသည့် အကြောင်းများကို အစအဆုံးရှင်းပြလိုက်လေသည်။

"ကျိုဝေဝေသာ မကယ်ရင် ကျုပ်ရဲ့အခြေအနေကတော့ မတွေးဝံ့အောင် ဖြစ်မှာပဲဗျာ"

စကားဆုံးသွားသည်နှင့် သူသည် ရင်ရင်အား ကျိုဝေဝေနှင့် မိတ်ဆက်ပေးရန် လှည့်ကြည့်လိုက်သောအခါ ကျိုဝေဝေတစ်ယောက် မရှိတော့ချေ။

သူမက ပြုံးပြီး ...

"ရှင့် မိန်းကလေးက ကျွန်မလာတာကို တွေ့တာနဲ့ တောင်ပေါ် ပြေးတက်သွားတာ မြင်လိုက်သားပဲ"

သူက သက်ပြင်းချလိုက်၏။

"ဒါနဲ့ ခင်ဗျားက ဘယ်သွားမလို့လဲ"

ရင်ရင်က ...

"ကျွန်မဆရာက ရှင် ထင်းကျူးတောင်ကုန်းပေါ် တက်သွားတယ်၊ အခြေအနေ ကောင်းမှာမဟုတ်ဘူးလို့ တွက်ဆမိတယ်၊ ဒါကြောင့် ရှင့်ကို သွားဆီခေါ်ခဲ့ဖို့ လွှတ်လိုက်တာပါ"



သူ မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားရဲ့ဆရာက ဘယ်မှာနေလို့လဲ၊ ကျုပ်က ထင်းကျူးတောင်ကို သွားတယ်ဆိုတာ သူက ဘယ်လိုလုပ်သိတာလဲ"

သူမ ပြုံး၏။

"ကျွန်မ ပြောခဲ့ဖူးတယ်မဟုတ်လား၊ ခေါင်းထဲက လူနတ်ယမင်းဒေဝီ ဖူနုတောင်တန်း ရွာကလေးတစ်ရွာ ဆိုတာလေ၊ အခု ဆရာဟာ ရွာကလေးတစ်ခုမှာ ရှိနေပါတယ်"

စီးဝေရှမ်းက ဘာမှပြန်မပြောဘဲ နားထောင်နေလေ၏။

သူမက ဆက်ပြော၏။

"အရင်ကတော့ ဆရာက ဖူနုတောင်မှာနေတယ်လို့ ပြောတာ၊ အခုတော့ အေးချမ်းလှတဲ့ ရွာလေးတစ်ရွာမှာပဲ နေပါတယ်"

သူမ၏စကားကြောင့် စီးဝေရှမ်းက စိတ်ဝင်စားသွားလေသည်။

"ဖူနုတောင်က ဘယ်မှာရှိတာလဲ"

သူမက ခေါင်းခါယမ်းပြသည်။

"ကျွန်မလည်း မသိပါဘူး၊ ဆရာကတော့ ဘယ်မှာရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိမှာပေါ့၊ ရှင့်ရဲ့အတိတ်က ဘဝအကြောင်းလည်း ဆရာက သိနေတယ်လို့ ကျွန်မထင်တယ်၊ ဒီတစ်ခါတော့ ရှင့်ရဲ့ဘဝကို ရှင်သိရ ပါပြီ”

ထိုသို့ပြောပြီး သူမသည် အရှေ့ဘက်ဆီသို့ ညွှန်ပြလိုက်ရာ သူသည် သူမ့ညွှန်ပြသည့်နေရာသို့ သတိထားကြည့်လိုက်သောအခါ ရွာလေးတစ်ရွာအား ခပ်ရေးရေး တွေ့မြင်လိုက်ရ၏။

သူ ဝမ်းသာသွားသည်။

အကြောင်းမှာ ...

ကျောက်စိမ်းခေါင်းတလားလေး ဖုလုပ်ထားသည့် ရည်ရွယ် ချက်နှင့် သူ၏မိဘများအကြောင်းကို သိတော့မည်ဖြစ်သည်။

ရင်ရင်၏ဆရာသည် ကျောက်စိမ်းခေါင်းတလားလေးထဲက နတ်ယမင်းဒေဝီနှင့် မည်သို့ ပတ်သက်နေပါသနည်း။

“ဆရာက အဲဒီရွာမှာနေပါတယ်”

ရင်ရင်က ပြောပြီးသည်နှင့် ရှေ့သို့ လမ်းပြေခေါ် ဆောင်ပြီး လျှောက်သွားသည်။ စိုးဝေရှမ်းသည် ရင်ရင်ခေါ် ဆောင်ရာသို့လိုက်ပါ သွားရသည်။

သူ့အဖျားသည် ကိုဖိုဝေဝေ၏ ဆေးကြောင့် ကျသွားပေပြီ။ သို့သော် စိတ်ရှိတိုင်းတော့ မပြေးနိုင်သေးပေ။



သူ ကြိုးစား၍ လျှောက်သည်။

သူသည် ခေါင်းတလားထဲမှ နတ်ယမင်းဒေဝီနှင့် သက်ဆိုင် သူများ တွေ့ရတော့မည် မဟုတ်ပါလား။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

## အဖြစ်ပျက်အမှန်

ထိုရွာကလေးသည် အိမ်ခြေ လေးငါးအိမ်မျှသာ ရှိသော ရွာကလေးဖြစ်သည်။

ထိုရွာကလေး၏ ဝန်းကျင်တစ်ခုလုံး သစ်ပင်များဖြင့် စိုပြည် စိမ်းလန်းနေသည်။

ရင်ရင်သည် စီးဝေရှမ်းအား အလွန်သေသပ်ပြီး ကြည်နူး စရာကောင်းသော အိမ်တစ်လုံးဆီသို့ ခေါ်ဆောင်သွား၏။

ပန်းရနံ့များသည် လေနှင့်အတူ နှာခေါင်းထဲသို့ တိုးဝင်လာ သဖြင့် စီးဝေရှမ်းရင်ထဲ၌ ကြည်နူးသာယာမိလေ၏။

သူသည် သွေးစိမ်းနံ့များဝေနေသော သိုင်းလောကအား စက်ဆုပ်ရွံမုန်းလာမိသည်။

"အင်း ... ငါ့ကိစ္စအားလုံး ပြီးသွားရင်တော့ သိုင်းလောက



ကနေထွက်ပြီး ဒီလိုနေရာမျိုးမှာ လာပြီး အေးအေးချမ်းချမ်း နေရင် ကောင်းမယ်"

သူသည် ရင်ထဲမှ ကျိတ်၍ ဆုံးဖြတ်လိုက်မိသည်။ သူတို့ အိမ်ကလေးရှေ့သို့ ရောက်လာသည်။

"ဝင်ခဲ့လေ"

တဲအတွင်းမှ တိုးညင်းသောအသံ ကြားရသည်။ ရင်ရင်နှင့် သူသည် အခန်းထဲသို့ လှမ်းဝင်လိုက်ကြသည်။

ကြိမ်များဖြင့် ပြုလုပ်ထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချ လိုက်သည်နှင့် လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်ကို တွေ့ လိုက်ရသည်။

ထိုလူသည် စီးဝေရှမ်းကို စူးရဲစွာ စိုက်ကြည့်လိုက်၏။

တဖြည်းဖြည်းနှင့် သူ၏မျက်ဝန်းအစုံသည် ဝမ်းနည်းကြေကွဲ သည့် အရိပ်အယောင်များ ပေါ်လာသည်။

ထိုလူ၏ အဝတ်အစားများသည် ဖရိုဖရဲ ဖြစ်နေသည်။ ထို လူ၏အသက်သည် ငါးဆယ်ဝန်းကျင်လောက်သာရှိ၏။

"သား"

ထိုသို့ခေါ်လိုက်ပြီး ထိုသူသည် သူ့ဆီသို့ တစ်လှမ်းချင်း လှမ်းလာပြီး သူ၏ပခုံးကို သိုင်းဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဝေရှမ်းသည် ထိုသူ၏အပြုအမူကြောင့် အံ့သြသွားပြီး ကြောင်၍ကြည့်နေမိသည်။

ဘယ်သူ့ကို သားဟု ခေါ်လိုက်ပါသလဲ။ မိမိကို ခေါ်လိုက်ခြင်းလား။

"သား ... ငါ့သားက လူချောပဲကိုး"

ထိုလူ၏အသံသည် လှိုက်လှဲတုန်ယင်နေသည်။ ထိုလူသည် စီးဝေရှမ်းနှင့် အနီးဆုံးခုံတွင် ဝင်ထိုင်လိုက်၏။ ရင်ရင်ကတော့ သူတို့နှင့် မလှမ်းမကမ်းခုံတွင် ထိုင်လိုက်၏။

စီးဝေရှမ်းသည် မိမိအား အဘယ်ကြောင့် သားဟု ခေါ်သည် ကို တွေးမရဘဲ ဖြစ်နေသည်။ အသက်ကြီးသူက ငယ်သူကို ကရုဏာထားပြီး သားဟု ခေါ်လိုက်ခြင်းလော။

☆



စီးဝေရှမ်းသည် ထိုလူအား ကြည့်ရင်း သနားလာမိသည်။ င်ထဲ၌လည်း မဖော်ပြတတ်သည့် ခံစားမှုများကို ခံစားနေရသည်။

"ဦး ... ဦးက ကျွန်တော့်ကို ဘာကြောင့် တွေ့ချင်လို့ ခေါ် င်းလိုက်ရတာလဲ"

ထိုလူသည် စီးဝေရှမ်း၏ စကားကြောင့် ခေါင်းကို တွင်တွင် ါရမ်းလိုက်သည်။ မျက်ဝန်းအစုံမှလည်း မျက်ရည်များ စီးကျလာပြီး တုန်ယင်လှိုက်ခါသောအသံဖြင့် ...

"ဘယ်လိုခေါ်လိုက်တာလဲ သားရယ်၊ ငါဟာ မင်းရဲ့အဖေ ါ။ မင်းဟာ ငါ့ရဲ့သားပါ"

"ဗျာ"

စီးဝေရှမ်းသည် အံ့သြလွန်း၍ ကြက်သေသေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မွေးစားမိခင် လှေ့ဝါးပြောခဲ့သည်က သူ့မိဘများသည် ရန်သူ တစ်ယောက်က သတ်သွားခဲ့သည်ဟု ပြောခဲ့သည်။

လှေ့ဝါး လိမ်ပြောခဲ့ခြင်းလား။ သို့သော် သူမသေသည်အထိ ထိုစကား ပြောသွားခဲ့သည်။ လိမ်ပုံရပါ။ ကျိုပိုင်လင်ကလည်း သူ့ အဖေနှင့် ပညာများပြိုင်ရင်း သတ်ခဲ့သည်ဟု ပြောပြခဲ့လေသည်။

ယခု ထိုလူကလည်း သူ့ရဲ့အဖေပါဟု ပြောနေပြန်သည်။ စီးဝေရှမ်းသည် စဉ်းစားမရအောင် ဖြစ်သွားသည်။

"ကျွန်တော့်အဖေက သေသွားပါပြီ ဦးလေး"

ထိုလူက စီးဝေရှမ်းကို လက်ကာပြပြီး ...

"မင်းနားလည်အောင် အဖေရှင်းပြပါ့မယ် သားရယ်၊ အဖေ ရဲ့နာမည်က လိန်ဟန်းရှောင်ပါ၊ တကယ်တော့ သေသွားတဲ့ မင်းရဲ့ အဖေက အဖေအရင်း မဟုတ်ပါဘူး၊ အဖေကသာ မင်းရဲ့အဖေ အရင်းပါ သားရယ်"

လိန်ဟန်းရှောင်ဆိုသော ထိုလူသည် ပြောရင်းက မျက်ရည် များ ကျလာသည်။ စီးဝေရှမ်းနှင့် ရင်ရင်တို့က စိတ်ဝင်စားစွာ နား ထောင်နေမိသည်။

"ဟိုး ... လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်ကျော်တုန်းကပေါ့ မင်းရဲ့အမေ မေကျင်ကျင်ရှယ်၊ အဖေ လိန်ဟန်းရှောင်ရယ်၊ သေ



သွားတဲ့ မင်းရဲ့မွေးစားအဖေ စီးလိုပင်းရယ်ဟာ အလွန်ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပေါ့ကွာ"

လိန်ဟန်းရှောင်၏ မျက်ဝန်းအစုံသည် ဟိုးအဝေးကို မျှော် ကြည့်ရင်းက တုန်ယင်နေသော အသံဖြင့် တစ်လုံးချင်း ပြောပြလေ တော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

ဖုနုတောင် …။

ထိုတောင်ပေါ်ရှိ ရှောင်လင်ဘုန်းကြီးထံတွင် တပည့်သုံးဦး သိုင်းပညာသင်ယူလျက်ရှိသည်။

ထိုတပည့်သုံးယောက်၏ မိဘများမှာလည်း တစ်ဦးနှင့်တစ်ဦး မိတ်ဆွေများ ဖြစ်ကြသည်။

ထိုတပည့်သုံးယောက်၏အမည်မှာ …

လိန်ဟန်းရှောင်၊

စီးဟိုပင်းနှင့်

မေကျောင်ကျောင်တို့ပင် ဖြစ်သည်။

သူတို့သုံးယောက်ထဲတွင် စိတ်ထားအနူးညွှံဆုံးနှင့် သိုင်းပညာအတော်ဆုံးလူမှာ လိန်ဟန်းရှောင်ပင် ဖြစ်သည်။



မေကျောင်ကျောင်ကို လိန်ဟန်းရှောင်က ချစ်ကြိုက်ခဲ့သလို စီးဟိုပင်းကလည်း ချစ်ကြိုက်ခဲ့သည်။

မေကျောင်ကျောင်ကို သူတို့နှစ်ယောက်က အပြိုင်ပိုးပန်းခဲ့သော်လည်း သူမရဲ့အချစ်ကို လိန်ဟန်းရှောင်က ရရှိခဲ့သည်။

သို့သော်လည်း လိုချင်တာကို ရအောင်ယူတတ်သော စီးဟိုပင်းက သူ၏မိဘများကို မေကျောင်ကျောင်နှင့် လက်ထပ်ပေးရန် အစာင်းအကြပ် တောင်းဆိုခဲ့တော့သည်။

စီးဟိုပင်းရဲ့မိဘများက မေကျောင်ကျောင်၏ မိဘများထံတွင် မေကျောင်ကျောင်ကို တောင်းရမ်းကာ စီးဟိုပင်းနှင့် လက်ထပ်ပေးခဲ့လေသည်။

သို့သော်လည်း …

လိန်ဟန်းရှောင်၏ကိုယ်ဝန်သည် မေကျောင်ကျောင်ထံတွင် ပါရှိသွားသည်ကိုတော့ မေကျောင်ကျောင်နှင့် လိန်ဟန်းရှောင်ကလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ သိရှိခြင်း မရှိခဲ့ပေ။

စိတ်ထားနူးညံ့သော လိန်ဟန်းရှောင်သည် သူ၏ချစ်သူကို ဆုံးရှုံးလိုက်ရသည့်အပြင် သူ၏ရင်သွေးကိုလည်း ဆုံးရှုံးလိုက်ရသောကြောင့် ဖြေမဆည်နိုင်ဘဲ အရူးတစ်ပိုင်း ဖြစ်နေခဲ့သည်။

လိန်ဟန်းရှောင်သည် သူ၏မိဘများရှိရာမြို့သို့ မပြန်တော့

www.burmeseclassic.com



ဘဲ မေကျင်ကျင်နှင့် တွေ့ဆုံခဲ့ရသော ဖုနတောင်တွင်သာ နေထိုင်ခဲ့သည်။

စီးဟိုပင်းနှင့် မေကျင်ကျင်တို့ လက်ထပ်ပြီး သုံးလလောက်အကြာတွင် မေကျင်ကျင်ထံမှ ကျောက်စိမ်းခေါင်းတလားလေးတစ်ခု သူ့ထံသို့ ရောက်ရှိလာခဲ့သည်။

ထိုကျောက်စိမ်းခေါင်းတလားထဲတွင် ချောမောလှပသော အမျိုးသမီးတစ်ယောက်သည် လဲလျောင်း၍ အိပ်စက်နေလေသည်။ ထိုအမျိုးသမီးသည် မေကျင်ကျင်ပင် ဖြစ်သည်။

လိန်ဟန်းရှောင်သည် မေကျင်ကျင် သူ့ထံသို့ ပေးပို့ခဲ့သော ကျောက်စိမ်းခေါင်းတလားလေး၏ အဓိပ္ပာယ်ကို နားလည်သဘော ပေါက်ခဲ့သည်။

ထိုကျောက်စိမ်းခေါင်းတလားထဲမှ အမျိုးသမီးသည် ရှင်လျက်နှင့် သေဆုံးသွားရသည်ဆိုသည့် သဘောပင် ဖြစ်သည်။

ကျောက်စိမ်းခေါင်းတလားလေး၏ အောက်ခြေတွင် သူနေထိုင်လျက် ရှိသော ဖုနတောင်ဟု ရေးထားသည်။

ယင်းကျောက်စိမ်းခေါင်းတလားလေးသည် လိန်ဟန်းရှောင်၏ စိတ်ဖြေရာတစ်ခု ဖြစ်ခဲ့သည်။

အရူးတစ်ပိုင်းဖြစ်နေသော လိန်ဟန်းရှောင်မှာ ထိုကျောက်



စိမ်းခေါင်းတလားလေး ရသွားသောအခါ မှ စိတ်သက်သာရာရသွား၏။

သို့သော် ...

မကြာလှသောအချိန်တွင် သူ့ထံသို့ သတင်းဆိုးတစ်ခု ရောက်လာ၏။

ထိုသတင်းဆိုးမှာ ...

မေကျင်ကျင်သည် သားယောကျ်ားလေးကို ဖွားမြင်ပြီးနောက် မီးတွင်းထဲတွင် သေဆုံးသွားခဲ့သည်ဆိုသည့်သတင်းပင် ဖြစ်သည်။

အနည်းငယ် ခေတ္တတည်ရာရသွားခဲ့သော လိမ်ဟန်းရှောင်မှာ ဖြေဆည်း၍မရအောင် ဖြစ်ခဲ့ရသည်။ သူ၏သားလေးသည်လည်း စီးဟိုပင်း၏လက်ထဲမှာ ဖြစ်၏။

သူသည် ထိုသတင်းကိုကြားကြားချင်း စီးဟိုပင်းထံ သွားရောက်၍ သူ၏သားလေးကို တောင်းယူခဲ့သော်လည်း စီးဟိုပင်း၏ တိုက်ခိုက်မှုကိုသာ ခံရသည်။

အကြိမ်ကြိမ် အခါခါ တောင်းဆိုသော်လည်း မရခဲ့သည့်အဆုံး မေကျင်ကျင်ပေးခဲ့သော ကျောက်စိမ်းခေါင်းတလားကို စီးဟိုပင်းထံသို့ ပေးခဲ့ပြီး သူ၏သားလေး အရွယ်ရောက်သည့်အချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းခေါင်းကလေးနှင့်အတူ ဖူနုတောင်သို့ လာခဲ့ရန် မှာကြားလိုက်သည်။

ကျောက်စိမ်းခေါင်းတလားလေးနှင့်အတူ ရောက်ရှိလာသည့် မည်သည့်လူငယ်တစ်ယောက်ကိုမဆို သူ၏သားဟုမှတ်ပြီး သူတတ်မြောက်ထားသမျှ သိုင်းပညာများကို သင်ကြားပေးမည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း ...

နောက်ထပ်သုံးနှစ်ကြာသောအခါ စီးဟိုပင်းကို ကျိုပိုင်လင်က သတ်ခဲ့သည်ဟု သတင်းကြားလိုက်ရသည်။

လိန်ဟန်းရှောင်သည် ထိုသတင်းကြားကြားချင်း သူ၏သားကလေးကို တောင်းယူရန် သွားခဲ့သော်လည်း လွှေ့ဝါးဆိုသည့် အမျိုးသမီးလက်ထဲတွင် ရောက်ရှိနေသည်ကို တွေ့ရသည်။

သူပေးခဲ့သော ကျောက်စိမ်းခေါင်းလေးသည် လွှေ့ဝါး၏ လက်ထဲမှာပင် ဖြစ်သည်။

လွှေ့ဝါးဆီသို့ သူရောက်ရှိခဲ့သောအချိန်မှာ လွှေ့ဝါးသည် သူမ၏ခင်ပွန်းနှင့် ကွဲကွာနေချိန်ဖြစ်သလို သူမ၏သားလေး ချူးဟုန်နှင့် ဝေးကွာနေသောအချိန်လည်းဖြစ်သည်။

လွှေ့ဝါး၏ ခင်ပွန်းသည် သူမ၏သားလေး ချူးဟုန်ကို ခေါ်



ယူသွားသောကြောင့် သူမသည် ရူးမတတ် ခံစားနေရချိန်တွင် စီးဟိုပင်း သေဆုံးသွားသဖြင့် စီးဝေရှမ်းကို သူမ၏သားအဖြစ် မွေးစားလေတော့သည်။

ထို့ကြောင့် လိန်ဟန်းရှောင်သည် လွှေ့ဝါးကို ကိုယ်ချင်းစာမိသောကြောင့် သူ၏သားလေးကို ပြန်မတောင်းတော့ဘဲ စီးဝေရှမ်း အရွယ်ရောက်လာရင်သာ သူ့ထံသို့စေလွှတ်၍ သိုင်းပညာ သင်ကြားစေရန် မှာကြားခဲ့သည်။

ကျိုပိုင်လင်သည် အရွယ်မရောက်သေးသော စီးဝေရှမ်းကို ကျူပင်ခုတ် ကျူငုတ်မကျန် သတ်ပစ်ရန် ကြိုးစားခဲ့သော်လည်း လွှေ့ဝါး၏ အပြစ်မဲ့သောကလေးအပေါ်တွင် မညှာမတာ သတ်ပစ်လိုက်ပါက သိုင်းသမားကောင်းတစ်ယောက် မဟုတ်ကြောင်း ပြောကြားခဲ့သဖြင့် ကျိုပိုင်လင်သည် စီးဝေရှမ်းအား မသတ်တော့ချေ။

လိန်ဟန်းရှောင်ကလည်း စီးဝေရှမ်း အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးချိန်တွင် ကျောက်စိမ်းခေါင်းတလားလေးနှင့်အတူ သူ့ထံသို့ ရောက်လာပြီး သိုင်းပညာများကို တစ်နှစ်သင်ကြားစေပြီးမှ ကျိုပိုင်လင်နှင့် ယှဉ်ပြိုင်ရန် ပြောကြားခဲ့သည်။

ယင်းစကားများကို လွှေ့ဝါးက ကျိုပိုင်လင်ကို အသိပေးပြီး လိန်ဟန်းရှောင်စကားများကို ထောက်ခံသည့်အနေဖြင့် ယှဉ်ပြိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့လေသည်။

ကျိုပိုင်လင်သည် လွေ့ဝါး၏ စကားကို လက်ခံသည်။ သို့သော် လွေ့ဝါးအပေါ်တွင် ပြစ်ဒဏ်တစ်ခု ချမှတ်ခဲ့သည်။ ထိုပြစ်ဒဏ်မှာ စီးဝေရှမ်း အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သည့် ညတွင် လွေ့ဝါးကို အဆုံးစီရင်ရန်ဟူ၍ ဖြစ်လေတော့သည်။



လိန်ဟန်းရှောင်၏ စကား ဆုံးသွားသည်နှင့် အခန်းကလေးသည် ပြန်လည်၍ တိတ်ဆိတ်သွားသည်။

စီးဝေရှမ်းသည် သူ၏ဘဝကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေ၏။

လိန်ဟန်းရှောင်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ စီးကျလာရင်း ...

"ဖေဖေ့ရဲ့ဘဝကို စဉ်းစားကြည့်စမ်းပါ သားရယ် ... ဖေဖေဟာ မင်းရဲ့မေမေနဲ့ ကွဲခဲ့ရသလို မင်းကိုလည်း သူများရဲ့လက်ထဲမှာ အပ်ထားခဲ့ရတယ်"

သူ့စကားသည် တိုးဝင်သွားသည်။ စီးဝေရှမ်း၏ မျက်ဝန်းအစုံမှလည်း မျက်ရည်များ ရစ်ဝဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဂုဏ်စကားပြောသဖြင့် သူသည် လိန်ဟန်းရှောင်၏ စကားကို နှလုံးသားထဲက ယုံကြည် လိုက်သည်။

"ဖေဖေရယ်"

သူ၏နှုတ်မှ အထစ်ထစ် အငေါ့ငေါ့နှင့် ခေါ်လိုက်သံသည် အခန်းထဲတွင် ပွဲတင်ထပ်မျှ ဖြစ်သွားသည်။

"သား သားလေး"

လိန်ဟန်းရှောင်သည် စီးဝေရှမ်းကို တင်းကျပ်စွာ ဖက်လိုက်သကဲ့သို့ စီးဝေရှမ်းကလည်း လိန်ဟန်းရှောင်ကို ပြန်၍ ဖက်ထားလိုက်သည်။

သားအဖနှစ်ယောက် ကြေကွဲဖွယ်ရာအဖြစ်ကို တွေ့မြင်ပြီး ရင်ရင်လည်း ကျိတ်၍ငိုနေသည်။

"သား ... မင်းဟာ အဖေ့ရဲ့သားဆိုတာ ယုံသွားပြီလား"

စီးဝေရှမ်းသည် ခေါင်းညိတ်ပြ၏။

"ယုံပါတယ် ခင်ဗျာ ... သားဟာ အဖေ့ရဲ့သားပါ"

လိန်ဟန်းရှောင်သည် မျက်ရည်များကြားမှ ပြုံးပြလိုက်ပြီး

"လွန်ခဲ့တဲ့ ငါးလလောက်က လူငယ်တစ်ယောက် အဖေ့ဆီကို ရောက်လာခဲ့တယ်၊ ကျောက်စိမ်းခေါင်းတလားလေးကို ပြပြီး သူ့ကို သိုင်းပညာသင်ပေးပါလို့လည်း ပြောတယ်၊ အဖေက သူ့ရဲ့



ကျောက်စိမ်းခေါင်းတလားလေးကို ယူကြည့်လိုက်တော့ အတုဆိုတာ သိလိုက်တယ်"

စီးဝေရှမ်းက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"အတုဆိုတာ အဖေ ဘယ်လိုလုပ် သိတာလဲ"

လိန်ဟန်းရှောင်က ရယ်လိုက်ပြီး ...

"သားရယ် ... ဒီကျောက်စိမ်းခေါင်းတလားက အဖေ့လက်ထဲမှာ လေးလတောင် ရှိနေခဲ့တာပဲ၊ အဲဒီအချိန်တွေမှာ အဖေဟာ ဒီကျောက်စိမ်းခေါင်းတလားလေးကို နေ့မအိပ် ညမအိပ်ဘဲ အရူးတစ်ယောက်လို မေကျင်ကျင်လို့ စိတ်ကထင်မှတ်ပြီး စကားတွေ ပြောနေခဲ့တယ်၊ ဒီတော့ သူလာပြတဲ့ ကျောက်စိမ်းခေါင်းတလားလေးရဲ့ အောက်ဘက်မှာ ဖုန့်တောင်လို့ ရေးထားတာ မတွေ့လိုက်ရကတည်းက သူဟာ အဖေ့ရဲ့သား မဟုတ်ဘူးဆိုတာ သိလိုက်တာပေါ့၊ ကျောက်စိမ်းခေါင်းတလားဟာ အတုဆိုတာကို သိခဲ့ရတာပေါ့"

စီးဝေရှမ်းက မျက်မှောင်ကုတ်၍ မေးသည်။

"အဲဒီလူက ဘယ်သူလဲ အဖေ"

လိန်ဟန်းရှောင်က ...

"အဖေစုံစမ်းလို့ သိခဲ့ရတာကတော့ ကျားနက်မင်းသားလေးရဲ့ သားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အံ့ဩမှု မဖြစ်ပါ။

*

ပန်းဗုပညာရှင် ကျူးချင်းရှိသည် ...

ကျားနက်မင်းသားလေး အတင်းအကြပ်ခိုင်းခဲ့သောကြောင့် ကျောက်စိမ်းခေါင်းတလားအတု ပြုလုပ်ပေးခဲ့ကြောင်း၊ အတုမှန်း သိအောင် ဖုနုတောင်လို့ ရေးထိုးမပေးခဲ့ကြောင်း သူသိခဲ့သည် မဟုတ်ပါလော။

"ကဲ သား ... မင်း အဖေ့ဆီက သိုင်းပညာကို သင်ရမယ်၊ နောက်ပြီး ကျိုပိုင်လင်နဲ့ ယှဉ်ပြိုင်ရလိမ့်မယ်၊ ကျိုပိုင်လင်ကို သားက နိုင်ခဲ့ရင် အဖေ့ရဲ့တပည့်မ ရင်ရင်နဲ့လက်ထပ်ပြီး အဖေနဲ့အတူ ဒီအေးချမ်းတဲ့ ရွာကလေးမှာ တစ်သက်လုံး နေသွားရမယ်၊ ဘယ့်နှယ်လဲ သား ... အဖေပြောတာ သဘောတူရဲ့လား"

စီးဝေရှမ်းသည် ရင်ရင်ကို လှည့်ကြည့်လိုက်၏။

ရင်ရင်၏မျက်နှာသည် ပန်းရောင်သန်းနေ၍ ခေါင်းငုံ့ထားသည်။

စီးဝေရှမ်းသည် အေးချမ်းသော သည်ရွာကလေးတွင် နေထိုင်လိုတာက တစ်ကြောင်း၊ အဖေ့ရဲ့ဆန္ဒကို လက်ခံသော သားတစ်ယောက် ဖြစ်ချင်တာကတစ်ကြောင်းကြောင့် သူသည် လိန်ဟန်ရှောင်ကို ခေါင်းညိတ်ပြပြီး ...



"သဘောတူပါတယ် အဖေ"

စီးဝေရှမ်းက ခေါင်းညိတ်သဘောတူလိုက်သည်။ လိန်ဟန်ရှောင်သည် အလွန်ပျော်သွား၏။ ထိုနည်းတူ ရင်ရင်၏မျက်နှာတွင်လည်း အပြုံးပန်းလေးတစ်ပွင့် ပွင့်သွားလေသည်တကား။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

### မသာမာသူများ၏ သွားရာလမ်း

စိုးဝေရှမ်းသည် လိန်ဟန်းရှောင်ထံမှ သိုင်းပညာရပ်များ သင်ကြားခဲ့သည်မှာ ယနေ့ ငါးရက်မြောက်နေ့သို့ပင် ရောက်ရှိလာပြီ ဖြစ်၏။

"အစ်ဖေသင်ပေးတဲ့ သိုင်းကွက် ငါးကွက်တည်းနဲ့ ဖြစ်ပါ့မလားဗျာ"

စိုးဝေရှမ်း၏အမေးစကားကြောင့် လိန်ဟန်းရှောင် ရယ်လိုက်ပြီး ...

"ငါးကွက်တည်းဆိုလို့ မင်းအထင်မသေးလိုက်ပါနဲ့၊ ဒီသိုင်းကွက် ငါးကွက်မှာ လူပ်ရှားမှု နှစ်ဆယ့်တစ်ကွက်ရှိတယ်ဆိုတာ မင်းလည်းသိထားတယ် မဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။



"ဟုတ်ကဲ့"

လိန်ဟန်းရှောင်က စကားဆက်သည်။

"ကဲ ... မင်း အနားယူပေတော့၊ မနက်စောစော ထင်းကျူးတောင်ကို သွားမယ်"

စိုးဝေရှမ်းသည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး သူ၏အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းခေါင်းတလားလေးကို နှိုက်ယူ၍ လိန်ဟန်းရှောင်ထံသို့ လှမ်းပေးလိုက်သည်။

"မေမေ့ရဲ့ပုံကို ထုလုပ်ထားပြီး မေမေက ဖေဖေ့ကို ပေးခဲ့တဲ့ ဒီကျောက်စိမ်းခေါင်းတလားလေးကို ဖေဖေပဲသိမ်းထားလိုက်ပါ"

လိန်ဟန်းရှောင်က ခေါင်းညိတ်ပြလိုက်သည်။ စိုးဝေရှမ်းသည် သူ့အတွက် အနားယူရန် ထားရှိသော သီးသန့်ခန်းရှိရာသို့ လျှောက်သွားပေတော့သည်။

လိန်ဟန်းရှောင်သည် ကျောက်စိမ်းခေါင်းတလားလေးကို တယုတယ ယူဆောင်သွားလေတော့၏။

☆

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်သို့ နေရောင်ခြည်သည် မိုးကုတ်စက်ဝိုင်းမှ ပေါ်ထွက်လာလေပြီ။

ထိုအချိန်တွင် စီးဝေရှမ်းသည် ထင်းကျူးတောင်ကုန်းပေါ်၏ မြေကွက်လပ်ပေါ်၌ ရောက်ရှိနေပြီဖြစ်၏။

ရွှေဝါရောင်သမ်းနေသော နေရောင်ခြည်သည် သူ၏ခန္ဓာကိုယ်ပေါ်သို့ ထိုးကျနေသဖြင့် အလွန်ခန့်ညားစွာ တည်ကြည်သော သူ့ရုပ်သွင်ကို တွေ့မြင်ရမည်ဖြစ်သည်။

အစောင့်များက ကမန်းကတန်း သတင်းပို့ထားသောကြောင့် ... ကျားနက်မင်းသားလေးနှင့် ကျိုပိုင်လင်တို့သည် သူတို့၏ သိုင်းသမားတို့ကို ခေါ်ဆောင်၍ ခန်းမကြီးထဲမှ ထွက်လာခဲ့ကြသည်။

ကျားနက်မင်းသားလေးသည် စီးဝေရှမ်း၏နောက်သို့ လှမ်း



ကြည့်လိုက်၏။

စီးဝေရှမ်း၏နောက်တွင် မိန်းကလေးတစ်ယောက် ပါလာသည်မှအပ မည်သူ့ကိုမျှ မတွေ့ရသဖြင့် အံ့သြသွားမိလေ၏။

သူသည် စီးဝေရှမ်းရှေ့သို့ လျှောက်လာပြီး ရပ်တန့်လိုက်၏။

ထို့နောက် စီးဝေရှမ်း၏မျက်နှာအား စေ့စေ့ကြည့်၍ ...

"စောစောစီးစီး မင်းက သေချင်လို့ ရောက်လာပြန်တာလား"

စီးဝေရှမ်းက မှဲ့ပြုံးပြုံးလိုက်၏။

"ဒီမှာမိတ်ဆွေ ... ကျုပ်စကားကို နားထောင်ပါ"

ကျားနက်မင်းသားလေး ရယ်မောလိုက်၏။

"ဆိုစမ်းပါဦး ... မင်းပြောမယ့်စကားက"

စီးဝေရှမ်းက တည်ကြည်စွာဖြင့် ...

"ပထမ ... မင်းရဲ့ကျားနက်အဖွဲ့ကို ဖျက်သိမ်းပစ်ရမယ်၊ ဒုတိယအချက်ကတော့ သိုင်းလောကတစ်ခုလုံးရဲ့ ကိုယ်စားပြုတဲ့ ရွှေ ...းချည်အလံကို သိုင်းပညာရှင်များဖြစ်ကြတဲ့ ကျုံးနန်အဘိုးအိုတို့ ...က်ကို ပြန်အပ်ရမယ်"

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်မင်းသားလေးက အားရပါးရ ရယ်မောလိုက်၏။

"ကဲ ... မင်းကိုယ်မင်း ဘာကောင်များ ထင်နေလို့လဲ"

သူသည် ပြောပြီးသည်နှင့် လက်ဝါးနှစ်ဖက် ဆန့်ထုတ်ပြီး စီးဝေရှမ်းကိုတိုက်ခိုက်လိုက်သည်။

စီးဝေရှမ်းသည် ကျားနက်မင်းသားလေး၏တိုက်ကွက်ကို ခံခဲ့ဖူး၍ ပေါ့ပေါ့တန်တန် သဘောမထားဘဲ လိန်ဟုန်းရှောင်သင်ကြား ပေးလိုက်သော သိုင်းကွက်ငါးကွက်အနက်မှ လက်ဝါးသိုင်းကွက်ဖြင့် ခံပေးလိုက်သည်။

သူ၏လက်ဝါးနှစ်ဖက်သည် ရင်ဝအပေါ်ကာ၍ ခုခံလိုက်သည်။

ကျားနက်မင်းသားလေး တစ်ချက်ယိမ်းယိုင်သွားသည်။

ကျားနက်မင်းသားလေးက အံ့သြထိတ်လန့်သွားရုံမက ကိုပိုင်လင်နှင့် သိုင်းသမားများကပင် ထိတ်လန့်တုန်လှုပ်သွားကြသည်။

ဤတိုတောင်းသော လေးရက်အတွင်း သိုင်းပညာ ဤမျှ တိုးတက်လာသည်ကို ကျားနက်မင်းသားလေး အံ့သြနေသည်။

ကျားနက်မင်းသားလေးက အံတင်းတင်းကြိတ်ပြီး လက်နှစ်ဖက်ကို လက်သီးအဖြစ်ပြောင်းပြီး စီးဝေရှမ်း၏ရင်ဝသို့ ထိုးသွင်းလိုက်ပြန်သည်။



ဤတစ်ကြိမ်တွင်မူ ...

သူသည် အတွင်းအားအပြည့်အဝသုံး၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

စီးဝေရှမ်းသည် လိန်ဟုန်းရှောင် သင်ကြားပေးလိုက်သော ဒုတိယသိုင်းကွက်ဖြစ်သည့် သံအုတ်ဂူသိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

စီးဝေရှမ်းသည် နောက်သို့ ဆုတ်မသွားသည့်အပြင် သူ၏ ခြေထောက်တစ်ဖက်က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ကျားနက်မင်းသားလေး၏ တိုက်ကွက်သည် စီးဝေရှမ်းကို မထိဘဲ ချော်ထွက်သွားသည်။

စီးဝေရှမ်း၏ ဝဲဘက်လက်သည် လက်ဝါးစောင်းအနေအထားဖြင့် ကျားနက်မင်းသားလေး၏ဓားကို ကန့်လန့်ဖြတ် ခုတ်ချလိုက်သည်။

"အား"

ကျားနက်မင်းသားလေးသည် ထိုသို့ တစ်ချက်အော်ကာ မှောက်လျက်လဲကျသွားတော့သည်။

ကိုပိုင်လင် မနေနိုင်တော့ပါ။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုသို့ ပြောသံပေးကာ စီးဝေရှမ်းကို ဝင်ရောက်တိုက်ခိုက်တော့သည်။

အနီးရှိ သိုင်းသမားများကလည်း လက်နက်ကိုယ်စီကိုင်၍ စီးဝေရှမ်းကို တိုက်ခိုက်လိုက်ကြလေသည်။

စီးဝေရှမ်းနောက်တွင် ရပ်နေသော ရင်ရင်ကလည်း ဝင်ရောက်၍ တိုက်ခိုက်လေသည်။

ဤသို့ဖြင့် သူတို့၏တိုက်ပွဲများသည် ဝန်းကျင်တစ်ခုလုံးကို ပွက်လောရိုက်ခတ်သွားလေသည်။

တိုက်ပွဲသည် ပြင်းထန်လှပေသည်။ သံသံချင်း ထိတွေ့သော အသံများ၊ လူများ အော်ဟစ်၍ ထွက်ပေါ်လာသောအသံများက ဆူညံဝေစီလျက် ရှိနေလေသည်။

စီးဝေရှမ်းနှင့် ရင်ရင်တို့သည် သဲသဲမဲမဲဖြင့် ခုခံနေသည်။ ကျားနက်ဂိုဏ်းသားများသည် တဖြည်းဖြည်း စုရုံးရောက်ရှိလာပြီး စီးဝေရှမ်းနှင့် ရင်ရင်တို့ကို ဝန်းရံထားလိုက်သည်။

စီးဝေရှမ်းနှင့်ရင်ရင်တို့အဖို့ အခြေအနေ အလွန်ဆိုးရွားလာသည်ကို သိရှိလိုက်သည်။

ကျားနက်မင်းသားလေးမှာမူ ပြင်းထန်စွာ ဒဏ်ရာရရှိထားသဖြင့် ပါဝင်တိုက်ခိုက်နိုင်ခြင်းမရှိပါ။



သို့သော် သူသည် အဖွဲ့သားများကို တိုက်ခိုက်ရန် အမိန့်ပေးနိုင်ပေသေးသည်။

စီးဝေရှမ်းနှင့် ရင်ရင်တို့သည် တဖြည်းဖြည်းနှင့် ခြေကုန်လက်ပန်းကျလာသည်။

ဝိုင်းရံထားကြသော လူများသည် သူတို့နှစ်ယောက်အား တဖြည်းဖြည်းနှင့် ပို၍ တင်းကျပ်စွာ ဝိုင်းရံလိုက်ကြလေတော့သည်။

အခြေအနေ မဟန်တော့မှန်းသိရသောအခါ စီးဝေရှမ်းသည် ရင်ရင်အား သနားလာမိ၏။

"ရင်ရင် ... မင်း လွတ်အောင်သာ ပြေးပေတော့"

ရင်ရင်က မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကျွန်မ ထွက်ပြေးသွားရင် ကျွန်မဆရာက သူ့သားကို တစ်ယောက်တည်း ထားခဲ့ရသလားဆိုပြီး အပြစ်တင်နေမှာပေါ့"

ထိုစဉ်မှာပင် အသံတစ်ခုသည် ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်တပ်သွားအောင် မြည်ဟိန်းထွက်ပေါ်လာလေ၏။

"ရပ်လိုက်"

ထိုအသံကြောင့် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး အားလုံးက အသံလာရာသို့ လှမ်းကြည့်လိုက်၏။

သူတို့၏ အနောက်ဘက်တွင် လူတစ်ယောက်သည် မြင်းမား

www.burmeseclassic.com

www.burmeseclassic.com



မတ်မတ် ရပ်နေသည်ကို တွေ့ရသည်။

ထိုလူမှာ ...

အရှုးတစ်ပိုင်း သိုင်းပညာရှင် သို့မဟုတ် စီးဝေရှမ်း၏ဖခင် လိန်ဟန်းရှောင်ပင် ဖြစ်လေ၏။

ကျားနက်မင်းသားလေးက အံကိုကြိတ်လိုက်ပြီး လိန်ဟန်းရှောင်ကို လက်ညှိုးထိုးပြလိုက်၍ အမိန့်ပေး၏။

"သူ့ကိုသတ်လိုက်"

စီးဝေရှမ်းနှင့်ရင်ရင်တို့ကို ဝန်းရံထားသော လူအချို့သည် လိန်ဟန်းရှောင်အား တိုက်ခိုက်ရန် ပြေးသွားကြလေ၏။

"ယား"

လိန်ဟန်းရှောင်သည် ထိုသို့ တစ်ချက်အော်လိုက်၍ သူ့ကို ဝင်ရောက်တိုက်ခိုက်သော လူများထဲသို့ တိုးဝင်သွားပြီး လက်သီးဖြင့်လည်းကောင်း၊ လက်ဝါးဖြင့်လည်းကောင်း၊ ခြေထောက်ဖြင့်လည်းကောင်း ပြန်လည်တိုက်ခိုက်လိုက်ရာ ...

"အား"

"အီး"

စူးရှသော အသံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။



လိန်ဟန်းရှောင်ထံသို့ ဝင်ရောက်တိုက်ခိုက်လာသော လူတို့သည် အတုံးအရုံး လဲကျသွားလေသည်။

မြက်ပင်ရိုင်းများကို ဓားဖြင့် ပိုင်းဖြတ်လိုက်သကဲ့သို့ပင် တည်း။

နောက်ဆုံးတွင်မူ လိန်ဟန်းရှောင်သည် ကျားနက်မင်းသားလေး ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာ၏။

သူ၏မျက်လုံးအစုံမှာလည်း ဒေါသကြီးစွာဖြင့် စိုက်ကြည့်နေသည်။

ကျားနက်မင်းသားသည် မထနိုင်ဘဲ မြေပေါ်၌ နောက်လှန်ပြီး တွားသွားနေရသည်။

"လူယုတ်မာ သေပေတော့"

လိန်ဟန်းရှောင်က လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"အား"

ကျားနက်မင်းသား၏ အသံနက်ကြီး ထွက်ပေါ်လာလေသည်။

ကျိုပိုင်လင်သည် အခြေအနေ မဟန်မှန်းသိလိုက်၏။

ထိုအခါ သူသည် ကမန်းကတန်း တောင်အောက်သို့ ပြေးဆင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားတို့သည်လည်း ထိတ်လန့်တုန်လှုပ်၍ ခြေထောက်နှင့်တင်ပါး တစ်သားတည်းဖြစ်အောင် ထွက်ပြေးသွားကြတော့သည်။

စိုးဝေရှမ်းသည် ကိုပိုင်လင် ထွက်ပြေးသွားသည်ကို တွေ့ရသဖြင့် နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွား၏။

"စိုးဝေရှမ်း ... အဖေ့ကို ခွင့်လွှတ်ပါတော့"

ကိုဝေဝေ၏ငိုသံကြီးနှင့် ပြောလိုက်သောစကားကြောင့် စိုးဝေရှမ်းသည် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

"စိုးဝေရှမ်း ... အဖေ့အသက်ကို ချမ်းသာပေးပါ၊ ရွှေပိုးချည်အလံကို ကျွန်မအပ်ပါတယ်"

ကိုဝေဝေက အလံကို လှမ်းပေးသည်။ စိုးဝေရှမ်းသည် သူမ၏ လက်ထဲမှ အလံကို လှမ်းယူလိုက်သည်။ ထိုစဉ် ...

'ဗိုး'

'ဒုတ်'

ဓားမြှောင်တစ်လက်သည် ကိုဝေဝေ၏ ကျောပြင်သို့ လာစိုက်လေ၏။

စိုးဝေရှမ်းသည် ဒေါသထွက်လွန်းလှသဖြင့် သေလုမျောပါးဖြစ်နေရာမှ ဓားနှင့်ပစ်ပေါက်လိုက်သည့် ကျားနက်မင်းသားထံ ခုန်ဝင်သွားပြီး လက်ဝါးနှင့် ရိုက်ချလိုက်လေတော့သည်။



'ဝုန်း'

"အား"

စိုးဝေရှမ်းသည် ကိုဝေဝေအား ပြေးပွေ့လိုက်၏။

"ကိုဝေဝေ အားတင်းထားပါ၊ အားတင်းထားစမ်းပါ"

သူက အံကြိတ်၍ ပြောလိုက်သည်။ ထိုစဉ် ကိုပိုင်လင်သည်လည်း ပြန်လည်ပြေးတက်လာ၏။

"သမီး"

သူသည် သမီးဖြစ်သူအား စိုးဝေရှမ်း၏လက်ထဲမှ ဆွဲယူပြီး လှုပ်ရမ်းအော်ခေါ်မိသည်။

ကိုဝေဝေမှာ ကျားနက်မင်းသားလေး၏ ဓားချက်ဖြင့် အသက်ထွက်သွားခဲ့လေပြီ။

လီနိပဟန်းရှောင်သည် အံကို တစ်ချက်ဖိကြိတ်ကာ ကိုပိုင်လင်အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သူ၏ လက်ဝါးရိုက်ချက်ကို ကိုပိုင်လင်က မရှောင်နိုင်ခဲ့ပါ။

"အား"

အသံနက်ကြီးနှင့် ကိုပိုင်လင်သည် ကျားနက်မင်းသားလေးနှင့် မလှမ်းမကမ်းတွင် လဲကျသေဆုံးသွားလေတော့သည်။

တိုက်ပွဲသည် ပြီးဆုံးသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိမ်ဟန်းရှောင်၊ စီးဝေရှမ်းနှင့် ရင်ရင်တို့သာ တောင်ကုန်းပေါ်တွင် ရပ်နေခဲ့ကြလေပြီ။ ကျားနက်ဂိုဏ်းသားများသည် တစ်ဦးမျှ မရှိကြတော့ပေ။

"အစ်ကိုကြီး"

စီးဝေရှမ်းသည် နောက်မှခေါ်သံကို ကြားလိုက်ရသဖြင့် နောက်လှည့်ကြည့်လိုက်သည်။

"ပျံလွှားလေး"

ပျံလွှားလေးက ပြုံးလိုက်သည်။

"ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးဗျ ... နောက်မှာလည်း လူတွေအများကြီး ပါသေးတယ်"

စီးဝေရှမ်း မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူများပါလိမ့်"

ပျံလွှားလေးက ရယ်မောပြီး ...

"ဘယ်သူရှိရမှာလဲ ...စုရဲရှုံနဲ့ ချူလူရှမ်းတို့စုံတွဲ၊ ရှန်ယုမေနဲ့ ချူးဟုန်တို့စုံတွဲ၊ နောက်ပြီး ကျူပ်ဆရာနဲ့ အဘိုးအိုတစ်သိုက်ပေါ့ဗျ"

စီးဝေရှမ်းသည် ထိုစကားကြားလိုက်ရသောအခါ စိတ်သက်သာရာရသွားသည်။

စုရဲရှုံနှင့် ချူလူရှမ်းတို့ အဆင်ပြေနေသည့်အပြင် ရှန်ယုမေ



နှင့် ချူးဟုန်တို့ အဆင်ပြေနေသည်ကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်သွားမိသည်။

စီးဝေရှမ်းသည် လက်ထဲမှ ပိုးချည်အလံကို ကျူးနန်အဘိုးအို လက်ထဲသို့ အပ်လိုက်သည်။

ကျူးနန်အဘိုးအို၊ စစ်တုရင်အဘိုးအို၊ သမားတော် ရှီအိချန်နှင့် ပန်းပုပညာရှင် ကျူချင်းရှဲတို့အားလုံးသည် ဝမ်းသာပီတိ ဖြစ်နေကြသည်။

သူတို့သည် စီးဝေရှမ်းကို အားပါးတရ ချီးကျူးကြသည်။

စီးဝေရှမ်းသည် ရင်ရင်ဘက်သို့ လှည့်လိုက်ပြီး အသံတိုးတိုးဖြင့် ...

"ဒီအလံကို အစ်ကို သူတို့လက်ထဲကို အပ်လိုက်ပြီးပြီးတော့ အစ်ကိုတို့နှစ်ယောက် သိုင်းလောကထဲကထွက်ပြီး ဖေဖေနဲ့အတူ အေး ချမ်းတဲ့ရွာလေးမှာ သွားနေကြမယ်နော်"

ရင်ရင်သည် ရှက်စနိုးဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် ...

စီးဝေရှမ်းသည် သူ၏အဖေ လိမ်ဟန်းရှောင်ကို တစ်ဖက်၊ ရင်ရင်ကို တစ်ဖက် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး တောင်အောက်သို့ ဆင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏နောက်မှ ပျံလွှားလေးနှင့်အတူ အဘိုးအို လေးယောက်ကလည်း ပျော်ရွှင်ကြည်နူးစွာ လိုက်ပါသွားကြလေတော့သည်။

အလင်းကို အမှောင်သည် ကြောက်ရွံ့၏။

ထိုနည်းတူ ... မတရားမှုသည်လည်း တရားသည့်သစ္စာကို ကြောက်ရွံ့သည်သာတည်း။ ။

ပြီးပါပြီ

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com